www.burmeseclassic.com

ဆရာစိန်ဆန်း(ဗေဒဝိဇ္ဇာ)

# ဗေဒင်ပညာအလွယ်လမ်း

မဟာဘုတ်ဟောကိန်း

BURMESE CLASSIC

သုံးတန်ပေါ်နိစ်ဟောကိန်း

ရခိုင်ဒသာဟောကိန်း

လက်ထောက်ဗေဒင်ဟောကိန်း

လျှို့ဝှက်ရှားပါးသော ကိန်းခန်းမဟောကိန်းများ

နာမည်ရွေးနာမည်ပေး

ကံဖွင့်ရန်ရှောင် ယတြာအမျိုးမျိုး

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◆ | ၂၆၉/၉၉ (၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◆ | ၃၈၄/၉၉ (၇) |
| ထုတ်ဝေသည့်အကြိမ် | ◆ | ဒုတိယအကြိမ်<br>၁၉၉၉ ခုနှစ်၊ ဩဂုတ်လ |
| စောင်ရေ | ◆ | ၁၀၀၀ |
| တန်ဖိုး | ◆ | ၂၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | ◆ | ဝင်းသန့် |
| ဖလင် | ◆ | ကာလဗျူရို |
| ကွန်ပျူတာ | ◆ | မိုးသစ်ထွန်း<br>၃၈၇၊ ရွှေဘုံသာလမ်း(ထက်)၊ ရဲရိပ်သာ၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ◆ | ဦးအောင်ကြီး (၀၉၈၆)<br>ရွှေပုရပိုက်စာပေ၊ အမှတ် ၅၊ တင့်ဆန်းလမ်း၊<br>ဂွတ္တလစ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းသားပုံနှိပ် | ◆ | ဒေါ်ခင်စန်းမြင့်<br>ဟံသာအော့ဖ်ဆက် (၀၅၅၄၉)<br>အမှတ် ၁၁၊ ၁၂၅ လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |


www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁ | မဟာဘုတ်မည်ပုံ | ၁၅ |
| ၂ | ဗေဒင် | ၁၅ |
| ၃ | အင်္ဂဝိဇ္ဇာ | ၁၆ |
| ၄ | နေ့ခုနစ်နေ့ကို ဆိုင်ရာဂဏန်းနှင့် တွဲပုံ | ၁၆ |
| ၅ | နေ့ (၈)နေ့ အရပ် (၈)မျက်နှာ | ၁၇ |
| ၆ | ဂြိုဟ် (၈)လုံးနဲ့ ဂြိုဟ်သက် | ၁၇ |
| ၇ | ဓာတ်ဖို ဓာတ်မနှင့် ပါပ သောမ | ၁၈ |
| ၈ | အရပ် (၈)မျက်နှာနှင့် စိုးမိုးရာ ဂြိုဟ်များ | ၁၈ |
| ၉ | အဋ္ဌလက် ဂြိုဟ်စံအိမ် | ၁၉ |
| ၁၀ | ဂြိုဟ် (၈)လုံးနှင့် တိရစ္ဆာန် (၈)မျိုး | ၂၀ |
| ၁၁ | အကျွရာနံသင့် ကောက်ယူပုံ | ၂၁ |
| ၁၂ | စံပြုနံသင့် ကောက်ယူပုံ | ၂၁ |
| ၁၃ | နေ့ (၈)မျိုးနှင့် လူမျိုးများ | ၂၂ |
| ၁၄ | ခုနစ်နံနှင့် အုပ်စိုးသည့် သတ္တုရတနာ | ၂၃ |
| ၁၅ | ခုနစ်နံနှင့် စိုးမိုးသည့် သဘာဝ | ၂၃ |
| ၁၆ | ယောက်ျားဂြိုဟ် မိန်းမဂြိုဟ် | ၂၃ |
| ၁၇ | ယဲ့ယီဂြိုဟ် နဂိုရ်ဂြိုဟ် | ၂၄ |
| ၁၈ | လက်ဝဲဂြိုဟ် လက်ျာဂြိုဟ် | ၂၄ |
| ၁၉ | ကျေးကျွန်ဂြိုဟ်နှင့် အရှင်ဂြိုဟ် | ၂၄ |
| ၂၀ | မိတ်ဘက် | ၂၅ |
| ၂၁ | အိမ်ထောင်ဘက် | ၂၅ |
| ၂၂ | ဓာတ်ဘက် | ၂၅ |
| ၂၃ | ကမ္ဘာ့ရန်ဘက် | ၂၆ |

www.burmeseclassic.com

www.burmeseclassic.com




| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂၄ | ခါတ်ရန် | ၂၆ |
| ၂၅ | အိမ်ဆောင်ရန်ဘက် | ၂၆ |
| ၂၆ | မိတ်ရန်ခါတ်ရန် အစဉ်အကျယ်ဇယား | ၂၇ |
| ၂၇ | ဂြိုဟ်ပရိယာယ် | ၂၇ |
| ၂၈ | ဂြိုဟ်ပရိယာယ် ဇယား | ၂၇ |
| ၂၉ | ဂြိုဟ်ပရိယာယ် ဇယား | ၂၈ |
| ၃၀ | ဂြိုဟ်ပရိယာယ် ဇယား | ၂၈ |
| ၃၁ | ဂြိုဟ်ပရိယာယ် ဇယား | ၂၉ |
| ၃၂ | မဟာဘုတ် ဟောကိန်းအမျိုးမျိုး | ၃၃ |
| ၃၃ | မူလမဟာဘုတ် ဟောကိန်း | ၃၄ |
| ၃၄ | အထွန်းဖွား ဟောကိန်း | ၃၄ |
| ၃၅ | သိုက်ဖွား ဟောကိန်း | ၃၅ |
| ၃၆ | ရာဇဖွား ဟောကိန်း | ၃၅ |
| ၃၇ | ပုတိဖွား ဟောကိန်း | ၃၅ |
| ၃၈ | ဘင်္ဂဖွား ဟောကိန်း | ၃၅ |
| ၃၉ | မရဏဖွား ဟောကိန်း | ၃၆ |
| ၄၀ | အဓိပတိဖွား ဟောကိန်း | ၃၆ |
| ၄၁ | သက်ရောက်တွက်နည်း | ၃၆ |
| ၄၂ | ဂြိုဟ်များတည်နေပုံ အကွာရာဖြင့် ဖြပုံ | ၃၇ |
| ၄၃ | တနင်္ဂနွေသက်ရောက် ဟောကိန်း | [illegible] |
| ၄၄ | တနင်္လာသက်ရောက် ဟောကိန်း | ၃၈ |
| ၄၅ | အင်္ဂါသက်ရောက် ဟောကိန်း | ၃၉ |
| ၄၆ | ဗုဒ္ဓဟူးသက်ရောက် ဟောကိန်း | ၄၀ |


www.burmeseclassic.com

www.burmeseclassic.com



ဦးရေ မာတိကာ စာမျက်နှာ


၄၇ စနေသက်ရောက် ဟောကိန်း ---------- ၄၀
၄၈ ကြာသပတေးသက်ရောက် ဟောကိန်း ---------- ၄၁
၄၉ ရာဟုသက်ရောက် ဟောကိန်း ---------- ၄၁
၅၀ သောကြာသက်ရောက် ဟောကိန်း ---------- ၄၂
၅၁ ဂြိုဟ်စဉ်နှင့် ဂြိုဟ်သက် ---------- ၄၃
၅၂ ဂြိုဟ်စားတွက်နည်း ---------- ၄၃
၅၃ တနင်္ဂနွေဂြိုဟ်စား အဟော ---------- ၄၅
၅၄ တနင်္လာဂြိုဟ်စား ဟောကိန်း ---------- ၄၅
၅၅ အင်္ဂါဂြိုဟ်စား ဟောကိန်း ---------- ၄၆
၅၆ ဗုဒ္ဓဟူးဂြိုဟ်စား ဟောကိန်း ---------- ၄၆
၅၇ စနေဂြိုဟ်စား ဟောကိန်း ---------- ၄၇
၅၈ ကြာသပတေးဂြိုဟ်စား ဟောကိန်း ---------- ၄၇
၅၉ ရာဟုဂြိုဟ်စား ဟောကိန်း ---------- ၄၈
၆၀ သောကြာဂြိုဟ်စား ဟောကိန်း ---------- ၄၈
၆၁ ဇနက္ခ ဟောကိန်း ---------- ၄၉
၆၂ ပုံသေ မဟာဘုတ်တွက်နည်းဇယား ---------- ၅၀
၆၃ သုံးတန်ပေါ်နိစ် ဟောနည်း ---------- ၅၂
၆၄ သုံးတန်ပေါ်နိစ် တိုင်ထုပုံ ---------- ၅၃
၆၅ တိုင်ဘယ်လိုထူမလဲ ---------- ၅၅
၆၆ ဘယ်လိုခွင်လွှဲထူမလဲ ---------- ၅၅
၆၇ ပြု-ပြုချင်းကူး ---------- ၅၇
၆၈ တိုင်ခြေနှင့် တန်းကပ်၊ တန်းကပ်နှင့်တိုင်ခြေ ခွင်လွဲထူ ---------- ၅၈
၆၉ အဟောဘယ်လို ရှိမလဲ ---------- ၅၉


www.burmeseclassic.com

www.burmeseclassic.com



| ရှေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂၀ | ဂြိုဟ်ပရိယာယ်အကျယ် တနင်္ဂနွေဂြိုဟ် | ၆၀ |
| ၂၁ | တနင်္လာဂြိုဟ် ပရိယာယ် | ၆၄ |
| ၂၂ | အင်္ဂါဂြိုဟ် ပရိယာယ် | ၆၈ |
| ၂၃ | ဗုဒ္ဓဟူးဂြိုဟ် ပရိယာယ် | ၇၀ |
| ၂၄ | ကြာသပတေးဂြိုဟ် ပရိယာယ် | ၇၃ |
| ၂၅ | သောကြာဂြိုဟ် ပရိယာယ် | ၇၅ |
| ၂၆ | စနေဂြိုဟ် ပရိယာယ် | ၇၇ |
| ၂၇ | ရာဟုဂြိုဟ် ပရိယာယ် | ၈၁ |
| ၂၈ | ခုနစ်နေ့သားသမီး ခုနှစ်နံတန်းစီး အဟော | ၈၃ |
| ၂၉ | တနင်္ဂနွေ တန်းစီးဟောကိန်း | ၈၃ |
| ၃၀ | တနင်္လာတန်းစီး ဟောကိန်း | ၈၅ |
| ၃၁ | အင်္ဂါတန်းစီး ဟောကိန်း | ၈၇ |
| ၃၂ | ဗုဒ္ဓဟူးတန်းစီး ဟောကိန်း | ၈၉ |
| ၃၃ | ကြာသပတေး တန်းစီဟောကိန်း | ၉၀ |
| ၃၄ | သောကြာတန်းစီး ဟောကိန်း | ၉၂ |
| ၃၅ | စနေတန်းစီး ဟောကိန်း | ၉၄ |
| ၃၆ | တန်းစီးခုနှစ်ပါးနှင့် ယတြာ | ၉၅ |
| ၃၇ | တနင်္ဂနွေတန်းစီးနှင့် ယတြာ | ၉၆ |
| ၃၈ | တနင်္လာတန်းစီးနှင့် ယတြာ | ၉၆ |
| ၃၉ | အင်္ဂါတန်းစီးနှင့် ယတြာ | ၉၇ |
| ၄၀ | ဗုဒ္ဓဟူးတန်းစီးနှင့် ယတြာ | ၉၈ |
| ၄၁ | ကြာသပတေးတန်းစီးနှင့် ယတြာ | ၉၉ |
| ၄၂ | သောကြာတန်းစီးနှင့် ယတြာ | ၁၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| ၉၃ | ၇-ရက်သားသမီးများ ဟောကိန်း | ၁၀၀ |
| ၉၄ | တနင်္ဂနွေသား | ၁၀၁ |
| ၉၅ | တနင်္လာသား | ၁၀၂ |
| ၉၆ | အင်္ဂါသား | ၁၀၂ |
| ၉၇ | ဗုဒ္ဓဟူးသား | ၁၀၃ |
| ၉၈ | ရာဟုသား | ၁၀၃ |
| ၉၉ | ကြာသပတေးသား | ၁၀၄ |
| ၁၀၀ | သောကြာသား | ၁၀၄ |
| ၁၀၁ | စနေသား | ၁၀၅ |
| ၁၀၂ | ယတြာပြုနည်း | ၁၀၅ |
| ၁၀၃ | တိုင်ညှိဟောနည်း | ၁၀၆ |
| ၁၀၄ | ၁-နံ အဟော | ၁၀၆ |
| ၁၀၅ | ၂-နံ အဟော | ၁၀၇ |
| ၁၀၆ | ၃-နံ အဟော | ၁၀၈ |
| ၁၀၇ | ၄-နံ အဟော | ၁၀၈ |
| ၁၀၈ | ၅-နံ အဟော | ၁၀၉ |
| ၁၀၉ | ၆-နံ အဟော | ၁၀၉ |
| ၁၁၀ | ၇-နံ အဟော | ၁၁၀ |
| ၁၁၁ | ၇-ဌာနအတွက် ဟောကွက် ပြောကွက် | ၁၁၀ |
| ၁၁၂ | နံတိုင် ရံတိုင် သမသတ် ဟောနည်း | ၁၁၂ |
| ၁၁၃ | ကာလ အပိုင်းအခြား ဟောကိန်း | ၁၁၆ |
| ၁၁၄ | ဟိမ်နီးနားချင်း ဟောထုံး | ၁၁၇ |
| ၁၁၅ | အပေါင်းအဖော် ဟောထုံး | ၁၁၉ |

www.burmeseclassic.com

www.burmeseclassic.com




| ဦးရေ | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁၆ | နိမိတ်ကောက် ဟောနည်း | ၁၂၀ |
| ၁၁၇ | မေးချိန်ခါ တိုင်ထူဟောနည်း | ၁၂၁ |
| ၁၁၈ | မွေးသက္ကရာဇ် မသိသူကို ဟောနည်း | ၁၂၃ |
| ၁၁၉ | မဟာဘုတ်ခုစား အပြားပြား | ၁၂၄ |
| ၁၂၀ | ၁-ဂဏန်းအကြွင်း ဟောကိန်း | ၁၂၅ |
| ၁၂၁ | ၂-ဂဏန်းအကြွင်း ဟောကိန်း | ၁၂၆ |
| ၁၂၂ | ၃-ဂဏန်းအကြွင်း ဟောကိန်း | ၁၂၇ |
| ၁၂၃ | ၄-ဂဏန်းအကြွင်း ဟောကိန်း | ၁၂၈ |
| ၁၂၄ | ၅-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၀ |
| ၁၂၅ | ၆-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၁ |
| ၁၂၆ | ၇-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၂ |
| ၁၂၇ | ၈-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၄ |
| ၁၂၈ | ၉-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၅ |
| ၁၂၉ | ၁၀-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၆ |
| ၁၃၀ | ၁၁-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၇ |
| ၁၃၁ | ၀-ဂဏန်းအကြွင်း ဟောကိန်း | ၁၃၈ |
| ၁၃၂ | လက်ထောက်ဗေဒင် | ၁၃၉ |
| ၁၃၃ | လက်ထောက်ဗေဒင် မေးခွန်းစဉ် | ၁၄၀ |
| ၁၃၄ | လက်ထောက်ဗေဒင် | ၁၄၂ |
| ၁၃၅ | လက်ထောက်ရန် ဇယားကွက် | ၁၄၃ |
| ၁၃၆ | အဓိဋ္ဌာန် ဗေဒင် | ၁၅၇ |
| ၁၃၇ | နတ်မြင်းကိန်း အဟော | ၁၆၀ |
| ၁၃၈ | ခက္ကာကမြင်းကိန်း အဟော | ၁၆၂ |


www.burmeseclassic.com

www.burmeseclassic.com



ဦးရေ မာတိကာ စာမျက်နှာ


၁၃၉ သိန္တွာမြင်းကိန်း အဟော------------------------၁၆၅
၁၄၀ ဆဒ္ဒါန်ဆင်မင်းကိန်း အဟော --------------------၁၆၇
၁၄၁ ဆမာဒေသကိန်းပြု အဟော ---------------------၁၆၈
၁၄၂ အဌလက်သက်ရောက် ဟောကိန်း -----------------၁၇၀
၁၄၃ အရပ်ဌာန ဟောကိန်း ---------------------------၁၇၃
၁၄၄ ၇-ရက် သားသမီးတို့ရဲ့ ဘုမ္မိအရပ် ----------------၁၇၄
၁၄၅ ဘုမ္မိနှစ်ချက် မအေးကွက်---------------------------၁၇၇
၁၄၆ စကြာသုံးထပ်ကိန်း ဟောနည်း --------------------၁၇၈
၁၄၇ စကြာသုံးထပ် ဟောကိန်း ---------------------------၁၈၀
၁၄၈ ရခိုင်ဒသာ ဟောကိန်း---------------------------------၁၈၂
၁၄၉ မဟာဘုတ် ဒွါရလင် ဟောကိန်း -------------------၁၈၇
၁၅၀ ရွှေလှော်တစ်သိန်းတန်ကိန်း----------------------------၁၉၁
၁၅၁ လာဘ်လား၊ ဥပဒ်လား ----------------------------၁၉၂
၁၅၂ ကုန်ရောင်း ကုန်ဝယ် ဟန်ကျ မကျ -----------------၁၉၃
၁၅၃ ဒသာ၊ စုတ်၊ လာဘ်၊ ဥပဒ် ဟောကိန်း ---------------၁၉၃
၁၅၄ စုတ်ဝင်မှာလား-----------------------------------------၁၉၄
၁၅၅ မြေကြီးလား၊ ရွှေထီးလား----------------------------၁၉၄
၁၅၆ ဘယ်အချိန် သေမှာလဲ --------------------------------၁၉၅
၁၅၇ သည်နှစ် အဆိုးလား၊ အကောင်းလား -----------------၁၉၅
၁၅၈ ဇာတာကြီးလေးထွေ တွက်နည်း ----------------------၁၉၇
၁၅၉ ဇာတာထွက်ခေါ်င် ---------------------------------------၁၉၇
၁၆၀ စုတ်၊ လာဘ် ရမယ့်လ-----------------------------------၁၉၈
၁၆၁ စုတ်၊ လာဘ် ရကိန်း---------------------------------------၁၉၈


www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၆၂ | စုတ်၊ လာဘ်ရမည့်နေ့ | ၁၉၉ |
| ၁၆၃ | ရောက်သက် ဘာစုတ်လဲ | ၁၉၉ |
| ၁၆၄ | နဂိုရ်စုတ်လား၊ ယာယီလား | ၂၀၀ |
| ၁၆၅ | နဂိုရ်ယာယီ တွက်ကိန်းတစ်နည်း | ၂၀၀ |
| ၁၆၆ | သက်စေ့ ထောက်တွက်နည်း | ၂၀၁ |
| ၁၆၇ | ကုန်ရောင်း မြတ် မမြတ် | ၂၀၂ |
| ၁၆၈ | စုတ်လာဘ် စီးပွါး သင့်မယ် | ၂၀၂ |
| ၁၆၉ | ဉစ္စာစီးပွါး ရှာဖွေရန်အရပ် | ၂၀၃ |
| ၁၇၀ | ခရီးသွား အကြံအစည် သင့်-မသင့် | ၂၀၃ |
| ၁၇၁ | ခိုက်ရန်ရှိတဲ့အရပ် | ၂၀၄ |
| ၁၇၂ | ခရီးသွား ဉစ္စာပျောက် | ၂၀၅ |
| ၁၇၃ | သည်မိန်းမ-သည်ယောကျ်ား အိမ်ထောင် သင့် မသင့် | ၂၀၆ |
| ၁၇၄ | ငြိုဟ်အိပ်စန်းကျရှောင် | ၂၀၆ |
| ၁၇၅ | ယာယီ အပြောင်း ကောင်း မကောင်း | ၂၀၇ |
| ၁၇၆ | ဇာတာ ခိုင် မခိုင် မူလတိုင်လေးတိုင် | ၂၀၈ |
| ၁၇၇ | ခန္ဓာ ပျက် မပျက် | ၂၀၉ |
| ၁၇၈ | အကြံအစည် အောင် မအောင် | ၂၁၀ |
| ၁၇၉ | ထီပေါက်မယ့်ကိန်း | ၂၁၀ |
| ၁၈၀ | နံသင့်ဘုရားဆုတောင်းယတြာ | ၂၁၁ |
| ၁၈၁ | ဇာတာညံ့သူအတွက် ယတြာ | ၂၁၂ |
| ၁၈၂ | ဓာတ်ကို ဖိုင် မပိုင် | ၂၁၃ |
| ၁၈၃ | ဓာတ်ပိုင်မယ့်နှစ် | ၂၁၃ |
| ၁၈၄ | ဓာတ်အောင်မယ့်နှစ် | ၂၁၃ |

www.burmeseclassic.com

www.burmeseclassic.com




| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၈၅ | ကြံတိုင်းအောင် အိမ်ထွက်ယတြာ | ၂၁၃ |
| ၁၈၆ | အသက် ၁၂၀-ရှည်စေနိုင်တဲ့ ယတြာ | ၂၁၄ |
| ၁၈၇ | အသံဟောကိန်း အမျိုးမျိုး | ၂၁၅ |
| ၁၈၈ | မဟာဘုတ် ထီးရ မရတွက်နည်း | ၂၁၆ |
| ၁၈၉ | မဟာဘုတ် စုတ်ရှာကိန်း | ၂၁၇ |
| ၁၉၀ | ဘာကိန်းလဲ | ၂၁၇ |
| ၁၉၁ | နေ့ထပ်လဂ် ဘာဖြစ်တတ် | ၂၁၈ |
| ၁၉၂ | နံပေါ်ကိုမှီ | ၂၁၉ |
| ၁၉၃ | ကျက်သရေယုတ် | ၂၁၉ |
| ၁၉၄ | တန်ဆာစု | ၂၁၉ |
| ၁၉၅ | နှစ်ပုပ် | ၂၁၉ |
| ၁၉၆ | နံသုဥ်းသက်ပြတ် | ၂၂၀ |
| ၁၉၇ | ယတြာပုပ် | ၂၂၀ |
| ၁၉၈ | မသွားကောင်းသောအရပ် | ၂၂၀ |
| ၁၉၉ | ယတြာပြု အရပ်ရွေးနည်း | ၂၂၀ |
| ၂၀၀ | နမန္တာအရပ် | ၂၂၁ |
| ၂၀၁ | လာဘ်-စုတ်-စက်-နံ-ဖီလာ ဇယား | ၂၂၂ |
| ၂၀၂ | လာဘ်-စုတ်-စက်-နံဖီလာချ ဇယားလက်ာ | ၂၂၂ |
| ၂၀၃ | အပြစ် ၁၀ ပါး အရပ်များ | ၂၂၃ |
| ၂၀၄ | နမန္တာအရပ် | ၂၂၄ |
| ၂၀၅ | မူလအရပ် | ၂၂၄ |
| ၂၀၆ | နတ်နေအရပ် | ၂၂၄ |
| ၂၀၇ | ဇော်ဂနီစက် | ၂၂၅ |


www.burmeseclassic.com

www.burmeseclassic.com




| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂၀၈ | နေ့စဉ်ယတြာ | ၂၂၅ |
| ၂၀၉ | အသက်မွေးမှုတစ်တွေ သည်နည်းပေ | ၂၂၆ |
| ၂၁၀ | အကြွင်းအလိုက် ဇယားကွက် | ၂၂၉ |
| ၂၁၁ | ရွှေမြေမှာလား၊ သံမြေမှာလား၊ ဘုမ္မိမြေမှာလား | ၂၂၉ |
| ၂၁၂ | အကျိုးအပြစ်ဟော | ၂၃၀ |
| ၂၁၃ | အမည်လေးလည်း ပေးတတ်မှ | ၂၃၀ |
| ၂၁၄ | အပြိုင်အဆိုင် ဘယ်သူနိုင် | ၂၃၁ |
| ၂၁၅ | ခရီးသွားသူ ပြန်လာ၊ မလာ | ၂၃၂ |
| ၂၁၆ | ကောင်းစားမယ့် ခုချိန်ခါ | ၂၃၂ |
| ၂၁၇ | မြွတ်ယတြာ ပြုပါမနေး | ၂၃၂ |


www.burmeseclassic.com

www.burmeseclassic.com



## မဟာဘုတ်မည်ပုံ

"မဟာ"ဆိုတာ ကြီးကျယ်မြင့်မြတ်တင့်တယ်တဲ့ အနက်ကို ဆောင်တယ်။ "ဘုတ်"ဆိုတာ ဘူတ-ဓာတ်ဖြစ်တယ်။ မိမိသဘော မိမိဆောင်တယ်။ ဘယ်သူမှ ပြုပြင်ပြောင်းလဲလို့ မရဘူး၊ ဓာတ်ကြီးလေးပါးရှိတယ်။ ဓာတ်ကြီးလေးပါးကို အခြေခံလို့ "မဟာဘုတ်" လို့ခေါ်တယ်။

"ဓာတ်လေးပါး" ဆိုတာကတော့ ရေ၊ မြေ၊ လေ၊ မီး ဆိုတာပါပဲ။ ဒီဓာတ်ကြီးလေးပါးကသာ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောက စတဲ့ လောကသုံးပါးရဲ့ အကြီးအမှူးပဲ၊ သူမရှိရင် မဖြစ်ဘူး။ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းရတာချည်းပဲ။

ဩကာသလောက ဆိုတာက ရေ၊ မြေ၊ တော၊ တောင် သက်မဲ့အရာဝတ္ထုမှန်သမျှပဲ။ သတ္တလောကဆိုတာကတော့ သက်ရှိသတ္တဝါတွေပေါ့။ ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ လေသတ္တဝါတွေ ဆိုပါတော့။ သင်္ခါရလောက ဆိုတာကတော့ အထက်လောကနှစ်ပါးရဲ့ ဖြစ်ပျက်ပြောင်းလဲ ယိုယွင်းမှုသဘောကို ဆိုလိုတယ်။

## ဗေဒင်

"ဗေဒင်" ဆိုတာက ဝေဒကလာတဲ့ စကားပဲ။ ဝ နှင့် ဗ ပြောင်းလဲရာက ဗေဒင်ရယ်လို့ ခေါ်ကြတယ်။ အဓိပ္ပါယ်ကတော့ အထူးသိခြင်းပဲ။ ဘာကိုအထူးသိတာလဲ။ ဓာတ်လေးပါးကို အထူးသိတာကို ဆိုလိုတယ်။

ဓာတ်လေးပါးကို ချုပ်တာကတော့ အပူနှင့်အအေးပဲ။ တစ်နည်းပြောရရင် နေနှင့်လဆိုပါတော့။ နေနှင့်လကို အခြေခံပြီး လောကသုံးပါးဟာ သဘာဝအတိုင်း ဖြစ်ပေါ်လာတယ်။ တားဆီးလို့မရဘူး။ သူ့သဘောကို သူဆောင်တယ်။ ဒီဓာတ်လေးပါးကို ဘုရားတောင်မှ မပယ်ဖျက်နိုင်ခဲ့ဘူး။ ဒီတော့ဗေဒင်အခြေခံမဟာဘုတ်လို့ ဆိုကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂဝိဇ္ဇာ

မဟာဘုတ်ကို အခြေခံပြီး ဆင့်ပွားဖြစ်ပေါ်လာတဲ့ "အင်္ဂဝိဇ္ဇာ" ဆိုပါတော့။ အင်္ဂဝိဇ္ဇာအရ "အောင်လံတေဇ၊ သကျမှိအုံး၊ နန္ဒိသေနထုံး" ဟူသည့် လင်္ကာကို ဂဏန်းဖြင့် ချကြည့်ပါက 'အောင်၊ လံ၊ ထု၊ စစ်၊ သူကြီး၊ ပွဲ" ပဲ ထွက်မည်။ ၁၊ ၄၊ ၇၊ ၃၊ ၆၊ ၂၊ ၅ ပဲတွေ့ရမှာယ်။ အင်္ဂဝိဇ္ဇာ အလိုအရ စတုရန်းလို့ခေါ်တယ်။ ဆန်းစစ်ကြည့်ရင် ဓာတ်ကြီးလေးပါး ပါပဲ။

## ခုနစ်နေ့ကို ဆိုင်ရာဂဏန်းများနှင့် တွဲဖက်၍ ရေးပုံ

ဗေဒင်တတ်ချင်လို့ သင်ပြီဆိုတော့ ဗေဒင်အသုံးအနှုန်းကအစ သိရမယ်။ မှတ်ရမယ်။ အောက်မှာနေ့ခုနစ်နေ့ကို ဗေဒင်အရေးအသားနှင့် ရေးပြထားတယ်။

| | |
|---|---|
| တနင်္ဂနွေ | ၁-နွေ |
| တနင်္လာ | ၂-လာ |
| အင်္ဂါ | ၃-ဂါ |
| ဗုဒ္ဓဟူး | ၄-ဟူး |
| ကြာသပတေး | ၅-တေး |
| သောကြာ | ၆-ကြာ |
| စနေ | ၇-နေ |
| ရာဟု | ၈-ဟု |

www.burmeseclassic.com

www.burmeseclassic.com



## နေ့(၈)နေ့နှင့် အရပ်(၈)မျက်နှာ

နေ့ (၈) နေ့ကိုလဲ ဂြိုဟ်နှင့်သတ်မှတ်ထားတယ်။ ဂြိုဟ်(၈) လုံးရှိတယ်။ အရပ်(၈) မျက်နှာနှင့် အောက်မှာ ဖော်ပြထားတယ်။

| | | |
|---|---|---|
| ၁-ဂဏန်း | ၁-နွေဂြိုဟ် | အရှေ့မြောက်ထောင့် |
| ၂-ဂဏန်း | ၂-လာဂြိုဟ် | အရှေ့အရပ် |
| ၃-ဂဏန်း | ၃-ဂါဂြိုဟ် | အရှေ့တောင်အရပ် |
| ၄-ဂဏန်း | ၄-ဟူးဂြိုဟ် | တောင်အရပ် |
| ၅-ဂဏန်း | ၅-တေးဂြိုဟ် | အနောက်အရပ် |
| ၆-ဂဏန်း | ၆-ကြာဂြိုဟ် | မြောက်အရပ် |
| ၇-ဂဏန်း | ရ-နေဂြိုဟ် | အနောက်တောင်ထောင့်အရပ် |
| ၈-ဂဏန်း | ၈-ဟုဂြိုဟ် | အနောက်မြောက်ထောင့်အရပ် |

## ဂြိုဟ်(၈)လုံးနှင့် ဂြိုဟ်သက်

| | |
|---|---|
| တနင်္ဂနွေဂြိုဟ်သက် | ၆-နှစ် |
| တနင်္လာဂြိုဟ်သက် | ၁၅-နှစ် |
| အင်္ဂါဂြိုဟ်သက် | ၈-နှစ် |
| ဗုဒ္ဓဟူးဂြိုဟ်သက် | ၁၇-နှစ် |
| ကြာသပတေးဂြိုဟ်သက် | ၁၉-နှစ် |
| သောကြာဂြိုဟ်သက် | ၂၁-နှစ် |
| စနေဂြိုဟ်သက် | ၁၀-နှစ် |
| ရာဟုဂြိုဟ် | ၁၂-နှစ် |

အဲဒီဂြိုဟ်သက်တွေ အားလုံးပေါင်းလိုက်ယင် (၁၀၈)ရတယ်။ ဘစ်ရာ့ရှစ်ပါဒ်၊ တစ်ရာ့ရှစ်နဝင်းလို့ ခေါ်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်ဖိုခေတ်မနှင့် ပါပ သောမ

ဗေဒင်ပညာ လိုက်စားပြီဆိုကတည်းက ဒါလည်းပဲ သိထားရမယ်။ ကျက်မှတ် ထားရမယ်။

### ခေတ်ဖို

၁-နွေ၊ ၂-လာ၊ ၃-ဂါ၊ ၄-ဟူး၊

### ခေတ်မ

၅-တေး၊ ၆-ကြာ၊ ၀နေ၊ ရာဟု

### ပါပဂြိုဟ်

၁-နွေ၊ ၃-ဂါ၊ ၀နေ၊ ရာဟု တို့ကတော့ မကောင်းကျိုးပြုတဲ့ ပါပဂြိုဟ်ဖြစ်တယ်။

### သောမဂြိုဟ်

၂-လာ၊ ၄-ဟူး၊ ၅-တေး၊ ၆-ကြာတို့ကတော့ ကောင်းကျိုးပေးစေတတ်တဲ့ သောမဂြိုဟ် ဖြစ်တယ်။

## အရပ်ရှစ်မျက်နှာနှင့် စိုးမိုးရာဂြိုဟ်များ

အရပ်ရှစ်မျက်နှာကို ပါပဂြိုဟ်၊ သောမဂြိုဟ်တို့ ဘယ်အရပ်ကို ိုးမိုးတယ်ဆိုတာ သိထားရမယ်။

ထောင့်လေးထောင့်ဖြစ်တဲ့ အရှေ့မြောက်ထောင့်၊ အရှေ့တောင် ောင့်၊ အနောက်တောင်ထောင့်၊ အနောက်မြောက်ထောင့်တို့ကို ပါပဂြိုဟ် းလုံးက စိုးမိုးတယ်။

www.burmeseclassic.com


www.burmeseclassic.com



အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးရပ်ကိုတော့ သောမဂြိုဟ် လေးလုံးက စိုးမိုးတယ်။

အောက်မှာ ရှင်းလင်းဖော်ပြထားတဲ့ အဋ္ဌလက်ဂြိုဟ်အိမ်ကိုကြည့်၊ ဂြိုဟ်သက်ပါ ယှဉ်တွဲပြထားတယ်။

## အဋ္ဌလက်ဂြိုဟ်စံအိမ်




| | | |
|---|---|---|
| ပါပ | သောမ | ပါပ |
| သောမ | | သောမ |
| ပါပ | သောမ | ပါပ |

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုဟ်ရှစ်လုံးနှင့် တိရစ္ဆာန်ရှစ်မျိုး

၁။ တနင်္ဂနွေဂြိုဟ် ဂဠုန်
၂။ တနင်္လာဂြိုဟ် ကျား
၃။ အင်္ဂါဂြိုဟ် ခြင်္သေ့
၄။ ဗုဒ္ဓဟူးဂြိုဟ် ဆင်
၅။ ကြာသပတေးဂြိုဟ် ကြွက်
၆။ သောကြာဂြိုဟ် ပူး
၇။ စနေဂြိုဟ် နဂါး
၈။ ရာဟုဂြိုဟ် ဟိုင်း

နေ့သား နေ့သမီးအလိုက် စိတ်နေစရိုက် အခြခံသဘာဝကို ခန့်မှန်းအကဲဖြတ်နိုင်တယ်။

## အက္ခရာနံသင့်ကောက်ပုံ

| | |
|---|---|
| က,ခ,ဂ,ဃ,င | တနင်္လာ |
| စ,ဆ,ဇ,ဈ,ည | အင်္ဂါ |
| ဋ,ဌ,ဍ,ဎ,ဏ,တ,ထ,ဒ,ဓ,န | စနေ |
| ပ,ဖ,ဗ,ဘ,မ, | ကြာသပတေး |
| ယ,ရ | ရာဟု |
| လ,ဝ | ဗုဒ္ဓဟူး |
| သ,ဟ,ဠ | သောကြာ |
| အ,အာ,ဣ,ဤ,ဥ,ဦ,ဧ,ဩ | တနင်္ဂနွေ |

www.burmeseclassic.com

www.burmeseclassic.com



## စံပြန်သင့်ကောက်ယူပုံ

**တနင်္ဂနွေနံ**

အိုး၊ အိမ်၊ အုတ်၊ အပ်၊ အစ်၊ အုန်းပင်၊ အင်ပင်၊ အင်ဥ၊ အုန်းသီး စသဖြင့် ဖြစ်တယ်။

**တနင်္လာ**

ငွေကြေး၊ ကျွန်၊ ငါး၊ ငါးချဉ်၊ ငါးခြောက်၊ ခြေကျင်း၊ ကြိမ်၊ ကြိုး ကန်၊ ကုန်း၊ ကမ်းခြေ၊ ခွေး၊ ကြောင်၊ ကြက်၊ ကျား၊ ကြံ့၊ ကျီးကန်း၊ ကျွဲ ကင်း၊ ငါးကြီး၊ ငါးခူ၊ ခွက်၊ ကွမ်း၊ ကုက္ကို၊ ကံ့ကော်၊ ကျည်းပင်၊ ခံပင် စ သည်ဖြင့် ဖြစ်တယ်။

**အင်္ဂါနံ**

စောင်၊ စိန်၊ ဆန်၊ ဆေး၊ ဈေး၊ ဆီ၊ ဆား၊ စုတ်၊ ဆီစက်၊ စက် ဇီးပင်၊ ညောင်ပင်၊ စစ်ပင်၊ စဉ့် စသဖြင့် ဖြစ်တယ်။

**ဗုဒ္ဓဟူးနံ**

လှေ၊ လှည်း၊ လူ၊ လှိုင်း၊ လိပ်၊ လ၊ လမ်း၊ လှံ၊ လက်၊ လား၊ ဝက်ဝံ ဝက်၊ လူဝံ၊ ဝါး၊ လင်းလွန်းပင်၊ လိန်ပင်၊ လဲပင် စသဖြင့် ဖြစ်တယ်။

**ကြာသပတေးနံ**

မြေ၊ မြ၊ မြင်း၊ မျောက်၊ မြစ်၊ မြေပဲ၊ ပြောင်း၊ ပဲ၊ ဖက်၊ မျှစ်၊ မှို၊ မှန် ဘီး၊ ပန်း၊ မေမြို့၊ ဖလ်၊ ပုံး၊ မီးဖို၊ မီး၊ မျှော့၊ မြွေ၊ ဗူးပင်ဗူးသီး စသဖြင့် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**သောကြာနံ**

သွတ်၊ သော်၊ သံ၊ သင်၊ သိုး၊ သီးသီး၊ သီဟိုဠ်၊ သံသတ်ပင်၊ သံသေပင်၊ သန်းပင် စသဖြင့် ဖြစ်တယ်။

**စနေနံ**

နွား၊ ဒီးဒုတ်၊ နို့၊ ထုံး၊ တူ၊ နှင်းသီး၊ နှင်းပန်း၊ နာနတ်သီး၊ တောက်တာ၊ တောက်တဲ့၊ တောက်တူ၊ နွေသား၊ ထန်းပင်၊ ထိန်ပင်၊ ထနောင်းပင်၊ နွယ်နီပင် စသဖြင့် ဖြစ်တယ်။

**ရာဟု**

ရေ၊ ယပ်၊ ယင်၊ ရွှေ၊ ရင်၊ ရှောက်သီး၊ ရဲယို၊ ရွှဲ စသဖြင့် ဖြစ်တယ်။

## နေ့ ၈ မျိုးနှင့် လူမျိုးများ

၁။ တနင်္ဂနွေ — ယွန်းလူမျိုး
၂။ တနင်္လာ — ရှမ်းလူမျိုး
၃။ အင်္ဂါ — တလိုင်းလူမျိုး
၄။ ဗုဒ္ဓဟူး — ကဒူးလူမျိုး
၅။ ကြာသပတေး — မြန်မာလူမျိုး
၆။ သောကြာ — ကသဲလူမျိုး
၇။ စနေ — ကုလားလူမျိုး
၈။ ရာဟု — တရုတ်နှင့်ယိုးဒယားလူမျိုး



## ခုနှစ်နံနှင့် အုပ်စိုးသည့် သတ္တုရတနာ

၁။ တနင်္ဂနွေ — ကြေးနီ
၂။ တနင်္လာ — ပတ္တမြား
၃။ အင်္ဂါ — ရွှေ
၄။ ဗုဒ္ဓဟူး — ကျောက်သံရတနာ
၅။ ကြာသပတေး — ငွေ
၆။ သောကြာ — ပုလဲ
၇။ စနေ — သံ

## ခုနှစ်နံနှင့် စိုးမိုးသည့် သဘာဝ

၁။ တနင်္ဂနွေ — စိတ်ဝိညာဉ်
၂။ တနင်္လာ — လှုပ်ရှားသွားလာခြင်း
၃။ အင်္ဂါ — ခွန်အားဗလ
၄။ ဗုဒ္ဓဟူး — အသံ
၅။ ကြာသပတေး — ပညာ
၆။ သောကြာ — ရမ္မက်၊ သုက်သွေး
၇။ စနေ — ပူပန်သောက

## ယောက်ျားဂြိုဟ် မိန်းမဂြိုဟ်

တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးတို့က ယောက်ျားဂြိုဟ်။
တနင်္လာ၊ သောကြာ၊ စနေ၊ ရာဟု တို့က မိန်းမဂြိုဟ်။
အောက်က လင်္ကာလေးကို ကျက်မှတ်ထားပါ။

**အောင်၊ ဆု၊ လီ၊ ပွား၊ ဂြိုဟ်ယောက်ျား။**
**ချို၊ သွား၊ ထိန်း၊ ရ၊ ဂြိုဟ်မိန်းမ။**

www.burmeseclassic.com

www.burmeseclassic.com



## စနစ်ခံနှင့် အုပ်စိုးသည့် သတ္တုရတနာ

| | |
|---|---|
| ၁။ တနင်္ဂနွေ | ကြေးနီ |
| ၂။ တနင်္လာ | ပတ္တမြား |
| ၃။ အင်္ဂါ | ရွှေ |
| ၄။ ဗုဒ္ဓဟူး | ကျောက်သံရတနာ |
| ၅။ ကြာသပတေး | ငွေ |
| ၆။ သောကြာ | ပုလဲ |
| ၇။ စနေ | သံ |

## စနစ်ခံနှင့် စိုးမိုးသည့် သဘာဝ

| | |
|---|---|
| ၁။ တနင်္ဂနွေ | စိတ်ဝိညာဉ် |
| ၂။ တနင်္လာ | လှုပ်ရှားသွားလာခြင်း |
| ၃။ အင်္ဂါ | ခွန်အားဗလ |
| ၄။ ဗုဒ္ဓဟူး | အသံ |
| ၅။ ကြာသပတေး | ပညာ |
| ၆။ သောကြာ | ရမ္မက်၊ သုက်သွေး |
| ၇။ စနေ | ပူပန်သောက |

## ယောကျ်ားဂြိုဟ် မိန်းမဂြိုဟ်

တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးတို့က ယောကျ်ားဂြိုဟ်။

တနင်္လာ၊ သောကြာ၊ စနေ၊ ရာဟု တို့က မိန်းမဂြိုဟ်။

အောက်က လင်္ကာလေးကို ကျက်မှတ်ထားပါ။

**အောင်, ဆု, လီ, ပွား, ဂြိုဟ်ယောကျ်ား။**

**ချို, သွား, ထိန်း, ရ, ဂြိုဟ်မိန်းမ။**

www.burmeseclassic.com

www.burmeseclassic.com



## ယာယီဂြိုဟ်နှင့် နဂိုရ်ဂြိုဟ်

တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ ရာဟု တို့ကို ယာယီဂြိုဟ်ဟု ခေါ်တယ်။

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေတို့ကို နဂိုရ်ဂြိုဟ်ဟု ခေါ်တယ်။

ဒါကြောင့် အောက်မှာ လင်္ကာကလေးကို ကျက်မှတ်ထားပါ။

**ချွေ, ဆွတ်, သိမ်း, ယူ, ယာယီဟူ၊**

**အင်, တူ, လက်, မှူ, နဂိုရ်စု၊**

## လက်ဝဲဂြိုဟ်နှင့် လက်ျာဂြိုဟ်

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုတို့ကို လက်ျာဂြိုဟ်ခေါ်တယ်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာတို့ကို လက်ဝဲဂြိုဟ်လို့ခေါ်တယ်။

အောက်ကလင်္ကာလေးကို ကျက်မှတ်ထားပါ။

**အောင်, ထွန်း, ရာ, ဇာ, ဂြိုဟ်လက်ျာ။**

**တေ, လာ, ပြာ, သာဒ်, လက်ဝဲမှတ်။**

## ကျေးကျွန်ဂြိုဟ်နှင့် အရှင်ဂြိုဟ်

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုတို့ကို အောက်ကျွန်ဂြိုဟ်လို့ ခေါ်တယ်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာတို့ကို အထက်သခင်ဂြိုဟ်လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ကလက်ာကလေးကို မှတ်ထားပါ။
အ, စ, နံ, ရှောင်း ကျွန်ဂြိုဟ်ပေါင်း၊
ကြိုင်, လှောင်း, မြဲ, သို, အရှင်ဂြိုဟ်။
လက်ာတိုင်း နံသင့်ကောက်ယူနိုင်တယ်။

## မိတ်ဘက်

အောင်ပ, ကုလား ဆွေသား, တော်ရင်း၊ မိတ်ဘက်ခြင်း

| | | |
|---|---|---|
| တနင်္ဂနွေနှင့် | ကြာသပတေး | ၁-၅ |
| တနင်္လာနှင့် | ဗုဒ္ဓဟူး | ၂-၄ |
| အင်္ဂါနှင့် | သောကြာ | ၃-၆ |
| စနေနှင့် | ရာဟု | ၇-၈ |

## အဓိမ်ဆောင်ဘက်

ဦး သာ, စိန် ပန်း, ဒန်း လှ, ကို ရှာ

| | | |
|---|---|---|
| တနင်္ဂနွေနှင့် | သောကြာ | ၁-၆ |
| အင်္ဂါနှင့် | ကြာသပတေး | ၃-၅ |
| စနေနှင့် | ဗုဒ္ဓဟူး | ၇-၄ |
| တနင်္လာနှင့် | ရာဟု | ၂-၈ |

## ဓာတ်ဘက်

အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ၊ ဓာတ်ဘက်ပေ၊

| | | |
|---|---|---|
| တနင်္ဂနွေနှင့် | စနေ | ၁-၇ |
| တနင်္လာနှင့် | ကြာသပတေး | ၂-၅ |
| အင်္ဂါနှင့် | ရာဟု | ၆-၇ |
| ဗုဒ္ဓဟူး | သောကြာ | ၄-၈ |

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ရန်ဘက်

ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ၊ ရန်စိစိ

| | | |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | ၁-၃ |
| တနင်္လာနှင့် | ကြာသပတေး | ၂-၅ |
| သောကြာ | စနေ | ၆-၇ |
| ဗုဒ္ဓဟူးနှင့် | ရာဟု | ၄-၈ |

## မာတ်ရန်

ဦးဝေ၊ စံကူး၊ ရေဘူး၊ တော်သူ

| | | |
|---|---|---|
| တနင်္ဂနွေနှင့် | ဗုဒ္ဓဟူး | ၁-၄ |
| အင်္ဂါနှင့် | တနင်္လာ | ၃-၂ |
| ရာဟုနှင့် | ကြာသပတေး | ၈-၅ |
| စနေနှင့် | သောကြာ | ၇-၆ |

## အိမ်ထောင်ရန်ဘက်

ခမ္မာ၊ သောက၊ အင်းဝ၊ ရာဇ၊ အိမ်ထောင်ပါ၊
မှန် စွာ ပျက်မည်သာ။

| | | |
|---|---|---|
| စနေနှင့် | ကြာသပတေး | ၇-၅ |
| သောကြာနှင့် | တနင်္လာ | ၆-၂ |
| တနင်္ဂနွေနှင့် | ဗုဒ္ဓဟူး | ၁-၄ |
| ရာဟုနှင့် | အင်္ဂါ | ၈-၃ |

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ရန် ဓာတ်ရန် အစင်အကျယ်ဇယား

| မိတ်ဘက်နေ့ | အိမ်ထောင်မိတ်နေ့ | ဓာတ်ဘက်နေ့ | ရန်ဘက်နေ့ | အိမ်ထောင်ရန်နေ့ | ဓာတ်ရန်နေ့ |
|---|---|---|---|---|---|
| ၁-၅ | ၁-၆ | ၁-၇ | ၁-၃ | ၇-၅ | ၁-၄ |
| ၂-၄ | ၃-၅ | ၂-၅ | ၂-၅ | ၆-၂ | ၃-၂ |
| ၃-၆ | ၇-၄ | ၃-၈ | ၆-၇ | ၁-၄ | ၈-၅ |
| ၇-၈ | ၂-၈ | ၄-၆ | ၄-၈ | ၈-၃ | ၇-၆ |

## ဂြိုဟ်ပရိယာယ်

ဗေဒင်ဟောရာမှာ ဂြိုဟ်ပရိယာယ်နှင့် သဘောသဘာဝကိုတော့ အပိုင်အနိုင် သိထားရမယ်။

ဂြိုဟ်စား သက်ရောက်ဟောရာမှာ ဉာဏ်ရှိသလို သုံးသလို သုံးတန် ပေါ်နိစ် တွက်ရာမှာလည်းပဲ ဂြိုဟ်ပရိယာယ်ကို ဉာဏ်ရှိသလို သုံးရတယ်။

### ဂြိုဟ်ပရိယာယ် ဇယား

| ဂြိုဟ်စဉ် | သားချင်း | ပြည့်အင်္ဂါ | ကိုယ်အင်္ဂါ | စိတ်စသည် |
|---|---|---|---|---|
| ၁ | အဘ | ပြည့်ရှင် | အရိုး | စိတ် |
| ၂ | အမိ | မိဖုရား | အသွေး | လှုပ်ရှားခြင်း |
| ၃ | လင် ကျေးကျွန် | စစ်သူကြီး | ခြင်ဆီ | ခွန်အား |
| ၄ | သားသမီး | အိမ်ရှေ့မင်း | အရေထူပါး | အသံ |
| ၅ | မိတ်ဆွေ | အမတ် | အဆီအခဲ | ပညာ |
| ၆ | မယား | အမတ်ကြီး | သုက်သွေး | ရှုမှတ် |
| ၇ | အစေခံ | မင်းလုလင် | အကြော | ပူပန်ခြင်း |

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုဟ်ပရိယာယ် ဇယား

| ဂြိုဟ်စဉ် | အဆင်း | ရသာစိုးခြင်း | အရပ်စိုးခြင်း |
|---|---|---|---|
| ၁ | အနီ | အစပ် | အရှေ့ |
| ၂ | ဖြူဖွေး | အငန် | အနောက်မြောက် |
| ၃ | နီဖြူ | အခါး | တောင် |
| ၄ | အစိမ်း | ချဉ်ခါး | မြောက် |
| ၅ | အဝါ | အချို | အရှေ့မြောက် |
| ၆ | အဖြူ | ချဉ်ချို | အရှေ့တောင် |
| ၇ | အမည်း | အဖန် | အနောက် |

## ဂြိုဟ်ပရိယာယ် ဇယား

| ဂြိုဟ်စဉ် | သတ္တုစိုးခြင်း | အဝတ်စိုးခြင်း |
|---|---|---|
| ၁ | ကြေးနီ | အပေါ်ရုံ |
| ၂ | ပတ္တမြား | ပုဆိုးသစ် |
| ၃ | ရွှေ | မီးလောင်ပုဆိုး |
| ၄ | စုစီခြယ်သောကျောက်သံ | ဖွပ်ပြီးပုဆိုး |
| ၅ | ငွေ | မတိုမရှည်ပုဆိုး |
| ၆ | ပုလဲ | ခိုင်သောပုဆိုး |
| ၇ | သံ | စုတ်သောပုဆိုး |

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုဟ်ပရိယာယ် ဇယား

| ဂြိုဟ်စဉ် | ယောက်ျားမိန်းမ | လက်ျာလက်ဝဲ | ကျွန်အရှင် | နဂိုရ်ယာယီ | ဓာတ်လေးပါး |
|---|---|---|---|---|---|
| ၁ | ယောက်ျား | လက်ျာ | ကျွန် | နဂိုရ် | မီး |
| ၂ | မိန်းမ | လက်ဝဲ | အရှင် | ယာယီ | မြေ |
| ၃ | ယောက်ျား | လက်ျာ | ကျွန် | နဂိုရ် | လေ |
| ၄ | ယောက်ျား | လက်ဝဲ | အရှင် | ယာယီ | ရေ |
| ၅ | ယောက်ျား | လက်ဝဲ | အရှင် | နဂိုရ် | မြေ |
| ၆ | မိန်းမ | လက်ဝဲ | အရှင် | ယာယီ | ရေ |
| ၇ | မိန်းမ | လက်ျာ | ကျွန် | နဂိုရ် | မီး |
| ၈ | မိန်းမ | လက်ျာ | ကျွန် | ယာယီ | လေ |

ပြဆိုခဲ့ပြီးဖြစ်တဲ့ ဂြိုဟ်ပရိယာယ်တွေကိုတော့ အရကျက်မှတ် ထားရမယ်။ ဟောရာ ပြောရာမှာ ဂြိုဟ်ပရိယာယ် မသိယင် ခက်မယ်။

"အမျိုးအလိုက်၊ အထိုက်တော်သင့်၊ ဘုန်းတန်းပွင့်" လို့ ရှေးပညာရှိတွေ ဆိုဖူးခဲ့တယ်။

ဟောရာပြောရာမယ်၊ မေးလာသူဟာ မင်းမှုထမ်း၊ ကုန်သည် စသဖြင့် တိုင်းထွာခွဲခြားပြီး ဟောဖို့ အရေးကြီးတယ်။ လျှေနံ ဓားထစ် မှတ်ယူပြီး ပြောလို့ ဟောဖို့တော့ မသင့်ဘူး။

ဂြိုဟ်ပရိယာယ်တွေကို ကြည့်ပြီး ဟောရာ ပြောရာမှာလည်းပဲ အရေးကြီးတယ်။

ဆိုပါတော့ တနင်္ဂနွေ အညံ့တွေ့ပြီပဲ။ တနင်္ဂနွေ ဆိုတော့ ဂြိုဟ်ပရိယာယ်အရ သားချင်းကိုကြည့်ယင် အဘကိုပြတယ်။ သည်တော့ အဘကြောင့် ဘေးရန်တွေ့မယ် ဟောရမယ်။ ပြည့်အင်္ဂါအရဆိုယင် မင်းဘေး

www.burmeseclassic.com



သင့်မယ် ဟောရမှာပဲ။ ကိုယ်အင်္ဂါဆိုင်ရာမှာတော့ အရိုးလို့ ပြထားတယ်။ သည်တော့ အရိုးနှင့် စပ်လျဉ်းပြီး ဒဏ်ရာရမယ်၊ ရောဂါရမယ် စသဖြင့် ဟောရမယ်။ နောက်တစ်ခါ စိတ်နှင့် ပတ်သက်နေတယ်။ စိတ်ပူပန်ဆင်းရဲရမယ်။

အဆုင်းပရိယာယ်မှာကျတော့ တနင်္ဂနွေက အနီရောင်ကို ပြတယ်။ နီတဲ့ အဆင်းရှိတဲ့ အရာကြောင့် ဘေးတွေ့မယ်ဟော။ ရသာစိုးမိုးတာကို ကြည့်တော့ အစပ်ကိုတွေ့မယ်။ စပ်တဲ့အရသာနှင့် မသင့်ဘူးလို့ဟော။

အရပ်ပရိယာယ်ကျတော့ အရှေ့အရပ်ကို ပြနေတယ်။ အညံ့ဆိုတော့ မသွားဖို့ တားရမယ်။ သည်တော့ အရှေ့အရပ်ကို ရှောင်ဖို့ ဟောရမယ်။ သွားယင် ဘေးဖြစ်မယ်။

ကျန် ဂြိုဟ်ပရိယာယ်တွေကိုလဲ ဖော်ပြတဲ့နည်းအတိုင်း ချင့်ချိန်ပြီးဟောပါ။

မဟာဘုတ်၊ ဂြိုဟ်စား၊ သက်ရောက်နှင့် ဟောရာမှာ ဆင်ခြင် တိုင်းဆ ပြီးဟောမှ မှန်နိုင်မယ်။ ဂြိုဟ်ပရိယာယ်ကို ကျယ်ကျယ်ပျံ့ပျံ့ သိထားဖို့လိုတယ်။

မူလ မဟာဘုတ်မှာ ဗုဒ္ဓဟူးအထွန်းဆိုပါတော့။ ဒါပေမယ့် သက်ရောက်မှာ ရာဟုသက်ရောက် ဖြစ်နေတယ် ဆိုပါတော့။ သက်ရောက်ချည်းကြည့်ပြီး အညံ့ကို မိဟောလို့ မဖြစ်ဘူး။ မဟာဘုတ် အထွန်းကြောင့် ရာဟုသက်ရောက်ရဲ့ ဆိုးဒဏ်ဟာ ထက်ဝက်လောက် ပျက်ပြယ်နေပြီ။

သည်လိုပဲ သက်ရောက်ကတော့ ညံ့တယ်။ ဂြိုဟ်စားက ကောင်းနေရင် ညှိဟော။

www.burmeseclassic.com

www.burmeseclassic.com



## မဟာဘုတ် ဗေဒင်ဟောကိန်းအမျိုးမျိုး

မူလ ဖွားသက္ကရာဇ် ခုနှစ်ကို တည်ထားပြီး ၇ခုနှင့် စားရမယ်။ အကြွင်းအလိုက် အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ ဆိုပြီး ဘင်္ဂအိမ်ကစ၍ ချရမယ်။

ဥပမာ- ၁၂၈၂ ခုနှစ်ဖွားကို တွက်မယ်ဆိုယင် ထို၁၂၈၂-ကို ၇နှစ် စားလိုက်လျှင် ၁-ခုကြွင်းတယ်။ ဒါကြောင့် အောက်ပါပုံစံခွက်အတိုင်း အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ ဟုဆိုပြီး ချရမယ်။ ၂-ခုကြွင်းယင် ကြီး ကစ၍ ချရမယ်။ ၃-ခုကြွင်းရင် စစ်-ကစ၍ ချရမယ်။ ၄-ခုကြွင်းရင် လံကစ၍ ချရမယ်။ ၅-ခုကြွင်းရင် ပွဲကစ၍ ချရမယ်။ ၆ခုကြွင်းရင် သူကစ၍ ချရမည်။ သုညကြွင်းရင် ထူ က စ၍ ချရမယ်။

မိမိမွေးနံ ဘယ်အကွက်မှာ ရှိတယ်ဆိုတာကို ကြည့်ရှုပါ။

အတိုနည်းနှင့် တွက်ရင် ၁၂၉၉-ခုအထိ ထောင်ပယ်။ ရာပယ် ၃-ပေါင်းပြီး ၇-နှင့်စား။ ၁၃၀၀-ပြည့်စပြီး ထောင်ပယ်ရာပယ် ၅-ပေါင်းပြီး ၇-နှင့်စား။ လွယ်တယ်။

ဥပမာ- ၁ခုကြွင်းပုံစံ၌ တနင်္ဂနွေသားဖြစ်ရင် ဘင်္ဂဖွား၊ ဗုဒ္ဓဟူးသား ဖြစ်ယင် မရဏဖွားလို့ မှတ်ယူရမယ်။

"ပုတိ၊ ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ" တို့ကို အရကျက်မှတ်ထားပါ။

အောင်-လံ-ထူ-စစ်-သူ-ကြီး-ပွဲ။ ၁-ခုကြွင်းကို ချပုံ။

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၅ | |
| ၀ | ၇ | ၆ |
| ၄ | ၁ | ၂ |

| | | |
|---|---|---|
| | ပွဲ | |
| ထူ | စစ် | သူ |
| လံ | အောင် | ကြီး |

ကြီး-ပွဲ-အောင်-လံ-ထူ-စစ်-သူ။ ၂-ခုကြွင်းကိုချပုံ။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၇ |

စစ်သူကြီး- ပွဲ- အောင်- လံ- ထူ။ ၃ခုကြွင်းကိုချပုံ။

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၇ | ၄ |

www.burmeseclassic.com

www.burmeseclassic.com



လံ- ထူ- စစ်- သူ- ကြီး- ပွဲ- အောင်။ ၄-ခု ကြွင်းကိုချပုံ။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

ပွဲ- အောင်- လံ- ထူ- စစ်- သူ- ကြီး။ ၅-ခုကြွင်းကိုချပုံ။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

သူ- ကြီး- ပွဲ- အောင်- လံ- ထူ- စစ်။ ၆-ခုကြွင်းကို ချပုံ။

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

www.burmeseclassic.com

www.burmeseclassic.com



ထူ- စစ်- သူ- ကြီး- ပွဲ- အောင်-ာ လံ။ ၇-ခုကြွင်းကို ချုံ။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

## မူလမဟာဘုတ်ဟောကိန်း

ပုတိ-အပုတ်ရတနာ။ ဘင်္ဂ-ပျက်စီးခြင်း။ မရဏ-သေဆုံးခြင်း။ ဒီသုံးပါးက မဟာဘုတ် အောက်တန်းဇာတာတွေ ဖြစ်တယ်။ ဇာတာသုံးပါးမှာ ဖွားမြင်သူများဟာ ဆင်းဆင်းရဲရဲ လုပ်ကိုင်ရှာဖွေ အသက်ရှင်ရတယ်။ ထို့ကြောင့် ဆင်းရဲဇာတာဟု ခေါ်တယ်။

သိုက်-ရွှေ၊ ငွေ၊ တိုက်၊ အိမ်။ ရာဇ -မင်းစိုးထင်ရှားခြင်း။ အဓိပတိ-ကြီးကဲစိုးမိုးခြင်း။ အထွန်း-ထွန်းကားကြီးပွားခြင်း။ အဲဒီဇာတာ လေးပါးကတော့ အရွယ်သုံးပါးလုံးတို့မှာ ချမ်းသာအေးမြစွာ နေထိုင်ရတတ်တယ်။ ဒါကြောင့် လူချမ်းသာ ဇာတာများလို့ ခေါ်ကြတယ်။

## အထွန်းပွားဟောကိန်း

ကျော်ဇောထင်ရှားမယ်။ ဂုဏ်ထူးသတင်းကြီးပြီး သူတစ်ပါးရဲ့ အရိုအသေပေးခြင်းကို ခံရတတ်တယ်။ စိတ်နေစိတ်ထား အကြံအစည်မြင့်မြတ်တတ်ပြီး စိတ်ကူးဉာဏ် ထက်မြက်စူးရှတတ်တယ်။ ဉာဏ်ပညာထွန်းကားပွားများတတ်ပြီး သတ္တိဗျတ္တိ ကောင်းတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## သိုက်ဖွား ဟောကိန်း

အကြံအစည်ကြီးတတ်ပြီး မင်းပိုင်းစိုးပိုင်းမှာ အကြီးအကဲ၊ ရဟန်းဘုန်းကြီး ပညာရှင်ဖြစ်တတ်တယ်။ ရွှေ- ငွေ- ဥစ္စာ- ရတနာ ကြွယ်ဝပြည့်စုံတတ်တယ်။ သူတစ်ပါးကို ကြင်နာတတ်တယ်။ သဒ္ဒါ စေတနာ တရားတို့နှင့် ပြည့်စုံတတ်တယ်။ အလှူအတန်း ဝါသနာပါတတ်တယ်။ ရှေ့ရေး နောက်ရေး တွေးခေါ်တတ်ပြီး ဉာဏ်ပညာတို့နှင့် ပြည့်စုံ တတ်တယ်။

## ရာဇဖွား ဟောကိန်း

စိတ်ကူးဉာဏ်ထက်မြက်ပြီး ဖြောင့်စင်းသော စိတ်ဓာတ်ရှိမယ်။ မင်းပိုင်းစိုးပိုင်းမှာ အရေးပါအရာရောက်သူ ထင်ရှားကျော်ဇောသူ ဖြစ်တတ်တယ်။ အနုပညာနဲ့ အသက်မွေးဝမ်းကြောင်း ပြုရတတ်တယ်။

## ပုတီဖွား ဟောကိန်း

ငယ်စဉ်က မကျန်းမမာ မချမ်းမသာ ရောဂါထူထပ်မယ်။ ဒါကြောင့် မိဘနှစ်ပါးကို ဒုက္ခပေးခဲ့သူ ဖြစ်မယ်။ ကြီးပြင်းလာတော့လည်း အလည်အပတ် ခရီးအသွားအလာများမယ်။ တစ်ရပ်တစ်ပါးသို့ သွားရောက်နေချင်တယ်။ အခြားမြို့ရွာမှာ အိမ်ထောင်ကျတတ်တယ်။ ကျော်ဇောတဲ့ ဂုဏ်သတင်း နည်းတယ်။

## ဘာဂီဖွား ဟောကိန်း

ငယ်ရွယ်စဉ်အခါမှာ ရောဂါဝေဒနာများပြားပြီး ချူချာမယ်။ စိုးရိမ်ပူဆွေးလွယ်မယ်။ စိတ်ပျက်လွယ်မယ်။ ကြောက်တတ် လန့်တတ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဥစ္စာ ပျက်စီးလွယ်မယ်။ အပျက်အစီး ဒုက္ခများနှင့်သာ တွေ့ကြုံနေရတတ်မယ်။

## မရဏဖွား ဟောကိန်း

ကြောက်ရွံ့ ထိတ်လန့်တတ်မယ်။ ငယ်ရွယ်စဉ်က ကြောက်မက်ဖွယ် ဘေးရန်များနှင့် တွေ့ကြုံရမယ်။ ရောဂါအန္တရာယ်တစ်ခုခုနှင့် သေဆုံးလွယ် ပြီး မသမဲ ကြီးပြင်းလျှင် ဘုန်းကြီး သို့မဟုတ် အကြီးအကဲ အရာရှိကြီးများ ဖြစ်နိုင်တယ်။ ချမ်းသာကြွယ်ဝပြီး ပစ္စည်းဥစ္စာနှင့် ပြည့်စုံ တတ်တယ်။

## အဓိပတိဖွားဟောကိန်း

ဂုဏ်သတင်း ကျော်ဇောတတ်တယ်။ ကြောက်လန့်မရှိ ရဲရင့်စွန့်စားပြီး ကြီးကဲအောင်မြင်တတ်တယ်။ အဟောအပြောကောင်းသောသူ၊ ဘုန်းကြီး ဖြစ်တတ်တယ်။

## သက်ရောက် တွက်နည်း

ဗေဒင်လာမေးသူရဲ့ ရောက်သက်ကို တည်ကိန်းပြုရမယ်။ ဂြိုဟ်-၈-လုံးနှင့် စားရမည်။ အကြွင်းကို ဗေဒင်မေးသူရဲ့ မွေးနံဂြိုဟ်တည်ရာ အရပ်ကစပြီး လက်ျာရစ်ပတ်ပြီး ရေးပါ၊ ကျရောက်ရာ ဂြိုဟ်ခွင်ကိုကြည့်ပြီး ဟောရမယ်။

ဥပမာ - အသက် ၂၅-နှစ်ရှိ တနင်္ဂနွေသားကို တွက်လိုတယ် ဆိုတော့၊ အသက် ၂၅ - နှစ်ကို တည်ကိန်းထား၊ ဂြိုဟ်-၈ လုံးနှင့် စားယင် ၁-ခု

www.burmeseclassic.com

www.burmeseclassic.com



ကြွင်းရမယ်။ ၁-ခုကြွင်းလို့ ဗေဒင်မေးသူဟာ တနင်္ဂနွေဂြိုဟ်မှာ သက်ရောက်တယ်။ ၂-ခုကြွင်းရင် တနင်းလာ သက်ရောက်မယ်။ ၃-ခု ကြွင်းရင် အင်္ဂါမှာ သက်ရောက်မယ်။ ၄-ခုကြွင်းရင် ဗုဒ္ဓဟူးမှာ သက် ရောက်မယ်။ ၅-ခုကြွင်းရင် စနေမှာ သက်ရောက်မယ်။ ၆-ခုကြွင်းရင် ရာဟုမှာ သက်ရောက်မယ်။ ၇ -ခုကြွင်းရင် သောကြာမှာ သက်ရောက်မယ်။

ဂြိုဟ်တွေ ဂြိုဟ်ခွင်မှာ အစဉ်အတိုင်းနေတာကို အရမှတ်ထားရမယ်။ လက်ာကို ကျက်ထားပါ။

အိပ်၊ ခနဲ့၊ စက်၊ ဝင်၊ နက်၊ မှင်၊ ရိပ်၊ သန်း

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

ဂြိုဟ်များ တည်ပုံကို အက္ခရာဖြင့် ပြပုံ

| | | |
|---|---|---|
| တနင်္ဂနွေ ၁ | တနင်္လာ ၂ | အင်္ဂါ ၃ |
| သောကြာ ၆ | | ဗုဒ္ဓဟူး ၄ |
| ရာဟု ၈ | ကြာသပတေး ၅ | စနေ ၀ |

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေသက်ရောက်ဟောကိန်း

တနင်္ဂနွေ သက်ရောက်ရင် အရှေ့မြောက်ထောင့်အရပ်သို့ အသွား အလာ ရှောင်ရမယ်။ မရှောင်ရင် ဘေးရန်ရောဂါရတတ်တယ်။ လူဆိုး သူခိုးများနှင့် ရန်ဖြစ်တတ်တယ်။ ကလေးသူငယ်များဖြစ်ရင် နာသော် သေလုနီးမျှ ဖြစ်ရတတ်တယ်။ သားသမီး ဆွေမျိုး ပေါက်ဖော် သားချင်း များကြောင့် စိတ်ဆင်းရဲ ကိုယ်ဝန်းဖြစ်ရတတ်တယ်။

သက်ရောက်ဖြစ်တဲ့ အရှေ့အရပ်ကို ခရီးဝေးမသွားပဲ ရှောင်သင့် တယ်။ ခရီးသွားမိရင် အစွပ်အစွဲ၊ အပြောအဆို ခံရတတ်တယ်။ ကိုယ့် အိမ်ပေါ်ကို အမှုအခင်း၊ သောကရောက်လာတတ်တယ်။ နေအိမ်ပြောင်း ရွှေ့ရကိန်းနှင့် ကြုံရတတ်တယ်။

တန်ခူးလ၊ ကဆုန်၊ ပြာသိုလ သုံးလအတွင်းမှာ အမှုအခင်းအရှုပ် အထွေး တွေ့ရတတ်တယ်။ ခိုးကိန်း၊ မီးကိန်းနှင့် ကြုံဆုံရပြီး ချစ်သူခင်သူ အထင်လွဲခြင်းကို ခံရတတ်တယ်။

ဘုရားရှင်ထံ အာရုံပြုပြီး ရေစဥ်ရေကောင်း၊ ပန်း၊ ဆီ၊ မီး အမွှေးအ ကြိုင်များကို တနင်္ဂနွေထောင့်မှ လှူဒါန်းပေးရမယ်။ မကောင်းကျိုးဟူသမျှ ပျောက်ကင်းပါလိမ့်မယ်။

## တနင်္လာသက်ရောက် ဟောကိန်း

တနင်္လာ သက်ရောက်ရင် ရွှေ၊ ငွေ၊ ဥစ္စာ၊ ဆန်စပါး၊ အထည် အလိပ်များ ရမယ်။ အဖြူရောင်ရှိတဲ့ ငွေအထည်ရတနာများရမယ်။ အပျို လူပျိုများဖြစ်ရင် ချစ်သူရည်းစားတွေ့ရမယ်။ အိမ်ထောင်တောင် ကျကိန်း ရှိတယ်။

အခြေနှစ်ချောင်း၊ အခြေလေးချောင်း၊ မြင်း၊ ကျွဲ၊ နွား၊ လူ၊ အခြေ အရံများ ဝင်လာတတ်တယ်။ ကုန်ရောင်းကုန်ဝယ်ပြုရင် အမြတ်အစွန်း

www.burmeseclassic.com

www.burmeseclassic.com



များရမယ်။ တရားတပေါင်ဖြစ်ရရင် ကေနနိုင်မယ်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ဖို့ ရှိတယ်။

တနင်္လာဂြိုဟ် သက်ရောက်တဲ့ ဇာတာရှင်များဟာ ကဆုန်လ၊ ဝါခေါင်လ၊ တန်ဆောင်မုန်းလ ရောက်တဲ့အခါ အရှေ့အရပ်နှင့် အနောက် အရပ်များမှ စုတ်ကောင်းလာဘ်ကောင်းများ ကေန ဝင်ရောက်လာရန်ရှိ တယ်။

## အင်္ဂါသက်ရောက် မဟာကိန်း

ဩဇာအာဏာပျက်စီးခြင်း၊ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ ဖျား နာကင်ငြိခံစားရခြင်း၊ ဆီးရောဂါ၊ မျက်စိရောဂါများ ကပ်ငြိခြင်းဖြစ်တတ် တယ်။ အစပ်စာ ရှောင်ရမယ်။

အရှေ့တောင်ထောင့်က ဖြစ်ဖြစ်၊ အနောက်မြောက်ထောင့်က ဖြစ် ဖြစ် လူမိုက်လူတေများနှင့် စကားများရတတ်တယ်။ လူပိုလူလျှံ လက်မခံ သင့် သတိထားရ။

စစ်တိုက်သွားရင် ရှုံးတတ်မယ်။ အရောင်းအဝယ် လုပ်ရင် ကုန်ရှုံး ကြွေးတင် တတ်တယ်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ဝယ်ရင် အ ကောင်းမရပဲ အလိမ်ခံရတတ်တယ်။ ဆီးရောဂါ ဖြစ်တတ်တယ်။ ဖျားနာ တတ်တယ်။ အစပ်စာခိုက်လို့ သတိပြုပြီး ရှောင်ရမယ်။

လက်စွပ်၊ စိန်၊ နားဆွဲ၊ စောင် အင်္ဂါနံပစ္စည်း ဥစ္စာများ ကေနပျောက် ကိန်း ထွက်ကိန်းရှိတယ်။ အရှေ့တောင်ထောင့်က လူဝင်လူထွက်များကို သတိပြုပြီး ရှောင်ရမယ်။ ဝင်လာရင် အိမ်တွင်းရေး ရှုပ်ထွေးကိန်းရှိတယ်။

အင်္ဂါ သက်ရောက်ခိုက်တုန်း ကဆုန်လ၊ ဝါခေါင်လ၊ တပေါင်းလ များမှာ ခရီးသွားရှောင်ရမယ်။ မိန်းမမူ၊ ခိုးမှု၊ လင်ကွာ၊ မယားကွာ၊ ရည်း စားကွဲဖြစ်ပြီး ရန်ပွဲကြီးဖြစ်တတ်တယ်။ မား၊ တုတ်ဒဏ်ရာရကိန်းရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



စောခိပင်ကို ဆွမ်း, ပန်း, ရေစင် ကပ်လှူရပါမယ်။ အကုသိုလ် ဟူသမျှ ကေန် ပျောက်ကင်းပြီး ဒါနအကျိုး ခံစားရမယ်။

## ဗုဒ္ဓဟူးသက်ရောက် ဟောကိန်း

ဗုဒ္ဓဟူးသက်ရောက်ရင် ရွှေ, ငွေ, ဥစ္စာစီးပွား အဝတ်အစား တိုးပွားမယ်။ အရပ်လေးမျက်နှာ စုတ်ကောင်း လာဘ်ကောင်းများ ဝင်မယ်။

တောင်ဘက်ရောက်ရာ ရွှေ, ငွေ, အဝတ် လူကောင်းအပေါင်းအသင်းများ လာရောက်ကူညီမစမယ်။ ရဟန်းတော်များ ဖြစ်ရင် အလှူကြီး ကျောင်းကြီး ပစ္စည်းလေးပါးများ ဒါယကာများ ရတတ်တယ်။ အပျို,လူပျို တို့ချစ်သူရည်းစားများနှင့် တွေ့မယ်။ ကြင်ဖော်ကြင်ဖက် ရကိန်းရှိတယ်။ လင်ကွဲမယားကွဲ ရည်းစား ကွဲရင် ပြန်ပေါင်းရကိန်းမြင်တယ်။

တပို့တွဲလ၊ ပြာသိုလအတွင်း အပြစ်တင်ခံရတာမျိုး မနာလို ဝန်တိုခံရတာမျိုး စီးပွားရေးကြောင့် ဖြစ်ပေါ်လာတတ်တယ်။ ဝမ်းနာလေနာ ဖြစ်တတ်တယ်။

## စနေသက်ရောက် ဟောကိန်း

စနေသက်ရောက်ရင် စီးပွားဥစ္စာ ပျက်ပြုးတတ်တယ်။ ခိုးကိန်းမီးကိန်းနှင့် တွေ့ရတတ်တယ်။ အဝတ်ကောင်းအထည်ကောင်း ပျောက်ဆုံးခြင်း၊ လူလိမ်ခံရခြင်းနှင့် ကြုံရတတ်တယ်။ အစွပ်အစွဲ အနှောက်အယှက် ခံရကိန်းရှိတယ်။ နီရဲတဲ့ပစ္စည်း နက်တဲ့ဥစ္စာဝင်ရင် လက်မခံသင့်။ ရန်နှင့်တွေ့မယ်။ ဘေးအန္တရာယ်များနှင့် တွေ့မယ်။

အနောက်တောင်ထောင့်အရပ်နှင့် အရှေ့မြောက်ထောင့်အရပ်များကိုညအချိန်မှာ အလည်မသွားကောင်းဘူး။ သွားရင် ရန်သူနှင့် တွေ့

www.burmeseclassic.com



မယ်။ အဆိပ်ရှိတဲ့ သတ္တဝါများကိုက်ပြီး သွေးထွက်သံယို ဖြစ်ရကိန်းရှိတယ်။

စနေသက်ရောက်တဲ့နှစ်မှာ ကဆုန်လ၊ ဝါခေါင်လနှစ်လအတွင်းမှာ မိန်းမမှု၊ ရာဇဝတ်မှု၊ ဖျားနာရေး၊ ခိုကိုးရန်ဒေါသဖြစ်တတ်တယ်။ ခြေလက်မှာ အနာရတတ်တယ်။

## ကြာသပတေးသက်ရောက် ဟောကိန်း

ကြာသပတေး သက်ရောက်ရင် သွားလေရာ စန်းပွင့်ပြီး အရှေ့ဘက်နှင့် အနောက်အရပ်များမှ အမွေဟောင်း၊ ကြွေးဟောင်း၊ ရွှေ၊ ငွေ၊ ဥစ္စာ၊ ရတနာများ၊ စုတ်ကောင်း လာဘ်ကောင်းများ ဝင်မယ်။ ဆန်စပါး လယ်ယာဥယျာဉ် ခြံမြေများ ရတတ်တယ်။

ကြာသပတေး သက်ရောက်ရင် တပေါင်းလ၊ ကဆုန်လ သည်နှစ်လမှာ နေ့ရောညပါ စုတ်ကြီးလာဘ်ကြီး၊ မိန်းမချော လှကညာများ ရကိန်းရှိတယ်။ စနေထောင့်မှ မိန်းမများနှင့် သတိထား၍ ဆက်ဆံရမည်။ ရည်းစားဟောင်း၊ လင်ဟောင်း၊ မယားဟောင်းရှိတဲ့ယောကျ်ားများ၊ မိန်းမများဖြစ်က စိတ်နောက်ကိုယ်ပါ မလိုက်စားပဲ စိတ်တည် တည်နေသင့်တယ်။

ကြာသပတေးနေ့မှာ အနောက်ဘက်မှ သပြေပန်းကို ညနေဘက်တွင် လှူပါ။ နံနက်၌ ဆွမ်း၊ ရေစင်၊ ရေကောင်းပါလှူပြီး လိုရာကို ဆုတောင်းပါ။ ကောင်းကျိုးစီးပွားများ ခံစားရမယ်။

## ရာဟုသက်ရောက်ဟောကိန်း

ရာဟုသက်ရောက်ရင် အစွပ်အစွဲခံရတတ်တယ်။ ကိုယ်ပိုင်အိုးအိမ် ဥစ္စာများ မီးလောင်ခြင်း၊ ခိုးယူခံရခြင်း၊ ပျောက်ရှခြင်း ဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်မြောက်ထောင့် အရပ်က လူများနှင့် တရားတပေါင် ဖြစ်ရတတ်တယ်။ လာဘ်, ရွှေ, ငွေ ဥစ္စာများ အဝင်မရှိ။ ခေါင်းပါးတတ်တယ်။ သေလုနီးပါး ရောဂါများ ဖြစ်တတ်တယ်။

အနောက်မြောက်ထောင့်နှင့် အရှေ့တောင်ထောင့်အရပ်များသို့ ဝေးဝေးခရီး မသွားကောင်း၊ ရှောင်ရမယ်။ သွားရင် ဘေးရန်တွေ့မယ်။ အဖျား အနာကြီး ဖြစ်တတ်တယ်။

ရာဟုဂြိုဟ်ဟာ အဝင်ကအထွက်ရောက်အောင် မကောင်းကျိုးဟူသရွေ့ကို ပေးတတ်လို့ တရားမှုခင်းများ၊ လင်ကွဲ၊ မယားကွဲ၊ ရည်းစားကွဲ၊ သားကွဲ၊ သမီးပျောက်၊ ဥစ္စာပျောက် ဘေးအမျိုးမျိုးနှင့် တွေ့ရအောင် ရာဟုဂြိုဟ်က မွှေတတ်တယ်။

ဗုဒ္ဓဟူးနေ့ ညဘက်မှာ အနောက်မြောက်ကနေပြီး စေတီ ဘုရား ဗောဓိညောင်ပင်မှာ ရေစင်ကောင်း၊ ယပ်၊ ကိုယ်တိုင်လှူပြီး မကောင်းကျိုး ဟူသမျှ ပပျောက်ဖို့ ဆုတောင်းပါ။

## သောကြာသက်ရောက်မဟာကိန်း

သောကြာသက်ရောက်ရင် မြောက်အရပ်၊ တောင်အရပ်များမှ ဥယျာဥ်လယ်မြေ ဆန်ရေစပါး၊ ယာဥ်၊ ရထား၊ ကျွဲနွား ဥစ္စာစီးပွားတိုးတက်တယ်။ အရောင်းအဝယ် အကြံအစည် ဟူသမျှ အောင်မြင်ကြီးပွါးမယ်။ သွေး၊ လေ၊ ဆီးချုပ်သောကြောင့် ဖျားနာတတ်တယ်။

သောကြာသက်ရောက် အခါမှာ တပေါင်းလ နွေရာသီ အချိန်မှာ မြောက်အရပ်နှင့် တောင်အရပ်များမှ ပိုကြညာများနှင့် ရည်းစား ဖြစ်ကိန်းမြင်တယ်။ ရဟန်းမြတ် ဖြစ်ပါရင် ကျောင်း၊ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ အထောက်အပံ့ကောင်းများ ရကိန်းရှိတယ်။

သောကြာနေ့နံနက် မြောက်အရပ်ကနေ သစ်သီး၊ ဆွမ်း ကိုယ်တိုင် လှူပြီး လိုရာဆုတောင်းလေ။

www.burmeseclassic.com

www.burmeseclassic.com



အထက်မှာ ဂြိုဟ်သက်တွေကို ဂဏန်းနှင့် ပြထားတယ်။ ၆၊ ၁၅၊ ၈၊ ၁၇၊ ၁၀၊ ၁၉၊ ၁၂၊ ၂၁- တို့ဟာ ဂြိုဟ်သက်တွေ ဖြစ်တယ်။

ဧသန်၊ ပုရိတ္တမ၊ အဂ္ဂိ၊ ဒက္ခိဏ၊ နရတိ၊ ပစ္ဆိမ၊ ပါယပ်၊ ဥတ္တရ အခေါ် တို့က ဂြိုဟ်နေရာ အရပ်များ ဖြစ်တယ်။

ဒါကြောင့် တနင်္ဂနွေ-ဧသန်၊ တနင်္လာ-ပုရိတ္တိမ၊ အင်္ဂါ-အဂ္ဂိ၊ ဗုဒ္ဓဟူး-ဒက္ခိဏ၊ စနေ-နရတိ၊ ကြာသပတေး-ပစ္ဆိမ၊ ရာဟု-ပါယပ်၊ သောကြာ-ဥတ္တရ ဟူသော ဂြိုဟ်ပရိယာယ်များကို ကျက်မှတ်ထားရမယ်။

## ဂြိုဟ်စဉ်နှင့်ဂြိုဟ်သက်

| | | |
|---|---|---|
| ၆<br>ဧသန်<br>တနင်္ဂနွေ | ၁၅<br>ပုရိတ္တိမ<br>တနင်္လာ | ၈<br>အဂ္ဂိ<br>အင်္ဂါ |
| ဥတ္တရ<br>သောကြာ<br>၂၁ | | ၁၇<br>ဒက္ခိဏ<br>ဗုဒ္ဓဟူး |
| ပါယပ်<br>ရာဟု<br>၁၂ | ပစ္ဆိမ<br>ကြာသပတေး<br>၁၉ | နရတိ<br>စနေ<br>၁၀ |

## ဂြိုဟ်စားတွက်နည်း

ဗေဒင်မေးလာသူရဲ့ အသက်ကို တည်ကိန်းထားပြီး နေ့နံဂြိုဟ်ကစ ဂြိုဟ်သက် အစဉ်အတိုင်း လက်ချရစ်လှည့်၍ သွားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



မနှုတ်လောက်ရာ ဂြိုဟ်အိမ်မှာ ဂြိုဟ်စားတယ်လို့ မှတ်ရမယ်။

ဗုဒ္ဓဟူး သားသမီးများကတော့ နံနက်ပိုင်း မွေးဖွားသူတွေ ဖြစ်တယ်။ ဗုဒ္ဓဟူးနေ့ ၁၂-နာရီကစ၍ မွန်းလွဲချိန် မွေးဖွားရင် ရာဟု သားသမီးများ ဖြစ်ကြလို့ ရာဟု ဂြိုဟ်အိမ်ကစပြီး နှုတ်ရမယ်။

ဥပမာ - အသက် ၂၅ -နှစ်ရှိတဲ့ တနင်္ဂနွေ သားသမီးတစ်ဦးရဲ့ ဂြိုဟ်စားတွက်လိုရင် အသက်၂၅-နှစ်ကို တည်ကိန်းထားပြီး သူရဲ့ မွေးနံ ဂြိုဟ်ဖြစ်တဲ့ တနင်္ဂနွေဂြိုဟ်သက် ၆-နှစ်ကို နှုတ်ရမယ်။ ၁၉ -နှစ်ကြွင်းတယ်။ ၁၉ -နှစ်ထဲမှ တနင်္လာဂြိုဟ်သက် ၁၅ -နှစ်ကို နှုတ်ရင် ၄ -နှစ် ကြွင်းမယ်။ ၄ -နှစ်ထဲမှာ အင်္ဂါဂြိုဟ်သက် ၈ -နှစ်နှုတ်ရင် မနှုတ် လောက်တော့ဘူး။ ဒီတော့ကာ အင်္ဂါဂြိုဟ်မှာပဲ ဂြိုဟ်စားတယ်လို့ မှတ်ပါ။

အထက်မှာ ပြဆိုရှင်းလင်းခဲ့တာကို သဘောပေါက်အောင် ကြည့်ပြီး အခြားနေ့သားသမီးနှင့် ပတ်သက်လို့ တွက်ချက်တတ်အောင် လေ့ကျင့်ပါ။

တနင်္ဂနွေသားဟာ မွေးနေ့က စပြီး ၆ -နှစ်သားအထိ တနင်္ဂနွေဂြိုဟ် စားတယ်။၇-နှစ်သားကစပြီး ၂၁-နှစ်သားအထိ တနင်္လာ ဂြိုဟ်စားတယ်။ ၂၂ -နှစ်ကစပြီး ၂၆ -နှစ်အထိ အင်္ဂါဂြိုဟ်စားတယ်။ ၃၀ -ကစပြီး ၄၆ -နှစ်အထိ ဗုဒ္ဓဟူးဂြိုဟ်စားတယ်။ ၄၇ -နှစ်ကစပြီး ၅၆ -နှစ်အထိ စနေဂြိုဟ်စားတယ်။ ၅၇ -နှစ်ကစပြီး ၇၅ -နှစ်အထိ ကြာသပတေး ဂြိုဟ်စားတယ်။ ၇၆ -နှစ်က စပြီး ၈၇ -နှစ်အထိ ရာဟုဂြိုဟ်စားတယ်။ ၈၈ -နှစ်ကစပြီး ၁၀၈ -နှစ်အထိ သောကြာဂြိုဟ်စားတယ်။

တနင်္လာ၊ အင်္ဂါအစရှိတဲ့ အခြားအခြားသော နေ့သားတို့ကိုလည်း အထက်က တနင်္ဂနွေသားသမီးများတွက်ပုံကို ကြည့်ပြီး တွက်ချက်ဟော ပြောရန် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေဂြိုဟ်စား ဟောကိန်း

တနင်္ဂနွေဂြိုဟ်စားတဲ့အခါ ရွှေ၊ ငွေ၊ ဥစ္စာ၊ အိမ်တွင်းရှိပစ္စည်းများ ကုန်ဆုံးခြင်း၊ အနာရောဂါ ဖြစ်ပွားတတ်ခြင်း၊ ခိုက်ရန်ဒေါသ အငြင်းအခုံ ဖြစ်ရခြင်း၊ ကိုယ့်ထက်ကြီးသော ဆရာမိဘနှင့် သဘောကွဲ အထင်အမြင်လွဲ ခံရတတ်ခြင်း၊ ကိုယ့်အောက်လူများ တော်လှန်၊ အာခံတတ်ခြင်း၊ အိမ်တွင်းဆူဆူညံညံ ရှိခြင်း၊ ခိုးကိန်း၊ မီးကိန်းဖြစ်ခြင်းတို့ ဖြစ်နိုင်တယ်။ အရှေ့မြောက်က လူဝင်လူထွက်ကို လက်မခံနှင့်။ အိမ်တွင်းရေး ရှုပ်ထွေးစေမယ်။ ခိုးယူ ဖျက်ဆီးကိန်းနှင့် ကြုံရတတ်တယ်။ အရှေ့မြောက်အရပ်ကို ခရီးသွားရှောင်ပါ။ ဘေးရန်တစ်ခုခုနှင့် ကြုံတွေ့ဖွယ်ရှိတယ်။

တနင်္ဂနွေနေ့မှာ ဖြစ်ဖြစ်၊ တနင်္ဂနွေထောင့်မှာ ဖြစ်ဖြစ် အုန်းဆွမ်း၊ အုန်းပန်း၊ အုန်းလက် တို့ကို ကိုယ်တိုင်သွားပြီး လှူဒါန်းပါ။ လိုရာဆုမွန်ကို တောင်းပါ။

## တနင်္လာဂြိုဟ်စား ဟောကိန်း

တနင်္လာဂြိုဟ်စားရင် အရှေ့ဘက်က ဝမ်းသာအားရစရာ၊ ရွှေ၊ ငွေ၊ ဥစ္စာ၊ စီးပွား၊ အထည်ကောင်း အဝတ်ကောင်းများ လွယ်လွယ်ကူကူနှင့် ဝင်ကိန်း ရကိန်းမြင်တယ်။ အရှေ့ရပ်က ချစ်သူခင်သူများ လာရောက်မစကူညီလို့ အကြံအစည် အောင်မြင်ရန်ရှိတယ်။

အပျိုလူပျိုများ အိမ်ထောင်ကျကိန်း၊ ချစ်သူခင်သူများ ရကိန်းရှိတယ်။ မိတ်ကောင်းဆွေကောင်းများ ဝင်ရောက် မစမယ်။ အရှေ့အရပ်နှင့် အနောက်အရပ်များသို့ သွားရောက် စီးပွားရှာဖွေ လုပ်ကိုင်ပါက အကြံအစည်အောင်မယ်။ ရွှေ၊ ငွေ၊ အထည်ကောင်းများ၊ ကြင်ဖော်ကြင်ဖက် တွေ့ရန်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့မှာဖြစ်ဖြစ်၊ တနင်္လာထောင့်မှာ ဖြစ်ဖြစ် ကံ့ကော်၊ ကြာပန်း၊ ကြာပန်းခိုင်၊ ငွေကြေးကို ဘုရားစေတီမှာ ဖြစ်စေ၊ အိမ်ဦးပဲဖြစ်စေ ကိုယ်တိုင် လှူဒါန်းပြီး ဆုမွန်ကောင်းတောင်းပါ။

## အင်္ဂါဂြိုဟ်စား ယောကိန်း

အင်္ဂါဂြိုဟ်စားတဲ့အခါမှာ ချစ်သူမယား၊ ကြင်ဖက်ရည်းစားများနှင့် သေကွဲ ရှင်ကွဲဖြစ်တတ်ပြီး အနှောင်အဖွဲ့၊ အမှုအခင်း၊ အငြင်းအခုန် ဖြစ်ရဖန်များပြီး အိမ်သူမယား ဆွေမျိုးသားချင်းများနှင့် သဘောကွဲလွဲအောင် ကုန်းတိုက်မယ့်သူ ဖြစ်နိုင်တဲ့ အိမ်ထောင်ပျက်မိန်းမ၊ ယောကျ်ားများလာရင် လက်မခံပါနှင့်။

အရှေ့တောင်ထောင့် အရပ်သို့ ညအိပ်နေဝင် မြစ်ကူးချောင်းခြား ခရီးဝေး မသွားပါနှင့်။ သွားလျှင် ဘေးကြောင့်ရန်တွေ့ပြီး သွေးထွက်သံယိုဖြစ်ကိန်းရှိတယ်။

## ဗုဒ္ဓဟူးဂြိုဟ်စား ယောကိန်း

ဗုဒ္ဓဟူးဂြိုဟ်စားတဲ့အခါ အပျိုကညာ ရည်းစားများ၊ ကြင်ဖော်ကြင်ဖက်များနှင့် ကေန်တွေ့ရကိန်း ရှိတယ်။ ရွှေ၊ ငွေ၊ ဥစ္စာ၊ စီးပွားရေး အကြံအစည် ကောင်းမယ်။ တောင်အရပ်မှ အဖြူရောင်ရှိတဲ့ အဝတ်အထည်နှင့် အခြားပစ္စည်း ဝင်ကိန်း ရှိတယ်။

ဗုဒ္ဓဟူးသားသမီးကပဲဖြစ်ဖြစ်၊ တရုတ်လူမျိုးများကပဲဖြစ်ဖြစ်၊ အကြံအစည် အကူအညီပေးမယ်။ စီးပွားတက်လိမ့်မယ်။

ဗုဒ္ဓဟူးနေ့မှာဖြစ်ဖြစ်၊ ဗုဒ္ဓဟူးထောင့်မှာဖြစ်ဖြစ်၊ ရွှေပြား၊ ဖယောင်းတိုင်၊ ရေစင် ရေကောင်းများကို ဘုရားစေတီတို့မှာ ကိုယ်တိုင်ကပ်လှူပြီး ကောင်းကျိုး ချမ်းသာများ ဝင်ရောက်ရန် ဆုမွန်ကောင်းတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



## စနေဂြိုဟ်စား ယောကိန်း

စနေဂြိုဟ်စားတဲ့အခါ အနောက်တောင်ထောင့်အရပ်က ရန်ညှိုးဖွဲ့သူ မိန်းမ ဗယောက်ျားနှင့် ကြုံတွေ့ရတတ်တယ်။ ဆွေမျိုးညာတိ မိတ်ဆွေများကတောင် အထင်အမြင်သေးခြင်း၊ သဘောကွဲခြင်း၊ ရန်သူလုပ်ခြင်းကြောင့်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရကိန်းရှိတယ်။ နေရာပြောင်းမှသာ ကောင်းဖို့ ရှိတယ်။

ဆွေမတော် မျိုးမစပ်တဲ့ စနေသားသမီးများ၊ အိမ်ထောင်ပျက် မိန်းမ ယောက်ျားများ၊ လင်သေ မုဆိုးမများ ဝင်လာရင် လက်မခံကောင်း၊ အမှုအခင်း ဖြစ်ရတတ်တယ်။

စနေဖျက်ရင် အသက်ပင် ထွက်ရတတ်တယ်။ ဒါနဖက်မှ ဂြိုဟ်ဆိုးများ ပျက်ပြားရှောင်ရှားမယ်။

စနေနေ့မှာ ဖြစ်ဖြစ်၊ စနေထောင့်ကပဲ ဖြစ်ဖြစ် ဘုရားစေတီမှာ ဘိးဖြူ ထီးနီ၊ နာနတ်ပန်း၊ ဒေါနပန်းများကို ကိုယ်တိုင်သွားပြီး လှူဒါန်းပါ။ ဆုမွန်ကောင်း တောင်းယူပါ။

## ကြာသပတေးဂြိုဟ် ယောကိန်း

ကြာသပတေးဂြိုဟ်စားရင် အနောက်အရပ်က ကြာသပတေးသားသမီးများ ချစ်ခင်ကြင်နာပြီး မ,စ ကူညီမယ်။ အနောက်ဘက်နှင့် အရှေ့ဘက်က ကြင်ဖေါ်ကြင်ဖက်၊ ရည်းစား၊ စုတ်ကောင်း၊ လာဘ်ကောင်း ဝင်ကိန်းရှိတယ်။ မိတ်ကောင်း ဆွေကောင်းများ၊ သူတော်ကောင်း ဆရာဘမျိုးများရဲ့ ချီးမြှင့်ထောက်ပံ့လာခြင်းကြောင့် ကြာသပတေးနံ ပိုး၊ ဖဲ၊ ပိတ် စသောပစ္စည်းများ ဝင်ကိန်းရှိတယ်။

အပျိုလူပျိုများဖြစ်ပါက မိမိတို့ကြိုက်တဲ့ ရည်းစားသွားနှင့် ဖူးစာဆုံရကိန်းရှိတယ်။ အိမ်ထောင်ရှင် မိန်းမ ယောက်ျားများ၊ အမွေဟောင်း အကြွေးဟောင်းများ ဝင်ကိန်း၊ ရကိန်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးနေ့မှာ ဖြစ်ဖြစ်၊ ကြာသပတေး အရပ်က ဖြစ်ဖြစ်၊ အောင်သပြေပန်း၊ မေမြို့ပန်း၊ ငှက်ပျောသီးများကို ကိုယ်တိုင်ယူသွားပြီး ဘုရားစေတီများမှာ လှူဒါန်းပူဇော်ပါ။ ဆုမွန်ကောင်း တောင်းပါ။

## ရာဟုဂြိုဟ်စား ဟောကိန်း

ရာဟုဂြိုဟ်စားတဲ့အခါ ကိုယ်မှာယားယံတဲ့ ဝဲနာ၊ ပွေးနာ၊ အဖုအပိမ့်များ စွဲကပ်မယ်။ သေလုနီးပါး လေနာ၊ ရင်နာ၊ ဝမ်းနာ ဖြစ်ရတတ်တယ်။ ရွှေ, ငွေ, ဥစ္စာ စီးပွားရေး ဟူသမျှ ပျက်စီးကုန်ကျကိန်း ရှိတယ်။

အနောက်မြောက် အရပ်များကို ခရီးဝေး မြစ်ကူးချောင်းခြား မသွားကောင်းဘူး။ သွားရင် ဘေးဆိုး၊ ရန်ဆိုး၊ အနာဆိုးများနှင့် တွေ့ရကြုံရကိန်း ရှိတယ်။

ရာဟုဖျက်က စီးပွါးပျက်ကိန်းရှိတယ်လို့ အဆိုရှိတယ်။ ဗုဒ္ဓဟူးနေ့ ညနေဘက်မှာ အနောက်မြောက်အရပ် ဘုရားမှာ ရေစင်၊ ရေကောင်း ယပ်တောင် ကိုယ်တိုင်သွားပြီး လှူဒါန်းပါ။ ဆုမွန်တောင်းပါ။

## သောကြာဂြိုဟ်စား ဟောကိန်း

သောကြာဂြိုဟ်စားတဲ့အခါ မိမိမမြင်ဖူးသေးတဲ့ ကြင်ဖော်ကြင်ဖက်နှင့် တွေ့ရတတ်တယ်။ လူအများက ချစ်ခင်ကြင်နာပြီး ထောက်ပံ့ပေးကမ်းလိမ့်မယ်။ မြောက်အရပ်က အဖြူရောင် ရှိတဲ့အရာ ရွှေ,ငွေ, ဥစ္စာ စုတ်ကောင်း လာဘ်ကောင်းများ ဝင်လာကိန်း ဧကန်ရှိတယ်။ နောက်, နောက်က မတွေ့မကြုံ မရရှိဖူးသေးတဲ့ လာဘ်ကောင်း၊ အထည်အဝတ်ကောင်းများ၊ အခြေအနေများကို ရရှိခံစားရကိန်း ရှိတယ်။

အပျိုလူပျိုများ စန်းပွင့်ပြီး မိမိကြိုက်သူ ရည်းစားများနှင့် ပေါင်းဖော်ရကိန်း ရှိတယ်။ အိမ်ထောင်ရှင်တို့ အိမ်တစ်ဆောင်မီးတစ်ပြောင် နေထိုင်နိုင် ကိန်းကြုံမယ်။

www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့မှာ ဖြစ်ဖြစ်၊ သောကြာအရပ်က ဖြစ်ဖြစ် သစ်သီး ရေစဉ် ရေကောင်းများ ဘုရားစေတီတော်ကို ကိုယ်တိုင်သွားရောက်ပြီး လှူဒါန်းပါ။ ဆုမွန်ကောင်း တောင်းယူပါ။

## ဇနက္ခဟောကိန်း

ဒီတွက်နည်းကတော့ ရှေးဆရာတွေ ကိန်းပြုထားတဲ့ ဇနက္ခ ဟောကိန်းပဲ ဖြစ်တယ်။ မဟာဘုတ်နှင့် ညှိပြီး ဟောရမယ်။

ကိန်းခုနှစ်ကိန်းရှိတယ်။အောက်ပါအတိုင်းချ။ တနင်္ဂနွေသားအတွက် ဖြစ်တယ်။

| တည် | ထွက် | ပျက် | ကျောက် | ထီး | နန်း | စံ |
|---|---|---|---|---|---|---|
| ၁ | ၃ | ၅ | ၇ | ၉ | ၁၁ | ၁၃ |
| ၁၅ | ၁၇ | ၁၉ | ၂၁ | ၂၃ | ၂၅ | ၂၇ |
| ၂၉ | ၃၁ | ၃၃ | ၃၅ | ၃၇ | ၃၉ | ၄၁ |
| ၄၃ | ၄၅ | ၄၇ | ၄၉ | ၅၁ | ၅၃ | ၅၅ |
| ၅၇ | ၅၉ | ၆၁ | ၆၃ | ၆၅ | ၆၇ | ၆၉ |
| ၇၁ | ၇၃ | ၇၅ | ၇၇ | ၇၉ | ၈၁ | ၈၃ |

တနင်္လာ သားသမီးဆိုရင် ၂ ကစပြီး ချ။ အင်္ဂါဆိုရင် ၃ ကစပြီးချ။ ဗုဒ္ဓဟူးဆိုရင် ၄ ကစပြီး ချ။ ကြာသပတေးဆိုရင် ၅ ကစပြီး ချ။ သောကြာဆိုရင် ၆ ကစပြီးချ။ ရာဟုဆိုရင် ၈ ကစပြီးချ။ စနေဆိုရင် ၇ ကစပြီး ချ။ ၂ ခုတိုး,, တိုးပြီး ချသွားရမှာ ဖြစ်တယ်။

**တည်**- အသက်အပိုင်းအခြားက သင်္ချာတည်ကိန်းမှာ ကျရင် တည်ဆောက်ဆဲကာလမို့ စိတ်မငြိမ်မသက်ရှိမယ်။ အမှုကိစ္စများမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ထွက်- စမ္မနဂိုရ်ပြည်က သင်္ဘောထွက်တာကို ပြဆိုတယ်။ ဒီတော့ ယာယီခရီးများမယ်ဟော။

ပျက်- သင်္ဘောပျက်ကိန်းနှင့်ကြုံလို့ စီးပွါးဥစ္စာပျက်မယ်။ အနာရောဂါ ကပ်ရောက်မယ်။ စိတ်ဒုက္ခရောက်မယ်ဟော။

ကျောက်- မေခလာ နတ်သမီးက ကျောက်ဖျာထက်မှာ တင်ထားတဲ့ ကိန်းဆိုတော့ အဆွေခင်ပွန်းကောင်းနှင့် တွေ့မယ်။ စိတ်အေးချမ်းမယ်။ ကိုယ်ချမ်းသာမယ်ဟော။

ထီး- ထီးဖြူရတဲ့ ကိန်းဖြစ်လို့ အေးချမ်းမယ်။ အကြီးအကဲ ဖြစ်မယ်။ ဩဇာတိက္ကမရှိမယ်ဟော။

နန်း- နန်းအပ်ခံရတဲ့ကိန်းမို့ အိုးသစ်၊ အိမ်သစ် ရမယ်။ ရာထူး ရမယ်။ ကျက်သရေ မင်္ဂလာအဖြာဖြာ တိုးတက်မယ်။ ကိုယ်စိတ်ချမ်းသာ မယ် ဟော။

စံ- မင်းစည်းစိမ် စံစားရသည်ကို ယူရသဖြင့် စည်းစိမ်တိုးမယ်။ ကိုယ်စိတ်ချမ်းသာမယ်လို့ ဟော။

## ပုံသေမဟာဘုတ် တွက်နည်းဇယား

| ဖွား သက္ကရာဇ် | အ ကြွင်း | ဖွား သက္ကရာဇ် | အ ကြွင်း | ဖွား သက္ကရာဇ် | အ ကြွင်း |
|---|---|---|---|---|---|
| ၁၂၆၁ | ၁ | ၁၂၆၇ | ၀ | ၁၂၇၃ | ၆ |
| ၁၂၆၂ | ၂ | ၁၂၆၈ | ၁ | ၁၂၇၄ | ၀ |
| ၁၂၆၃ | ၃ | ၁၂၆၉ | ၂ | ၁၂၇၅ | ၁ |
| ၁၂၆၄ | ၄ | ၁၂၇၀ | ၃ | ၁၂၇၆ | ၂ |
| ၁၂၆၅ | ၅ | ၁၂၇၁ | ၄ | ၁၂၇၇ | ၃ |
| ၁၂၆၆ | ၆ | ၁၂၇၂ | ၅ | ၁၂၇၈ | ၄ |
| ၁၂၇၉ | ၅ | ၁၃၀၉ | [illegible] | ၁၃၃၉ | ၂ |

www.burmeseclassic.com

www.burmeseclassic.com



| ဖွား သက္ကရာဇ် | အကြွင်း | ဖွား သက္ကရာဇ် | အကြွင်း | ဖွား သက္ကရာဇ် | အကြွင်း |
|---|---|---|---|---|---|
| ၁၂၈၀ | ၆ | ၁၃၁၀ | ၁ | ၁၃၄၀ | ၃ |
| ၁၂၈၁ | ၀ | ၁၃၁၁ | ၂ | ၁၃၄၁ | ၄ |
| ၁၂၈၂ | ၁ | ၁၃၁၂ | ၃ | ၁၃၄၂ | ၅ |
| ၁၂၈၃ | ၂ | ၁၃၁၃ | ၄ | ၁၃၄၃ | ၆ |
| ၁၂၈၄ | ၃ | ၁၃၁၄ | ၅ | ၁၃၄၄ | ၀ |
| ၁၂၈၅ | ၄ | ၁၃၁၅ | ၆ | ၁၃၄၅ | ၁ |
| ၁၂၈၆ | ၅ | ၁၃၁၆ | ၀ | ၁၃၄၆ | ၂ |
| ၁၂၈၇ | ၆ | ၁၃၁၇ | ၁ | ၁၃၄၇ | ၃ |
| ၁၂၈၈ | ၀ | ၁၃၁၈ | ၂ | ၁၃၄၈ | ၄ |
| ၁၂၈၉ | ၁ | ၁၃၁၉ | ၃ | ၁၃၄၉ | ၅ |
| ၁၂၉၀ | ၂ | ၁၃၂၀ | ၄ | ၁၃၅၀ | ၆ |
| ၁၂၉၁ | ၃ | ၁၃၂၁ | ၅ | ၁၃၅၁ | ၀ |
| ၁၂၉၂ | ၄ | ၁၃၂၂ | ၆ | ၁၃၅၂ | ၁ |
| ၁၂၉၃ | ၅ | ၁၃၂၃ | ၀ | ၁၃၅၃ | ၂ |
| ၁၂၉၄ | ၆ | ၁၃၂၄ | ၁ | ၁၃၅၄ | ၃ |
| ၁၂၉၅ | ၀ | ၁၃၂၅ | ၂ | ၁၃၅၅ | ၄ |
| ၁၂၉၆ | ၁ | ၁၃၂၆ | ၃ | ၁၃၅၆ | ၅ |
| ၁၂၉၇ | ၂ | ၁၃၂၇ | ၄ | ၁၃၅၇ | ၆ |
| ၁၂၉၈ | ၃ | ၁၃၂၈ | ၅ | ၁၃၅၈ | ၀ |
| ၁၂၉၉ | ၄ | ၁၃၂၉ | ၆ | ၁၃၅၉ | ၁ |
| ၁၃၀၀ | ၅ | ၁၃၃၀ | ၀ | ၁၃၆၀ | ၂ |
| ၁၃၀၁ | ၆ | ၁၃၃၁ | ၁ | ၁၃၆၁ | ၃ |
| ၁၃၀၂ | ၀ | ၁၃၃၂ | ၂ | ၁၃၆၂ | ၄ |

www.burmeseclassic.com

www.burmeseclassic.com



| ဖွား သက္ကရာဇ် | အ ကြွင်း | ဖွား သက္ကရာဇ် | အ ကြွင်း | ဖွား သက္ကရာဇ် | အ ကြွင်း |
|---|---|---|---|---|---|
| ၁၃၀၃ | ၁ | ၁၃၃၃ | ၃ | ၁၃၆၃ | ၅ |
| ၁၃၀၄ | ၂ | ၁၃၃၄ | ၄ | ၁၃၆၄ | ၆ |
| ၁၃၀၅ | ၃ | ၁၃၃၅ | ၅ | ၁၃၆၅ | ၀ |
| ၁၃၀၆ | ၄ | ၁၃၃၆ | ၆ | ၁၃၆၆ | ၁ |
| ၁၃၀၇ | ၅ | ၁၃၃၇ | ၀ | ၁၃၆၇ | ၂ |
| ၁၃၀၈ | ၆ | ၁၃၃၈ | ၁ | ၁၃၆၈ | ၃ |

## သုံးတန်ပေါ်နိစ် ဟောနည်း

သုံးတန်ပေါ်နိစ်ဆိုတာကတော့ ဂြိုဟ်စားသက်ရောက်တို့ကို အနုစိပ်ပြီး ဟောတဲ့နည်းဖြစ်တယ်။

ဂြိုဟ်စားက သမသတ်မျှော်ပြီး တစ်ခွင်ဆုတ် တိုင်ထူရတယ်။ ဒီတိုင်ကို ဂြိုဟ်တိုင်လို့ ခေါ်တယ်။

နောက်တခါ သက်ရောက်ရာက သမသတ်မျှော် တစ်ခွင်ဆုတ်ပြီး တိုင်ထူရပြန်တယ်။ ဒီတိုင်ကို နံတိုင်လို့ခေါ်တယ်။ ပြီးမှ တစ်ခါ မိတ်တိုင်၊ ရံတိုင်ကိုထူပြီးညှိဟောရတယ်။

ဂြိုဟ်တိုင် နံတိုင်ကို ထူလိုက်တဲ့အခါမှာ ခုနစ်နံအနက်က တန်းပေါ်မှာ ဂဏန်း ၂-လုံး၊ ၃-နံ တွေ့ရမယ်။ တန်းအောက်မှာ ဂဏန်း ၄-လုံး၊ ၄-နံ တွေ့ရမယ်။

တန်းပေါ်က ဂဏန်း ၃-လုံးပေါ်လို့ သုံးတန်လို့ ဆိုတာ။ တန်းအောက်မှာ ကြည့်ပြန်တော့ အနိမ့်ဂဏန်း လေးမျိုးရှိလို့ နိစ္စသဒ္ဒါကို မြင်ပြန်တော့ နိစ်ရယ်လို့ ဖြစ်လာတယ်။ သည်တော့ သုံးတန်ပေါ်နိစ် ဟောကိန်းလို့ အမည်တွင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်သုံးတန်ပေါ် နိစ်နည်းကတော့ ဂြိုဟ်ပရိယာယ်တွေကို သိထားရင် အဟောရလွယ်မယ်။ ပြီးတော့ တတ်ကျွမ်းထားဖို့လဲ သင့်တယ်၊ အကောက်အယူကလေးတွေ ကောင်းရင် ကောင်းသလောက် ဟောပြောရာမှာ ထိရောက်တယ်။

စာတွေ့နှင့် ကိုယ်တွေ့ ပေါင်းစပ်ညှိနှိုင်းပြီး ဟောနိုင်အောင် ကြိုးစားပါ။

တိုင်ပေါ် ဂဏာန်း ၃-လုံးအနက် အပေါ်ဆုံးဂဏာန်းကို တိုင်ထိပ်၊ တိုင်ဖျားလို့ ခေါ်တယ်။ ဒုတိယ ဂဏာန်းကိုတော့ ပြလို့ခေါ်တယ်။ တန်းပေါ်က ဂဏာန်းကိုတော့ တန်းစီးလို့ ခေါ်တယ်။

တိုင်အောက် ဂဏာန်း ၄-လုံးအနက် အပေါ်ဆုံးဂဏာန်းကို တန်းကပ်လို့ ခေါ်တယ်။ တန်းကပ်အောက် ဂဏာန်းကတော့ မကောင်းကျိုးပေးတဲ့ ဂဏာန်းပေမယ့် အားနည်းလို့ မန္တနိစ်ခေါ်တယ်။ မန္တနိစ်ထက်ပိုပြီး မကောင်းကျိုးပေးတဲ့ တတိယဂဏာန်းကိုတော့ တိက္ခနိစ်လို့ခေါ်တယ်။ အဲနောက်ဆုံး စတုတ္ထဂဏာန်းကတော့ တိုင်ခြေပဲ။ တိုင်ခြေမြေလူး ဂဏာန်းလို့လဲ ခေါ်တယ်။

အဲ အချုပ်မှတ်ထားရမှာကတော့ အပေါ် ဂဏာန်း ၃-လုံးကတော့ တန်းပေါ်၊ တန်းအောက် ဂဏာန်း ၄-လုံးကတော့ နိစ်ပဲ။

## သုံးတန်ပေါ်နိစ်တိုင် ထူပုံ

သုံးတန်ပေါ်နိစ်ဟာ ဂြိုဟ်စားသက်ရောက်ကို အနုစိပ်ထားတာ ဆိုတာကို ရှင်းပြီးပြီ။ ဂြိုဟ်စား သက်ရောက်ကိုသိရင် တိုင်ထူဖို့ မခဲယဉ်းတော့ဘူး။

ဂြိုဟ်စားကို သိယင် ဂြိုဟ်အိမ်ကို သိမယ်။ ဂြိုဟ်စားရဲ့ တစ်ခွင်ဆုတ်အိမ်က စန်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စန်းခွင်ကနေ တိုင်ထူလိုက်ရင် ဂြိုဟ်တိုင်ရမယ်။ ပြီးတော့ မွေးနံအရ ကြည့်ပြီး တစ်တိုင်ထူရတယ်။ မိတ်တိုင်ကို ရမယ်။

နောက်တစ်ခုသိဖို့ကတော့ လက်ပဲ။ သက်ရောက်ကိုသိရင် လက်သိမယ်။ သက်ရောက်ရဲ့ သမသတ်ခွင်ဟာ လက်ခွင်ပဲ၊ လက်ကနေ တစ်ခွင်ဆုတ်ရင် လွန်းပဲ။

လွန်းခွင်က ဂြိုဟ်ကို တိုင်ထူလိုက်ရင် နံတိုင်ရမယ်။ မွေးနံအရ ခွင်လွှဲပြီး တိုင်ထူလိုက်ရင် ရံတိုင် ရမယ်။

တစ်ခုတော့ရှိတယ်။ ဗုဒ္ဓဟူး ဂြိုဟ်စားမယ်။ ဗုဒ္ဓဟူးသက်ရောက်မယ်ဆိုရင် တစ်ခွင်ဆုတ်တော့ ရာဟုခွင်ကို ရောက်မယ်။ ရာဟုဂြိုဟ်တိုင်မထူဘူး။ ရာဟုခွင် ဖြစ်လို့မို့ စန်းပြတ်လွန်းပြတ်ခေါ်တယ်။ ဒီတော့ နောက်တစ်ခွင် ဆုတ်ပေးရတယ်။ ကြာသပတေးကို ရောက်မယ်။ ကြာသပတေးတိုင် ထူရမယ်။

သည်တော့ ဗုဒ္ဓဟူး ဂြိုဟ်စားသက်ရောက် ဖြစ်လေတိုင်း သုံးတန်ပေါ် နှစ်မှုအရ ကြာသပတေးတိုင်ကိုသာထူ။

## အောက်မှာကြည့်

'အိမ်၊ ခန်း၊ စက်၊ ဝင်၊ နက်၊ မှင်၊ ရိပ်၊ သန်း' ဆိုပြီး ဂြိုဟ်ခွင်မှာ လက်ယာအတိုင်း ဂြိုဟ်စဉ်မှို

တနင်္ဂနွေဂြိုဟ်စား

| | | |
|---|---|---|
| ဂြိုဟ်စား<br>၁ | ၂ | ၇ |
| ၆ | | ၄*စန်း |
| ၈ | ၅ | ဂြိုဟ်အိပ်<br>၃ |

တနင်္လာသက်ရောက်

| | | |
|---|---|---|
| | ၂ | |
| | | |
| | လက် | လွန်း |

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ ဂြိုဟ်စားကိုကြည့်၊ ဂြိုဟ်ခွင်မှာ ဂြိုဟ်စဉ်အတိုင်း ရေးချပြီးသွားတော့ ၆-နှစ်သားရှိတဲ့ တနင်္ဂနွေသားကို တွက်ပြီး တနင်္ဂနွေ ဂြိုဟ်သက်က ၆-နှစ်။ ဒီတော့ တနင်္ဂနွေဂြိုဟ်ခွင်မှာပဲ တနင်္ဂနွေသားရဲ့ အသက်ဟာ ရှိအုံးမယ်။ ဒီတော့ တနင်္ဂနွေ ဂြိုဟ်စားတယ်။

တနင်္ဂနွေရဲ့ သမသက်ခွင်ကို မျှော်။ စနေကို တွေ့မယ်။ ဂြိုဟ်စားရဲ့ သမသတ်ခွင်ဟာ ဂြိုဟ်အိပ်ဆိုတော့ စနေမှာ ဂြိုဟ်အိပ်တယ်မှတ်။

တနင်္ဂနွေသားရဲ့ အသက်က ၁၀-နှစ်သားဆိုပါတော့။ ၈-ခုနှင့်စားတော့ ၂-ခုကြွင်းတယ်။ မွေးနံဂြိုဟ်အိမ် တနင်္ဂနွေက စပြီးရေးတော့ တနင်္လာခွင်မှာ ကျတယ်။ သည်တော့ တနင်္လာဂြိုဟ်စားတယ်။

တနင်္လာဂြိုဟ်ခွင်က သမသတ်မျှော်လိုက်တော့ လက်ခွင်ပဲ၊ လတ်ခွင်က ကြာသပတေးဂြိုဟ်ခွင် ဖြစ်တယ်။ လက်ခွင်က နောက်လည်ဆုတ်ယင် လွန်း ဖြစ်မယ်။

## တိုင်ဘယ်လို ထူမလဲ

လွယ်ပါတယ်။ ဂဏန်းစဉ် ရေရွတ်ပြီး ထူရုံပဲ။ အစဉ်အတိုင်း ရေရွတ်ပြီး ထူရတယ်။ ဖော်ပြခဲ့သလို တန်းပေါ်မှာ ဂဏန်းသုံးလုံးပဲ ထားရမယ်။ ဂဏန်း၃-လုံးပြည့်ရင် တန်းအောက်ကိုဆင်း။ တိုင်ခြေကစပြီး တန်းကပ်အထိ ပြန်တက်။

တနင်္ဂနွေဂြိုဟ်စားခွင်ကိုကြည့်။ ဂြိုဟ်တိုင်ထူကြမယ်၊ ဂြိုဟ်တိုင်တိုစန်းကနေ စထူမယ်။ စန်း က ဗုဒ္ဓဟူးဆိုတော့ ဗုဒ္ဓဟူးတန်းစီးထား။ ၄,၅ဆိုပြီး အပေါ်ကို ဂဏန်းသုံးလုံးရေ။ ၆, ပြီးတော့ ၇, ဒါပေမယ့် တိုင်ခြေကနေစပြီး တန်းတပ်ကိုပြန်တယ်။ ၇, ဆုံးတော့ ၁,က ပြန်စပြီးရေ ၇, ၁, ၂, ၃ ဆိုပြီး တန်းအောက်မှ တွေ့ရမယ်။

နံတိုင်ကိုတော့ လွန်း ဖြစ်တဲ့ စနေကစပြီး အသက်က အတိုင်းထူ

www.burmeseclassic.com

www.burmeseclassic.com



| ဂြိုဟ်တိုင် | | | နံ့တိုင် | | |
|---|---|---|---|---|---|
| ၆ | ... | တိုင်ဖျား, တိုင်ထိပ် | ဝင် | ၂ | ... တိုင်ဖျား, တိုင်ထိပ် |
| ၅ | ... | ပြ | ထွက် | ၁ | ... ပြ |
| ၄ | ... | တန်းစီး | ဝင် | ၇ | ... တန်းစီး |
| ၃ | ... | တန်းကပ် | ထွက် | ၆ | ... တန်းကပ် |
| ၂ | ... | မန္တနိစ် | နာ | ၅ | ... မန္တနိစ် |
| ၁ | ... | တိကျွနိစ် | သေ | ၄ | ... တိကျွနိစ် |
| ၇ | ... | တိုင်ခြေ | ထွက် | ၃ | ... တိုင်ခြေ |

ဂြိုဟ်တိုင်ကနေ နံ့တိုင်သွားပါ။ တန်းထက်ဂဏန်း ၃-လုံး တန်းအောက် ဂဏန်း ၄-လုံးစီတွေ့ရမယ်။ တန်းအထက်ကပ်ပြီး ရှိတာကိုတော့ **တန်းစီး**လို့ခေါ်တယ်။ အလယ်ကတော့ ပြပဲ။ အဲ-တန်းရဲ့ ထိပ်ဆုံး ကတော့ **တိုင်ထိပ်တိုင်ဖျား** လို့ ခေါ်တယ်။

တန်းအောက်ကပ်ပြီး နေတာကိုတော့ **တန်းကပ်**လို့ခေါ်တယ်။ ဂြိုဟ်တိုင်မှာ အင်္ဂါက တန်းကပ်။ နံ့တိုင်မှာ သောကြာတန်းကပ်ပဲ။

တန်းကပ်ရဲ့ အောက်ဂဏန်းက **မန္တနိစ်**၊ **မန္တနိစ်**အောက်ကမှ **တိကျွနိစ်** ရှိတယ်။ အဲ တန်းရဲ့ အောက်ဆုံးအခြေကတော့ **တိုင်ခြေ**ပေါ့။

ဂြိုဟ်တိုင်နှင့် နံ့တိုင် ထူကြီးကားကော့ရင် ဂြိုဟ်တိုင်နှင့် ရံတိုင်ကို ထူရမယ်။ **မိတ်တိုင်ကို** ဂြိုဟ်တိုင်ကနေ ခွင်လွှဲပြီးထူ၊ ရံတိုင်ကို နံ့တိုင်ကနေ ခွင်လွှဲပြီးထူ။

## ဘယ်လိုခွင်လွှဲ ထူမလဲ

ဂြိုဟ်တိုင် နံ့တိုင်ထူပြီးသွားတော့ မွေးနံ့ကိုရှု။ ဘယ်မှာရောက်နေသလဲ။ ရောက်တဲ့နေရာအရ ခွင်လွှဲပြီး တိုင်ထူရမယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်ထိပ် တန်းစီ
တန်းကပ် တိုင်ခြေ
ပြပြပေ တစ်ထွေနှိစ်ချင်းလွှဲ။

မွေးနံတိုင်ထိပ်မှာရှိရင် ခွင်လွှဲထူတော့ မွေးနံကို တန်းစီးမှာထား၊ ဒီလိုမွေးနံတန်းစီးမှာနေရင် တိုင်ထိပ်ကို ပြောင်းပြီးခွင်လွှဲထူ။

ပုံစံကိုကြည့်။ အင်္ဂါသား ဆိုပါတော့။ ဂြိုဟ်တိုင်ပြောင်းလဲသလို မိတ်တိုင်း ပြောင်းလဲတာကို ကြည့်။

| ဂြိုဟ်တိုင် | မိတ်တိုင် | ဂြိုဟ်တိုင် | မိတ်တိုင် |
|---|---|---|---|
| ၃* | ၅ | ၅ | *၃ |
| ၂ | ၄ | ၄ | ၂ |
| ၁ | ၃* | ၃* | ၁ |
| ၇ | ၂ | ၂ | ၇ |
| ၆ | ၁ | ၁ | ၆ |
| ၅ | ၇ | ၇ | ၅ |
| ၄ | ၆ | ၆ | ၄ |

တိုင်ထိပ်နှင့် တန်းစီး၊ တန်းစီးနှင့် တိုင်ထိပ်ကူးပြောင်းပြီးနောက် ဆက်လက် တိုင်ထူသွားတဲ့ နမူနာကို ရှင်းအောင်ကြည့်။

## မြ-မြချင်းကူး

တနင်္ဂနွေသား တနင်္လာသက်ရောက် ဆိုပါတော့။ နံတိုင်တူလိုက် ပြီးတော့ ရံတိုင်ထူမယ်။

တနင်္လာ သက်ရောက်ဆိုတော့ လက်ရှိ သက်ရောက်နဲ့ သမသတ် ကြာသပတေးဖြစ်တယ်။ လွှန်းကနေ တိုင်ထူရမယ်။ ကြာသပတေးက တစ်ခွင် ဆုတ်ပေးရင် လွှန်း၊ စနေက လွှန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ စနေကို တန်းစီးပြုပြီး တိုင်ထူ။ နံတိုင်ရမယ်။
၇, ၁, ၂, ၃, ၄, ၅, ၆,။

| နံတိုင် | ရံတိုင် |
|---|---|
| ၂ | ၂ |
| ၁ | ၁ |
| ၇ | ၇ |
| ၆ | ၆ |
| ၅ | ၅ |
| ၄ | ၄ |
| ၃ | ၃ |

တနင်္ဂနွေသားရဲ့ မွေးနံက ပြမှာရောက်နေတယ်။ သည်တော့ ပြ ပြချင်း ကူးပြီး တိုင်ထူရတယ်။

## တိုင်ခြေနှင့် တန်းကပ်

## တန်းကပ်နှင့်တိုင်ခြေ ခွင်လွဲထူ

| ဗြိုဟ်တိုင် | မိတ်တိုင် | ဗြိုဟ်တိုင် | မိတ်တိုင် |
|---|---|---|---|
| ၄ | ၇ | ၇ | ၄ |
| ၃ | ၆ | ၆ | ၃ |
| ၂ | ၅ | ၅ | ၂ |
| ၁* | ၄ | ၄ | *၁ |
| ၇ | ၃ | ၃ | ၇ |
| ၆ | ၂ | ၂ | ၆ |
| ၅ | *၁ | ၁* | ၅ |

www.burmeseclassic.com

www.burmeseclassic.com



## တစ်နေ့တွေ့နိုင်ချင်းကူး

| ဂြိုဟ်တိုင် | မိတ်တိုင် | ဂြိုဟ်တိုင် | မိတ်တိုင် |
|---|---|---|---|
| ၆ | ၅ | ၅ | ၆ |
| ၅ | ၄ | ၄ | ၅ |
| ၄ | ၃ | ၃ | ၄ |
| ၃ | ၂ | ၂ | ၃ |
| ၂ | ၁* | ၁* | ၂ |
| ၁* | ၇ | ၇ | ၁* |
| ၇ | ၆ | ၆ | ၇ |

## အဟောဘာယ်လို ရှိမလဲ

တိုင်လေးတိုင်ကိုညှိပြီး ဟောရမယ်။ ဂြိုဟ်တိုင် (အတ္တတိုင်) ကတော့ ဗေဒင်မေးသူနှင့် တိုက်ရိုက်သက်ဆိုင်တယ်။ ဗေဒင်အဟောခံရသူနှင့် စပ်လျဉ်း၍ အဓိကအရေးထားဟောရမယ့် တိုင်ပဲ။

မိတ်တိုင် (ဘရိယာတိုင်) ကတော့ ဂြိုဟ်တိုင်ကို မွေးနံ့အရ ခွင်လွဲတိုင်ထူတဲ့ တိုင်ပဲ။ ဇနီးသားမယားနှင့် စပ်လျဉ်းပြီး ဟောရမယ့် တိုင်ပဲ။

နံ့တိုင် (ပုတ္တတိုင်) ဆိုတဲ့ ဆက်ရောက်တာနေ ဖြစ်လာတဲ့တိုင်ကတော့ သားသမီးအတွက် ဖြစ်တယ်။

ရုံတိုင် (ကလျာဏ) ဖြစ်တဲ့ နံ့တိုင်ကနေ ခွင်လွဲထူတဲ့တိုင်ကတော့ ဆွေမျိုး ဉာတိတွေ အတွက်ပဲ။

ကဲ. . . တိုင်တစ်တိုင်ကို ကြည့်ရအောင် 'ဝင်၊ ထွက်၊ ဝင်ဖွတ်၊ နာ၊ သေ၊ ထွက်' ဆိုပြီး တိုင်ထိပ်ကနေ တိုင်ခြေအထိ ရေးထား။

အကောင်းနှစ်ဌာနကတော့ တိုင်ထိပ်နှင့် တန်းစီးပဲ။ ဖော်ပြခဲ့ပြီး အဆိုးဆုံးကတော့ တိုင်ခြေမြေလူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| တိုင်ထိပ် | ၃ - ဝင် |
| ပြ | ၂ - ထွက် |
| တန်းစီး | ၁ - ဝင် |
| တန်းကပ် | ၄ - ထွက် |
| မန္တနိစ် | ၅ - နာ |
| တိက္ခနိစ် | ၆ - သေ |
| တိုင်ခြေ | ၇ - ထွက် |

သည့်တိုင်ကိုကြည့်တော့ ၁-နွေ ကောင်းနေတယ်။ ၁-နွေ တန်းစီး။ ၃-အင်္ဂါကတော့ တိုင်ထိပ်မှာ ကောင်းတယ်။ နဝင်းစီးတယ်။ သည်တိုင်ရှင်ဟာ တနင်္ဂနွေ၊ အင်္ဂါဆိုရင်တော့ သည်နှစ်ပိုင်းမှာ ဘာပဲ ပြောပြော လာဘ်မိုးစွေမယ် ဆိုပါတော့။

'တိုင်ထိပ်တန်းပေါ် နံမြင်သော်၊ အဟောတဝ လာဘ်ကြီးရ' လို့ အဆိုရှိတယ်

ငွေနံ ၂- လာအထွက်ပြမှာ ရှိနေတယ်။ ငွေကလဲ ထွက်မှာပဲ။

ကဲ အကျယ်ဟောနိုင်ဖို့ ဂြိုဟ်ပရိယာယ်အကျယ်ကို ပြမယ်။

## ဂြိုဟ်ပရိယာယ် အကျယ်

### တနင်္ဂနွေဂြိုဟ်

ရှေ့မှာလဲ အကျဉ်းဖော်ပြခဲ့ပြီ။ တနင်္ဂနွေဂြိုဟ်ရဲ့ သဘောက အဆင်းအားဖြင့် အညို၊ အပြာ၊ အဖြူ ဖျော့တဲ့အဆင်း။ အရသာကတော့ ဖန်ခါး။ အရပ်ကတော့ နိမ့်မယ်၊ ဖျပ်မယ်။ ဆေးဝါး အလိုအားဖြင့်တော့ ပြာဖျော့အရောင်ရှိတဲ့ဆေး။ နေရာအားဖြင့်တော့ မဝေးတဲ့ အရှေ့မြောက် သစ်ပင်ကြီး တစ်ပင်ပင်ရှိရမယ်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးမရှိရင် ကုန်းစင်းစင်း မြေအငူရှိမယ်။ ဒါမှ မဟုတ်ရင် အင်းပျက် အိုင်ပျက်၊ ရွာအိုရွာမင်း၊ ချောင်းဦး တစ်ခုခုရှိရမယ်။

ယောက်ျားဆိုရင်တော့ အသားညို၊ မိန်းမဆိုရင်တော့ အသားပြာ လတ်၊ အရပ်အားဖြင့်တော့ မနိမ့်မမြင့်၊ အရွယ်အားဖြင့် ကြီးတဲ့သူ အရပ်လူကြီး၊ မင်းစိုး၊ ရဟန်း၊ ပညာရှိကိုလဲ ဆိုလိုတယ်။ မိန်းမဆိုရင်တော့ သားသည်မိခင်လို့ဆိုမယ်။

လှေဆိုရင်တော့ ဦးပဲ့မှာ အပျက်တစ်လုံးရှိရာတယ်။ ပဲ့စင်တိုင်ဦး ပဲ့ဖျားမှစ အပျက်နှစ်ခုရှိတယ်ဟော။ ဦးမင်းတိုင်မှာ အပျက် နှစ်လုံး ရှိတယ်။ လက်ျာပဲ့ လက်ဝဲအသားဝင်နံထောင့်မှာ အနာပါမယ်။

လှည်းဆိုရင် ပါးပြင်မှာ လက်ျာဘက်၊ နံ့အုံအနီး အနာခွဲ ငှက်ခေါင်း သက် ပါတယ်ဟော။

ဓား၊ တံစဉ်၊ လှံ ဆိုရင်လဲ အနာပါတယ်ဟော။ ဓားနှောင့် ဓားပြတ် မှာ အတွင်းဘက် အပျက်ရှိတယ်ဟော။

ကိုယ်ဆောင်ဓားမှာ အသွားကို သုံးချိုးချိုးရင် အရင်းပိုင်းနှင့် အဖျား ပိုင်းမှာအနာပါတယ်ဟော။အဖိအထပ်အညပ် မညီညွတ်ဘူးလို့ဟော။

တနင်္ဂနွေသားရဲ့သဘောကို သည်လိုသိထားရင် တနင်္ဂနွေကို တန်း အောက် တိုင်ခြေမှာ သွားတွေ့တဲ့အခါ ဂြိုဟ်ပရိယာယ်အရ အညွှန့်ကို ဟောရမယ်။

စက်, လက်, လွန်း,ရှိတဲ့အရပ်က လာဘ်ဝင်မယ်။ ဝင်တဲ့လာဘ် မ ကြာခင် ပြန်ထွက်မယ်။ မဝင်ရင်ရှိရင်းပစ္စည်းထဲက တနင်္ဂနွေနံ ထွက် မယ်။ ဝင်ရင်လဲ ကြာကြာမထားရဘူးဟော။ ပေးကမ်း ရောင်းချရမယ် လို့ဟော။

တနင်္ဂနွေအညွှန့်မှာ သွားတွေ့ရင် လူနာဆိုရင် တနင်္ဂနွေနံ အုန်းသီး နှင့် ဥများကို ရှောင်ခိုင်း။

www.burmeseclassic.com

www.burmeseclassic.com



တရားဆိုရင် ကြီးတဲ့သူ နှောင့်ယှက်မယ်ဟော။ ခရီးသွားရင် ကြီးတဲ့သူနှင့် အမှုဖြစ်မယ်ဟော။ မဟုတ်ရင် အဖော်အသင်းထဲမှာ ကြီးတဲ့သူ နာမကျန်း ဖြစ်မယ်ဟော။

နာတဲ့သူဆိုရင် ခြေကနေစပြီး အနာပေါက်မယ်ဟော။ ဝမ်းကို အနာနှိပ်စက်၊ ဦးခေါင်းတိုင် သွားရောက်ပြီး မူးဝေမယ်။ အိပ်မပျော်ပဲ မျက်စိကြောင်နေတတ်မယ်။

မိန်းမဆိုရင်တော့ မီးရှူးဖလာ အိမ်ဦးနတ်လို့ဟော။ လူနာချမ်းသာစေဖို့ ခေါင်းပေါင်းနီ၊ ဆင်ရုပ်၊ မြင်းရုပ်၊ ငှက်ပျောဖီးဆိုင်၊ အုန်းတစ်လုံး၊ ဆန်တစ်ပြည်၊ ငွေတစ်မတ်နှင့် အိမ်ဦးနတ်ကို အကိုးခိုင်း၊ ငှက်ပျောမှည့်အချိန်ရောက်ရင် ကျောင်းကန် ဘုရား တစ်ခုခုမှာ သဒ္ဓါတတ်အားသရွေ့ အလှူခိုင်း။

ကလေးသူငယ် မိန်းကလေးဆိုရင် မီးရှူးဖလာ အိမ်ဦးနတ်ကိုပဲဟော။ အမျိုး အဘိုး၊ အဘ၊ အဘွား၊ ဒေါ်ရီးတော်စပ်သူ တစ်ယောက်ယောက်က အနီရောင်ရှိတဲ့ ပစ္စည်း၊ အကြောင်အကျား ရှိတဲ့ပစ္စည်းကို ကလေးကို ခမဲပေးရမယ်။ ကလေးသူငယ်၊ မိန်းကလေးဆိုရင်လည်း အဘိုး၊ အဘွား၊ အဘမျိုးတို့က ရုပ်သိရှာသိ ကလေးကို ခမဲ့ ပေးရမယ်။

ကြိုဟ်တိုင် မိတ်တိုင် နံတိုင်တို့မှာ တနင်္ဂနွေကို တန်းစီးတိုင် ထိပ်ဖျားမှာ တွေ့ရရင် ကောင်းတယ်။ ဆိုခဲ့ပြီးတဲ့ ငွေ၊ လှည်း၊ ကျေးကျွန်-ဆင်-မြင်း ကျွဲ-နွား လာဘ်များဝင်မယ်။ ဘယ်အရပ်က ဝင်မလဲဆိုတော့ စန်း၊ လက်၊ လွန်းရှိရာ အရပ်က ဝင်မယ်ဟော။ ဝင်လာတဲ့လာဘ်ကို သိမ်းဆည်း သိုထားရမယ်။

တကယ်လို့ အမှုအခင်းဖြစ်စောင်မှ အကြီးအကဲ မ,စမယ် စသဖြင့်ဟော။ လူဆိုရင်လဲ ဝတ်ကောင်းစားလှ ဝင်မယ်၊ အိုးအိမ်ဝင်မယ်ဟော။ မဝင်ထောင်မှ ပြင်ရမယ်။ ဘုန်းကြီးရဟန်းဆိုရင် ကျောင်းသင်္ခရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုံတိုင်မှာ တနင်္ဂနွေကို တန်းကာပ်တိုင်ခြေမှာ သွားတွေ့ရင်တော့ ဆိုခဲ့တဲ့ လှေ၊ လှည်း၊ ကျေးကျွန် -ဆင်-မြင်း -ကျွဲ- နွား- ဝတ်စား တန်ဆာ ဝင်လာရင် အမှုပါဝင်မယ်ပေါ့။ လူနာဆိုရင်တော့ ကြာသပတေးအိမ်ရာ သက် ရောက်ရာအရပ်ကို ယာယီပြုပြီး ဆေးကုသခံရမယ်။

တနင်္ဂနွေကိုတန်းစီးတိုင်ဖျားမှာတွေ့ရင် စုတ်နှင့် ဥပဒ်ပြိုင်တာ ကြောင့် ကြီးကဲသူက မိမိထံက တနင်္ဂနွေ ကြာသပတေးရိယာယ် အတိုင်း လှည်း လှေ့ ဝတ်စားတန်ဆာ စသဖြင့် ယူဖို့တိုက်တွန်းလေ။

ကြာသပတေးတိုင် မိတ်တိုင် နံတိုင် သုံးတိုင် တစ်တိုင်တိုင်မှာ တနင်္ဂနွေ တိုင်ခြေရောက်နေတာတွေ့ရင် အိမ်မှာ တနင်္ဂနွေနံသင့် အိုး၊ အစ်၊ အုပ်၊ ခေါင်းအုံးတစ်ခုခု ပေါက်ပြဲပြီး အသွေးမတူတာကို စပ်ဖာသုံးစွဲတာ ရှိတယ်လို့ပေါ့။ အဲဒီလို စပ်ဖာသုံးစွဲတာ တစ်သွေးတသားတည်း ဖြစ် အောင် ပြုဖို့ပေါ့။ အိမ်၌မရှိပဲ တစ်ဦးတစ်ယောက်က လာပေးတာဆိုရင် လည်း သား၊ သမီး၊ ကျေးကျွန်တို့ကို လက်ဆောင်ကမ်း ပေးစွန့်ရမယ်။ သူတို့ ရဲ့ ပစ္စည်းအမှတ်နဲ့ သုံးဖို့ ဖြစ်တယ်။

တိုင်တစ်တိုင်မှာ တစ်ချက်တွေ့ရင် တစ်ခုလို့ပေါ့။ နှစ်ချက်တွေ့ ရင် နှစ်ခုလို့ပေါ့။ သုံးချက်တွေ့ရင် သုံးခုလို့ပေါ့။

သတိထားရဖို့က တနင်္ဂနွေက တန်းစီးမှာနေမယ်။ စနေက တိုင် ခြေမှာရှိမယ်ဆိုယင် အကောင်းထဲကအဆိုး၊ အဆိုးထဲက အကောင်း လို့မှတ်။ ရင်းနှီးရာမှာ လုံးလည်ချာလည် ဖြစ်နေမယ်။ အမြတ်အစွန်းက တစ်ဆယ်ထက်ပိုဖို့တောင် ခက်တယ်။ တစ်ဆယ်မပြည့်မီ ပျက်စီးမယ် ဆိုတဲ့ သဘော။

အထက်မှာ စနေ၊ အောက် တနင်္ဂနွေတွေ့ပြန်ရင် သည်တိုင်းပဲ ရင်းနှီးငွေရဲ့ ဆယ်ဆဆယ်ပြန် မပြည့်မီ ပျက်စီးမယ့် သဘောရှိတယ်။

တနင်္ဂနွေ တန်းအောက်၊ စနေက တိုင်းခြေဆိုရင်တော့ ပြီးပြီးပျက်စီး ကိန်းမြင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စနေက တန်းစီးမှာနေတယ်၊ တနင်္ဂနွေက တိုင်ခြေတန်းကပ်မှာ ရောက်နေမယ်ဆိုရင်တော့ ရောင်းဝယ်ဖောက်ကားရာမှာ ရင်းနှီးငွေရဲ့ ဆယ်ပြန်ဆယ်ဆ ဖြစ်နိုင်တယ်လို့ဟော။

ရုံတိုင်မှာ တန်းအောက်က စနေ၊ တနင်္ဂနွေကိုတွေ့ရင် ၁, ၁၀, ၁၀၀ ကျပ် စသဖြင့် ကြွေးတင်မယ်ဟော။

စနေ၊ တနင်္ဂနွေကို တန်းအောက်တစ်ချက် တန်းစီးတစ်ချက် တွေ့ရင် တိုင်ဖျား တိုင်ခြေ တနင်္ဂနွေကို ထောက်ရှုပြီး ကြွေးမတင်သော်မှ အရင်း ရှုံးမယ်ဟော။

တနင်္ဂနွေပရိယာယ်ကို တိုင်လေးတိုင်ကြည့်ပြီး ဟောလေ။

## တနင်္လာဂြိုဟ်ပရိယာယ်

တနင်္လာဂြိုဟ် ပရိယာယ်အရ ယောကျ်ား၊ အဆင်းအဖြူ ပြောက် ကျား အဆင်း၊ ချောင်းငယ်၊ မြောင်းငယ်၊ အိမ်အရှေ့ ချောင်းငယ် မြောင်း ငယ်ရှိရာတယ်လို့ဟော။

နေအိမ်နှင့် မနီးမဝေး အရှေ့ဘက်မှာ ကုန်း၊ ပန်းချုံ ချုံနွယ် ရှိရာတယ်ဟော။

တောင်မြောက်ဘက်မှာ လမ်းရှိမယ်။ နှစ်အိမ်ကျော် သုံးအိမ် ကျော်မှာ အပေါင်းအဖော် နှစ်ယောက် သုံးယောက်ရှိမယ်။

ခရီးသွားလျှဆိုရင် နှစ်စင်း၊ သုံးစင်း၊လှည်းဆိုရင်လဲ နှစ်စီး၊ သုံးစီး၊ ဖြစ်တန်ရာတယ်လို့ဟော။

ကျွဲနွားပျောက်ရင် တစ်ကောင်တည်းမဟုတ်၊ ခွေးဝင်ကြောင်ဝင်ရင် နိမိတ်ဟုမှတ်။

အမှုဖြစ်ရင်လည်းပဲ တစ်မှုတည်းနှင့် မပြီးဘူး၊ နှစ်မှု သုံးမှု လိုက်ဘ။

န ၁ ကျန်းဖြစ်မယ်ဆိုရင်လည်းတန်လာနေ့ကစပြီး န၁ကျန်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စနေက တန်းစီးမှာနေတယ်၊ တနင်္ဂနွေက တိုင်ခြေတန်းကပ်မှာ ရောက်နေမယ်ဆိုရင်တော့ -ရောင်းဝယ်ဖောက်ကားရာမှာ ရင်းနှီးငွေရဲ့ ဆယ်ပြန်ဆယ်ဆ ဖြစ်နိုင်တယ်လို့ဟော။

ရံတိုင်မှာ တန်းအောက်က စနေ၊ တနင်္ဂနွေကိုတွေ့ရင် ၁, ၁၀, ၁၀၀ ကျပ် စသဖြင့် ကြွေးတင်မယ်ဟော။

စနေ၊ တနင်္ဂနွေကို တန်းအောက်တစ်ချက် တန်းစီးတစ်ချက် တွေ့ရင် တိုင်ဖျား တိုင်ခြေ တနင်္ဂနွေကို ထောက်ရှုပြီး ကြွေးမတင်သော်မှ အရင်း ရှုံးမယ်ဟော။

တနင်္ဂနွေပရိယာယ်ကို တိုင်လေးတိုင်ကြည့်ပြီး ဟောလေ။

## တနင်္လာဂြိုဟ်ပရိယာယ်

တနင်္လာဂြိုဟ် ပရိယာယ်အရ ယောကျ်ား၊ အဆင်းအဖြူ ပြောက်ကျား အဆင်း၊ ချောင်းငယ်၊ မြောင်းငယ်၊ အိမ်အရှေ့ ချောင်းငယ် မြောင်းငယ်ရှိရာတယ်လို့ဟော။

နေအိမ်နှင့် မနီးမဝေး အရှေ့ဘက်မှာ ကုန်း၊ ပန်းချုံ ချုံနွယ် ရှိရာတယ်ဟော။

တောင်မြောက်ဘက်မှာ လမ်းရှိမယ်။ နှစ်အိမ်ကျော် သုံးအိမ်ကျော်မှာ အပေါင်းအဖော် နှစ်ယောက် သုံးယောက်ရှိမယ်။

ခရီးသွားလျှော်ဆိုရင် နှစ်စင်း၊ သုံးစင်း၊လှည်းဆိုရင်လဲ နှစ်စီး၊ သုံးစီး၊ ဖြစ်တန်ရာတယ်လို့ဟော။

ကွဲနွားပျောက်ရင် တစ်ကောင်တည်းမဟုတ်၊ ခွေးဝင်ကြောင်ဝင်ရင် နိမိတ်ဟုမှတ်။

အမှုဖြစ်ရင်လည်းပဲ တစ်မှုတည်းနှင့် မပြီးဘူး၊ နှစ်မှု သုံးမှု လို့ဟော။

န◌ ၁ကျန်းဖြစ်မယ်ဆိုရင်လည်းတန်လာနေ့ကစပြီး နာမကျန်းဖြစ်



မယ်ဟော။ ချောင်းတဟွတ်ဟွတ် မဆိုးတောင် ချောင်းဆိုး မယ်ဟော။ ဥစ္စာ, ပစ္စည်း ပျောက်ရင်လည်း တစ်ခုချင်း တစ်စချင်း ပျောက်ဖို့မရှိဘူး။ ပျောက်ရင် အထုပ်အထည်နဲ့။ ပြီးတော့ တစ်ခုမကဘူး။ နှစ်ခု သုံးခု ဖြစ်မယ်ဟော။

အရသာကတော့ ချဉ်တဲ့အရသာ။ အဆင်းကတော့ နီကြန့်ကြန့် ဖြူဖျော့ဖျော့ အကြောင်အကျား။ ဆေးကိုလဲ နီကြန့်ကြန့် ဖြူဖျော့ဖျော့ လို့ဟော။

တန်းအောက် ရောက်နေလျှင် ထိုဆေးကြောင့် ဆေးမှားပြီး ရောဂါသည်းမယ်ဟော။ တန်းပေါ်ဖြစ်ရင်တော့ အဲသည်ဆေးနှစ်မယ်နှင့် တည့်တယ်ဟော။ ဆက်လက်စားသုံးရင် ရောဂါပျောက်မယ်။

ခမဲပေးမယ်ဆိုရင်တော့နီတဲ့ပစ္စည်း။ အကြောင်အကျားအဖြူကိုပေး။ သိကျွမ်းသူရှာသား ၂-ဦး ၃-ဦးကို သိစေပြီး ကွမ်း လက်ဖက်နှင့်ပေး။ ခမဲ, ပေးရမည်လို့ ဟောရမယ်။

အရပ်အားဖြင့်တော့ အရှေ့အရပ်၊ သည်တော့ အရှေ့အရပ်က ဆေးမသင့်ဘူးလို့ဟော။

မိမိနေရာရဲ့ အရှေ့တောင်မြောက်ဘက်မှာ လမ်းရှိမယ်။ တောင်က မြောက်ကိုပဲဖြစ်ဖြစ်၊ မြောက်မှတောင်ကိုပဲဖြစ်ဖြစ် စီးတဲ့ရေရှိမယ်လို့ဟော။ စီးတဲ့ရေမရှိရင် မြေနိမ့်မြေဝှမ်း ရှိရမယ်။

ပန်းဖြူ ပန်းနီနှင့်ပန်းချုံအနီးအဝေးမှာ ရှိမယ်။

အိမ်မှာဒါမှမဟုတ်ရင်အိမ်နှင့်ပတ်သတ်ရာ ပတ်သက်ကြောင်း ရှိတဲ့သူ လူကြီးလူငယ် တစ်ယောက်ယောက် မကျန်းမမာရှိမယ်။ ချောင်းသဲ့သဲ့ဆိုးပြီး တရှောင်ရှောင် ဖြစ်မယ်ဟော။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်ထိုမှာ တန်းအောက်မှာဖြစ်ဖြစ်၊ တိုင်ခြေမှာဖြစ်ဖြစ်၊ တနင်္လာတိုင်ကိုတွေ့ရင် ဂြိုဟ်ပရိယာယ်အတိုင်း အခင်းအထွက်ကိုဟော။

www.burmeseclassic.com



နိစ်နှစ်ခွင်မှာ တန်လာကို မြင်ရင်တော့ အမှုဖြစ်မယ်။

အဲသည် တိုင်သုံးတိုင်မှာ တနင်္လာကို တန်းစီးတိုင်ထိပ်မှာတွေ့ရင် ဂြိုဟ်ပရိယာယ်အတိုင်း လာဘ်ဝင်မယ်။ ဝင်ခဲ့ရင် အပြစ်ကင်းကယ်။ မစ,သူနှစ်ဦး သုံးဦးပေါ်မယ်။ တနင်္လာကို တန်းစီးတိုင်ထိပ်မှာ တစ်ချက် တွေ့ရင် တစ်ဦး၊ နှစ်ချက်တွေ့ရင်နှစ်ဦး၊ သုံးချက်တွေ့ရင် သုံးဦးမစ မယ်လို့ဟော။

ရံတိုင်မှာ တန်းအောက်တိုင်ခြေမှာ တနင်္လာသွားတွေ့ရင် ဂြိုဟ် ပရိယာယ်အတိုင်း ဝင်လာတဲ့လာဘ် ပြန်ထွက်မယ်လို့ဟော။ တကယ်လို့ လာဘ်မဝင်ဘူးဆိုရင် ရှိရင်းဥစ္စာပစ္စည်းထွက်မယ်။ လာဘ်ဝင်ရင်လဲ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစားရပြီးမှ ဝင်မယ်ဟော။

နိစ်နှစ်ခွင်မှာတနင်္လာကိုသွားတွေ့ရင်တော့ မကောင်းဘူး။ ဒုက္ခတွေ့ မယ်။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံ့တိုင်တို့မှာ တန်းအောက်မှာ တနင်္လာတွေ့ရင် ငွေ၊ ခွေး၊ ကြောင်၊ ကြက်၊ ပိုက်ကွန် တနင်္လာနံ တစ်ခုခု ဝင်မယ်။ ဝင်လာတဲ့ တနင်္လာနံအိမ်မှာ ပျောက်မယ်။ အချို့တင်မယ်။ မပျောက်ဘူးဆိုရင် ကွဲမယ်။ ပျက်စီးမယ်။ သက်ရှိဆိုရင်လည်း သေမယ်။

ကျောက်ဝင်ရင် မကောင်းဘူး၊ အနာအဆာပါမယ်။

ရံတိုင်မှာ တနင်္လာကို တန်းကပ်တွေ့ရင် ကျေးကျွန်ဝင်မယ်။ မဝင်ရင် ရှိရင်း ကျေးကျွန်ပြန်မယ်။ ရှင်ထွက်၊ သေထွက်တစ်မျိုးမျိုးနှင့် တွေ့မယ်။

အဲသည့်တိုင်သုံးတိုင်မှာ တနင်္လာတန်းစီး တွေ့ရင်တော့ တနင်္လာ နံဝင်ရင်ကောင်းမယ်။ကျေးကျွန်ကောင်း ကျေးကျွန် သစ်ဝင်ဖို့ရှိတယ်။ ဒါမှမဟုတ်ရင် လက်စွပ်၊ ကျောက်ဝင်နိုင်တယ်။ ဝင်လာတဲ့ကျောက်မှာ အနီရောင် ဖြစ်မယ်။ ပြီးတော့ ကျောက်မှာကြိုးတို့ဂေါ်တို့ ပါလိမ့်မယ်။ မပါရင်ကျောက်မှာအနာပါမယ်။ကျောက်မဝင်ရင် ဗေဒင်ဆေးလာသူ

www.burmeseclassic.com

www.burmeseclassic.com



လက်မှာ ကျောက်လက်စွပ်ရှိရမယ်။

အဲသည်လို တနင်္လာ တန်းစီးတိုင်မျိုးမှာ ကျောက်မျက်ရတနာကို ဝတ်ဆင်ဆောင်ရွက်ရင် အမှုကိစ္စပြီးမယ်။ စီးပွားရေးဒီရေအလားတိုးမယ်။ ဘုန်းကျက်သရေတိုးမယ်။ ကျောက်နီဖြစ်ရမယ်။

အဲသည် တိုင်သုံးတိုင်ရဲ့ပြမှာ တနင်္လာကို တွေ့ရင်တော့ ကျောက်နှင့် ပတ်သက်လို့ အကျိုးများမယ်လို့ ဟောပါ။

တနင်္လာကို ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်တို့မှာ နိစ်နှစ်ခွင်မှာ သွားတွေ့ရင် ကျွန်ဟောင်း၊ မိဘအမွေအနှစ်ဟောင်း၊ လယ်ယာဥယျာဉ်ထို့ အကျိုးမပေးပဲ ငုပ်နေမယ့်သဘောရှိတယ်။ သူတစ်ပါးနှောက်ယှက်မယ်။ အမွေရကိန်းရှိရင်လဲ အကြီးအကျယ်ပြောရမယ်။

တိုင်ထိပ်မှာ တနင်္လာကို တွေ့ရင်တော့ ကျောက်ကို မဟော နှင့်တော့။ ဂြိုဟ်ပရိယာယ်အရ ကျောက်ကလွဲပြီး ကျန်တာတွေကို ဟောပေတော့။ စကားပြောစရာရှိရင်လည်း နှစ်ကြိမ်နှစ်ခါပြောပြီးရင် အနိုင်ရမယ် ဟော။

သားသမီး ကျေးကျွန်နာရင်လည်း ရှုတ်တရက်မပျောက်ပဲ တရှောင်ရှောင် ဖြစ်တတ်တယ်။ သူငယ်ဖြစ်ရင်လဲ ခမဲပေးရမယ်။ ခမဲပေးရင် လူလေးယောက် ငါးယောက်လောက်ကို ကောက်ညှင်းတဝ ကျွေးရမယ်။ ပြီးတော့မှလက်၊လွန်း၊စန်းသင့်ရာနေရာမှာ ခင်းကျင်းပြီးထား။ လက်၊ လွန်း၊ စန်းတို့ရဲ့သမသတ်ကိုမျှော်။ သမသတ်ရဲ့မိတ်သင့်သူ တစ်ယောက်ယောက်က အဖြူရောင်ပစ္စည်းတစ်ခုခု၊ အကျားပါရှိတဲ့ပစ္စည်း တစ်ခုခုကို ကိုင်ပြီး သူငယ်ကို လက်ထိလက်ရောက်ပေးရမယ်။

ဆေးဆိုရင်လည်း နီကြန့်ကြန့်အဆင်း၊ ဖြူဖျော့ဖျော့အဆင်းရှိတဲ့ ဆေးနှစ်မျိုးကို လက်၊ လွန်း၊ စန်း သင့်ရာအရပ်က သမားကို ပေးစေရင် လူနာချမ်းသာရာ ရနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရံတိုင်မှာ နိစ်နှစ်ခွင်မှာ တနင်္လာတွေ့ရင် နာဖျားရင်နှစ်ကြိမ်နှစ်ခါ နာဖျားမယ်။ ဥစ္စာပစ္စည်းပျောက်ရင်လဲ နှစ်မျိုးပျောက်မယ်။ ယူသူ ခိုးသူကလည်း ဝေးဝေးလန်လန်က မဟုတ်နိုင်ဘူး။ နှစ်အိမ်ခြား၊ နှစ်လမ်းခြားကလူပဲ ယူမယ်။ အမှုဖြစ်ရင်လဲ နှစ်လမ်းခြား နှစ်အိမ် ခြား ကလူနှင့်ဖြစ်ဖို့ရှိတယ်။

အထက်ခွင်မှာ တနင်္လာတွေ့တုန်း ပစ္စည်းပျောက်ရင် အိမ်ကလူယူတာပဲ ဖြစ်မယ်။ တစ်ခြားလူ မဟုတ်ဘူး။ ယောကျာ်းမိန်းမ ပူးပေါင်းယူတာဖြစ်မယ်။

ကျေးကျွန် ကျွဲနွားပျောက်ရင်တော့ တစ်ကောင်တစ်ယောက်ပဲ ပျောက်မယ်။ တနင်္လာပရိယာယ်ကို နိစ်နှစ်ခွင်မှာ ခွဲခြားပြီး ဟောတာကို သတိပြု။

## အင်္ဂါဂြိုဟ်ပရိယာယ်

လူဆိုး၊ သူဆိုး ဒုက္ခပေးမယ်။ ကျေးကျွန်တော်လှန်မယ်။ စက်၊ လွှန်း၊ လက်နေရာ နေအိမ်အနီးအဝေးအရပ်သို့ မသွားအပ်။ သွားသော် အထိတ်တလန့် ဖြစ်ရတတ်တယ်။

အင်္ဂါဂြိုဟ်၊ လက်၊ စန်းလွှန်းရောက်ရာမှာ အနာဖြစ်မယ်။

ရံတိုင်မှာ တန်းအောက်တိုင်ခြေမှာ တနင်္လာတွေ့ရင် ၂-ဂဏန်းလို့မှတ်။ တနင်္ဂနွေတွေ့ရင်တော့ ၁-ဂဏန်းလို့မှတ်။

ရင်ပူရင်ကျပ်ဖြစ်တတ်တယ်။ ဇက်လေး၊ ခေါင်းမူးဖြစ်တတ်တယ်။ မိတ်တိုင်မှာ အင်္ဂါတန်းကပ်နေမနေ သတိထားကြည့်၊ မိတ်တိုင်နံတိုင်မှာ အင်္ဂါ တန်းကပ် နေမနေ သတိထားကြည့်။ အင်္ဂါတန်းကပ်မြင်ရင် အိမ်ဦးမှာ ဆင်ရုပ်၊ မြင်းရုပ်၊ အဝတ်တန်ဆာ၊ ငွေတစ်မတ်၊ ငှက်ပျောသီး ဖရုံနံ့တစ်လုံးနှင့် သုံးရက်ကိုးပေး။

www.burmeseclassic.com

www.burmeseclassic.com



ရံတိုင်မှာ တန်းအောက်တိုင်ခြေမှာ အင်္ဂါတွေ့ပြီ ဆိုပါတော့။ လူနာဆိုရင် အသည်းအသန်ပဲ။ ဆေးအားဖြင့် ဗုဒ္ဓဟူး။ ဆေးဖြူ ဖျော့ဖျော့ကို ပေးရင် လူနာသက်သာရှိမယ်ဟော။ အဲသည် ဖြူဖျော့ ဖျော့ ဆေးပေးပြီး ကတည်းက လူနာရောဂါ မသက်သာတာ ငါးရက်ရှိပြီလို့ဟော။

ဗုဒ္ဓဟူးက ရံတိုင်မှာရှိရင် ဆေးဖြူဆေးညို နှစ်မျိုးကိုပေးရင် အနာရောဂါပျောက်ကင်းသက်သာမယ်။ ယတြာပြုပြီး ကုသရမယ်။ အသေဘက်ချည်း မဟုတ်ဘူး။ အရှင်ဘက်ချည်းလည်းပဲ မဟောနိုင်ဘူး။သေလမ်း ရှင်လမ်း နှစ်လမ်းမြင်တယ်။ လူနာရဲ့ နံသင့်သစ်သားကို လူနာလက်တစ်တောင်တိုင်းဖြတ်၊ ခေါင်းရင်းကထား။ ညစဉ်ညတိုင်း လက်ဝဲဘက်က မီးတစ်တိုင် ထွန်းပေး။ ငှက်ပျော ၂- ပွဲပြင်ပြီး လက်ျာဘက်မှာထား။ ဂနွေသုံးချက်တီးအချိန်မှာ သုသာန်ကို ကိုယ်တိုင်းကိုယ် ထွာနှင့်ပို့။ မိတ်သစ်သား၊ နံသစ်သား၊ ရံသစ်သား ငါ့ကိုယ်စား ခံလေ ဟုဆို။

ဗြိဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်တို့မှာ အင်္ဂါကို တန်းအောက်တိုင်ခြေမှာ တွေ့ပြီဆိုပါတော့။ စုတ် ဥပဒ် နှစ်ချက်မြင်တယ်။ တနင်္ဂနွေကစပြီး ခုနစ်နံကို တန်းအောက်တိုင်ခြေမှာ တွေ့ယင် ဗြိဟ်ပရိယာယ်အတိုင်း အဝင်ဟော။ ဝင်တဲ့လာဘ် အမှုနှင့် တွဲကပ်ပါမယ်။ အမှုမဖြစ်ရင် နာမကျန်းဖြစ်မယ်။ အစားမှားတတ်တယ်။

တိုင် ၄-တိုင်မှာ အင်္ဂါကို တန်းပေါ်မှာ တွေ့ယင် အင်္ဂါနံ စိန်လက်စွပ်၊ စောင်၊ ပုဆိုး စသည် ဝင်မယ်ဟော။ အင်္ဂါ သားသမီး မ, စမယ်။ အမှုအခင်း ဖြစ်ရင် နိုင်မယ်။ အနာရောဂါဖြစ်ရင်လဲ မပြောပလောက်ဘူး။

အင်္ဂါဗြိဟ်ကို တိုင် ၄-တိုင်အောက်မှာ တွေ့ရင်တော့ လူဆိုးနှင့် တွေ့တတ်တယ်။ သူခိုးခိုးခံရတတ်တယ်။ ကျေးကျွန်တော်လွန် တတ်တယ်။ အမှုအခင်း ဖြစ်မယ်။ ဆေးစားမှားမယ်။

www.burmeseclassic.com



အင်္ဂါကို တန်းပေါ် တွေ့ယင် အင်္ဂါနံ့ပရိယာယ် အတိုင်းအစာကို ပေး ရမယ်။ သည့်တော့မှ ဆေးလိုက်မယ်။

## ဗုဒ္ဓဟူးပရိယာယ်

ဗုဒ္ဓဟူးဂြိုဟ်ကတော့ လှည်း၊ လူ၊ ခြေလေးချောင်းတို့နှင့် ပတ်သက် တယ်။ အဆင်းကတော့ ဝင်းဝင်းဝါဝါ ရွှေရွှေ။ အမျိုးကတော့ အဆွေအမျိုး ယောက်ျားပဲ။ နေရာကတော့ နေဟောင်းအရပ်။

အိမ်၊ ဒါမှမဟုတ်ရင် ရွာကနေ တောင်ဘက်စူးစူးမှာ တောစိမ်းစိမ်း စိမ့်မြိုင်၊ ဒါမှမဟုတ်ရင် မပြန့်ပြူး မညီညာတဲ့ မြေရှိမယ်။

အစားအစာအားဖြင့် ခြေလေးချောင်း ခိုက်တယ်။ စိတ်နေသဘော ထားအားဖြင့် တရှူးထိုးသမား၊ ဒါပေမယ့် သူ့သည့် ငယ်သူဖြစ်မယ်။ သတိ ထားရဖို့ ဟော။

ခြေလေးချောင်းသား၊ ကျွဲသားစားသဖြင့် ဥပဒ်ရောက်မယ်။

လှေ၊ လှည်း ဆိုရင်လည်း ပုဆိန်ချက်၊ အစင်းရာ စသဖြင့် အနာ ပါမယ်။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံ့တိုင်၊ ရံတိုင် လေးတိုင်မှာ တန်းအောက် တိုင်ခြေ၊ တန်းပေါ် တိုင်ထိပ် ဗုဒ္ဓဟူးတွေ့ရင် အကျိုးအပြစ် ကွဲပြားတယ်။ အကောင်းအဆိုးကို ဂြိုဟ်ပရိယာယ်နှင့် ညှိပြီးဟော။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံ့တိုင်မှာ တန်းအောက်တိုင်ခြေ ဗုဒ္ဓဟူးတွေ့ယင် ဂြိုဟ်ပရိယာယ်အတိုင်း လာဘ်ဝင်မယ်။ ဝင်လာတဲ့လာဘ် ထွက်မယ်။ ဝင်တဲ့ လာဘ်ဥစ္စာကြောင့် စကားပြောရကိန်း ရှိတယ်။

တိုင်သုံးတိုင်မှာတန်းထက်တိုင်ထိပ်မှာ ဗုဒ္ဓဟူးတွေ့ရင်ကောင်းတယ်။ ဝင်လာတဲ့လာဘ်ဟာ ကောင်းတဲ့ဝင်ခြင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရံတိုင်မှာ တန်းအောက်တိုင်ခြေ ဗုဒ္ဓဟူးတွေ့ရင် ဂြိုဟ်ပရိယာယ် အတိုင်း နံသင့်လာဘ်ဝင်မယ်။ ဝင်တဲ့လာဘ်ကြောင့် အမှုအခင်း မြင်တယ်။ နံသင့်ဥစ္စာကြောင့် မီးနှင့် အမှုအခင်းပေါ်မယ်။ နာမကျန်းရင်လည်း နံသင့်ရောဂါမျိုး ဖြစ်မယ်။

တန်းတက်တိုင်ထိပ်မှာ ဗုဒ္ဓဟူးတွေ့ရင် နံသင့်ဥစ္စာဝင်မယ်။ ဝင်ရင် အမှုရောက်မယ်။ ဒါပေမဲ့ အမှုနိုင်မယ်။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်တို့မှာ နှစ်နှစ်ခွင်မှာ ဗုဒ္ဓဟူးတွေ့ရင် လှည်း၊ လှေ၊ လူ၊ လယ်ယာ၊ ဥယျာဉ်၊ ရာထူး၊ ခြေလေးချောင်းတို့အတွက် မတည်မငြိမ် ဖြစ်မယ်။ ထွက်ကိန်းရှိတယ်။ အဲဒီအရာတွေကြောင့် အမှုအခင်းဖြစ်မယ်။ တရားဖြစ်ရင် တစ်စိတ်တစ်ဝက်ပဲ နိုင်မယ်။ ကျွတ်ကျွတ်လွတ်လွတ် နိုင်ဖို့မရှိဘူး။

လယ်ယာ၊ ဥယျာဉ်၊ နေရာ၊ ရာထူးမှာ အနှောက်အယှက် အလုအယက် ရှိတယ်ဟော။

ခရီးသွားမယ်ဆိုရင် ရေဘေး၊ လေဘေး၊ လူအန္တရာယ်ရှိတယ်။ အပေါင်းအသင်းနှင့်သွား။ ဆိုက်ရောက်ချိန်ကို သတိထားရင် ဘေးလွတ်မယ်။ သတိမဲ့လျော့မပြုသင့်ဘူး။ မဟုတ်ရင် အဲဒီသုံးချက်ကြောင့် ဘေးတွေ့နိုင်တယ်။

ရံတိုင်မှာ နှစ်နှစ်ခွင်မှာ ဗုဒ္ဓဟူးတွေ့ရင် နံသင့်ဥစ္စာကြောင့် အမှုအခင်း ဖြစ်နိုင်တယ်။ တရားဆိုင်ရမယ့်သူက ဆွေမျိုးစပ်ထဲက မဟုတ်ဘူး။ သူတစိမ်း ဖြစ်မယ်။ အရှုံးအနိုင်မေးယင် ရှုံးဖို့ကများတယ်။ မရှုံးစေ‌ဖောင် အတော်ကို အတိုက်အခိုက် လုပ်ရမယ်။

အထက်ခွင်မှာ ဗုဒ္ဓဟူးတွေ့ရင် ဂြိုဟ်ပရိယာယ် နံသင့်တိုင်ကြောင့် အမှု ဖြစ်မယ်ဟော။ အမှုဖြစ်ရင် အတွင်းလုပ်ပါမယ်။ အရှုံးအနိုင်ကတော့ မိမိဘက်ကနိုင်ဖို့ မရေရာဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်တိုင်၊ မိတ်တိုင်တို့မှာ တန်းပေါ်တိုင်ထိပ်မှာ ဗုဒ္ဓဟူးတွေ့ယင် မိဘဆွေမျိုးရင်းချာ သွေးနီးစပ်သူတို့နှင့် စပ်လျဉ်းပြီး ဂြိုဟ်နံသင့် အထည် အလိပ်ဝင်မယ်။ အမွေအနှစ် ဥယျာဉ် မြေဝင်မယ်။ ဝင်ယင်လည်း ကောင်းတယ်။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်တို့မှာ တန်းပေါ်ထိပ်ဖျားမှာ ဗုဒ္ဓဟူး တွေ့ရင် လှည်းစတဲ့ ဗုဒ္ဓဟူးနံဝင်မယ်။ လှည်း၊ လှေ ဒါမှမဟုတ် နံသင့် ပစ္စည်းဝင်ရင် တစ်ခုမဟုတ်ပဲ နှစ်ခုစသည်ဖြင့် ဝင်မယ်ဟော။

အလယ်တန်းပြခွင်မှာ ဗုဒ္ဓဟူးမြင်ရင် လှည်း၊ လှေစသည် ဝင်ရင် အနာ မလွတ်၊ ကိုယ့်လက်မှာ မမြဲတတ်။

ရံတိုင်မှာ တန်းပေါ်တိုင်ထိပ်မှာ ဗုဒ္ဓဟူးတွေ့တယ်ဆိုခဲ့ရင် ပြီးတဲ့ အတိုင်း ဉာဏ်ရှိသလိုဟော။

ပြမှာဗုဒ္ဓဟူးတွေ့ရင် နံသင့် အထုပ်အထည်ဝင်မယ်ဟော။ ဝင်ရင် ရန်ပါမယ်။ နံသင့်ဝင်လာတဲ့ပစ္စည်းကြောင့် အမှုဖြစ်တတ်တယ်။ ဝင်လာ တဲ့ပစ္စည်း ကို ကြာကြာမထားနှင့်။ လူခိုက်တတ်တယ်။ လူမခိုက်ရင်လည်း ဝင်လာတဲ့လာဘ် ပျက်စီးမယ်။

ဗုဒ္ဓဟူးနံသင့်ဂြိုဟ်က နေရာအားဖြင့် တောင်အရပ်၊ ဆေးအားဖြင့် ဖြူဖျော့ဖျော့၊ ညိုစိမ်းစိမ်းဆေး။ ဗုဒ္ဓဟူးတန်း အောက်တိုင်ခြေမှာ တွေ့ ရင် ထိုဆေးတို့ကို ခိုက်တယ်ဟော။

ခိုက်တဲ့ဆေးက ဂြိုဟ်တိုင်မှာဆိုရင် မိမိအိမ်မှာ မိတ်တိုင်မှာဆိုရင် အဆွေခင်ပွန်း၊ နံတိုင်မှာဆိုရင် ကိုယ်အောက်လူသားချင်း၊ ရံတိုင်မှာ ဆိုရင် တော့ သူတစ်စိမ်း၊ အဲဒီလူတွေ ဆေးခိုက်ပြီး ဘေးဖြစ်မယ် ဟော။

ဗုဒ္ဓဟူးတန်းပေါ် မှာ တွေ့ရင်တော့ ဆေးသင့်တယ်။ အစားလည်း သင့်တယ်။ အထက်ကို လာဘ်လို့မှတ်ရမယ်။ တိုင်အရ မိမိကြောင့်၊ နံနီး မယားကြောင့်၊ အဆွေခင်ပွန်းကြောင့်ရတယ်လို့ ဉာဏ်ရှိသလို ခွဲခြမ်း စိတ်ဖြာပြီး ဟောလေ။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေးဂြိုဟ် ပရိယာယ်

ကြာသပတေးဂြိုဟ်ကတော့ စုတ်ဂြိုဟ်ဆိုပါတော့။ ထဘီဝတ်၊ အထုပ်အထည်၊ မြေ၊ ဖြူတဲ့အဆင်း၊ ဖြူဖြူ ပျော့ပျော့ပျောင်းပျောင်း လက္ခဏာကို ဆောင်တယ်။

ကရုဏာ၊ မေတ္တာနှင့် ပီယဝါစာ ကောင်းတယ်။ ဗဟုသုတ စာမှီးထတ်တဲ့ သဘောရှိတယ်။

ဆေးအားဖြင့် ဖြူဖျော့ဖျော့ အဆင်းရှိတယ်။

မိန်းမအားဖြင့် အသားဖြူညို၊ ဆံပင်ဖားဖား၊ သွားစိပ်စိပ်၊ နှုတ်ခမ်းပါးပါးရှိမယ်။ စကားပြော ခြေင်တယ်။ ပျူပျူငှာငှာ ရှိတယ်။ လောကဝတ် ညှိဝတ်ကျေပွန် တယ်။

လျှောက်ပတ်တင့်တယ်တဲ့ ပုံပန်းသဏ္ဌာန် ရှိမယ်။ ပုံပန်းကတော့ ဝါးပါးမြင့်မြင့် ရှိမယ်။ လုံးရပ်သဏ္ဌာန် အဆင်ပြေမယ်။ ဆံပင် ကောင်းမယ်။ မျက်နှာပြည့်ဝန်းမယ်။

ကြာသပတေးသို့ စန်း၊ လက်၊ လွှန်း ကျသူတို့ဟာ နေရာနှင့် မနီးမဝေးလောက်မှာ တောချို၊ ဒါမှမဟုတ်ရင် သစ်ပင်ကြီး၊ ဟုတ်ရင် လွင်ပြင်ပတ်လည်ရှိမယ်။ မညီမညွတ်ရှိတဲ့မြေ၊ ခြတောင်ပို့ရှိတဲ့ မြေမျိုး ရှိမယ်။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်တို့မှာ တန်းအောက်တိုင်ခြေ ကြာသပတေးတွေ့ရင် ကြာသပတေး ပရိယာယ်အားဖြင့် ညှံဟောပေတော့၊ ပစ္စည်းဝင်ရင် မမြဲဘူး။

တန်းပေါ်တိုင်ထိပ်မှာ ကြာသပတေးတွေ့ရင် ဂြိုဟ်ပရိယာယ် အတိုင်း ပစ္စည်းဥစ္စာဝင်မယ်။

ရံတိုင်မှာ တန်းအောက်တိုင်ခြေမှာ ကြာသပတေးဖြင့်ရင်တော့ မကောင်းဘူး၊ ထဘီဝတ်ကြောင့်ပဲ ဖြစ်ဖြစ်၊ ဖြူတဲ့ဥစ္စာကြောင့် ဖြစ်ဖြစ် လူစိမ်းသူစိမ်းနှင့် စကားပြောရကိန်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်အားဖြင့်တော့ကြာသပတေး တန်းအောက်မြင်ရင်ရပ်ဝေးကို ဟော။ ရပ်ဝေးမှ ဥစ္စာဝင်မယ်။ ဝင်ရင်လဲ ရန်နှင့်တွေ့မယ်။ ဝင်တဲ့ဥစ္စာ လာဘ်မမြဲဘူး။ ဝင်လာတဲ့ပစ္စည်းဟာ ခြေ ၄-ချောင်း၊ ခြေ ၂-နှစ်ချောင်း တိရစ္ဆာန်ဖြစ်ရင် ပျောက်မယ်၊ သေမယ်ဟော။ မိန်းမ ဒါမှ မဟုတ်ရင် လူ ယောကျ်ားဆိုရင်တော့ လိမ်လည်မှုကြောင့် အမှုဖြစ်မယ်ဟော။ လိမ် လည်ပြီး တိမ်းရှောင်ထွက်ပြေးတတ်တယ်ဟော။

ဗြိဟ်တိုင်၊ မိတ်တိုင်၊ နံတိုင် ကြာသပတေးသမီး ကြာသပတေးကို တန်းအောက်တိုင်ခြေမှာတွေ့ရင် သေဘေးနှင့် ကြုံမယ်ဟော။

ဗြိဟ်တိုင်၊ မိတ်တိုင် ၂-တိုင်မှာ တန်းအောက်တိုင်ခြေမှာ ကြာသ ပတေးတွေ့ရင် ဆေးပြောင်းပြီး ကုသရမယ်။ သေလမ်း၊ ရှင်လမ်း နှစ်လမ်း မြင်တယ်။ ပစ္စည်းဥစ္စာလျော့မယ်။ ပစ္စည်းဥစ္စာမလျော့ရင် လူလျော့မယ် ဟော။

ယတြာကတော့ တစ်, အိမ်အိမ် တစ်နေရာရာကို ယာယီပြောင်းရွှေ့ နေထိုင်ရမယ်။

နံတိုင်၊ ရံတိုင်မှာ ကြာသပတေး တိုင်ခြေခံရင် လူတော့နာမယ်။ ဒါပေမယ့် မထောင်းတာဘူး၊ ဖျူဖျော့ဖျော့ဆေး၊ နီကြန့်ကြန့်ဆေး၊ ညိုညို ဆေး၊ ဆေးသုံးမျိုးနှင့် ကုစားရင် ပျောက်နိုင်တယ်။

နိစ် ၂-ခွင်မှာ တိုင်သုံးတိုင်လုံးပဲဖြစ်ဖြစ်၊ ၂-တိုင်မှာ ဖြစ်ဖြစ် မိမိမွေးနံ ကြာသပတေးကိုတွေ့ရင် နာပေမယ့် မထောင်းတာဘူး။ အမှုဖြစ်ရင်လဲ အရေးမဟုတ်ဘူး။ အဲမနာသေးဘူး၊ အမှုမဖြစ်သေးဘူးဆိုရင်တော့ နာ မယ်။ အမှုဖြစ်မယ်ဟော။ ဘာကြောင့် အမှုဖြစ်မယ်ဆိုတာကိုတော့ ဗြိဟ် ပရိယာယ်အတိုင်း မိန်းမကြောင့်၊ အထုပ်အထည်ကြောင့်လို့ ဟော။

သည်သဘောလေးကို မှတ်ယူပြီး ကျန်နေ့သားတွေ မိမိတို့ မွေးနံကို ဗြိဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်၊ ရံတိုင်မှာ တန်းကစ်တိုင်းခြေမှာ တွေ့ရင် အဖြစ်အပျက် အဖျားအနာကို ထောက်ရှုပြီး ဟောနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲခုနှစ်ရက်သားသမီးတွေ မိမိတို့ မွေးနံတိုင်ထိပ်ကို ရောက်ရင် ကောင်းတယ်။ ပွင့်တယ်လို့ ဟောရမယ်။ ရဟန်းလဲ ရဟန်းအလျောက်၊ ဆင်းရဲသားလည်းပဲ ဆင်းရဲသားအလျောက်၊ မူးမတ်၊ သူဌေးသူကြွယ်၊ ကျွန်သည် လယ်လုပ်သူလည်း သူ့အလုပ်အလျောက် လာဘ်သပ္ပကာ အဝင်ကောင်းမယ်ဟော။ အချီးအမြှောက် ခံရမယ်ဟော။

နံတိုင်၊ ရံတိုင်၊နှစ်တိုင်မှာ တစ်တိုင်တိုင်မှာ မွေးနံတိုင်ထိပ်ရောက်နေရင် မိတ်တိုင်မှာ နံတူတွေ့ရင် ရှေ့က ဟောခဲ့ သလို ကြည့်ဟောပေတော့။

## သောကြာဂြိုဟ် ပရိယာယ်

သောကြာဂြိုဟ်ကတော့ အဆင်းကတော့ ဖြူတဲ့အဆင်း၊ ဝါကြန့်ကြန့် အဆင်း။ အရပ်ကတော့ စောက်စောက်၊ ဆံဖါးဖါး ရှိမယ်။

သဘောအားဖြင့် စကားမတည်၊ အိမ်ခြေမတည်၊ နေရာမတည် ရှိမယ်။ အနာဥပဒ်အားဖြင့်တော့ ရင်နာ၊ ပန်းနာ၊ တရှောင်ရှောင်အနာ၊ ဝမ်းပျက်နာ၊ လက်ဝဲဘက်က၊ လေပြင်လေခဲ ရှိရာတယ်ဟော၊ ဝမ်းမီးမကောင်းဘူး၊ ကျင်ကြီးကျင်ငယ် စွန့်မကောင်းဘူးဟော။

သတ္တဝါအားဖြင့်တော့ ခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ အတောင်ရှိတဲ့ သတ္တဝါ ၊ အခြေမရှိတဲ့ သတ္တဝါ၊ ဆေးအားဖြင့်တော့ ဖြူဖျော့ဖျော့ ဝါကြန့်ကြန့် ပဲ။ နေရာအားဖြင့်တော့ ယာယီခရီးရှိတယ်။ နေရာဟောင်းမှ နေရာသစ်၊ အိမ်ဟောင်းမှ အိမ်သစ် အကူးအပြောင်း ရှိတယ်ဟော။

နှလုံးနာမယ်။ ပို့အန်မယ်၊ ရင်ခေါင်းအောင့် သက်သက်ရှိမယ်၊ ကျင်ငယ် အသွားအလာ တွန့်မယ်။ ကျင်ချောင်းအောင့်သက်သက်ဖြစ်မယ်။ ကျင်ကြီး အရောင်ပြောင်းမယ်။ နီတစ်ခါ ဝါတစ်လှည့် ရှိမယ်။

အရပ်အားဖြင့်တော့ မြင့်မြင့်ပါးပါး ခြေကျင်ဝတ်ကျင်ရှိမယ်၊ မျက်နှာ သွယ်မယ်။ အသားဖြူမယ်၊ မဖြူရင် ဝါမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်တို့မှာ သောကြာကို တန်းအောက်တိုင်ခြေ တွေ့ရင် လာဘ်ဝင်ရင် မမြဲဘူးဟော။

ဂြိုဟ်တိုင်မှာ ဆိုရင်တော့ မိမိနှင့်စပ်လျဉ်းတဲ့ လာဘ်ပဲ။ မိတ်တိုင်မှာ ဆိုရင်တော့ ဇနီးမယား၊ အဆွေခင်ပွန်းကောင်းနှင့် စပ်သွယ်တဲ့ လာဘ်လို့ ဟော။ နံတိုင်မှာဆိုရင်တော့ သားသမီးကျေးကျွန်တို့နှင့် စပ်သွယ်လာတဲ့ လာဘ်လို့ ဟော။ မတည်မြဲဘူး၊ အကျိုးမခံစားရဘူးလို့ ဟောလေ။

တိုင်အရ မိမိ, ဇနီး, မယား, သားသမီး, ကျေးကျွန်ဆိုပြီး ခွဲ ဟောရမယ်။ သောကြာ တန်းအောက်တိုင်ခြေမှာ တွေ့ရင် ဂြိုဟ်တိုင်အရ ဆိုရင်မိမိမှာ လေအားကြီးမယ်။ သွေးသံယိုမယ် ဟော။ တန်းအောက်မှာ ဆိုရင် ဆီး၊ ရင်၊ ခါး၊ ဝမ်းကို ဥပဒ်ပေးမယ်ဟော။ သည်အတိုင်းပဲ နံတိုင် မှာဆိုရင် သားသမီး ကျေးကျွန်ကို ဟော။

ခရီးနှင့်ပတ်သက်ပြီး မေးရင်တော့ တန်းအောက်တန်းကပ် သောကြာ တွေ့ရင် သွားပြီဟော။ မသွားရသေးရင် သွားရမယ်လို့ဟော။ သွားရင်လဲ အဖော်ပါမယ်။ သွားတဲ့ခရီး အကျိုးစီးပွားမရှိလှ၊ နည်းနည်းပါးပါး လောက်ပဲ အကျိုးဖြစ်မယ်ဟော။

တိုင်သုံးတိုင်မှာ တိုင်ခြေမှာ သောကြာတွေ့ရင် ခရီးဆုံး ရောက်ပြီလို့ ဟော။

နိစ် ၂-ခွင်မှာ တွေ့ရင်တော့ ခရီးဆုံး မရောက်သေးဘူး၊ ရောက်တော့ မယ်ဟော။ တစ်စခန်း နှစ်စခန်းသာ ကျန်တော့တယ်လို့ ဉာဏ်ကုန် သလိုဟော။

တိုင်သုံးတိုင်မှာ တန်းကပ် သောကြာတွေ့ရင် ခရီးသွားဖို့ အကြံ အစည် ရှိတယ်ဟော။ အပေါင်းအဖော်ကြောင့် ခရီးဖင့်နေတယ်လို့ ဟော။

တိုင်သုံးတိုင်မှာ ပြခွင်မှာ သောကြာတွေ့ရင် လာပြီ၊ နေရာဟောင်း က ထွက်လာပြီ၊ တစ်စခန်း နှစ်စခန်း ရောက်လာပြီဟော။

တိုင်ထိပ်မှာ သောကြာတွေ့ရင် လမ်းခုလတ် ရောက်ပြီဟော။ ခရီး



ရောက်ရက်ကို ၃-ရက်၊ ၉-ရက်လို့ဟော။ ဒါပေမယ့် ခရီးအတိုင်း အရှည် ကိုတော့ ချင့်တွက်ပြီး ဟောရမယ်။ ခရီးအတိုအရှည်ချင့်ပြီး ယှဉ်ကိုပိုင်း ဟောရမယ်။

တိုင်သုံးတိုင်မှာ တိုင်ထိပ် တန်းစီ သောကြာရှေ့တွေ့ရင် လာဘ် ယာယီ ဝင်မယ်။ ဝင်ရင် ကောင်းတယ်လို့ဟော။ အကျိုးဆောင်ရွက်ရင် အောင် မယ်လို့ဟော။ မုဆိုးဖို၊ မုဆိုးမ ဝင်မယ်။

အနာရောဂါကို ဟောမယ်ဆိုရင် ဦးခေါင်းကို သွေးရောက်မယ်၊ ခါးဆောင့်မယ်။ ဇက်လေးမယ်။ အထိုင်အထ မူးမော်မယ်။ အနာဖြစ်ကိန်း ရှိတယ်လို့ဟော။ မျက်စိ၊ ခံတွင်း မကောင်းလို့ဟော။ အနာပေါက်ရင်လည်း မြင်းသရိုက်နာ၊ အသားပွနာ ဖြစ်တတ်တယ်လို့ ဟော။ အစားလည်း များတတ်တယ်။

လေ့ဆိုရင် ဦးပဲ့မှာ အပျက်ပါမယ်ဟော။

ရုံတိုင်မှာ တန်းအောက်တိုင်ခြေမှာ သောကြာတွေ့ရင် ဂြိုဟ် ပရိ ယာယ်အရ နံသင့်ဝင်မယ်။ ရန်နှင့်တွဲဝင်မယ်။ ခရီးသွားရင် အမှုဖြစ်မယ်။ အခြားသူကြောင့် အမှုဖြစ်ရတာလို့ ဟော။ နေယင်းထိုင်ရင်း အိမ်ပေါ်က အမှုရောက်မယ်။ အမှုရောက်ပေမယ့် ကိုယ်ကမှားလို့တော့ မဟုတ်ဘူး၊

ရုံတိုင်တန်းပေါ် တိုင်ထိပ်မှာ သောကြာတွေ့ရင် ယာယီအားဖြင့် ဥစ္စာ ဝင်မယ်။ ဝင်ရင် အမှုပါမယ်။ ဒါပေမယ့် အမှုနိုင်မယ်။

## စနေဂြိုဟ် ပရိယာယ်

စနေဂြိုဟ်ဆိုတာတော့ ကြာဖူးတဲ့အတိုင်းပဲ။ မကောင်းဘူးလို့ တသ မှတ်ထဲ မှတ်ထင်ထားကြတယ်။ သည်လိုလည်း မဟုတ်ဘူး။ အထက်မှာ နေရင် ထီး၊ အောက်မှာနေယင် မီးလို့ ခွဲမှတ်ထားရမယ်။ အထက်မှာ တော့ ထီးအဖြစ် အရိပ်ခိုရလို့ အေးမြတယ်။ အောက်မှာဆိုရင်တော့ မီးဖြစ်လို့မှို ပူမယ်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရက်ကို ၃-ရက်၊ ၉-ရက်လို့ ဟော။ ဒါပေမယ့် ခရီးအတိုင်း အရှည်ကိုတော့ ချင့်တွက်ပြီး ဟောရမယ်။ ခရီးအတိုအရှည်ချင့်ပြီး သကိုပိုင်းဟောရမယ်။

တိုင်သုံးတိုင်မှာ တိုင်ထိပ် တန်းစီ သောကြာရတွေ့ရင် လာဘ် ယာယီဝင်မယ်။ ဝင်ရင် ကောင်းတယ်လို့ဟော။ အကျိုးဆောင်ရှက်ရင် အောင်မယ်လို့ဟော။ မုဆိုးဖို၊ မုဆိုးမ ဝင်မယ်။

အနာရောဂါကို ဟောမယ်ဆိုရင် ဦးခေါင်းကို သွေးရောက်မယ်၊ ခါးဆောင့်မယ်။ ဇက်လေးမယ်။ အထိုင်အထ မူးမော်မယ်။ အနာဖြစ်ကိန်းရှိတယ်လို့ဟော။ မျက်စိ၊ ခံတွင်း မကောင်းလို့ဟော။ အနာပေါက်ရင်လည်းမြင်းသရိုက်နာ၊ အသားပွနာ ဖြစ်တတ်တယ်လို့ ဟော။ အစားလည်းမှားတတ်တယ်။

လှေဆိုရင် ဦးပဲ့မှာ အပျက်ပါမယ်ဟော။

ရံတိုင်မှာ တန်းအောက်တိုင်ခြေမှာ သောကြာတွေ့ရင် ဂြိုဟ် ပရိယာယ်အရ နံသင့်ဝင်မယ်။ ရန်နှင့်တွဲဝင်မယ်။ ခရီးသွားရင် အမှုဖြစ်မယ်။ အခြားသူကြောင့် အမှုဖြစ်ရတာလို့ ဟော။ နေယင်းထိုင်ရင်း အိမ်ပေါ်ကအမှုရောက်မယ်။ အမှုရောက်ပေမယ့် ကိုယ်ကမှားလို့တော့ မဟုတ်ဘူး။

ရံတိုင်တန်းပေါ် တိုင်ထိပ်မှာ သောကြာတွေ့ရင် ယာယီအားဖြင့် ဥစ္စာဝင်မယ်။ ဝင်ရင် အမှုပါမယ်။ ဒါပေမယ့် အမှုနိုင်မယ်။

## စနေဂြိုဟ် ပရိယာယ်

စနေဂြိုဟ်ဆိုတာတော့ ကြာဖူးတဲ့အတိုင်းပဲ။ မကောင်းဘူးလို့ တသသမှတ်ထဲ မှတ်ထင်ထားကြတယ်။ သည်လိုလည်း မဟုတ်ဘူး။ အထက်မှာနေရင် ထီး၊ အောက်မှာနေယင် မီးလို့ စွဲမှတ်ထားရမယ်။ အထက်မှာတော့ ထီးအဖြစ် အရိပ်ခိုရလို့ အေးမြတယ်။ အောက်မှာဆိုရင်တော့မီးဖြစ်လို့မို့ ပူမယ်။

www.burmeseclassic.com

www.burmeseclassic.com



စနေကို တိုင်အောက်မှာတွေ့ရင်၊ အိပ်ရာ၊ အဝတ်အစား မီးသင့်မယ်။ ဒါမှမဟုတ် ကိုယ်ဝန်သည်ဆိုရင် မီးဖွားမယ်။ ထဘီဝတ်များနှင့် စကားများရတတ်တယ်။

ဗြိဟ်တိုင်မှာ တန်းကပ်မှာ စနေကိုတွေ့ရင် မိမိကိုယ်မှာ အနာရောဂါ ဖြစ်မယ်။ မိမိကြောင့် အမှုဖြစ်မယ်။

မိတ်တိုင်တန်းကပ်မှာ စနေတွေ့ရင် ဇနီး သား မယား မကျန်းမမာ ဖြစ်မယ်။ ဇနီးသား မယားကြောင့် အမှုဖြစ်မယ်။ မိတ်ဆွေကြောင့် စကားများရမယ်ဟော။

နံတိုင်မှာတွေ့ရင်တော့ သားသမီး၊ ကျေးကျွန်တို့ကြောင့် စကားများရနိုင်ဖြစ်ကိန်း ရှိတယ်။ ရံတိုင်မှာဆိုယင်တော့ အရပ်နှင့်ဖြစ်ဖြစ်၊ ဆွေမျိုးရင်းချာသားသမီးတို့နှင့် ဖြစ်ဖြစ် သေကွဲရှင်ကွဲ ကွဲတတ်တယ်။ အတိုင်အခိုက် ရှိတယ်ဟော့။

'အထက်မှာထီး၊ အောက်မှာမီး' လို့ ဆိုရာမှာ ထီးနှင့်မီးကို အကြီးအသေး၊ အနုအရင့် ခွဲရမယ်။ အကြီးအသေး၊ အနုအရင့် ရှိတယ်။ သုံးမျိုးသုံးစား ခွဲနိုင်တယ်။

တန်းအထက်သုံးခွင် အောက်ဆုံးခွင်မှာ ဆိုရင် ထီးအသေးပဲ။ ကောင်းကျိုးတော့ပေးမယ်။ ဒါပေမယ့် တော်ရုံသင့်ရုံ ဆိုပါတော့။ အလယ်ခွင်ဖြစ်တဲ့ ပြခွင်မှာဆိုရင် ထီးလတ်ဖြစ်တယ်။ အလယ်အလတ် အကျိုးပေးမယ်ဟော။ အဲ ထိပ်ဆုံးခွင်ဖြစ်တဲ့ တိုင်ထိပ်မှာ ဆိုရင်တော့ ထီးကြီးပဲ။ ကြီးကြီးကျယ်ကျယ် ကောင်းကျိုးပေးမယ်ဟော်။

မီးဆိုရာမှာလည်း သည်အတိုင်းပဲ။ လေးမျိုးလေးစား ခွဲနိုင်တယ်။ တန်းအောက် လေးခွင်အနက်က အပေါ်ဆုံးခွင်ဖြစ်တဲ့ တန်းကပ်မှာ ဆိုရင် မီးနု၊ ပူလောင်ရာမှာ အနည်းအပါး ဆိုပါတော့။ ကြီးကြီး ကျယ်ကျယ် မဖြစ်ဘူး။ နောက်တစ်ခွင်ဖြစ်တဲ့ မန္ဒနိစ်ခွင်မှာ ဆိုရင်တော့ မီးလသာပဲ။ အလယ်အလတ်လောက်တော့ ပူမယ်လောင်မယ်ဆိုတဲ့ သဘောရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



တိက္ခနိစ်ခွင်မှာ စနေဟာ မီးရင့်ဖြစ်ပြီး ပြင်းပြင်းထန်ထန် ပူလောင်မယ်။ အောက်ဆုံးခွင်တိုင်ခြေမှာ ဆိုရင်တော့ မီးလွန်မီး။ အပြင်းထန်ဆုံးပဲ။

ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင် သုံးတိုင်တို့မှာ တတိုင်တိုင်မှာ ထီးပွင့်ရင် ကောင်းတယ်။ မင်းအမြှောက်အစားခံရမယ်။ ရာထူးစည်းစိမ်ရမယ်။ စီးပွါးဥစ္စာ တိုးပွားမယ်။

တန်းပေါ်ဂဏန်းကိုရေတွက်ပြီး ချမ်းသာမယ့် နှစ်, လ, ကို ဟော နိုင်တယ်။ တိုင်ထိပ် တိုင်လယ်မှာ ထီးပွင့်ရင် မိမိမွေးလကနေ ကျန် လဘက် တစ်လကို ပိုင်းပြီးဟော။ မွေးလက သုံးလကနေ နှစ်ကို သုံးချိုး လေးချိုးပိုင်း၊ မွေးလက သုံးချိုးပိုင်းကို အပြစ်ဟော။ ကျန်အပိုင်းကို ကြည့်ဟော။

ဂြိုဟ်တိုင်၊ မိတ်တိုင်မှာ တိုင်ထိပ်နှစ်ရပ်မှာ ထီးပွင့်တယ် ဆိုရင် တော့ ဂြိုဟ်စားသက်ကို သုံးချိုး ချိုးလိုက်။ တစ်ချိုးကို ဖယ်လိုက်။ ကျန်နှစ် ချိုးမှာ အကျိုး ပေးမယ်ဟော၊ အဲသည်နှစ်ချိုးအနက် တစ်ချိုးကုန်တဲ့ တစ် ဝက်မှာ ဥပဒ်ရောက်တတ်တယ်။ ဥစ္စာပျက်တတ်တယ်။

တစ်နှစ်ကိုလဲ ၃-လ၊ ၄-လစီ ပိုင်း၊ မွေးလက ရှေ့ ၆လ စုတ်၊ဥပဒ် ပူးဝင်မယ်။ ကျန် ၆-လကတော့ စုတ်ပဲဟော။

စုတ်၊ လာဘ်ရမယ့် အရပ်ကတော့ လက်, လွန်းရှိရာ အရပ်ကဖြစ် မယ်။ အဲသည်အရပ်က မ, စမယ့်သူ ပေါ်မယ်။

ရံတိုင်မှာ ထီးသုံးစင်းအနက်က ထီးငယ်တွေ့မယ်ဆိုတော့ တရားဖြစ် ရင် နိုင်ဖို့ဝက်ဝက်ရှိတယ်ဟော။ ထီးလတ်ဆိုရင်တော့ နိုင်ဖို့ရာ သုံးပုံနှစ်ပုံ ပဲ။ တကယ်လို့ ထီးကြီးဆိုရင်တော့ လုံးဝဥသုံနိုင်မယ်။

တိုင်လေးတိုင်တို့မှာ တန်းပေါ်၊ တန်းလယ်၊ တန်းထိပ်မှာ စနေ တွေ့ပြီ ဆိုပါတော့။ ထီး အစုံအလင် မယှိမယွင်း ရှိတာကြောင့် တန်း၊ မင်းစိုးရာဇာ၊ သူဌေး၊ သူဆင်းရဲလူကိုလိုက်ပြီး ဟောလေ။

အဆင်းအားဖြင့်တော့ အနီ၊ အနက်၊ စိမ်းရွှေရွှေ၊ နေရာအားဖြင့် ချိုင့်ဝှမ်း၊ ကျင်း၊ အငုတ်၊ အဆွေး။ လိင်အားဖြင့်တော့ လူမိန်းမ၊ နတ်မိန်းမ။

www.burmeseclassic.com

www.burmeseclassic.com



အရပ်အမောင်းအားဖြင့်တော့ မြင့်မြင့်သွယ်သွယ် ပါးပါး၊ ယဉ်ယဉ်ကျေးကျေး၊ ဖွယ်ဖွယ်ရာရာ ရှိမယ်။ စိတ်ထက်မြက်မယ်။ အမှတ်အသားကြီးမယ်။ ဉာဏ်စွမ်းရှိမယ်။ လိမ္မာရေးခြားရှိမယ်။ တစ်ဘက်သားကိုတိမ်းပါးအောင် ဖြားယောင်းနိုင်မယ်။ နုတ်ခမ်း ပါးမယ်။ နားရွက်ပြန့်မယ်။ လည်တိုင် ကျဉ်းမယ်။

ဆေးအားဖြင့်တော့ အသွေးအားဖြင့် စိမ်း၊ ရွှေ နီ ဖြစ်မယ်။ တန်းအောက်၊ တိုင်ခြေ၊ တန်းကပ်မှာ စနေကိုတွေ့ရင် အဲသည် အသွေးအရောင်ရှိတဲ့ ဆေးကိုပေးလို့ မသင့်ဘူး။ ရောဂါတိုးမယ်။ ဆေးခိုက်တယ်။

တိုင်သုံးတိုင်မှာ တန်းပေါ်မှာ စနေတွေ့ရင်တော့ ကောင်းတယ်။ ကောင်းစားမယ်ဟော။ ထီးလတ်ဆိုရင် ကောင်းစားစပြုပြီဟော။ အကြွအစည် အထမြောက်မယ်။ မင်းခစား မင်းမှုထမ်းဆိုရင်တော့ ရာထူးတိုးမယ်။

ထီးကြီးဆိုရင် အေးချမ်းမယ်။ တရားဖြစ်ခဲ့ရင် နိုင်မယ်။

မိတ်တိုင်မှာ ထီးကြီး၊ နံတိုင်မှာလဲ ထီးကြီးဆိုရင် စုတ်ခြေ နှစ်ချောင်းဝင်မယ်။ ယောက်ျားဆိုရင် မိန်းမရမယ်။ မိန်းမဆိုရင် လင်ဟောင်းကိုစွန့်ပြီး လင်သစ်ရမယ်။ လင်သစ်ကို ခင်မယ်ဟော။

အရသာကတော့ ချဉ်လွန်းခါးလွန်းတဲ့ အရသာ၊ ခါးလွန်းတဲ့ အရသာနှင့် တည့်တယ်။

နေရပ်အားဖြင့်ဆိုရင် နေအိမ်မှ အနောက်မှာ ချောင်းကွေ့ လမ်းချိုး၊ တွင်း၊ ကျင်း၊ ကိုယ်ဝန်ဆောင် မိန်းမရှိမယ် ဟော။

ကြောင်မွေးရင် ခွေးကိုက်လို့ သေတတ်တယ်။ ခွေးမွေးရင် အမိနှင့်ကွဲတတ်တယ်။ မွေးသမျှ အဖတ်မတင်ဘဲ တစ်ချို့တစ်ဝက်ကို လူယူမယ်ဟော။

ကိုယ်အင်္ဂါကို မေးရင်တော့ အဝတ်အစား ဖုံးကွယ်ထားတဲ့နေရာမှာ မှဲ့၊ ပွေး၊ တင်းတိတ်၊ အကွက်အမှတ်ပါမယ်။ ခမဲ့၊ ပေးရင် ဖြိုဟ်ပရိယာယ်အတိုင်း အစိမ်း၊ အရွှေ၊ အနီ ရှိတဲ့ နံ့သင့်ပစ္စည်းကိုပေး။

www.burmeseclassic.com

www.burmeseclassic.com



## ရာဟုပရိယာယ်

ရာဟုဆိုတာကတော့ ဗုဒ္ဓဟူးမွန်းတည့်မှ ညဉ့်သန်းခေါင်ကို ဆိုလိုတာ။ ဗုဒ္ဓဟူးနှင့် ရာဟုကို ခွဲတဲ့နေရာမှာ ဗုဒ္ဓဟူးကတော့ အစွယ်ရှိတဲ့ ဆင်ပြောင်လို့ မှတ်။ ရာဟုကတော့ အစွယ်မရှိသေးတဲ့ ဟိုင်းဆင်လို့မှတ်။ ဟိုင်းဆင်ရဲ့ သဘောက ခက်ထန်တယ်။ ရှန့်ရင်းကြမ်းတမ်းတယ်။ မထီလေးစားနိုင်တယ်။ အချင်းချင်း မင်းမူချင်တဲ့ လက္ခဏာ ရှိတယ်။

နောက်တနည်းပြောရရင် ရာဟုဟာ အသူရိန်နတ်ဖြစ်တယ်။ နေ့လကို ဖမ်းဆီးတယ်။ ဒါကြောင့် အရောင်အဝါ ညှိုးနွမ်းစေတဲ့ သဘောရှိတယ်။

ဒါကြောင့် ရာဟုဂြိုဟ်ဟာ စည်းစိမ်ပျက်၊ နေရာပျက်၊ အနာရောဂါဖိစီး၊ အဖမ်းအဆီး ပရိယာယ်ကို ပြတယ်။

ဂြိုဟ်စား သက်ရောက်၊ ဂြိုဟ်အိပ်၊ စန်း၊ လက်၊ လွှန်း၊ ရာဟုကို ရောက်ရင် စန်းပြတ် လွှန်းပြတ်တယ်။ ယာယီဂြိုဟ်ကို အမှီပြုပြီး ဟောရတယ်။

ရာဟုဂြိုဟ်မှာ စန်း၊ လက်၊ လွှန်းကျသူတို့ဟာ နေအိမ်ရဲ့ အနောက်မြောက် မနီးမဝေးမှာ အင်းပျက်၊ အိုင်ပျက်၊ တောစပ် စသဖြင့် ဂြိုဟ်ပရိယာယ်အရ ရှိတယ်ဟော။ အိမ်မှာ တစ်နေရာရာ ပျက်နေတယ်လို့ဟော။

အိမ်ဆောက်တယ်ဆိုရင်လဲ တိုင်-ထုပ်-ရနယ်-ဆင့်-ပေါင်းကွပ်၊ အဟောင်းအမျိုးပါမယ်ဟော။ မိန်းမကိုယ်ဝန်ရှိမယ်။ မုဆိုးဖို၊ မုဆိုးမ အိမ်တွင် ရောက်မယ်။ ရှူနာ၊ ပန်းနာ၊ လေနာ၊ တရှောင်ရှောင် နာတဲ့သူ ည်း အပေါ်မှာရှိမယ် ဟော။

တနင်္ဂနွေ အင်္ဂါမှာ စန်း၊ လက်၊ လွှန်း ရောက်ရင်တော့ ဥပဒ်ကင်းတယ်။ လာဘ်တော့ ရမယ်။ ကုန်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာပ. စန်း၊ လက်၊ လွန်း၊ ရောက်ရင် စန်းပြုတ်၊ လက်ပြုတ်၊ လွန်းပြုတ် ဖြစ်တယ်။ သည်တော့ ရာဟုဂြိုဟ်သက်ကို သုံးချိုးချိုး၊ နှစ်ချိုးကိုပယ်။ သမသတ် မြင်ရာ အင်္ဂါဂြိုဟ်သက်ကိုလည်း အဲသည်အတိုင်းပယ်။ ပယ်ပြီး ကျန်တဲ့ နှစ်ရပ် ကိုပေါင်း၊ လ, အားဖြင့် ရေတွက်ပြီးဟော။

တနင်္ဂနွေ စန်း၊ လက်၊ လွန်းတခုခုတွေ့ရင် ရာဟု၊ အင်္ဂါတို့ အတိုင်းပဲ သုံးပုံပုံ၊ နှစ်ပုံကိုပယ်၊ အကျန်နှစ်ရပ်ကို ရောနှော။ နှစ်, လ အားဖြင့် ဟော။ စီးပွား, ဥစ္စာ ပျက်စီးယိုယွင်းမယ်လို့ ဟော။

အင်္ဂါဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်ကတော့ ဂြိုဟ်ရာဇာဖြစ်တယ်။ အဲသည် ဂြိုဟ်တို့ ဂြိုဟ်စားသက်ရောက်၊ ဂြိုဟ်အိပ်, စန်း, လက်, လွန်း တစ်ခုခုတွေ့ရင် ဆိုင်ရာအရပ်ကို သွားရင် စန်း, လက်, လွန်း ကျတယ် ဆိုရင်တော့ လာဘ်ရမယ်။ ဂြိုဟ်စား သက်ရောက်ဆိုရင်တော့ လာဘ် မရဘူး။

စနေ၊ ရာဟုဂြိုဟ်စား သက်ရောက်ဆိုရင် သမသတ်မြင်ရာ အရပ်ကို မသွားကောင်းဘူး။ ရန်မလွတ်ဘူး။ ဘေးဥပဒ်မကင်းဘူး ဟော။

ပါပဂြိုဟ် လေးလုံးတို့ကို တန်းအောက်မှာ ဖြစ်ဖြစ်၊ တိုင်လေးတိုင်ရဲ့ တန်းကပ်မှာ ဖြစ်ဖြစ် တွေ့ရင် အပျက်အစီး ကိုဟော။

'စနေဂြိုဟ်ကတော့ အပေါ်မှာ ထီး၊ အောက်မှာ မီးလို့ ဆိုတဲ့အတိုင်း တန်းအောက်မှာ နေရင် အဝတ်အစားကို မီးသင့်မယ်။ မီးဖွားမယ်။ ထ ဘီနှင့် ပတ်သက်ပြီး စကားပြောရမယ်။

ဂြိုဟ်ဝိုင်မှာ တန်းကပ်တိုင်ခြေမှာ တွေ့ရင်တော့ ကိုယ်မှာ အနာ ဖြစ်မယ်။ မိမိကြောင့် အမှုဖြစ်မယ်။

မိတ်တိုင်မှာ တန်းကပ်, တိုင်ခြေမှာ တွေ့ယင် ဇနီးမယား မမာ မကျန်း ဖြစ်မယ်။ မယားနှင့် စပ်လျဉ်းပြီး အမှုဖြစ်မယ်ဟော။ ဒါမှ မဟုတ်ရင် မိတ်ဆွေ အပေါင်းအသင်းနှင့် စကားများရတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နံတိုင်မှာ တန်းကပ် တိုင်ခြေမှာ တွေ့ရင် သားသမီး ကျေးကျွန်၊ မယား တို့ကြောင့် စကားများရမယ်။ ရန်ခိုက် ဒေါသရှိတယ်။

ရံတိုင်မှာ တန်းကပ် တိုင်ခြေမှာ တွေ့ရင်တော့ အရပ်နှင့် ဖြစ်ဖြစ်၊ ဆွေမျိုးရင်းချာ၊ သားသမီးတို့နှင့် ဖြစ်ဖြစ် သေကွဲရှင်ကွဲ ကွဲရတတ်တယ်။ အတိုက်အခိုက် ရှိတယ်လို့ဟော။

## ခုနှစ်နေ့သားသမီး ခုနှစ်နံ တန်းစီးအဟော

ဂြိုဟ်ရှစ်လုံးရဲ့ ပရိယာယ်ကို သိထားရင် ခုနှစ်နေ့သားသမီးတို့ အဟောကို လွယ်လင့်တကူ နားလည်နိုင်ပြီ။ ပိုပြီး ရှင်းလင်းအောင် တန်းစီး အရ ပြဆိုသွားမယ်။

## တနင်္ဂနွေ တန်းစီးအဟော

သုံးတန်ပေါ် နိစ်တွက်နည်းကတော့ ဂြိုဟ်စားသက်ရောက်ရာကနေ သမသတ်မျှော်ပြီး တစ်ခွင်ဆုတ်။ဆုတ်ရာခွင်ကနေ မြင်ရာဂြိုဟ်ကို တန်းစီး ပြုပြီး တိုင်ထူဟောရတဲ့ နည်းဖြစ်တယ်။ ရှေ့မှာ ရှင်းလင်းခဲ့ပြီး ဖြစ်သလို သည်တွက်နည်းကတော့ ဂြိုဟ်စားသက်ရောက်ရဲ့ အုနုစိပ် တွက်နည်းပဲ။

ကဲ ကြည့်ရအောင်။ ကြာသပတေးဂြိုဟ်စား သက်ရောက်ပြီ ဆိုပါတော့။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅* | ၇ |

၃-ဝင်
၂-ထွက်
၁-ဝင်

---

၇-ထွက်
၆-နာ
၅-သေ
၄-ထွက်

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး ဂြိုဟ်စားသက်ရောက်တော့ သမသတ်မျှော်ရင် တနင်္လာကို တွေ့မယ်။ တစ်ခွင်ဆုတ်တော့ တနင်္ဂနွေ။ သည်တော့ တနင်္ဂနွေဂြိုဟ်ကို တန်ခူးစီပြုပြီး တိုင်ထူရမယ်။ ၁, ၂, ၃ ဆိုပြီး အထက်ကို ထူတက်သွား။ အထက်မှာ ဂဏန်း ၃-လုံးပဲ နေရတယ်ဆိုတော့ ၄-ကစပြီး တိုင်ခြေကနေ ချတယ်။ ၄, ၅, ၆, ၇ ဆိုပြီး ဖြစ်မယ်။

တနင်္ဂနွေတန်းထက်မှာနေတဲ့ အတွက်ကြောင့် ကြီးသူမ, စမယ်၊ အိမ်ဟောင်းကို အနည်းငယ်ဖြစ်ဖြစ် ပြင်ဆင်ရမယ်။

တနင်္လာကပြမှာ ရောက်နေတယ်။သည်တော့ ငွေကွက်မယ်။ ငွေလူလိမ်ခံရမယ်။ အိမ်ခေါင်ပျက်မယ်။ မိုးယိုမယ်။ ကလေးသူငယ် လိမ့်ကျတတ်တယ်။ မိန်းကလေးဖြစ်ရင် ဥပဒ်ရတတ်တယ်။ ယောကျ်ားဆိုရင် အမြင့်ကကျတတ်တယ်။

ငွေကို လူလိမ်ရင် ရေခြား၊ မြေခြား မြစ်ခြား အရပ်က မိန်းမနှင့် စပ်သွယ်ပြီး လိမ်တတ်တယ်။ သားသမီးထဲမှာ တနင်္လာရှိရင် ခြေ ထောက် ဒဏ်ရာရတတ်တယ်။ ခြေလက် အနာပေါက်တတ်တယ်။

အင်္ဂါတိုင်ထိပ်မှာ ရောက်နေလို့ အင်္ဂါနံ့ စက်ပစ္စည်း စသည်ဝင်မယ်။ ဝင်ရင် အကျိုးပေးမယ်။ အင်္ဂါသားသမီး မ, စမယ်။ စုတ်ကောင်း လာဘ်ကောင်း ဝင်မယ်။

အိမ်မှာ စွာတဲ့မိန်းမ ဥပဒ်ရမယ်။

ဗုဒ္ဓဟူး တိုင်ခြေမှာ ရောက်နေလို့ ဗုဒ္ဓဟူးနံ့ ရွှေ ငွေ၊ လှည်း၊ လှေထွက်မယ်။ ဝင်လဲ ဝင်တတ်တယ်။ သူဆင်းရဲ ညှော်သည်ဝင်တတ်တယ်။ ဝင်ရင် လက်မခံရဘူး။ လက်ခံယင် မိမိအိမ်က ခြေလေးချောင်း ထွက်တတ်တယ်။

ကြာသပတေး တိကျွနိစ်မှာနေလို့ မြေ၊ မြင်း၊ မိန်းမ ထွက်မယ်။ ထွက်ရင် မကြည်မသာ ထွက်မယ်။ ဘေးဒုက္ခကြုံတဲ့ မိန်းမ အိမ်ပေါ် ရောက်ဖို့ရှိတယ်။ ရောက်ရင် မကောင်းဘူး။ အိမ်မှာမသန့်တဲ့မြေရောက်မှုပ်။ အိမ်ထောင်ပျက် မိန်းမ ရောက်လာကိန်း ရှိတယ်။ ကြာသပတေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ချစ်သူနှင့် ကွေကွင်းတတ်တယ်။ မိန်းမအိုနှင့် ဖြစ်ဖြစ်၊ ပိန်းမပျက်နှင့် ဖြစ်ဖြစ် ညားတတ်တယ်။

သောကြာမန္ဒနိစ်အိမ်မှာနေတဲ့အတွက်ကြောင့် ခရီးယာယီ သွားရတတ်တယ်။ သားသမီးအတွက် အပူသောက ရောက်ရတတ်တယ်။ အရှက်ကွဲ ရတတ်တယ်။ ဒါမှမဟုတ် တစ်ရပ်တစ်ကျေးမှာ သားသမီး ဥပဒ်ရတတ်တယ်။

စနေတန်းကပ်နေတဲ့ အတွက်ကြောင့် စနေနံ့ဝင်ပြီး ပြန်ထွက်တတ်တယ်။ မိမိနှင့်နီးစပ် ပတ်သက်ရာမှာ ကိုယ်ဝန်ဆောင် မိန်းမရှိတတ်တယ်။ ကိုယ်ဝန်ဆောင် မိန်းမ မရှိဘူးဆိုရင် အမှုဖြစ်မယ်ဟော။ အမှုနှင့်ပတ်သက်လို့ပဲ ဖြစ်ဖြစ်၊ မိမိအိမ်ပေါ်ရောက်လာတဲ့ အမှုကြောင့်ပဲဖြစ်ဖြစ် သက်သေလိုက်ရတတ်တယ်။ သက်သေလိုက်ရရင် နံတိုင်၊ ရံတိုင်မှာ စနေဘယ်အိမ်ရောက်နေတတ်တယ်ဆိုတာကို ကြည့်ပြီး ဟောလေ။

## တနင်္လာ တန်းစီဟောကိန်း

ရာဟုဂြိုဟ်စား သက်ရောက်ဆိုရင် တနင်္လာတန်းစီ ဖြစ်မယ်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| *၈ | ၅ | ၇ |

၄- ဝင်
၃- ထွက်
၂-ဝင်

၁-ထွက်
၇-နာ
၅-သေ
၆-ထွက်

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာတန်းထက်မှာနေတဲ့ အတွက်ကြောင့် တနင်္လာနံ ကျောက်၊ ခွေး၊ ကြောင်စတဲ့ အရာတွေ ဝင်မယ်။ ကျောက်ဝင်ရင်လဲ ဈေးပေါပေါနှင့် ဝင်မယ်ဟော။ ငွေကြေးနှင့် ပတ်သတ်ပြီး မှ,စမယ့်သူ တစ်ဦးနှစ်ဦး ပေါ်မယ်။ ခြေနှစ်ချောင်း ဝင်မယ်။ ,ကလေးငယ်ဖြစ်ဖြစ် ဝင်မယ်။ ခြေကျဉ်း၊ လက်ကောက်ဖြစ်ဖြစ် ဝင်မယ်။

အင်္ဂါမှာ ပြနေတဲ့အတွက်ကြောင့် အင်္ဂါနံ ထွက်တတ်တယ်။ သားသမီးထဲမှာ အင်္ဂါရှိခဲ့ရင် မျက်စိမှာ ဥပဒ်ရောက်မယ်။ မျက်စိရောဂါ ဖြစ်ဖြစ်ရမယ်။

ဗုဒ္ဓဟူး တိုင်ထိပ်မှာနေတဲ့ အတွက်ကြောင့် ခြေလေးချောင်း လာဘ်ကောင်းဝင်မယ်။ ဗုဒ္ဓဟူးနံ ရွှေ, လှေ, စသည် ဝင်မယ်။ ဝင်ရင်လဲ ကောင်းတယ်။ အကျိုးပေးမယ်။ ရေသတ္တဝါ လိပ်ဝင်ရင်လည်း ကောင်းတယ်။ ဗုဒ္ဓ ဟူးသား အိမ်ကိုရောက်ဖို့ ရှိတယ်။ လူမျိုးကွဲ မ, စမယ်။ လူဝင်မယ်။

ကြာသပတေးတိုင်ခြေမှာ နေတဲ့အတွက်ကြောင့် မိမိပိုင်မြေ, မိန်းမ, ကြာသပတေးနံ ထွက်ပြီးမှ ပြန်ဝင်တတ်တယ်။ မြေထွက်ရင် ထွက်တဲ့ မြေဟာ မြေနိမ့်ပဲ။ မိန်းမထွက်ရင် အသက်ကြီးတဲ့သူနှင့် ခိုက်ရန်ဖြစ်ပြီး ထွက်လာတာလို့ ဟော။ အိမ်မှာ ပျားစွဲ ကောင်းစွဲမယ်။ နိမ့်တဲ့နေရာမှာ စွဲတတ်တယ်။ မြင့်တဲ့နေရာမှာ ပျားစွဲရင်တော့ ပရိတ်ရွတ်ပြီး မေတ္တာပို့။ အိမ်နှင့် မနီးမဝေးမှာ ကောင်းကျိုးမပေးတဲ့ ဆရာရှိနိုင်တယ်။ ရှိရင် အဲသည်ဆရာ ပထမအိမ်ထောင်ပျက်စီးမယ် ဟော။ ဆရာကို ရောဂါ ဖိစီးမယ်ဟော။ မိမိအိမ်မှာဖြစ်ဖြစ် အိမ်အနီးအပါးဖြစ်ဖြစ် မုဆိုးမ ရှိမယ်။ ရှိရင်လည်း အဲသည်မုဆိုးမ ဘေးအန္တရာယ် တစ်ခုခုနှင့် ကြုံရမယ် ဟော။

သောကြာ တိက္ခနိစ် အိမ်မှာနေတဲ့ အတွက်ကြောင့်သားသမီးထဲမှာ စကားထစ်သူရှိနိုင်တယ်။ ဒါမှမဟုတ်ရင် သားဆိုး သမီးဆိုး ရှိမယ်။ ခရီးသွားရမယ်။ ကြံစည်တိုင်း တစ်ကြိမ်တည်းနှင့် ဘယ်တော့မှ အကြံမမြောက်တတ်ဘူး။ သားသမီးထဲမှာ သွားရောဂါ သွားခုတ်ပေးသူ ရှိမယ်။

www.burmeseclassic.com

www.burmeseclassic.com



သွားနှစ်ချောင်းတစ်မူထူးတတ်တယ်။ အဲသည် သားသမီးဟာ သောကြာ သားသမီး ဆိုရင်တော့ အိမ်မှာ မမွေးဖွားရပဲ တစ်ခြားတစ်အိမ်မှာ မွေးဖွား ရတတ်တယ်။ အဲသည် သားသမီး မွေးဖွားစဉ်အိမ်မှာ အန္တရာယ်ဒုက္ခ တစ်ခုခု ရောက်တတ်တယ် ဟော။

စနေ မန္ဒနိစ် အိမ်မှာနေတဲ့ အတွက်ကြောင့် စနေ့နံယွက်မယ်။ ထွက်ရင်လည်း အနာတရနှင့် ထွက်မယ်ဟော။ အပူသောက တွေ့မယ်။ အစေခံ ဖျားနာမယ်။ ဖောက်ပြန်မယ်။ အကြောအခြင်ကိုက်မယ်။ မင်း မှုထမ်းက အမှုရှာတတ်တယ်။

တနင်္ဂနွေ တန်းကပ်မှာနေတဲ့ အတွက်ကြောင့် မိမိအိမ်နှင့် အလှမ်းမ ကမ်းမှာ အိမ်ပျက် တစ်ခုရှိမယ်။ ဒါမှ မဟုတ်ရင် ရေ၊ မြောင်း၊ ချောင်း၊ အင်း၊ အိုင်တခုခု အနီးအပါးမှာ ရှိမယ်။ ဒါမှ မဟုတ်ရင် မိမိအိမ်မှာ သူ အိုဖြစ်ဖြစ် ရှိမယ်။ မရှိရင်တော့ ကောင်းတယ်။ တနင်္ဂနွေ တိုင်ခြေမှာ ရှိတဲ့အတွက်ကို ငြိုဟ်ပရိယာယ်အရ ဆင်ခြင်ပြီး ဟော။

## အင်္ဂါတန်းစီး ဟောကိန်း

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| *၆ | | ၄ |
| ၈ | ၅ | ၇ |

၅-ဝင်
၄-ထွက်
၃-ဝင်
၂-ထွက်
၁-နာ
၇-သေ
၆-ထွက်

သောကြာဂြိုဟ်စား သက်ရောက်တဲ့အခါ အင်္ဂါတန်းစီး ဖြစ်မယ်။ အင်္ဂါနံ အဝင်မှာ ရှိတယ်။ အင်္ဂါနံ စုတ်ဝင်မယ်။ ဆံစု၊ လယ်စွပ်၊ စိန်ဝင်

www.burmeseclassic.com

www.burmeseclassic.com



ကိန်းရှိတယ်။ ဝင်ရင်ကောင်းမယ်။ ကုန်ကူးသန်းမယ်ဆိုရင် အင်္ဂါနဲ့ ဆန်ဆေး စသည်တို့နှင့် အကျိုးပေးမယ်။ အင်္ဂါသမီး, အင်္ဂါသားများ စောင်မ, ကြည့်ရှုမယ်။

ဗုဒ္ဓဟူး ပြမှာနေတဲ့အတွက်ကြောင့် အိမ်မှာ မိန်းမအတွက် အပူသင့်သော ယောကျာ်း၊ မိန်းမကြောက်ရသော ယောကျာ်း ရှိမယ်။ ဗုဒ္ဓဟူးနဲ့ ယာယီထွက်မယ်။ ထွက်သွားတဲ့ ဗုဒ္ဓဟူးနဲ့ အနည်းအပါး ပျက်စီးမယ်။ ရွှေ၊ လှည်း၊ လူ စသည်ထွက်ကိန်း ရှိတယ်။ ဝင်ရင်ပျက်မယ်။ သွေးထွက်သံယို ဖြစ်ကိန်းရှိတယ်။

ကြာသပတေး တိုင်ထိပ်မှာနေလို့ ပညာဂုဏ်ကောင်းတယ်။ ပညာကောင်းရမယ်။ မြေ, မြင်း, မိန်းမ, စတဲ့ ကြာသပတေးနဲ့ ဝင်မယ်။ ဝင်ရင်ကောင်းတယ်။ ကျေးဇူးပြုမယ်။ မိတ်ကောင်း ဆွေကောင်းနှင့်လည်း တွေ့ရတတ်တယ်။

သောကြာ တိုင်ခြေမှာရှိတဲ့ အတွက်ကြောင့် အိမ်မှာနာတာရှည်ရောဂါသည် ရှိတတ်တယ်။ အိမ်မှာမရှိရင် နေအိမ်အနီးအပါးမှာ ရှိမယ်။ မိမိနေအိမ်ကနေ ခြေနှစ်ချောင်း ခြေလေးချောင်း ထွက်တတ်တယ်။ အိမ်အနီးအပါးမှာ လူသေတတ်တယ်။ ပန်းနာ၊ လေနာ၊ သွေးအန်နာ နှိပ်စက်ခံရသူလည်း ရှိတတ်တယ်။

စနေ ပထမနိစ်မှာနေတဲ့အတွက်ကြောင့် နာချောင်း၊ ဆံထိုး၊ နွားနီ၊ နွားနက် စသဖြင့် စနေနံ ထွက်တတ်တယ်။ ထွက်သွားတဲ့ စနေနံမှာ အပြစ် အနာမကင်းရှိမယ်။ နွားဆိုရင် မှားဒဏ်ရာ လှံချက် စသဖြင့် ပါမယ်။ နာချောင်းဆိုရင်တော့ ဝက်အူပြုတ်ရင်ပြုတ်၊ မပြုတ်ရင် ကျောက်၊ ပုလဲ၊ စသည် ပြုတ်မယ်။ စနေညံ့တယ်။ နားလေးသူ နားပင်းသူ ရှိမယ်။ အိမ် မှာ မရှိရင် အိမ်နီးနားမှာ ရှိမယ်။ ကိုယ်မကောင်းသူဖြစ်ဖြစ် ရှိတတ်တယ် ဟော။ ဒါမှ မဟုတ် စိတ်ချောက်ချားနေသူ ရှိတတ်တယ် ဟော။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ ဒုတိယနိစ်မှာ နေတဲ့အတွက်ကြောင့် တနင်္ဂနွေနံ **အထွက်** ပြတယ်။ ထွက်ရင်လည်း ဒဏ်ရာဒဏ်ချက်နှင့် ထွက်မယ်။ **အိမ်ပျက်** ရင်ပျက်၊ မပျက်ရင် အိမ်အနီးအပါးမှာ အိမ်ပျက်ရှိမယ်။

တနင်္လာ တန်းကပ်မှာ နေတဲ့အတွက်ကြောင့် အိမ်မှာ ချောင်းတ ဟွတ်ဟွတ်ဆိုးသူ ပိန်ညှောင်ညှောင်ရှိသူ ရှိတတ်တယ်။ ရေကန် ရေတွင်း အိမ်အနီးအပါးမှာ ရှိတတ်တယ်။ ခြေနှစ်ချောင်းအိမ်က ထွက်တတ်တယ်။ ထွက်ရင်လဲ ကောင်းကောင်း မွန်မွန် မထွက်တတ်ဘူး။ ခွေး၊ ကြောင်၊ ကြက်၊ ငှက် အဝင်မခံနှင့်၊ ဝင်ရင် အမှုဖြစ်တတ်တယ်။ အိမ်အနီးဝန်း ကျင်မှာ တနင်္လာနံသင့် သစ်ပင်ရှိတယ်လို့ဟော။

## ဗုဒ္ဓဟူးတန်းစီး ယောဂကိန်း

| | | |
|---|---|---|
| *၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

၆-ဝင်
၅-ထွက်
၄-ဝင်
၃-ထွက်
၂-နာ
၁-သေ
၇-ထွက်

တနင်္ဂနွေဂြိုဟ်စား သက်ရောက်တဲ့အခါ ဗုဒ္ဓဟူး တန်းစီးဖြစ်မယ်။ ဗုဒ္ဓဟူးနံ အဝင်မှာ ပြတယ်။ ရွှေ-လေ့-လှည်း-လူဝင်မယ်။ ရှင်သီဝလိ ရုပ်ထုကိုဖြစ်ဖြစ် ကိုးကွယ်ခွင့် ကြုံရတတ်တယ်။ ဗုဒ္ဓဟူးနံ ဝင်ရင် ကောင်း တယ်။

ကြာသပတေး ပြ-မှာနေတဲ့ အတွက်ကြောင့် အိမ်မှာ အိမ်ထောင် ပျက် လင်ကွဲ လင်ကွာ မိန်းမရှိမယ်။ မိန်းမ နေအိမ်က ထွက်တတ်တယ်။

www.burmeseclassic.com



ထွက်တဲ့ မိန်းမ အကြံအစည် အထမမြောက်တတ်ဘူး။ ခြေလက်မှာ ဥပဒ် ရတတ်တယ်။ အိမ်မှ အရှက်တကွဲ ဖြစ်ဖူးတဲ့ မိန်းမရင်လဲ ရှိမယ်။ မရှိရင် မီးဖိုပျက်နေမယ်။ မီးဖိုမပျက်ရင် ရည်းစားနှင့် ကွဲနေတဲ့ မိန်းမ၊ လင်ကွာ၊ လင်ကွဲ မိန်းမရှိမယ်။ မီးဖိုချောင်လို့ မြွေရင်လဲ တက်မယ်။

သောကြာတိုင်ထိပ် ရောက်နေတာကြောင့် အဖွတောင်ပေါက်တဲ့ သတ္တဝါဝင်မယ်၊ ခြေမရှိ သတ္တဝါဝင်မယ်။ အမြန်ခရီးသွားရတတ်တယ်။ အရေးတကြီးခရီးသည် ဝင်မယ်။ ကြီးသူဥစ္စာစီးပွါးတက်မယ်။ ရပ်ဝေးရောက် သားကြီး သမီးကြီး လာရောက်တတ်တယ်။

စနေတိုင်ခြေခိုတာကြောင့် ကိုယ့်ထက်ကြီးသူအတွက် အပူမီးသင့်မယ်။ အိမ်မှာ ရာဇဝတ်မှုဖြစ်တတ်တယ်။ အိပ်ရာအနီးအပါးမှာ ရာဇဝတ်မကင်းတဲ့ ပစ္စည်းရှိတတ်တယ်။ အိမ်အနီးအပါးမှာ လူသေတတ်တယ်။ သေရင်လဲ အစိမ်းသေ သေမယ်။ ကိုယ်ဝန်ဆောင် ရှိနိုင်တယ်။ မီးဖွားရင် ယောကျ်ားကလေး ဖွားမယ်။ ယောကျ်ားကလေးမဖွားပဲ မိန်းကဖွားရင်တော့ ကလေးဖြစ်ဖြစ်၊ လူကြီးမိဘဖြစ်ဖြစ် အန္တရာယ်တွေ့ကြုံရမယ်။ ဗုဒ္ဓဟူးထောင့်က မီးလန့်တတ်တယ်။ မီးလန့်လည်း အိမ်အနီးအပါးမှာ လူသေတတ်တယ်။ စနေနံ မြွေအိမ်ပေါ်တက်တတ်။ မြွေတက်ရင် သူခိုး ခိုးခံရကိန်း ရှိတယ်။

တနင်္ဂနွေ နိစ်ကြီးဖြစ်လို့မို့ နေအိမ်အနောက်အရပ်က ပျက်တတ်တယ်။ အိမ်မှာ အိမ်ထောင်ပျက်ရှိရင် ခရီးယာယီ သွားရတတ်တယ်။ အိမ်ကို ပေါင်ထားရင် ပေါင်ထားရမယ်။ မပေါင်ထားရရင် အိမ်ဟောင်းကို ကျားရင် ကန်ထားရတတ်တယ်။

တနင်္လာနိစ်အိမ်မှာနေတဲ့ အတွက်ကြောင့် မိမိအိမ်မှာ လင်ခိုးမယားခိုး အရှက်တကွဲ ဖြစ်ပေါ်တတ်တယ်။ အစွပ်အစွဲခံရတတ်တယ်။ အိမ်မှာ မပေါ်ပေါက်ရင် အိမ်အနီးမှာ ပေါ်ပေါက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေး တန်းစီးဗေဟာကိန်း

| | | |
|---|---|---|
| ၁ | ၂ | ၃* |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

၇-ဝင်
၆-ထွက်
၅-ဝင်

၄-ထွက်
၃-နာ
၂-သေ
၁-ထွက်

အင်္ဂါဂြိုဟ်စား သက်ရောက်တဲ့အခါ ဗုဒ္ဓဟူး ဂြိုဟ်စား ကြာသပတေးတန်းစီး ဖြစ်တယ်။ ကြာသပတေးနံအဝင်ပြတယ်။ မြေ, မိန်းမဝင်တတ်တယ်။ မိန်းမဝင်ရင် လာဘ်ပါဝင်မယ်။ မိတ်ကောင်းရမယ်။ အမွေအနှစ်ရမယ်။ ပညာရေးကောင်းတယ်။

သောကြာပြမှာ နေတာကြောင့် မရောက်ဖူးသေးတဲ့ ခရီးကို သွားရတတ်တယ်။ အိမ်အနီးမှာ အရွယ်မရောက်သေးပဲ ဒဏ်သင့်ပြီး သွားတိုးသူရှိမယ်။ ကလေးအမြင့်က ကျတတ်တယ်။ သော့ပျက်၊ သေတ္တာပျက် အိမ်မှာ ရှိနေတတ်တယ်။

စနေတိုင်ထိပ်မှာ နေတာကြောင့် အထည်ကောင်းဝင်တတ်တယ်။ စနေနံ ထီး၊ ဓား၊ ဖိနပ် လက်ဆောင်ရတတ်တယ်။ နွားဝင်တတ်တယ်။ ဝင်တဲ့နွား နွားနီ၊ နွားနက်ဖြစ်မို့ များတယ်။ ဦးချိုမကောင်း ရှိတတ်တယ်။ နေအိမ်မှာ မြွေဝင်တတ်တယ်။ သူတပါး အပ်နှံထားတဲ့ စနေနံ ထီး၊ ဓား ဖိနပ် ရောက်နေတတ်တယ်။

အကျိုးပေးစေဖို့ ထီးဖြူလုပ်ပြီး ဘုရားကိုလှူ။

တနင်္ဂနွေတိုင်ခြေမှာ နေတာကြောင့် အိုးပိုင်၊ အိမ်ပိုင် ထိုအသက်အပိုင်းအခြားမှာ မရနိုင်။ အိမ်မှာ ခါးကုန်းတဲ့သူ ခြေလက် မသယ်နိုင်သူ၊ အသက်ကြီးသူ ရှိတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာ ပထမနိစ်မှာ နေတာကြောင့် ငွေကြေးလူလိမ် ခံရတတ်တယ်။ ငွေအတွက် စကားများရတတ်တယ်။ ငွေကုန်ကြေးကျ များမယ်။ ငွေအတွက် အပူသောက တွေ့ရတတ်တယ်။ အငယ်ဆုံးကလေးရဲ့ အထက်ကလေး ခြေထောက် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ အိမ်က ထွက်တတ်တယ်၊ ဥပဒ်ရတတ်တယ်။ နေအိမ်လှေခါး ပျက်နေတတ်တယ်။ မိမိကိုယ်မှာ ဒါမှ မဟုတ်ရင် ခြေနှင့်လက်မှာ အန္တရာယ်ဖြစ်တတ်တယ်။ ခါးနာတတ်တယ်။ အိမ်မှာ တနင်္လာ သားသမီးရှိရင် အမြင့်ကလိမ့်ကျတတ်တယ်။

အင်္ဂါဒုတိယနိစ်မှာ ရှိတာကြောင့် အင်္ဂါနံအတွက် အပူသောက ဖြစ်ရတတ်တယ်။ အင်္ဂါနံအထွတ်ပြတယ်။ အင်္ဂါနံပါ နာမည်၊ သားသမီး အကျိုးမပေးဘူး။

ဗုဒ္ဓဟူးတန်းကပ်မှာ ရှိတာကြောင့် ဗုဒ္ဓဟူးသား ဆွေ့သည်စောင်သည် အိမ်ကို ရောက်လာတတ်တယ်။ အိမ်မှာ ရယ်စရာ ပြောတတ်သူရှိမယ်။ ဒါမှမဟုတ်ရင် ယောင်တတ်သူရှိမယ်။ ရွှေဝင်ပြီး ရွှေထွက်ကိန်းရှိတယ်။ ခြေလေးချောင်းအတွက် စိတ်ဓာတ် မချမ်းမသာ တွေ့ရတတ်တယ်။

## သောကြာ တန်းစီး ဟောကိန်း

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇* |

၁-ဝင်
၇-ထွက်
၆-ဝင်

---

၅-ထွက်
၄-နာ
၃-သေ
၂-ထွက်

www.burmeseclassic.com

www.burmeseclassic.com



စနေဂြိုလ်စား သက်ရောက်တဲ့အခါ သောကြာတန်းထက်မှာ နေတယ်။ အိမ်မှာ ခရီးသွားမည့် ဆဲဆဲလူရှိမယ်။ သောကြာနံ အဝင်ပြတယ်၊ သားသမီးတို့ကို မင်္ဂလာဆောင်ပေးရကိန်း ရှိတယ်။ မိမိကိုယ်တိုင် ခရီးထွက်ရကိန်း မြင်တယ်။

စနေ ပြမှာနေတာကြောင့် အိမ်မှာ မျက်စိတိမ်စွဲသူ ရှိတတ်တယ်။ စနေနံ အထွက်ပြတယ်။ ပျက်တတ်တယ်။ အိမ်မှာ စနေသားသမီးရှိရင် ချစ်သူနှင့် ကွေကွင်းရတတ်တယ်။

တနင်္ဂနွေတိုင်ခြေမှာ နေတာကြောင့် ကြီးသူ မ, စမယ်။ အိမ်အနီးအပါးမှာ အပျိုကြီး လူပျိုကြီး ရှိတတ်တယ်။ အိမ်သစ်ရတတ်တယ်။ တနင်္ဂနွေသားဖြစ်ရင် မယားနှစ်ယောက် ရကိန်းရှိတယ်။ ကြီးကဲသူ မ, စရင်လဲ တစ်ဦးတစ်ယောက်ထဲ မဟုတ်ဘူး။ နှစ်ဦးသုံးဦး မ, စကိန်းရှိတယ်။ ခြေကျဉ်း ပျောက်ရတတ်တယ်။ သူခိုး ခိုးခံရတတ်တယ်။ လက်ဆစ်ခြေဆစ်မှာ သွေးထွက်သံယို ဖြစ်ဖို့ရှိတယ်။ ခွေး၊ ကြောင်၊ ကြွက် ဝင်မယ်။ ငွေကြေးကြွေးတင်တတ်တယ်။ ကြွေးမတင်ရင် ငွေကုန်ကြေးကျ များတတ်တယ်။ ခွေးစတဲ့ အဆိပ်ရှိတဲ့ သတ္တဝါ အကိုက်ခံရတတ်တယ်။

အင်္ဂါ ပထမနိစ်မှာ နေတာကြောင့် အင်္ဂါအထွက်ပြတယ်။ မျက်စိအန္တရာယ်ဖြစ်မယ်။ အင်္ဂါသားသမီးအတွက် သောကဖြစ်ရ ကိန်းရှိတယ်။ အိမ်မှာ လင်ကွာ မယားကွာသူ ရှိတတ်တယ်။

ဗုဒ္ဓဟူး အထက်နိစ်မှာ ရှိတာကြောင့် ဗုဒ္ဓဟူးနံအထွက်ပြတယ်။ ခြေလေးချောင်း ထွက်တတ် ပျက်တတ်တယ်။ သေတတ်တယ်။ ဗုဒ္ဓဟူးနံအတွက် ပူပင်သောက ရောက်ရတတ်တယ်။

ကြာသပတေးတန်းကပ်မှာ နေတာကြောင့်ဆရာသမား၊ ဘုရား၊ ဂူ ကျောင်း၊ အိမ်အနီးမှာ ရှိတတ်တယ်။ မြေ, မြင်းမိန်းမ ကြာသပတေးနံ ဝင်တတ်တယ်။ ဝင်ရင် ဥပဒ်ပေးတတ်တယ်။ ချောင်းတသဲ့သဲ့ ဆိုးတဲ့ မိန်းမအိမ်ပေါ်မှာ ရှိတတ်တယ်။ ဆရာသမား ညအိပ်ညနေ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ နေအိမ်အနောက်ဘက်မှာ ဘုရားရှိရင်လဲ ရှိတတ်တယ်။ မုဆိုးမရင်လည်း နေတတ်တယ်။ မိတ်ဆွေ အပေါင်းအသင်း အကောက်ကြံ တတ်တယ်။

## စနေတန်းစီး ဟောကိန်း ၂

| | | | |
|---|---|---|---|
| ၁ | ၂* | ၃ | ၂-ဝင်<br>၁-ထွက်<br>၇-ဝင် |
| ၆ | | ၄ | ၆-ထွက် |
| ၈ | ၅ | ၇ | ၅-နာ<br>၄-သေ<br>၃-ထွက် |

တနင်္ဂနွေဗြိုဟ်စား သက်ရောက်ချိန်တွင် စနေတန်းစီး ဖြစ်တယ်။ စနေအဝင် ပြတယ်။ စနေနံ ထီး၊ ဓား လက်ဆောင် ရမယ်။ ကောက်ရမယ်။ ဝယ်ယူရရှိရင်လည်း ဈေးသက်သက်သာသာနှင့်ရမယ်။ စနေ ထီးက ထီးငယ်ဖြစ်တယ်။ အထိုက်အလျောက် အေးချမ်းတယ်။ အေးချမ်းမှုခိုရာ ရမယ်။

တနင်္ဂနွေက ပြမှာရှိတာကြောင့် အိမ်ထောင်ဘက်က နိမ့်နေတတ်တယ်။ မိမိထက်အကြီး၊ ချစ်သူအတွက် အပူ သင့်ရတတ်တယ်။ ဝမ်း၊ ရင် အန္တရာယ်ရတတ်တယ်။ ဦးခေါင်း အန္တရာယ်ရတတ်တယ်။ အိမ်ပေဟာင်းကို ပြင်ဆင်ရတတ်တယ်။

တနင်္လာတိုင်ထိပ်မှာ နေတာကြောင့် အလှူဒါန ပြုရတတ်တယ်။ ခြေနှစ်ချောင်းဝင်မယ်။ ငွေရေးကြေးရေးအတွက် စောင်မ, ကြည့်ရှုမယ့် သူပေါ်မယ်။ ရပ်ဝေးရောက် သားသမီး ပြန်လာတတ်တယ်။ ကုန် ကူးသန်း ရောင်းဝယ်ရင် မြတ်စွန်းမယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါတိုင်ခြေမှာ ရှိတာကြောင့် အရှက်တကွဲ အကျိုးနည်း ကိစ္စပေါ်ပေါက်တတ်တယ်။ ပြဿနာ ရှင်းရတတ်တယ်။ ခိုက်ရန် ဖြစ်တတ်တယ်။ သူတစ်ပါး အစွပ်အစွဲ ခံရတတ်တယ်။ သွေးထွက်သံယို ဖြစ်ကိန်း ရှိတယ်။

ဗုဒ္ဓဟူးအထက်နိစ်နေတာကြောင့် အိမ်မှာ ခြေလက် ထိခိုက်သူ ရှိမယ်။ ဗုဒ္ဓဟူးနံ အထွက်ပြတယ်။ အိမ်မှာ အိမ်ထောင်ပျက် ယောက်ျား ရှိတတ်တယ်။ အိမ်မှာ ဗုဒ္ဓဟူး သားသမီးရှိရင် ဝမ်းမှာ အနာပေးတတ်တယ်။ ငယ်ရွယ်သူရှိရင် ရေနစ်သေတတ်တယ်။

ကြာသပတေးအောက်နိစ်မှာရှိတာကြောင့် လင်ကွဲမယားကွဲကိန်း ရှိတတ်တယ်။ မြင်း၊ မိန်းမ စတဲ့ ကြာသပတေးနံ အိမ်ကထွက်တတ်တယ်။ မိတ်ပျက်တတ်တယ်။ ကြာသပတေးနံအတွက် အမှုသောက များမယ်။ တရားတဘောင် ဖြစ်တတ်တယ်။

သောကြာ တန်းကပ် ဖြစ်တဲ့အတွက် ကျန်းမာရေး ညံ့မယ်။ ဝမ်းရင် ဥပဒ် ရောက်တတ်တယ်။ မိမိအိမ်မှာ ဖြစ်ဖြစ်၊ အိမ်အနီးအနားမှာ ဖြစ်ဖြစ်၊ ရူနာ၊ ပန်းနာ ရောဂါသည် ရှိတတ်တယ်။ မရှိရင် ခရုသင်းစွဲသူ ရှိတတ်တယ်။ မရှိရင် ယောက်ျားရှာ၊ မိန်းမရှာ ရှိမယ်ဟော။ သောကြာသမီး၊ သောကြာသားကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်မယ်။ သောကြာနံ ပစ္စည်းကြောင့် ဘေးအန္တရာယ် ကြုံတွေ့ရတတ်တယ်။

## တန်းစီး ၇-ပါးနှင့် ယတြာ

တန်းစီးခုနစ်မျိုးကို ဟောကိန်းသိပြီးတဲ့နောက် ရှောင်ရန်နှင့် ယတြာကလည်း အရေးကြီးသေးတယ်။ အနာသိယင် ဆေးရှိရမယ်။ သည်တော့ တန်းစီးအလိုက် သတိထားစရာနှင့် ယတြာကို ကြည့်လေ။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေတန်းစီးနှင့် ယတြာ

၃-ဝင်
၂-ထွက်
၁-ဝင်
၇-ထွက်
၆-နာ
၅-သေ
၄-ထွက်

အင်္ဂါက တိုင်ထိပ်မှာနေတယ်။ တနင်္ဂနွေက တန်းစီး၊ အင်္ဂါနံနှင့် တနင်္ဂနွေနံ ဝင်မယ်။

တနင်္လာနံ ကြောင်၊ ကြက်၊ ခွေး စသဖြင့် ထွက်မယ်။ မြွေ, မြင်း စသဖြင့် ကြာသပတေးနံ ထွက်မယ်။ မထွက်ရင် အဲသည် ကြာသပတေး နံအတွက် စကားများ ရတတ်တယ်။ ရှုံးပြင်ကနားရောက်တတ်တယ်။ တနင်္လာ သား၊ ကြာသပတေး သားကိုကြည့်ပေါင်း။ အဝင်မခံနှင့်။ နံသင့် အသားကိုလည်း ရှောင်။

ဆေးထိုးရင် သတိထား။ ဆေးထိုးမှားတတ်တယ်။ အင်္ဂါနံ ပစ္စည်း အသေးအဖွဲ အလကားရရင် မယူနှင့်။ ကျိန်းကြေတတ်တယ်။

ကြာသပတေးနံအတွက် စကားများရမယ် ဆိုပေမယ့် အိမ်အနီးအပါးမှာ မိန်းမမှု ပေါ်ပေါက်ရင် မိမိအပြစ်ကင်းတယ်။

**ယတြာ ။** ။ အကြံအစည်တစ်ခုခုရှိရင် နှင်းဆီပန်းကို ပန်သွား။ ဆောင်သွား။ အုန်းပင်ကို မှီပြီး ဇီးသီးကို စားပြီးသွား။ တန်ခိုးကြီး ဘုရားမှာ အရှေ့တောင်ကနေ ဆွမ်းသက်စေ့ လှူပေးပါ။

## တနင်္လာတန်းစီးနှင့် ယတြာ

၄-ဝင်
၃-ထွက်
၂-ဝင်
၁-ထွက်
၆-နာ
၅-သေ
၄-ထွက်

အဝင်နှစ်ချက်မှာဗုဒ္ဓဟူးနှင့် တနင်္လာရှိတယ်။ သည်တော့ ရွှေ, ငွေဝင်မယ်။ ကျောက်ဝင်မယ်။ ဝယ်မယ် ဆိုရင်လဲ ဈေးသက်သက်သာသာရမယ်။ ကြီးသူနှင့် စကားများရတတ်တယ်။

သောကြာသားနှင့်ခိုက်ရန်ဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးကွဲနှင့် အပြောအဆိုဆင်ခြင်။ ကျောက်နီပေါင်ရင် လက်မခံနှင့်။ ကျိန်းကြေမယ်။ ရောင်းရင်ဝယ်။ လူမျိုးကွဲနှင့် ပတ်သက်ပြီး အလုပ်ထူး အကိုင်ထူးရမယ်။ ငွေကြေးအားဖြင့် ဖြစ်ဖြစ် မ,စမယ်။ တစ်ဦးတစ်ယောက်က ရွှေ, ငွေစသဖြင့် ခေတ္တ လာရောက်အပ်နှံရင် လက်မခံနှင့်။

**ယတြာ** ။ ။ အကြံအစည် တစ်ခုခုရှိလို့ ဆောင်ရွက်မယ်ဆိုယင် ကုက္ကိုပင်အောက်မှာ စွန်ပုလွန်သီးကိုစား။ ဇလပ်ပန်းကိုဆောင်သွား၊ တန်ခိုးကြီးသော ဘုရားမှာ တောင်အရပ်မှာ ရေသက်စေ့လှူပေး။

## အင်္ဂါတန်းစီးနှင့် ယတြာ

၅-ဝင် အင်္ဂါတန်းစီးဖြစ်တဲ့အတွက် ကြာသပတေးနှင့်
၄-ထွက် အင်္ဂါအဝင်မှာ ပြတယ်။ အင်္ဂါနံ၊ ကြာသပတေးနံ
၃-ဝင် ဝင်မယ်။ အဖိုးမတန်တဲ့ ထိုနံများကို အအပ်အနှံ
၂-ထွက် လက်မခံနှင့်။ ကျိန်းကြေမယ်။
၁-နာ ဗုဒ္ဓဟူးနံ ဥပဒ်ရောက်မယ်။ စနေနံ ထီး၊ ဓား
၇-သေ ပျောက်တတ်တယ်။ ဝက်သား၊ နွားသား များကို မ
၆-ထွက် စားနှင့်။ လာဘ်ပိတ်မယ်။ မျက်နှာချင်းဆိုင်အိမ်မှာ လူနာရှိယင် မိန်းမဝင်ဖို့ သေချာတယ်။

အင်္ဂါ၊ ကြာသပတေးတို့နှင့် ပတ်သက်ပြီး ခရီးသွားရတတ်တယ်။ သွားရင် အကြံအောင်မယ်။

**ယတြာ** ။ ။ အကြံအစည်ရှိရင် ပေါက်ပန်းဖြူပင်အောက်မှာ ဇီးသီးစား။ သီလရှင်တွေကို ဆန်သုံးပြည်လှူ။ တန်ခိုးကြီးဘုရားမှာ အနောက်အရပ်က မီးသက်စေ့ ပူဇော်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူးတန်းစီး နှင့် ယတြာ

၆-ဝင်
၅-ထွက်
၄-ဝင်
၃-ထွက်
၂-နာ
၁-သေ
၇-ထွက်

ဗုဒ္ဓဟူးနံ၊ သောကြာနံ ဝင်မယ်။ လိပ်ဝင်ရင် လက်မခံနှင့်။ နိမိတ်မကောင်းဘူးမှတ်။ အမွှေး ချေး မြင်း၊ မိန်းမနှင့် စပ်လျဉ်းပြီး စကားများရတတ်တယ်။

တနင်္ဂနွေနံ၊ ကြာသပတေးနံကို အိမ်မှာ လက်မခံနှင့်။ အမှုရောက်တတ်တယ်။ ရုံးပြင်ကနား ရောက်ကိန်းရှိတယ်။

အိမ်မှာ မီးခွက်၊ မှန်အိမ်စသဖြင့် မကောင်းတဲ့နိမိတ်ပြရင် အိမ်ကယာယီဆင်း၊ တခြားအိမ်မှာ ခုနစ်ရက်ခန့်ပြောင်းပြီး အိပ်။ မအိပ်ရင် ဆွေမျိုးသားချင်းအတွက် အပူသောက ရောက်ရတတ်တယ်။

အိမ်အောက်ကို မြွေရောက်ရင်တော့ ကောင်းကျိုး ထင်ထင်ရှားရှား ပေးမယ်ဟော။

ယတြာ ။ ။ အကြံအစည် အမှုကိစ္စ အောင်မြင်နိုင်ရင် ဗုဒ္ဓဟူးနေ့မှာ ဆီးညွန့်ကိုဆောင်ပြီး လုပ်ဆောင်။ တန်ခိုးကြီးဘုရားမှာ မြောက်အရပ်ကနေ ရေသက်စေ့ပူဇော်။ တရားသဘောတွေ့ရင် ဗုဒ္ဓဟူးသား၊ သောကြာသားတို့နှင့် ပူးပေါင်းဆောင်ရွက်လေ။



## ကြာသပတေးတန်းစီးနှင့် ယတြာ

၇-ဝင်
၆-ထွက်
၅-ဝင်
၄-ထွက်
၃-နာ
၂-သေ
၁-ထွက်

ဗုဒ္ဓဟူးဖြိုဟ်စားသက်ရောက်တဲ့အခါ အင်္ဂါဖြိုဟ်စားသက်ရောက်တဲ့အခါ ကြာသပတေးတန်းစီး ဖြစ်မယ်။ စနေနံ၊ ကြာသပတေးနံ အဝင်ကို ပြတယ်။ စနေနံ ထီး၊ ဓား အလကားရရင် မယူနှင့်။ သူတစ်ပါးပစ္စည်း အိမ်မှာ မေ့ကျန်တတ်တယ်။ မယူထားနှင့်။ ခရီးသွားရတတ်တယ်။ အရှေ့အရပ်ကို သတိထားပြီးရှောင်၊ ကိုယ်နှင့် ဦးခေါင်း ဥပဒ်ပေးတတ်တယ်။

ကြာသပတေးနံ မိဘအမွေအနှစ် မြင်း၊ မိန်းမ၊ မိတ်ဆွေ၊ ဆရာသမားကောင်း ဝင်တတ်တယ်။ ကောင်းတယ်။ တနင်္လာ ခြေ ၂-ချောင်း အိမ်က ထွက်တတ်တယ်။

သောကြာနှင့်တနင်္လာကို သောကြာနေ့၊ တနင်္လာနေ့များမှာ အပေါင်းအဖော် မပြုနှင့်။ ငွေကြေးကိစ္စ စကားများရတတ်တယ်။ အဲသည်နံဝင်ရင်လည်း မကောင်းဘူး။ ခြေနှင့် ခေါင်းမှာ ဥပဒ်ရောက်တတ်တယ်။ အိမ်မှာ အငယ်ဆုံးကလေး အထက်ခြေထောက် ဥပဒ်ပေးတတ်တယ်။ ခေါင်း၌ ဖြစ်ဖြစ် ဥပဒ်ပေးတတ်တယ်။

ယတြာ ။ ။ အကြံအစည်အောင်ပြီး ကောင်းကျိုးပေးဖို့ကတော့ ကြာသပတေးနေ့၊ စနေနေ့မှာ ထိုးမုန့်၊ ပေါက်ပေါက်ကို စားပေး။ တန်ခိုးကြီး ဘုရားမှာ အနောက်တောင်အရပ်က မီးသက်စေ့ ပူဇော်ပေးလေ။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေးတာနီးစီးနှင့် ယတြာ

၇-ဝင် ဗုဒ္ဓဟူးဂြိုဟ်စားသက်ရောက်တဲ့အခါ အင်္ဂါ၌
၆-ထွက် ဂြိုဟ်စားသက်ရောက်တဲ့အခါ ကြာသပတေးတာနီးစီး ဖြစ်
၅-ဝင် မယ်။ စနေနံ၊ ကြာသပတေးနံ အဝင်ကို ပြတယ်။ စနေနံ
၄-ထွက် ထီး၊ ဓား အလကားရရင် မယူနှင့်။ သူတစ်ပါးပစ္စည်း
၃-နာ အိမ်မှာ မေ့ကျန်တတ်တယ်။ မယူထားနှင့်။ ခရီးသွားရ
၂-သေ တတ်တယ်။ အရှေ့အရပ်ကို သတိထားပြီးရှောင်၊ ကိုယ်
၁-ထွက် နှင့် ဦးခေါင်း ဥပဒ်ပေးတတ်တယ်။

ကြာသပတေးနံ မိဘာအမွေအနှစ် မြင်း၊ မိန်းမ၊ မိတ်ဆွေ၊ ဆရာသမားကောင်း ဝင်တတ်တယ်။ ကောင်းတယ်။ တနင်္လာ ခြေ ၂-ချောင်းအိမ်က ထွက်တတ်တယ်။

သောကြာနှင့်တနင်္လာကို သောကြာနေ့၊ တနင်္လာနေ့များမှာ အပေါင်းအဖော် မပြုနှင့်။ ငွေကြေးကိစ္စ စကားများရတတ်တယ်။ အဲသည်နံဝင်ရင်လည်း မကောင်းဘူး။ ခြေနှင့် ခေါင်းမှာ ဥပဒ်ရောက်တတ်တယ်။ အိမ်မှာ အငယ်ဆုံးကလေး အထက်ခြေထောက် ဥပဒ်ပေးတတ်တယ်။ ခေါင်း၌ ဖြစ်ဖြစ် ဥပဒ်ပေးတတ်တယ်။

**ယတြာ** ။ ။ အကြံအစည်အောင်ပြီး ကောင်းကျိုးပေးဖို့ကတော့ ကြာသပတေးနေ့၊ စနေနေ့မှာ ထိုးမုန့်၊ ပေါက်ပေါက်ကို စားပေး။ တန်ခိုးကြီး ဘုရားမှာ အနောက်တောင်အရပ်က မီးသက်စေ့ ပူဇော်ပေးလေ။

www.burmeseclassic.com

www.burmeseclassic.com



## သောကြာတန်းစီး ယတြာ

| | |
|---|---|
| ၁-ဝင် | |
| ၇-ထွက် | |
| ၆-ဝင် | |
| ၅-ထွက် | |
| ၄-နာ | |
| ၃-သေ | |
| ၂-ထွက် | |

စနေဗြိုဟ်စား သက်ရောက်တဲ့အခါ ဖြစ်တယ်။ ကြီးတဲ့သူ စောင်မကြည့်ရှုမယ်။ ခရီးသွားရမယ်။ အင်္ဂါ ထောင့်ကိုရှောင်။ အစားအသောက်ကို အင်္ဂါနံ၊ စနေနံကို ရှောင်နိုင်သမျှရှောင်၊ အဝတ်အထည် ထွက်တတ်တယ်။ ပျောက်တတ်တယ်။ နေအိမ်မှာ အငယ်ဆုံးအထက် သူငယ် ဥပဒ်ရောက်တတ်တယ်။ ခြေ ၂-ချောင်း ထွက် တတ်တယ်။ စနေ၊ အင်္ဂါ နှစ်ရက်မှာ ထီး၊ ဓား ပျောက် တတ်တယ်။

စနေသား၊ အင်္ဂါသားများနှင့်ဖြစ်ဖြစ် စကားများရတတ်တယ်။ မျက်စိဥပဒ် ရတတ်တယ်။

ယတြာ ။ ။ အကြံအစည်အောင်ပြီး ကောင်းကျိုးပေးစေလိုရင် သောကြာ၊ တနင်္ဂနွေ တစ်နေ့နေ့မှာ အုန်းသီးကို စားပြီး ဆောင်ရွက်။ တန်ခိုးကြီးဘုရားမှာ အရှေ့မြောက်ကနေ သစ်သီးပူဇော်လေ။

## ၇-ရက် သားသမီးများ ဟောကိန်း

နေ့သားအလိုက် ဟောကိန်းကို အောက်မှာ ဖော်ပြထားမယ်။ မှတ် ထားဖို့က "တိုင်ထိပ်တန်းပေါ် နံမြင်သော် အဟောတဝ လာဘ်ကြီးရ" ဆိုတာပဲ။

တိုင်မှာကြည့်ရင် တိုင်ထိပ်၊ တိုင်ဖျား၊ တန်းစီး တိုင်ထက်တိုး ကုသိုလ်ကံ အကျိုးပေးကို ဖော်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်အောက်၊ တိုင်ခြေ၊ တန်းကပ်တို့ကတော့ အကုသိုလ်ကံကို ဖော်ပြတယ်။ အထက်မှာတွေ့တဲ့ ဂြိုဟ်က ဂြိုဟ်ပရိယာယ်အရ ကောင်းကျိုးပေးမယ်ဟော။ အောက်မှာတွေ့တဲ့ ဂြိုဟ်က ဂြိုဟ်ပရိယာယ်အရ ဆိုးကျိုးပေးမယ်ဟော။

သည်တော့ တိုင်တစ်တိုင်မှာ အကောင်း ၂-ဌာနရှိတယ်။ မကောင်း ၅-ဌာန ရှိတယ်။

## တနင်္ဂနွေသား

တနင်္ဂနွေသားဆိုရင် တိုင့်ထိပ်၊ တိုင်ဖျားနှင့် တန်းစီးအကောင်းနှစ်ဌာနမှာ မွေးနံ ၁-ကိုမြင်ရင် ကောင်းတယ်။ ကုသိုလ်ကံ အကျိုးပေးပြီး ရောင်းပန်းဝယ်ပန်း ပွင့်လန်းမယ်။

ပြန့်နှင့်မကောင်း လေးဌာနမှာ မွေးနံ ၅-ကိုမြင်ရင် ကုသိုလ်ကံနိမ့်ကျတယ်။ သောက၊ ဒုက္ခနှင့် တွေ့မယ်။

ပြီးတော့ တနင်္ဂနွေသားဟာ အကောင်း ၂-ဌာနမှာ ကြာသပတေး ၅-ဂဏန်းကိုမြင်ရင် ကောင်းတယ်။ ခင်မင် မ,စမယ့်သူ ပေါ်မယ်။

၆-ဂဏန်းမြင်ရင်တော့ ကြင်သူကြင်ဘက် တွေ့တတ်တယ်။ တကယ်လို့ ၃-နံမြင်ရင် မကောင်းဘူး။ ခိုက်ရန် ဒေါသရှိတယ်။ ၄-နံမြင်ရင်တော့ လင်မယား မသင်မတင့် ဖြစ်မယ်။ စီးပွားတော့ တက်မယ်။

မကောင်း ၅-ဌာနမှာ ၅-နံမြင်ရင် ချစ်သူကြင်သူအတွက် စိတ်ဓာတ်မအေး ကြုံရတတ်တယ်။ ၆-နံမြင်မူ ကြင်သူကြင်ဘက်ကြောင့် စိတ်ပင်ပန်း ကိုယ်ပန်း ဖြစ်တတ်တယ်။ ၃-နံမြင်ရင်တော့ ခိုက်ရန်ရှိတယ်။ ၄-နံမြင်မူ လင်မယားခိုက်ရန်ဒေါသ ဖြစ်မယ်။ ကွာရှင်းပြတ်စဲနိုင်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာသား

အကောင်းနှစ်ဌာနဖြစ်တဲ့ တိုင်ထိပ်နဲ့ တန်းစီးမှာ ၄-နံ မြင်ရင် တော့ ကောင်းတယ်။ ထောက်ပံ့ ချီးပင့်မယ်သူတွေ့ရတတ်တယ်။ စိတ် တူကိုယ်တူ စီးပွားဖော်စီးပွားဘက်နှင့် တွေ့ရတတ်တယ်။ ၆-နံမြင်ရင် အိမ်သူအိမ်သားချင်း ပဋိပက္ခဖြစ်တတ်တယ်။ စီးပွားကတော့ တက်မယ်။ ၃-နံမြင်ရင် လာဘ်ဝင်မယ်။ အနှောင့်အယှက်တော့ မကင်းဘူး။

အကောင်းငါးဌာနမှာ ၄-နံမြင်မူ မိတ်ကလျာတို့ကြောင့် စိတ်သော က ဖြစ်ရတတ်တယ်။ ၅-နံမြင်မူ ခိုက်ရန်ရှိတယ်။ အချင်းချင်း စိတ်ဝမ်းကွဲ တတ်တယ်။ ၆-နံမြင်ရင်တော့ လင်မယား ကွာရှင်းပြတ်စဲရတတ်တယ်။ ၃-နံမြင်ရင် ခိုက်ရန်ဖြစ်ပွားတတ်တယ်။

## အင်္ဂါနံသား

အကောင်း ၂-ဌာနမှာ ၆-နံမြင်ရင် မိတ်ကောင်း ဆွေကောင်း တွေ့ရတတ်တယ်။ ၅-နံမြင်ရင် စီးပွားဘက်ရတတ်တယ်။ ၁-နံမြင်ရင် စုတ်ရန်နှင့်တကွ စုတ်ရတတ်တယ်။ ၄-နံမြင်ရင်တော့ လင်မယား စကား များတတ်တယ်။ စီးပွါးလဲ တက်တတ်တယ်။ သွားလာလုပ်ရှားမှု များတတ် တယ်။ ၂-နံမြင်ရင်တော့ စုတ်လာဘ်လဲ ဝင်မယ်။ သဘောချင်း မတိုက် ဆိုင်သူ နှောင့်ယှက်တတ်တယ်။

မကောင်းငါးဌာနမှာ ၆-နံမြင်ယင် ချစ်သူကြောင့် ရတက်ပွေရ မယ်။ ၅-နံမြင်ရင် ကြံစည်ဖော် ကြံစည်ဘက်ကြောင့် စိတ်ပင်ပန်းရ တတ်တယ်။ ၁-နံမြင်ရင် အကြီးအကဲ ရန်ခိုက်ဒေါသဖြစ်ရတတ် တယ်။ ၄-နံမြင်ရင်တော့ လင်မယား မကွဲပေမယ့် တစ်နယ်တစ်ကျေးဆီ ခွဲနေရ တတ်တယ်။ အိမ်ပြောင်း ရွာပြောင်း ရှိရတတ်တယ်။ ၂-နံမြင်ရင် တော့ မလိုသူက အကျိုးမဲ့ စကားပြောတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူးသား

အကောင်း နှစ်ဌာနမှာ ၂-နံမြင်ရင် မိမိအကျိုးကို လိုလားသူနှင့် တွေ့ကြုံရမယ်။ ၇-နံမြင်ရင် အလောင်းတော်ကုသ မင်းပဘာကို ရကိန်းပဲ။ ၄-နံမြင်ရင်တော့ လာဘ်ရမယ်။ လာဘ်ရတာကို မနာလိုသူ ရှိမယ်။ ၁-နံမြင်ရင် ဒါမှမဟုတ် ၃-နံမြင်ရင် အိမ်သူသက်ထားနှင့် စကားများပြီး စီးပွားတက်မယ်။ ၆-နံမြင်ရင်တော့ စိတ်အေးချမ်းရမယ်။ ၅-နံမြင်ရင် စီးပွားတက်မယ်။ဒါပေမယ့် စိတ်ပင်ပန်းရမယ်။ အနှောင့်အယှက် မလွတ်ဘူး။

မကောင်းငါးဌာနမှာ ၅-နံမြင်ရင် မိတ်ဆွေအပေါင်းအသင်းကြောင့် သောကရောက်တတ်တယ်။ ၇-နံမြင်ရင် ပဘာဝတီကြောင့် မင်းကုသ ချွတ်ဒုက္ခတွေ့ရကိန်းပဲ။ ၄-နံမြင်ရင် လင်မယား အချင်းများ ရတတ်တယ်။ ဂွကျရှင်းပြတ်စဲရတတ်တယ်။ ၆-နံမြင်ရင် ပူပင်သောက ဖြစ်ပျက်တွေ့ရမယ်။ ၅-နံမြင်ရင် ရန်သူ မလိုမုန်းထားသူနှင့် တွေ့ရတတ်တယ်။

## ရာဟုသား

ပုဏ္ဏားနေ့ မွန်းတိမ်းချိန်မှာ ဖွားတဲ့ ရာဟုသားကတော့ အကောင်း နှစ်ဌာနမှာ ၆-နံမြင်ရင်တော့ ကြင်ဖော်ကြင်ဘက် ရတတ်တယ်။ ၄-နံမြင်ရင် မှူးမတ်နှင့်တွဲပြီး စီးပွားတက်မယ်။ ၃-နံမြင်ရင် စကားများရပြီး စုတ်ဝင်မယ်။ ခရီးသွားရပြီး လာဘ်ရတတ်တယ်။ ၅-နံမြင်ရင် ခိုက်ရန်ဖြစ်ပွားပြီး စီးပွားဥစ္စာတက်တတ်တယ်။

မကောင်းငါးဌာနမှာတော့ ၇-နံမြင်ရင် စိတ်သောက ပျောပွဲရတတ်တယ်။ ၂-နံမြင်ရင် အိမ်သူသက်ထားအတွက် သောကများရတတ်တယ်။ ၄-နံမြင်ရင်တော့ ရန်နှင့်တွဲပြီး စီးပွားတက်မယ်၃-နံမြင်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



စကားများရပြီး စုတ်ဝင်မယ်။ ခရီးသွားရတတ်တယ်။ ၅-နံမြင်ရင်တော့ ခိုက်ရန်ဖြစ်ပွားပြီး ဥစ္စာတက် တတ်တယ်။

## ကြာသပတေးသား

အကောင်း နှစ်ဌာနမှာ ၁-နံမြင်ရင် မိတ်ဆွေကောင်း တွေ့ရတတ်တယ်။ ၃-နံမြင်ရင် ကြင်ဘက်ရတတ်တယ်။ ၂-နံမြင်ရင် ရန်နှင့်တွဲပြီး လာဘ်ဝင်တတ်တယ်။ စိတ်တူသဘောတူသူကို တွေ့ရတတ်တယ်။ ၇-နံမြင်ရင် အိမ်သူနှင့်စကားများပြီး စီးပွားတိုးတက်မယ်။ ၄-နံမြင်ရင် ရန်နှင့်တွဲပြီး လာဘ်ဝင်မယ်။

မကောင်းဌာနမှာ ၁-နံမြင်ရင် ချစ်သူအတွက် စိတ်ရှုပ်ထွေးရတတ်တယ်။ ၃-နံမြင်ရင် ကြင်ဘက်ကြောင့် စိတ်မချမ်းမသာ ဖြစ်ရတတ်တယ်။ ၂-နံမြင်ရင် ရန်ခိုက်ဒေါသ များရတတ်တယ်။ အချင်းချင်း စိတ်ဝမ်းကွဲရတတ်တယ်။ ၇-နံမြင်ရင်တော့ အိမ်ထောင်ပျက်စီးရတတ်တယ်။ ၄-နံမြင်ရင် အကြီးအကျယ် ရန်ခိုက်ဒေါသ ဖြစ်ရတတ်တယ်။

## သောကြာသား

အကောင်းနှစ်ဌာနမှာ ၃-နံ[illegible]ရတတ်တယ်။ ၁-နံမြင်ရင် အိမ်ထောင်ကျကိန်းရှိတယ်။ ၇-နံမြင်ရင်တော့ ရန်နှင့်တွဲပြီး ဥစ္စာရတတ်တယ်။ ၄-နံမြင်ရင် စိတ်တူကိုယ်တူတွေ့ပြီး အေးအေးလူလူ နေရတတ်တယ်။

မကောင်းဌာနမှာ ၃-နံမြင်ရင် ချစ်သူအတွက် ရတက်မအေးဘူး။ ၁-နံမြင်ရင် အိမ်သူကြောင့် စိုးရိမ်ပူပန်ရတတ်တယ်။ ၇-နံမြင်ရင်တော့ ရန်မီးပွားရတတ်တယ်။ ၂-နံမြင်ရင် အိမ်ထောင်ပျက်စီးရတတ်တယ်။ ၄-နံမြင်ရင် အပေါင်းအသင်းချင်း စကားများရတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## စနေသား

အကောင်းနှစ်ဌာနမှာ ၄-နံမြင်ရင် မိတ်ဆွေကောင်းတွေ့မယ်။ ကြင်ဖော်ကြင်ဘက် တွေ့မယ်။ ၆-နံမြင်ရင် ရန်နှင့်တွဲပြီး လာဘ်ဝင်မယ်။ ၅-နံမြင်ရင် အိမ်သားချင်း စကားများရပြီး ဥစ္စာတိုးပွားမယ်။ ၁-နံမြင်ရင် ခကျော်စောမယ်။

မကောင်းဌာနမှာ ၄-နံမြင်ရင် မိတ်ဆွေကြောင့်ပဲ ဖြစ်ဖြစ်၊ အိမ်သားကြောင့်ပဲဖြစ်ဖြစ်၊ စိတ်သောက များရတတ်တယ်။ ၆-နံမြင်ရင် ခိုက်ရန်ဒေါသ ဖြစ်ရတတ်တယ်။ ၇-နံမြင်ရင် လင်မယား အချင်းများ ရတတ်တယ်။ ၁-နံမြင်ရင် ပူပင်သောက များရ တတ်တယ်။

## ယတြာပြုနည်း

အနာနှင့်ဆေး တွဲပြီးပေးမှ။ မကောင်းဝဘတော့ သိပြီ။ ကောင်းအောင် ဘယ်လိုယတြာ ပြုမှာလဲ။

လောကမှာ ဆန့်ကျင်ဘက် သဘာဝလေးတွေ ရှိတယ်။ ဆန်းကျယ်တဲ့ နိယာမ်တွေ ရှိတယ်။ အလင်း-အမိုက်၊ အတိုက်-အခံ၊ အမှန်-အလွဲ၊ အခဲ-အရေ၊ အသေ-အရှင်၊ အဝင်-အထွက်၊ အတက်-အဆင်း၊ အရင်း-အဖျား၊ အသွား-အနှောင့်၊ မားဖြောင့်-မားပြန် ဆိုတာ မလွဲကောန်ရှိတဲ့ သဘာဝပဲ။

ယတြာနှစ်မျိုးအနက် တစ်မျိုးမျိုးကိုဖြစ်ဖြစ်၊ နှစ်မျိုးလုံး ဖြစ်ဖြစ်ပြုရမယ်။ ပြုအပ်တယ်။ အဆောင်ယတြာနှင့် ဗုဒ္ဓယတြာဆိုပြီး ရှိတယ်။

အဆောင်ယတြာကတော့ တန်းစီး၊ တိုင်ထိပ်နံ နှစ်ပါးထဲက နှစ်ပါးလုံးပဲဖြစ်ဖြစ်၊ တစ်ပါးပါးကိုဖြစ်ဖြစ် ထားခြင်း၊ ဆောင်ခြင်းပြုခြင်းကို ဆိုလိုတာ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓယတြာကတော့ တန်းစီးနံ၊ တိုင်ထိပ်နံ ဘုရားများမှာ ရှိခိုးပူဇော်ပြီး ယတြာပြုဖို့ပဲ။ တန်းစီးဟောကိန်းများမှာ ပြဆိုခဲ့ပြီးဖြစ်တယ်။

အကောင်းဌာနမှာရှိတဲ့နံ၊ ပြမှာရှိတဲ့နံ၊ တိက္ခနိစ်မှာရှိတဲ့နံရဲ့ ဆိုးကျိုးကို ပျက်စေမယ်။ ယတြာကို ပြုရမယ် ဖြစ်တယ်။

## တိုင်ညှိဟောနည်း

သည်နည်းကတော့ ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်၊ ရံတိုင် တိုင်လေးတိုင်ထူပြီး နံတိုင်၊ ရံတိုင်ကို အားပြုပြီးဟောတဲ့နည်းပဲ။

တနင်္ဂနွေသား၊ တနင်္ဂနွေဂြိုဟ်စား ဆိုပါတော့။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

| ဂြိုဟ် | မိတ | နံ | ရံ |
|---|---|---|---|
| ၆ | ၅ | ၂ | ၂ |
| ၅ | ၄ | ၁ | ၁ |
| ၄ | ၃ | ၇ | ၇ |
| ၃ | ၂ | ၆ | ၆ |
| ၂ | ၁ | ၅ | ၅ |
| ၁ | ၇ | ၄ | ၄ |
| ၇ | ၆ | ၃ | ၃ |

မြင်ရာနံအလိုက် ဟောကိန်းကို အောက်မှာဖော်ပြထားတယ်။

### ၁-နံအဟော

၁-နံကို တန်းစီးတိုင်ဖျားမှာတွေ့ရင် ကောင်းတယ်။ နေရာ ရိပ်ငြိမ်အိမ်ရမယ်။ အပျိုလူပျိုဆိုရင် ကြင်ဖော်ကြင်ဘက် ရမယ်။ အရှေ့ မြောက်ဘက်က စုတ်ဝင်မယ်။ အကြီးအကဲ မ,စမယ်။ ဘုန်းကြီးမယ်။ အမွေ

www.burmeseclassic.com



ရမယ်။ တနင်္ဂနွေနံ ဝင်မယ်။ ဝင်ရင် ကောင်းကျိုးပေးမယ်။ အဟောင်းကို အသစ်ပြင်ရကိန်းရှိတယ်။ နာမကျန်းဖြစ်ရင် တနင်္ဂနွေနံအိုး အစရှိတာကို နေရာရွှေ့ပြောင်းပြီးထား။ ညောင်ရေအိုးမှာ အုန်းပန်းထိုးပေး။ အိမ်ကို ပြင်ဆင်လေ။

၁-နံကို တိုင်ခြေတန်းကပ်မှာ တွေ့ရင် အရပ်တစ်ပါးကို ခရီးသွားရတတ်တယ်။ အိမ်ထောင်ပျက်ကိန်း ကြုံရတတ်တယ်။ ဆွေမျိုး၊ ဒါမှမဟုတ်ရင် အိမ်နီးချင်းနှင့် ရန်ဖြစ်ရတတ်တယ်။ အိမ်ဆောက်လျှင် မဖြူဘူး။ ယာယီပဲဖြစ်မယ်၊ မြဲရင်လည်း ကိုယ်စိတ်မချမ်းမသာ ဖြစ်ရမယ်။ တနင်္ဂနွေနံ အုန်းသီးစသည်ကို မစားနှင့်။ ရှောင်လေ။ ၁-နံ အရပ်ကို မသွားနှင့်။ ရှောင်လေ။ ၁-နံအိုးစတဲ့ အရာဝင်ရင် လက်မခံနှင့်။

## ၂-နံအစဟော

၂-နံကို တန်းစီးတိုင်ဖျားမှာ တွေ့ရင် ခြေနှစ်ချောင်း စုတ်ကောင်းဝင်မယ်။ စီးပွားတက်မယ်။ အရှေ့မြောက်အရပ်က ကျောက်ကောင်း၊ လက်ကောက်၊ ခြံ ဥယျာဉ်၊ ကြောင်၊ ကြက်၊ ငှက်၊ ခွေး စသည် ဝင်မယ်။

၂-နံကို တိုင်ခြေတန်းကပ်မှာ မြင်ရင် အလိမ်အကောက် ခံရမယ်။ အရှေ့အနောက်အရပ်က ရန်ပေါ်မယ်။ ၂-နံဝင်ရင် လက်မခံနှင့်။ လက်ခံရင် အကျိုးမများပဲ ပျက်စီးတတ်တယ်။ ခြေနှစ်ချောင်း ထွက်မယ်။ နာရီကြိုး၊ ဆွဲကြိုးရှိရင် ရောင်းရတတ်တယ်။ ရောဂါကပ်ရောက်ရင် အိမ်မှာရှိတဲ့ ပန်းကန်ကွဲ၊ ခွက်ဟောင်း၊ ကျောက်ပြင်၊ ချိန်ခွင်၊ စကောတို့ကို နေရာရွှေ့ပြီးထား။ ၂-နံသင့် ပန်းဖြင့် ဘုရားကို ပူဇော်လေ။

www.burmeseclassic.com

www.burmeseclassic.com



## ၃-နံ အယော

၃-နံကို တန်းစီး တိုင်ဖျားမှာ တွေ့ရင် ရာထူးရတတ်တယ်။ တရား တွေ့ရင် ကိုယ်ကပဲနိုင်မယ်။ အင်္ဂါနံ စောင်၊ စက်၊ ပုဆိုး၊ လက်စွပ် တစ်ခုခုဝင်ရင် ကောင်းတယ်။ ကောင်းကျိုးပေးမယ်။

၃-နံတိုင် တိုင်ခြေတန်းကပ်မှာ တွေ့ရင် တရားတွေ့တတ်တယ်။ သူတစ်ပါးရဲ့ အစော်အကားကို ခံရတတ်တယ်။ ခိုးသား၊ ဒမြနှင့် တွေ့ရ တတ်တယ်။ အရှေ့တောင်အရပ်ကို ရှောင်။ အစွယ်ရှိတဲ့ သတ္တဝါ၊ အဆိပ်ရှိတဲ့ သတ္တဝါကြောင့် ဥပဒ်ရောက်တတ်တယ်။ သွေးထွက်သံယို ဖြစ်ကိန်းရှိတယ်။ ကျောက်စိမ်း၊ စိန်လက်စွပ်ဝင်ရင် လက်မခံနှင့်။ ဘေးရန်တွေ့မယ်။ ရောဂါကပ်ရောက်ရင် အိမ်ပေါ်မှာ စင်, ဆောက်မိရင် ဖျက်ပါ။ အင်္ဂါနံ နှင်းဆီပန်းဖြင့် ဘုရားကို ပူဇော်လေ။

## ၄-နံ အယော

၄-နံကို တန်းစီးတိုင်ဖျားမှာတွေ့ရင် ခြေလေးချောင်း၊ လူ၊ လှေ ၊တဲ့ ဗုဒ္ဓဟူးနံဝင်မယ်။ ဝင်ရင် ကောင်းကျိုးပေးမယ်။ ရာထူးတိုးမယ်။ ဘုန်ရောင်းကုန်ဝယ် ကြွေးဆပ်မြီချရင် မြတ်စွန်းမယ်။ အပျိုလူပျိုဆိုရင် ;တာင်အရပ်က ကြင်သူရမယ်။ အခြေအရံ ရမယ်။

၄-နံကို တိုင်ခြေတန်းကပ်မှာတွေ့ရင် ရွှေ, ငွေ ပျောက်မယ်။ ဗုဒ္ဓ ဘူးနံ တိရစ္ဆာန်ဝင်ရင် လက်မခံနှင့်။ လူထွက်တတ်တယ်။ မြောက်အရပ် ာ လူများနှင့် တရားဖြစ်တတ်တယ်။ ရောဂါကပ်ရောက်ရင် ယပ်ရှိယင် အခြားနေရာကို ပို့လိုက်ပါ။ ဝါပင်၊ ဝါးပင်၊ ရဲယိုပင်၊ ဖရုံပင်ရှိရင် ခုတ်ခွင် ာစ်။ ရေချိုးမှားမယ်။ ဆင်ခြင်။ တောင်အရပ်ကို ခရီးမသွားနှင့် ရှောင် ာလေ။

www.burmeseclassic.com

www.burmeseclassic.com



## ၅-နံ့အဟော

၅-နံ့ကို တန်းစီး တိုင်ဖျားမှာတွေ့ရင် အနောက်အရပ်က မြေ၊ မြင်း၊ မိန်းမဝင်မယ်။ ဝင်ရင်ကောင်းတယ်။ ဆရာကောင်းတွေ့ပြီး ပညာကောင်း ရမယ်။ မိတ်ဆွေကောင်းနှင့် ပေါင်းဖော်ရတတ်တယ်။ သွားလေရာ ရာ မျက်နှာပွင့်လန်းမယ်။

၅-နံ့ကို တိုင်ခြေ တန်းကပ်မှာ တွေ့ရင် သွေးဖောလေဖော အဖျားရောဂါများ ကပ်ရောက်တတ်တယ်။ မြင်း, မြေ, မိန်းမ, မိတ်ဆွေတို့ကြောင့် သောကရောက်ရတတ်တယ်။ နာမကျန်းဖြစ်ရင် အနောက်အရပ်မှာ ထားရှိတဲ့ မှန်၊ ဖလ်ဖူး၊ ဗန်းစုတ်တို့ကို နေရာရွှေ့ပြောင်းထား။ မေမြို့ပန်း ဘုရားကို လှူလေ။

## ၆-နံ့ အဟော

၆-နံ့ကို တိုင်ဖျား တန်းထိပ်မှာတွေ့ရင် ကောင်းတယ်။ ဘေးကင်းမယ်။ လာဘ်ဝင်မယ်။ မျက်နှာပွင့်လန်းမယ်။ အပျို ၊လူပျို ဆိုယင် ရည်းစားရမယ်။ ခြေရံ, ကျေးကျွန်, စုတ်လာဘ်ဝင်မယ်။ မြောက်အရပ်က မိတ်ကောင်းတွေ့မယ်။ ခရီးသွားရမယ်။ အကြံအစည် ပွင့်လန်းအောင်မြင်မယ်။

၆-နံ့ကို တိုင်ခြေတန်းကပ်မှာ တွေ့ရင်တော့ မကောင်းဘူး။ လင်မယားကွဲကိန်း ရှိတယ်။ သွေးထွက်သံယို ဖြစ်မယ်။ ရောဂါရမယ်။ မြောက်အရပ်ကို ခရီးရှောင်။ ခရီးသွားရင် စီးပွားပျက်မယ်။ စိတ်သောက ဖြစ်ရာ ကြုံရမယ်။ သောကြာနံ့ သစ်၊ သံ၊ သော့ဝင်ရင် လက်မခံနှင့်။ စီးပွားရေး၊ အကြံအစည် ပျက်မယ်။ နာမကျန်းဖြစ်ရင် ဘုရားကို သီးညွန့် ပူဇော်လေ။

www.burmeseclassic.com

www.burmeseclassic.com



## ၇-နံ အဟော

၇-နံကို တိုင်ဖျား တန်းစီးမှာတွေ့ရင် ဘုန်းကြီးမယ်။ ကျက်သရေ တိုးမယ်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မယ်။ အနောက်တောင်က စုတ်လာဘ်ဝင်မယ်။ နတ်မ, မစမယ်။ ခုတင်၊ သေတ္တာစတဲ့ စနေနံတခုခု ဝင်ရင် ကောင်းတယ်။ စနေထီးရတဲ့အတွက် အေးချမ်းမယ်။

၇-နံကို တိုင်ခြေ တန်းကပ်မှာ တွေ့ရင် လက်ထိပ်ကြိုးချုပ်ခံရ တတ်တယ်။ မယားမှုလင်မှုကြောင့် အကျိုးနည်း အရှက်ကွဲရတတ်တယ်။

အနောက်တောင်က လင်ရှိမယားနှင့် ငြိစွန်းတတ်တယ်။ ကိုယ် ဝန်ဆောင် မီးဖွားတတ်တယ်။ နွားသား၊ နွားနို့ ကိုရှောင်ပါ။ ထီး၊ ဖိနပ် ဝင်ရင် လက်မခံနှင့်။ ဘေးရန်တွေ့မယ်။ သူခိုးခိုးခံရတတ်တယ်။အဝတ် မီးလောင်တတ်တယ်။ ဒေါနပန်းကို ဘုရားလှူလေ။

## ၇-ဌာနအတွက် ဟောကွက်-မြောကွက်

သုံးတန်ပေါ်နိစ် အဟောကတော့ ဂြိုဟ်ပရိယာယ်ကြွယ်ပုံကို ကျွမ်း ကျင်ရင် ကျွမ်းကျင်သလောက် ဟောနိုင်တဲ့သဘော ရှိတယ်။ ချက်က လေးကိုတော့ သိထားရမယ်။ ကျက်မှတ်ထားရမယ်။

၇-နံ ဂဏန်းတွေကို တန်းစီး၊ တိုင်ထိပ်၊ တိုင်ဖျား၊ ပြ၊ တန်းကပ်၊ တိုင်ခြေ၊ နိစ်တို့မှာ တွေ့ရင် ချက်,ကနဲ ဟောနိုင်ဖို့က ဌာနအကောင်း အဆိုးရဲ့ သဘောကို အကျဉ်းလောက် သိထားဖို့ လိုမယ်။

တိုင်ထိပ် တိုင်ဖျား၊ လာဘ်ဝင်ငြား၊ ကောင်းစားအမှန်ပ။
ပြခွင်ဆက်မှာ၊ ခြေလက်နာ၊ ရောဂါဖြစ်တတ်စွ။
တန်းစီးတတွေ့၊ လာဘ်ဝင်ပေ၊ မှတ်လေ ကောင်းကြွယ်ဝ။
တိုင်ခြေ မြေလူး၊ ယာယီမြူး၊ လွန်ကျူးသေတတ်လှ။
မိတ်ရန်နှစ်ပါး၊ မြင်သည်များ၊ စဉ်းစားနိုင်းချိန်ဆ။

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်တိုင်၊ မိတ်တိုင်၊ နံတိုင်၊ ရံတိုင် တိုင်လေးတိုင်ထူပြီး ဆိုပါတော့။ အဲသည် တိုင်လေးတိုင်ကို ကြည့်။ အကောင်းတစ်ဌာနကတော့ သိပြီးတဲ့အတိုင်းပဲ။ တိုင်ထိပ်၊ တန်းဖျားနှင့် တန်းစီးပဲ။ ကျန်တာတော့ မကောင်းဌာနပဲ။ ဘယ်လိုကောင်းတယ်၊ ဘယ်လို မကောင်းဘူး ဆိုတာတော့ ဂြိုဟ်ပရိယာယ်ပေါ် တည်သလို အဲသည် ဌာနတွေပေါ် လဲ တည်တယ်။ အထက်က လက်ာကို တီးခေါက်မိမယ်။

ပြ-ခွင်ကတော့ ခြေလက်တို့မှာ အနာရတတ်တယ်။

တန်းစီး-ဆိုရင် တိုင်ထိပ် တိုင်ဖျားမှာလိုပဲ နံသင့်ပစ္စည်း များစွာဝင်တယ်။

တန်းကပ်-မှာဆိုရင် နံသင့်ပစ္စည်းတော့ ဝင်ပါရဲ့။ မတည်တံ့ဘူး။ ပြန်ထွက်မယ်။ အမှုရင်လဲ ဖြစ်တတ်တယ်။

နိစ်-ခွင်မှာဆိုရင် မမာမကျန်း ဖြစ်တတ်တယ်။ 'အထက်နိစ်မှာ သာမည၊ အောက်နိစ်မှာ ဝိသေသ' အဆိုရှိတယ်။ အထက်နိစ်ခွင်မှာ တော်သေးတယ်။ အောက်နိစ်မှာဆိုရင် ပိုဆိုးမယ်။

တိုင်ခြေမှာဆိုယင် ခရီးယာယီ များမယ်။ ယာယီရောဂါ ရတတ်တယ်။ ကောက်ခါငင်ကာ ဖျားနာတတ်တယ်။ ဉစ္စာပစ္စည်း ပျက်စီးတတ်တယ်။ အသက်ရင်လည်း ဆုံးပါးနိုင်တယ်။ မွေးနံကို အဲသည် တိုင်ခြေမှာ တွေ့ယင် ပိုသတိထားရမယ်။

တန်းစီးတိုင်ထိပ်မှာ ရှိတဲ့နံက မိတ်တိုင် ရံတိုင်တို့မှာ သမသတ်မိတ်ကို ပြန်မြင်မယ်ဆိုရင် အကျိုးပေးမြန်မယ်ဟော။ မိတ်မမြင်ပဲ ရန်မြင်ရင် အကျိုးပေးရာမှာ အထစ်အငေါ့ရှိမယ် ဟော။

ပြ၊ တန်းကပ် နိစ်-တိုင်ခြေလဲ ဖြစ်မယ်။ အဲသည် ဌာနတွေမှာ ရှိတဲ့နံနှင့် မိတ်တိုင် ရံတိုင်မှာရှိတဲ့နံ သမသတ်မြင်ရာမှာ မိတ်မမြင်ရင် မကောင်းကျိုးပေးမှာ ယုတ်လျော့သွားတဲ့ သဘောပဲ။ အဲ. . . ရန်မြင်မယ်ဆိုရင်တော့ မကောင်းကျိုးအပေး ထက်သန်မယ် ဆိုတာကို ဖော်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နံတိုင် ရံတိုင် သမသတ်ဟောနည်း

သည်နည်းကလဲ သုံးတန်ပေါ်နိစ်၊ ဟောရာမှာ အသုံးများတဲ့နည်းပဲ။ ဗြိဟ်တိုင်ကနေ မိမိတိုင်ကို ခွဲလွဲထူ။ နံတိုင်ကနေ ရံတိုင်ကိုခွင်သွဲထူ။ တိုင်လေး တိုင်ရမယ်။ တိုင်လေးတိုင်အနက်၊ ရံတိုင်ကို သမသတ်ကြည့်ပြီး ဟောတာ။

| နံ | ရံ |
|---|---|
| ၃ | ၁ ဝင်* |
| ၂ | ၀ ထွက်* |
| ၁ | ၆ ဝင် |
| — | — |
| ၀ | ၅ ထွက်* |
| ၆ | ၄ နာ |
| ၅ | ၃ သေ* |
| ၄ | ၂ ထွက်* |

နံတိုင်နှင့်ရံတိုင်ဆိုပါတော့။ အရေးကြီးတဲ့နေရာတွေမှာ ခရေပွင့် ပြထားတယ်။ တိုင်ထိပ်တိုင်ဖျားတော့ အဝင်ပြတယ်။ ဘာဝင်မလဲ။ ၃-၁ နံအဝင်ပြနေတယ်။ အင်္ဂါစပြီး တနင်္ဂနွေဆုံး။ ဆီအိုး၊ ဆန်အိုး၊ စသဖြင့် ဝင်မယ်ဟော။ အထွက်မှာကတော့ ၂-၁ ပြတယ်။ တနင်္လာနှင့်စနေ။ ခုတင်ထွက်မယ်၊ မထွက်ရင် ပျက် မယ်။ ခြင်ထောင်ပေါက်တတ်တယ်။ ခေါင်တိုင်အနာပါမယ်။ ခြေထောက်မှာ အနာပါမယ်။ ကျောက်နီရှိရင် ထွက်တတ်တယ်။

တန်းကပ်ကို ကြည့်ပြန်တော့ အထွက်ပြတာက ၀-၅။ ထဘီဝင်ပြီးပြန်ထွက်ကြည့်တယ်။ တန်းကပ်ရဲ့ သဘောက ဝင်ပြီး ပြန်ထွက်တတ်တဲ့သဘောရှိတယ်။

တိကွနိစ်မှာကတော့ ၅-၃ အသေပြတယ်။ ပုဆိုးပျောက်မယ်။ ပုဆိန်ပျောက်မယ် စသဖြင့် ဥဏ်ပြေးသလောက် အကျယ်ဟော။ တိုင်ခြေမှာကတော့ ၄-၂။ ဗုဒ္ဓဟူးနှင့် တနင်္လာ။ ရွှေကြိုး၊ ရွှေလက်ကောက်၊ ရွှေခြေကျင်း လူနှစ်ဦး ဝင်ပြီး ထွက်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**နောက်ထပ်**တိုင်စဉ်တစ်ခု ကြည့်ရအောင်

| နံ | ရံ |
|---|---|
| ၁ | ၅ ဝင်* |
| ၀ | ၄ ထွက်* |
| ၆ | ၃ ဝင် |
| ၅ | ၂ ထွက်* |
| ၄ | ၁ နာ |
| ၃ | ၀ သေ* |
| ၂ | ၆ ထွက်* |

တိုင်ထိပ်မှာ ၁-၅ ရှိတယ်။ တိုင်**ဖျားမှာ** ၁နွေနှင့် ၅တေးရှိတယ်။ မိတ်ခာတ်လည်း **မြင်**တယ်။ အောင်ပဓာတ် အဲဝင်မှာပြတယ်။ တနင်္ဂနွေ ကြာသပတေး နံ့စပ်တဲ့ပစ္စည်း ဝင်မယ်။ ဝင်ရင်လည်း ကောင်းတယ်။

ပြမှာတော့ ၀-၄ အထွက်ပြထား တယ်။ အိမ်မှာ တစ်ယောက်ရှိရင် ထွက်မယ်။ ပျက်စီးမယ်။ ဉာဏ်ရှိသလို အကျယ်ဟော။

မန္ဒနိစ်မှာ ၄-၁နံအနာ ပြနေတယ်။ ရေအိုးကွဲမယ်။ ပေါက်**မယ်။ အက်**မယ်။

တိက္ခနိစ် သမသတ်ကတော့ ၃-၀၊ ဆံထိုးရှိရင် ပျောက်တတ်**တယ်။** အခိုးခံရတတ်တယ်။

| နံ | ရံ |
|---|---|
| ၃ | ၂ ဝင်* |
| ၂ | ၁ ထွက်* |
| ၁ | ၀ ဝင်* |
| ၀ | ၆ ထွက် |
| ၆ | ၅ နာ |
| ၅ | ၄ သေ* |
| ၄ | ၃ ထွက်* |

တိုင်ဖျားမှာ သမသတ်ကတော့ ၃-၂ မြင်တယ်။ ဆွဲကြိုး ဝင်ကိန်းရှိတယ် ၏ဟော။

ပြသမသတ်မှာ ၂-၁ မြင်တယ်။ ကွမ်းအစ် စသည် ပျောက်မယ်။ စုတ်ဝင်မယ်။ ကြေးအိုးကွဲမယ်။ ခေါင်းအုံးပေါက်မယ်။

တန်းစီးသမသတ် ၁-၀ ဆိုတော့ ဦးထုပ်၊ အင်္ကျီဝင်တတ်တယ်။

တိက္ခနိစ် သမသတ် ၅-၄ နံမြင်**တယ်။** ပဝါ၊ ဖလား၊ မွေ့ရာ ပျောက်ပျက်တတ်တယ်။ ဘုရားပျက် ရှိတတ်**တယ်။** တိုင်ခြေ သမသတ်မှာ ၄-၃ မြင်တာကြောင့် ရည်းစားပျက်ကိန်း**ရှိ**တယ်။

www.burmeseclassic.com



| နံ | ရုံ |
|---|---|
| ၂ | ၄* |
| ၁ | ၃ |
| ၇ | ၂* |
| ၆ | ၁ |
| ၅ | ၇* |
| ၄ | ၆ |
| ၃ | ၅* |

တိုင်ထိပ် သမသတ် ၂-၄ ဆိုတော့ ငွေလက်စွပ် ဝင်တတ်တယ်။ တန်းစီး သမသတ် ၇-၂ ဆိုတော့ နာရီကြိုး ဝင်မယ်။ နားကပ် ဝင်တတ်တယ်။

မန္တနိစ်မှာ, သမသတ် ၅-၇ မြင်တာကြောင့် ဖိနပ်ပျောက်တတ်တယ်။ မျက်တတ်တယ်။ တိုင် ခြေ သမသတ် ၃-၅ မြင်လို့ ဆောင်ပန်း စတဲ့ ပစ္စည်းမျိုး ဝင်မယ်။ မမြဲဘူး။ ပြန်ထွက်မယ် ပေါ့။

| နံ | ရုံ |
|---|---|
| ၃ | ၃ ဝင် |
| ၂ | ၂ ထွက် |
| ၁ | ၁ ဝင် |
| ၇ | ၇ ထွက် |
| ၆ | ၆ နာ |
| ၅ | ၅ သေ |
| ၄ | ၄ ထွက် |

ပြ- သမသတ်မှာ ၂-၂ နံမြင်လို့ ခြေကျဉ်းမှာ အနာ ပေါက်တတ်တယ်ပေါ့။

| နံ | ရုံ |
|---|---|
| ၇ | ၁ |
| ၆ | ၇* |
| ၅ | ၆ |
| ၄ | ၅ |
| ၃ | ၄ |
| ၂ | ၃* |

သည်တိုင်မှာတော့ ပြ-ရဲ့ သမသတ်မှာ ၆-၇ မြင်လို့ အိမ်မှာ သေတ္တာပျက်ရင်လည်း ရှိတတ်တယ်။

တိကၡနိစ် သမသတ်မှာ ၂-၃ မြင်လို့ ကျောက်စိမ်း ရှိရင် ပျောက်ပျက်တတ်တယ်။ ကြေးစည်ရှိရင် လည်း ပျောက်ဆတ်ကွဲတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



| နံ | ရံ |
| --- | --- |
| ၂ | ၃* |
| ၁ | ၂ |
| ၇ | ၁ |
| ၆ | ၇* |
| ၅ | ၆ |
| ၄ | ၅* |
| ၃ | ၄ |

သည်တိုင်မှာတော့ တိုင်ထိပ် သမသတ်မှာ ၂-၃ မြင်လို့ ကျောက်စိမ်းဝင်မယ်ဟော။ တန်းတပ် သမသတ် ၆-၇ မြင်လို့ သံသေတ္တာဝင်ပြီးပြန် ထွက်တတ်တယ်ဟော။ တီကွနိစ် သမသတ် ၄-၅ နံမြင်တာကြောင့် လင်ဗန်းပျောက်တတ်တယ်။ ပေါက်တတ်တယ်ဟော။

ဟောရာပြောရာမှာ ကာလဒေသ လိုက်ပြီး ပြောရမယ်။ လူပုဂ္ဂိုလ်ကို လိုက်ပြီး ပြောရမယ်။ ဗေဒင်ကြည့်ရာမှာ အရေးကြီးတဲ့ အချက်ပဲ။

တန်းဖျား တန်းစီးမှာကတော့ အဝင်ကိုပြတယ်။ ဝင်မယ် ဟောရမှာ အပြီးအပိုင် ဝင်တာမျိုးလဲ ဖြစ်မယ်။ ဒါမှမဟုတ်ရင် သူတစ်ပါး ခံတွက်အပ်နှံတာမျိုးလဲ ဖြစ်မယ်။ အဝင်မှာ အကောင်းပြရင် တန်ဖိုးသေးတာဝင်ရင် လက်မခံဖို့ သတိပေး၊ ကျိန်းကြေတတ်တယ် ဟော။

'ပြ' မှာ ဆိုရင်တော့ မကောင်းဟော။ ကျိုးမယ်၊ ပျက်စီးမယ်၊ အနာဖြစ်မယ်။ လူလိမ်လူကောက်ခံရမယ် စသဖြင့် ဉာဏ်သွားသလိုဖြိုဟ်ပရိယာယ်ကို ကြည့်ပြီးဟော။

တန်းကပ်ကတော့ ဝင်ထွက်ပြတယ်။ ဝင်ပြီး၊ ပြန်ပျောက်မယ်။

'နိစ်' နှစ်ခွင်ကတော့ နာကျိုး၊ ပျက်စီး၊ ပျောက်ရှ၊ ဆုံးရှုံးမှုကိုကြည့်ဟော။

တိုင်ခြေမြေလူး ဆိုရင်တော့ အညံ့ဆုံးပဲ။ အညံ့ကို ဉာဏ်ရှိသလောက် ကြည့်သာဟောပေတော့။

www.burmeseclassic.com

www.burmeseclassic.com



## ကာလအပိုင်းအခြား ဟောကိန်း

သုံးတန်ပေါ် နိစ်နည်းအရ အချိန်ကာလကို ပိုင်းခြားပြီး ဟောရာမှာ မွေးနံမြင်ရာကနေ သမသတ်အထိ တန်ခူးက စပြီး ရေတွက်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅* | ၇ |

ကဲကြည့်ရအောင်. . ။ ဗေဒင်မေးလာသူက တနင်္လာသား ဆိုပါတော့။ သက်ရောက်က ကြာသပတေး ဆိုပါတော့။ တစ်ခွင်ဆုတ်ပေးရင် စနေကို ရောက်မယ်။ နံတိုင်မှာ စနေတန်းစီး ဖြစ်မယ်။

| နံ | ရံ |
|---|---|
| ၂ | ၄ ဝင် |
| ၁ | ၃ ထွက် |
| ၇ | ၂ ဝင်* |
| ၆ | ၁ ထွက် |
| ၅ | ၇ နာ |
| ၄ | ၆ သေ |
| ၃ | ၅ ထွက် |

တန်းစီး သမသတ်ကတော့ ၇-၂၊ သည်တော့ နာရီဝင်မယ်ဟော။မိန်းမဆိုရင် နားကပ်ဝင်မယ်ဟော။ဘယ်တော့ဝင်မှာလည်း ဆိုတာကတော့ မွေးနံမြင်ရာကနေ သမသတ်အထိ မွေးလကစပြီး ရေတွက် ဗေဒင်မေးလာသူက တန်ခူးလဆန်း ၁-ရက် နေ့မှာ မွေးဖွားတာဆိုရင် တန်ခူးကနေ ရေပြွက်။ သမသတ် စနေကိုရောက်ဖို့ကို တနင်္လာနေ့စပြီး ရေတွက်။ ၂-က တန်ခူး၊ ၃-ကဆုန်၊ ၄-နယုန်၊ ၅-ဝါဆို၊ ၆-ဝါခေါင်၊ ၇-တော်သလင်း၊ သည်တော့ တော်သလင်းလလောက်မှာ ဝင်မယ်လို့ ဟောလေ။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

နောက်ထပ်ရှင်းအောင် နမူနာကြည့်အုံး။ ဗေဒင်မေးလာသူက တနင်္ဂနွေသားဆိုပါတော့။ သက်ရောက်က တနင်္လာသက်ရောက် ဆိုပါတော့။ ခွင်ဆုတ်ပေးတော့ တနင်္ဂနွေကို ရောက်မယ်။ တန်းစီးက တနင်္ဂနွေ။

www.burmeseclassic.com

www.burmeseclassic.com



| နံ | ရံ |
|---|---|
| ၃ | ၁ |
| ၂ | ၀ |
| ၁ | ၆ |
| ၇ | ၅ |
| ၆ | ၄ |
| ၅ | ၃ |
| ၄ | ၂ |

အဝင်ကိုကြည့်ရင် ဆီအိုးဝင်မယ် ဆိုပါတော့၊ တနင်္ဂနွေရဲ့ သမသတ်က အင်္ဂါဖြစ်တယ်။ တိုင်များကို ကြည့်။ တနင်္ဂနွေသားရဲ့ မွေးလက တပေါင်းလ, ဆိုပါတော့။ တပေါင်းလက စပြီး ရေတွက်၊ ၁-တပေါင်း။ ၂-တန်ခူး။ ၃-ကဆုန်။ သည်တော့ ကဆုန်လမှာ ဝင်မယ် ဟောလေ။ ကျန်တိုင်တွေကိုလည်း သည်ထုံးနည်း**အတိုင်း** မှတ်ယူပြီး အချိန်ကာလကို ပိုင်းခြားပြီး ဟောလေ။

## အိမ်နီးနားချင်း ဟောထုံး

**အိမ်**နီးနားချင်းကို ဟောရာမှာလည်း နံတိုင်၊ ရံတိုင်ကို ကြည့်ပြီး ဟော**ရတယ်**။ အကောင်း ၂-၄၃နမှာထက် မကောင်း၊ ၅-၄၃ နမှာ မွေးနေ့မြင်**ရင်** ဟောချက်ပြောကွက်ကပိုပြီးမှန်ကန်လေ့ရှိတယ်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

| နံ | ရံ |
|---|---|
| ၃ | ၅ |
| ၂ | ၄ |
| ၁ | ၃ |
| ၀ | ၂ |
| ၆ | ၁ |
| ၅ | ၇ |
| ၄ | ၆ |

တိုင်ကတော့ ကြာသပတေးသက်ရောက်တဲ့ အင်္ဂါသားသမီးရဲ့ **နံ တိုင်** ရံတိုင်ဖြစ်တယ်။ ကြာသပတေး သက်ရောက်တော့ သမသတ်မျှော်ရင် တနင်္လာ။ တစ်ခွင်ဆုတ်တော့ တနင်္ဂနွေ၊ တနင်္ဂနွေဟန်းစီး **ဖြစ်မယ်**။ ခွင်လွှဲတိုင်ထူတော့ နံတိုင်က **အင်္ဂါတန်းစီး** ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နံ့တိုင်ထိပ်ဖျားမှာ ၃-နံ့မြင်တယ်။ ရံတိုင်ထိပ်ဖျားမှာ ၅-နံ့မြင်တယ်။ ဒါကြောင့် ဗေဒင်မေးသူရဲ့ အိမ်ကနေ အရှေ့တောင်အရပ်ဖြစ်ဖြစ်၊ ၃-အိမ်ခြားမှာဖြစ်ဖြစ် အမွေအနှစ် ရသူ၊ မိန်းမရသူ၊ မြေဝယ်ရသူ ရှိမယ် ဟော။

ပြွခွင်မှာ ၂-၄ နံ့မြင်တယ်။ မေးသူရဲ့ အိမ်ရှေ့ဖြစ်ဖြစ်၊ ၂-အိမ်ခြားမှာဖြစ် ရွှေပျောက်မယ်။ လူနှလိမ်ခံရမယ်။ ခြေလေးချောင်း ပျောက်မယ် စသဖြင့် ဂြိုဟ်ပရိယာယ်အရ ဆင်ခြင်ပြီး ဟော။

တန်းစီးမှာတော့ ၁-၃ နံ့မြင်တယ်။ အရှေ့မြောက်မှာ ဖြစ်ဖြစ်၊ တစ်အိမ်ခြားမှာ ဖြစ်ဖြစ် အငြိမ့်နှင့် ပတ်သက်သူ တစ်ယောက်ယောက် ရှိမယ်ဟော။ တန်းကပ်မှာတော့ ၁-၂ နံ့ မြင်တယ်။ ဗေဒင်မေးသူအိမ်ရဲ့ စနေထောင့်မှာ ဖြစ်ဖြစ်၊ ၇-အိမ်ခြားမှာ ဖြစ်ဖြစ်၊ အိမ်အနီးအနားမှာဖြစ်ဖြစ် ခြေနှစ်ချောင်း ထွက်တတ်ကယ်။ မီးလန့်တတ်တယ်။ သည်နိမိတ် တွေကို ဗေဒင်မေးသူမြင်ရင် အင်္ဂါသားသမီး ကေန်ကောင်း ကျိုးပေးတော့ မယ် ဟော။

မန္ဒနိစ်ခွင်မှာ ၆-၁နံ့မြင်တော့ မြောက်အရပ်မှာ ဖြစ်ဖြစ်၊ ၆-အိမ်ကြားမှာ ဖြစ်ဖြစ် အသက်ကြီးသူ သူအိုထဲက နာမကျန်းသူ ရှိမယ်ဟော။

တိက္ခနိစ်ခွင်မှာ ၅-၀ နံ့မြင်တာကြောင့် အနောက်အရပ်မှာ ဖြစ်ဖြစ်၊ ၅-အိမ်ကြားမှာ ဖြစ်ဖြစ် သူခိုး ခိုးခံရမယ်။ မီးလောင်မယ်။ နွားသေမယ် စသဖြင့် ကာလဒေသအရ ဟော။ ဂြိုဟ်ပရိယာယ်ကို ဆင်ခြင်ပြီး ဟော။

တိုင်ခြေမှာ ၄-၆နံ့မြင်တယ်။ ဒါကြောင့် တောင်အရပ်မှာ ဖြစ်ဖြစ်၊ အနောက်မြောက် အရပ်မှာ ဖြစ်ဖြစ်၊ ၄-အိမ်ခြားမှာ ဖြစ်ဖြစ် လူသေတတ် တယ်လို့ ဟော။

နံ့တိုင်၊ ရံတိုင်မှာ ဂြိုဟ်ပရိယာယ်ကို ကြည့်ပြီး တစ်ကွက်ကောင်း တစ်ကွက်မကောင်း ဟောဖို့လောက်ပဲ ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အပေါင်းအဖော် ဟောထုံး

အထက်က အတိုင်းပဲ။ နံတိုင်ကနေ ခွင်လွှဲထူ။ နံတိုင်၊ ရံတိုင်မှာ မွေးနံကို ကြည့်ပြီးဟော။ ဒါမှမဟုတ်ရင် နာမည်ကိုယူပြီး ဟော။

မွေးနံကို ယူပြီးဟောရင် ရံတိုင်မှာ ကြည့်။ မွေးနံတိုင်ထိပ် တန်းစီးမှာ မြင်ရင် လာဘ်ဝင်မယ်။ ကောင်းစားမယ်လို့ ဟော။

နာမည်ကို ယူပြီးဟောရင် အဆုံးအမည်နံ အက္ခရာကိုယူ။ ရံတိုင်မှာ ကြည့်။ အကောင်း ၂-၅ ၁နမှာ အမည်နံကိုတွေ့ရင် ကောင်းမယ်လို့ ဟော။ ကဲ ကြည့်ရအောင်။

| နံ | ရံ | |
|---|---|---|
| ၃ | ၅ | |
| ၂ | ၄ | * |
| ၁ | ၃ | |
| ၇ | ၂ | * |
| ၆ | ၁ | * |
| ၅ | ၇ | * |
| ၄ | ၆ | |

ကြာသပတေး သက်ရောက် အင်္ဂါသားရဲ့ နံတိုင်၊ ရံတိုင်ပဲ။

အင်္ဂါသားနဲ့ အပေါင်းအဖော်ဟာ ဗုဒ္ဓဟူး ဖြစ်မယ်ဆိုရင် ပြခွင်မှာ ရောက်နေလို့ ငွေကြေး အကုန်အကျများမယ်။ သားသမီး ကျေးကျွန် ပျက်စီးမယ်ဟော။

အင်္ဂါသားရဲ့ အပေါင်းအဖော်ဟာ တနင်္လာ သားသမီးဆိုရင် ရံတိုင်မှာ တန်းကပ်ကို ရောက်နေတယ်။ ငွေကြေး အကုန်အကျများမယ်။ သောကဗျာပါဒများမယ် ဟော။

အင်္ဂါသားရဲ့ အပေါင်းအဖော်ဟာ တနင်္ဂနွေသားဆိုရင် မန္တနိစ်ခွင်မှာ ကျရောက်တဲ့အတွက် ခရီးယာယီများမယ်။ အိမ်ခြေ မတည်တံ့ဘူးဟော။ စနေသားဆိုရင်တော့ တိက္ခနိစ်မှာ နေတာကြောင့် မိန်းမအတွက် အပူသောကရောက်မယ်။ မီးလောင်မယ်။ သူခိုး ခိုးခံရမယ် စသဖြင့်ဟော။

သောကြာသားဆိုရင်တော့ တိုင်ခြေမှာ ရောက်နေတယ်။ လေနာရင်နာဖြစ်မယ်။ ခရီး ယာယီသွားရကိန်း ရှိတယ် ဟော။

အင်္ဂါသားရဲ့ အပေါင်းအဖော်ဟာ ကျော်ရင် ဆိုပါတော့။ ပြမှာ ရောက်နေတယ်။ ကိုယ်မှာ ဝဲရောဂါဖြစ်မယ်။ ခြေထောက်ခြေဆစ် ရောင်မယ်။ နာမယ် စသဖြင့် ဟော။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါသားရဲ့ အပေါင်းအဖော်ဟာ မောင်ကြွယ် ဆိုပါတော့။ ရုံတိုင်မှာ တန်းကပ်မှာ ရောက်နေတယ်။ အပူတွေ့မယ်။ ငွေကြေးအကုန်အကျများမယ်ဟော။ တကယ်လို့ မောင်အောင်ဆိုရင် ရုံတိုင်မှာ မနွှနိစ်ခွင်မှာ ကျရောက်နေတယ်။ ခရီးဝေးသွားရမယ်။ ခရီးယာယီများမယ်။ အိုးမကင်းအိမ်မကပ် ရှိမယ်ဟော။

အင်္ဂါသားရဲ့ အပေါင်းအဖော်က မောင်ထွန်းဆိုပါတော့။ ရုံတိုင်မှာ တိကျွနိစ်မှာ ကျရောက်နေတယ်။ လင်မယား မသင့်မတင့် ဖြစ်မယ်၊ အပူမီးတွေ့မယ်ဟော။ တကယ်လို့ မောင်သင်ဆိုရင်တော့ တိုင်ခြေမှာ ရောက်နေတယ်။ ခရီး ယာယီအားကြီးမယ်။ လေနာ ရင်နာ ဖြစ်မယ်၊ လူ့နာမကျန်းဖြစ်မယ် စသဖြင့် ဟော။

အင်္ဂါသားရဲ့ အပေါင်းအဖော်ဟာ မောင်မြင့်ဆိုပါတော့။ တိုင်ထိပ်တန်ဖျားမှာ ရောက်နေတယ်။ အကြံအစည် အပေါက်အလမ်းတည့်မယ်။ အင်္ဂါနံအလုပ် အကျိုးပေးမယ်။ ငွေဝင်မယ်ဟော။

အင်္ဂါသားရဲ့ အပေါင်းအဖော်က မောင်စိန် ဆိုပါတော့။ တန်းစီးမှာ နေလို့ အကောင်းဟောရမယ်။ ရုံနှင့်တွဲပြီး စီးပွားတက်မယ် စသဖြင့် ဟော။

## နိမိတ်ကောက်ဟောနည်း

သုံးတန်ပေါ်နိစ်ဖြင့် ဟောပြောရာတွင် နံတိုင် ရုံတိုင်ကို **နိမိတ်**ကောက်ယူပြီး ပြောဟောသည့်နည်း ဖြစ်တယ်။

ဗေဒင်မေးလာသူရဲ့ နံတိုင် ရုံတိုင်ကို ထူထားပြီဆိုပါတော့။ ဗေဒင်ဟောမယ့်ဆဲဆဲမှာ နံတိုင်ရှင်ရဲ့ ရုံတိုင်ထိပ်။ ဒါမှမဟုတ် **တန်းစီးနံသင့်**အမည်ကို ခေါ်သံကြားရင် ဗေဒင်မေးလာသူဟာ ကောင်းစားသူလို့သိ။

ရုံတိုင်က မြေ၊ ခွင်၊ တန်းကပ်၊ တိုင်ခြေ၊ နိစ်ခွင်တို့မှာရှိတဲ့ **နံသင့်**အမည်ကို ခေါ်သံကြားရင် အကြံအစည် လွှဲချော်နေသူ။ မကောင်းစားသူ စသဖြင့် နိမိတ်ယူပြီးသိ။ အောက်တိုင်ကိုကြည့်။ တနင်္ဂနွေသား၊ တနင်္ဂနွေ **တန်းစီး**၊ နံတိုင် ရုံတိုင် **ဖြစ်တယ်**။

www.burmeseclassic.com

www.burmeseclassic.com



| နံ | ရဲ |
|---|---|
| ၇ | ၁ |
| ၂ | ၇ |
| ၁ | ၆ |
| ၇/၆ | ၅/၄ |
| ၅ | ၇ |
| ၄ | ၂ |

တနင်္ဂနွေသားကို နံတိုင် ရဲတိုင်အရ အဆိုးအကောင်း ဟောနေစဉ်မှာ တစ်ယောက်ယောက်က အမည်နာမတစ်ခုခုကို ခေါ်သံကြားရတယ်ဆိုပါတော့။ အောင်မောင်းလို့ ခေါ်သံကြား ရမယ်ဆိုရင် ဗေဒင်မေးလာသူဟာ မင်းစိုးရာဇာ၊ မြင့်မြတ်တဲ့သူ ရယ်လို့ နိမိတ်ကောက်ယူပြီး သိရမယ်။ မအောင်လို့ ခေါ်သံကြား ရင်လည်း ဗေဒင်မေးလာသူ အမျိုးသမီးဖြစ်ရင် မင်းကတော်၊ အမျိုးမြင့်တဲ့သူ စသဖြင့် သိရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အမည်ပညတ်နံမှာ ရဲတိုင်မှာ တိုင်ထိပ်တိုင်ဖျားမှာ ရှိတယ်။

မောင်တင်, မတင်လို့ ခေါ်သံကြားတယ် ဆိုပါတော့။ နံရဲတိုင်မှာ စနေဟာ ပြမှာ ရှိနေတယ်။ ဗေဒင်မေးလာသူဟာ ငွေကြေးကြောင့် ဖြစ်ဖြစ်၊ ခြေနှစ်ချောင်းကြောင့်ဖြစ်ဖြစ် အပူသင့်နေသူ ဖြစ်တယ်။

မောင်သင်, မသိန်းစသဖြင့် ခေါ်သံကြားရင် နံသင့်ဂဏန်းက တန်းကပ်မှာ ရောက်နေတယ်။ ဗေဒင်မေးလာသူဟာ သူခိုးခိုးခံရမယ်။ မီးလောင်မယ်။ အပူသင့်မယ်။

BURMESE CLASSIC

တကယ်လို့ မောင်လှ၊ မရီ စသဖြင့် ခေါ်သံကြားမယ်ဆိုရင်တော့ နှိမ့်မှာရောက်နေလို့ ဗေဒင်မေးလာသူဟာ ဆင်းရဲကြွပ်တည်းနေသူ ဖြစ်မယ်။

မောင်စော၊ မစိန်လို့ ခေါ်သံကြားရင် နိမ့်မှာ ရှိလို့အမွေမှု၊ မြေမှု မိန်းမမှု၊ ဖြစ်သူဖြစ်မယ်။

မောင်ကံ၊ မကောက် ခေါ်သံကြားရင်တော့ တိုင်ခြေမှာ ရောက်နေတယ်။ နံတိုင်မှ ဗုဒ္ဓဟူးနံကြောင့် သောကဒုက္ခရောက်နေသူ ဖြစ်မယ်။ ဗြိုလ်ပရိယာယ်အလိုကို ကြည့်ပြီး ဉာဏ်နဲ့ဆင်ခြင်ဟောလေ။

## မေးချိန်, ခါ တိုင်ထုဟောနည်း

သုံးတန်းပေါ်နိစ် ဟောနည်းအရ အင်္ဂဝိဇ္ဇာလိုပဲ အခါတိုင်ထုပြီး ဟောနိုင်တယ်။ မေးလာတဲ့အချိန်အခါအရ တိုင်ထုရမယ်။ လက်ာတို ကြည့်မှတ်။

www.burmeseclassic.com

www.burmeseclassic.com



ကာလချိန်ခါ၊ ဟောရာထုံးနည်း၊ နိဿယည်းကို၊ ကမ္ဘည်းရွှေစာ၊ လင်္ကာရွှေစောင်း၊ ညှိသံပြောင်းအံ့။ ခ, အောင်း, ရွက်, ဆင့်, ပင်, နှင့် သီး,ရာ, ချိန်လေး ခါတွင်၊ ခ,မှာ စန်းယူ၊ အောင်း, မူလွန်းမှတ်။ တိုင်နှစ်ရပ်တို ကောင်းမြတ်သေချာ၊ ချဲ့ပြီးခါဝယ်၊ အခါနေ့နံ၊ မိတ်နံထပ်တူ၊ ထူမြဲထူဆော။ ၃-တွေချိန်ခါ၊ အကြွင်းမှာလည်း တူရာမလွဲ၊ ၎င်းနဲ့ပင်၊ ဆင်ခြင်တွေး၊ ယောက်၊ စွဲကောက်ဝေဖန်၊ တိုင်ထူဟန်ကို ပြရန်အပြား၊ ကျယ်ဝန်းများ၏ စကားဖွဲ့နွဲ့ မဆိုခဲ့ပြီ။

လင်္ကာအရ သုံးတန်းပေါ်နိစ်ဟောနည်းမှာ နေ့တစ်နေ့ကို အခါ ၄-ပိုင်း ပိုင်းတယ်။ နံနက် ၆-နာရီကနေ ည ၆-နာရီထိ။ ၁၂-နာရီကို ၄-ပိုင်းပိုင်းတော့ တစ်တိုင်မှာ ၃နာရီ အချိန်ဖြစ်တယ်။

ခ, အောင်း, ရွက်, ဆင့်, ပင်, နှင့်, သီး, ရာ, ချိန်လေးခါတွင်၊
ခ,မှာ စန်းယူ, အောင်း, မူလွန်းမှတ် လို့ ဆိုထားတော့။

တနင်္လာ ၂-ဂဏန်းကို စန်းကျရာ၊ စန်းရောက်ရာအဖြစ် မှတ်ယူပြီး တိုင်ထူရမယ်။ ယူရမယ့် အချိန်က ပထမအချိန်၊ မနက် ၆-နာရီကနေ ၉-နာရီအထိ ဖြစ်မယ်။ အဲသည့်အချိန်အတွင်းမှာ ဗေဒင်မေးလာရင် တနင်္လာကို တန်းစီးပြုပြီး တစ်တိုင်ထူရမယ်။ အဲသည့်တိုင်မှာ ဗေဒင် မေးလာသူရဲ့ မိတ်တိုင်ကို ခွင်လွှဲပြီးထူ။

အောင်း, မူလွန်းမှတ် လို့ဆိုတယ်။ အောင်း,က တနင်္ဂနွေနံ ဂဏန်းကို ထွန်းဂြိုဟ်ကျရာအဖြစ်ထားရှိပြီး နံတိုင်ကိုထူ။ အချိန်ကတော့ နံနက် ၆-နာရီက ၉-နာရီထိ မေးလာရင် သည်အတိုင်းထူ။ ပြီးတော့ ဗေဒင်မေးသူရဲ့ တန်းစီးကို ရှင်းလင်းသိမြင်လိမ့်မယ်။

| ဂြိုဟ်တိုင် | နံတိုင် | အခါ | နာရီ |
|---|---|---|---|
| ခ ၂ | အောင်း ၁ | ဒုတိယအခါ | နံနက် ၆-မှ ၉-နာရီ |
| ရွက် ၄ | ဆင့် ၃ | ပထမအခါ | နံနက် ၉-မှ ၁၂-နာရီ |
| ပင် ၅ | နှင့် ၇ | တတိယအခါ | မွန်းတည့် ၁၂-မှ ၃-နာရီ |
| သီး ၆ | ရာ ၄ | စတုတ္ထအခါ | ည ၃-မှ ၆-နာရီ |

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၆-နာရီမှ ၉-နာရီအတွင်း ဗေဒင်မေးလာရင် ဂြိုဟ်တိုင်ကို ၂-လာ တန်းစီ၊ နံတိုင်ကို ၁-နွေ တန်းစီးထူ။

နံနက် ၉-နာရီမှ မွန်းတည့် ၁၂-နာရီအတွင်း မေးလာရင် ဂြိုဟ်တိုင်ကို ၄-ဟူး တန်းစီး၊ နံတိုင်ကို ၃-အင်္ဂါတန်းစီး တိုင်ထူ။

မွန်းတည့် ၁၂-နာရီက မွန်းလွဲ ၃-နာရီအတွင်း မေးလာရင် ဂြိုဟ်တိုင်ကို ၅-တေး တန်းစီးထူ၊ နံတိုင်ကို ၀-နေ တန်းစီထူ။

ညနေ ၃-နာရီက ၆-နာရီအတွင်းမေးလာရင် ဂြိုဟ်တိုင်ကို ၆-ကြာ တန်းစီးထူ။ နံတိုင်ကို ၄-ဟူး တန်းစီးထူ။

မေးလာသူရဲ့ မွေးနံကို ထောက်ရှုပြီး မိတ်တိုင် ရံတိုင်ကို ခွင်လွဲထူ။ ဤနည်းအတိုင်း အခြားအရပ်များကို တိုင်ထူလေ၊ အဟောကတော့ ဂြိုဟ်ပရိယာယ်နှင့် ရောက်ခွင်အရဟော။

## မွေးသက္ကရာဇ် မသိသူကို ဟောနည်း

သုံးတန်ပေါ်နစ်ဟောနည်းအရ ခုနှစ်,လ,ရက် မသိသူကိုလဲ ဟောလို့ ဖြစ်တယ်။

ဟောနည်းကတော့ ဗေဒင်မေးလာသူရဲ့ မျက်နှာမူရာအရပ်ကို သမသတ်မျှော်။ တစ်ခွင်ဆုတ်ပြီး တိုင်ထူ။ အဲသည်တိုင်ဟာ ဗေဒင်မေးလာသူရဲ့ နံတိုင်ဖြစ်မယ်။

နေ့ကို မသိဘူးဆိုတော့ နာမည်ကိုမေး။ အမည်ရဲ့ အဖျားဆုံး အက္ခရာကို နံသင့်ယူပြီး နံတိုင်ကနေ ခွင်လွဲထူ။ ရံတိုင်ရမယ်။ နံတိုင် ရံတိုင်ကို ညှိပြီး တန်းစီးတိုင်ထိပ်ကြည့်၊ ဂြိုဟ်ပရိယာယ်အရ ဟောလေ၊

| | | |
|---|---|---|
| ရှေ့မြောက်<br>၁ | အရှေ့<br>၂ | ရှေ့တောင်<br>၃ |
| မြောက်<br>၆ | | တောင် |
| နောက်မြောက်<br>၈ | အနောက်<br>၇ | နောက်တောင်<br>၀ |

www.burmeseclassic.com



ဗေဒင်မေးလာသူက မောင်စိန်အောင် ဆိုပါတော့။ ဗေဒင်မေးအချိန်မှာ အနောက်အရပ်ကို မျက်နှာပြုထားတယ် ဆိုပါတော့။ သမသတ်ကို မျှော်ယင် တနင်္လာဖြစ်မယ်။ တစ်ခွင်ဆုတ်တော့တနင်္ဂနွေ။ တနင်္ဂနွေကို တန်းစီးပြုပြီး တိုင်ထူလိုက်ရင် နံ့တိုင်ပဲ။

အမည်အဖျားအက္ခရာက အောင်, တနင်္ဂနွေဖြစ်တယ်။ တနင်္ဂနွေကို ကြည့်ပြီး နံ့တိုင်က ခွင်လွဲတိုင်ထူတော့ ရံတိုင်ရမယ်။

## မဟာဘုတ်ခုစား အပြားပြား

ယထာဘူတကျတာ မကျတာ ထား။ မဟာဘုတ် ခုစားဟောကိန်းတွေအနက်မှာ အတော်ကလေး မှန်တဲ့နည်းတွေ ရှိတယ်။ ဟောကိန်းကို ကျက်ထားရင် စိတ်တွက် တွက်လို့ ရတယ်။ မွေးသက္ကရာဇ်ကိုသိရုံနှင့် တန်းကနဲ ပြောနိုင်တဲ့နည်းတွေ ရှိတယ်။ နည်းမသိရင် အကြားအမြင်နှင့် များ ဟောလေသလားထင်ရမယ်။

ခု-၁၂-စား ဟောကိန်းကို ဖော်ပြမယ်။ တွက်ရလည်းလွယ်တယ်။ ယေဘုယျအားဖြင့် အတော်လည်းပဲ မှန်တာကို တွေ့ရလိမ့်မယ်။

တွက်နည်းကတော့ မွေးသက္ကရာဇ်ကို တည်ကိန်းထား။ ပြီးတော့ ၁-ခု နုတ်။ နုတ်ပြီးရင် ၁၂-ခုနှင့်စား။ အကြွင်းအလိုက် ဟောကိန်းကို အောက်မှာ ဖော်ပြထားတယ်။

### ၁-ဂဏန်းအကြွင်း ဟောကိန်း

၁-ဂဏန်းကြွင်းရင် မွေးဖွားစဉ်က တိုင်းရေးပြည်ရွာဖြစ်စဉ်များ၊ အတိတ်နိမိတ်များနှင့် ကြုံဆုံခဲ့ရအံ့။ ကျန်းမာချမ်းသာစွာလည်း နေထိုင်ခဲ့ကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန့်ဝင့်ဘ နှစ်ပါးရှိသည့်အနက် အဘမျိုးရိုးဘက်က ကျော်စော ထင်ရှားပြီး မိမွေကို မခံစားရ။ နေ့အချိန်၌ ဖွားသူများ ဖြစ်ဘိမူ အသား အရည်ဖြူမယ်။ ညဘက် ဖွားသူဖြစ်ရင် အသားလတ်ရင်လတ်၊ မလတ် ရင် ညိုမယ်။

ရုပ်မှန်းချက်ပြင်းပြပြီး အကြံဉာဏ် ကြီးကျယ်တတ်ကြမယ်။ မင်းမှု ထမ်းဘက်မှာ အကြီးအကဲခေါင်းဆောင်။ ဒါမှမဟုတ် ဘုန်းကြီးဆိုလည်း ကျောင်းထိုင်ဖြစ်ကိန်းရှိတယ်။ သူတစ်ပါးရဲ့ နောက်လိုက်အဖြစ် နေလိုချင် စိတ် အလျှင်းမရှိကြဘူး။

အရွယ်ရောက်လို့ အိမ်ထောင်ကျရင် မိန်းမသြဇာခံ ဖြစ်တတ်ကြပြီး မိန်းမစကား အောင်မြင်သည့်သူများ ဖြစ်ကြမယ်။ ဆရာကောင်း၊သမား ကောင်း အမှီအခိုကောင်းများ အားထားလောက်သူများနှင့် တွေ့ရကိန်း ရှိတယ်။

ပညာရေးမှာ ကြိုးစားရင် ကြိုးစားသလောက် ခံစား စံစားခွင့် ရနိုင်တဲ့က အခွင့်အလမ်းရှိတယ်။ ပညာရေးမှာ ကြိုးစားမယ်ဆိုရင် ထူးချွန်မယ့်သူများ ဖြစ်ကြတယ်။

ငွေရေး၊ ကြေးရေး စီးပွားရေးဘက်မှာ ထင်သလောက်မှန်းခြေ မပေါက်ဘူး။ စီးပွားဥစ္စာ အသင့်အတင့် လောက်သာ ဖြစ်ထွန်းနိုင်စရာ ရှိတယ်။

အသက်ရှည်မယ်။ အခြွေအရံအပေါင်းအဖော်များကိန်းရှိမယ်။ သားသမီးရတနာများမယ်။ သားသမီးများအနက် သားယောက်ျားသာ ထွန်းကားပြီး သမီးမိန်းကလေး ဂုဏ်ယူလောက်အောင် ထွန်းကားကိန်း မရှိဘူး။

ဘုန်းကြီးရဟန်းများဖြစ်ရင် တပည့်ကောင်း ဒကာကောင်းများနှင့် ကြုံတွေ့ပြီး ပစ္စည်းလေးပါးဒါယကာများ ပေါကြွယ်ဝမယ်။ အလှူခံရော ပစ္စည်းများနှင့် ပြည့်စုံမယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမှုထမ်းဘဝနှင့်သာ အကျိုးပေးသူများ ဖြစ်မယ်။ စီးပွားကုန်သွယ် ရောင်းဝယ် ဖောက်ကားခြင်းဖြင့် မှန်းချက်နှင့် နှမ်းထွက် မကိုက်ဖြစ်မယ်။

ရောင်းဝယ် ဖောက်ကားရင်လဲ အင်္ဂါနံနှင့် ပတ်သက်တဲ့ ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားသင့်တယ်။ ဆေးဆရာလုပ်မယ်။ ဆေးရောင်းမယ်ဆိုက အကျိုးပေးမယ်။ အစိုးရဌာနများမှာ မင်းမှုထမ်းရင် တက်လမ်းရှိနိုင်တယ်။

## ၂-ဂဏန်းအကြွင်းဟောကိန်း

၂-ဂဏန်းအကြွင်းရသူ မိန်းကလေးများဖြစ်ရင် ရုပ်ရည်ချောမောလှပမယ်။ အမိရဲ့ဂုဏ်ကျေးဇူးကို အထူးခံစားရမယ်။ နေ့ဖွားဖြစ်လျှင် အသားအရည်လတ်ပြီး ညဖွားဖြစ်ရင် အသားအရည် ခပ်ညိုညိုရှိမယ်။

စိတ်နေစိတ်ထား မြင့်မြတ်မယ်။ အကြံအစည် ကြီးကျယ်မယ်။ သူတစ်ပါး လက်အောက်တွင် ခိုဝင်ခိုကပ်ချင်စိတ် မရှိတတ်။ ဆွေမျိုးဉာတိများကို အားကိုးစိတ်မရှိ။ မိမိတို့ရဲ့ အရည်အသွေး အစွမ်းသတ္တိကိုသာ မိမိတို့အားထားလိုစိတ်ရှိမယ်။ စိတ်နေစိတ်ထားဖြောင့်စင်းရိုးသားပြီး ရိုးဖြောင့်တည်ကြည်သူများ ဖြစ်မယ်။

၂-ခုကြွင်း မိန်းကလေးများဟာ အိမ်ထောင်ရေးနှင့် ပတ်သက်လို့ ရည်မှန်းချက် မြင့်မားတတ်ကြတယ်။ မိမိတို့ထက် အဆင့်အတန်းမြင့်သူ လူချောလူခန့်သူများကိုသာ မျှော်မှန်းတတ်ကြမယ်။ မိမိတို့ရဲ့ ရည်မှန်းချက်အတိုင်း မိမိတို့ထက် အဆင့်အတန်းမြင့်တဲ့ ရုပ်ရည်လှပခန့်ချောတဲ့ ယောကျ်ားနှင့် လက်ဆက်ပေါင်းဖော်ရကိန်းရှိတယ်။

၂-ခုကြွင်း ယောကျ်ားလေးများဟာလည်း အများအားဖြင့် လှချောမောတဲ့ အပျိုစင်များနှင့် လက်ဆက်ပေါင်းဖော်ရကိန်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သားသမီးရတနာနှင့် ပတ်သက်လို့တော့ မိမိတို့အားထား အားကိုးလောက်တဲ့ သားသမီးရတနာ ထွန်းကားကိန်းမရှိ။ အဖဘက်မှ အမွေအနှစ်များလဲ ရရှိခံစားရဖွယ်ရာမရှိ။ စီးပွားကုန်သွယ် လယ်လုပ်ခြင်းဖြင့်လဲ အကျိုးပေးမယ်မဟုတ်။

မင်းမှုထမ်း၊ စာရေး၊ စာချီ၊ ပွဲစား၊ ရှေ့နေအလုပ်များနှင့် အကျိုးပေးမည်။

တကယ်လို့ အရောင်းအဝယ် လုပ်မယ်ဆိုရင် သောကြာနံသင့်ဖြစ်တဲ့ သစ်သီး၊ သစ်ဥ၊ သစ် စသည်တို့ကို ရောင်းဝယ်ဖောက်ကားရင် ပင်ပန်းသလောက် အကျိုးခံစားရဖွယ် ရှိတယ်။

## ၃–ဂဏန်းအကြွင်း ဟောကိန်း

၃-ဂဏန်း အကြွင်းရသူများကတော့ ပထမအရွယ်ဖြစ်တဲ့ ငယ်စဉ်အခါမှာ အနှာရောဂါထူပြီး ချူချာမယ်။ မိမိတို့ကို မွေးဖွားစဉ်က ထိတ်လန့်ဖွယ်ရာ မီးလောင်ကိန်း၊ ခိုးကိန်း၊ မြို့ရေး၊ ရွာရေးတစ်ခုနှင့် ကြုံတွေ့ရတတ်တယ်။

ညဘက်ဖွားသူဖြစ်ရင် အသားညိုညိုရှိမယ်။ ရုပ်ရည်အသွင်အပြင်နူးညံ့ပျော့ပျောင်းပြီး ချိုသာချောင်စွာ ပြောဆိုလေ့ ရှိတတ်သူဖြစ်မယ်။ နေ့ဖွားဖြစ်ယင် အသားအရည်ဖြူပြီး အပြောအဆို ကြမ်းတမ်းခက်ထန်မယ်။

မိဘဆွေမျိုးများနှင့် ငယ်စဉ်ကပင် သေကွဲ-ရှင်ကွဲ ကွဲကွာရကိန်းရှိတယ်။

ပညာရေးဘက်မှာ ကြီးစားနိုင်မှ တန်ကာကျမယ်။ ဉာဏ်ထက်မြက်ရင်တော့ ပညာရေးနှင့် ပတ်သက်လို့ အဖျက်အဆီးအမျိုးမျိုးနှင့် တွေ့ဆုံရဖွယ်ရာ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုခိုအားထားလောက်တဲ့ မိတ်ကောင်းဆွေကောင်းရှားပါးတတ်တယ်။ ကိုယ်ထူကိုယ်ထ၊ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားလေ့ရှိတယ်။

ဇာတိချက်ကြွေမွေးရပ်မြေမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ပေါင်းသင်းဆက်ဆံရေး မဖြစ်ထွန်းဘူး၊ အကျိုးပေးလေ့မရှိဘူး။ တခြားမြို့ ရွာ ဒေသမှာသာ အခြေချဖြစ်ပြီး ကောင်းကျိုးချမ်းသာ ရရှိနိုင်ကိန်းရှိတယ်။

မိန်းမများဖြစ်ရင် လင်ယောကျ်ားအပေါ် ဩဇာညောင်းမယ်၊ နိုင်လိုမင်းထက် ပြောဆိုဆက်ဆံတတ်မယ်။ သားကောင်းသမီးကောင်း ထွန်းကားကိန်းရှိတယ်။ အားထားအားကိုးလောက်တဲ့ သားသမီးချောများကို ရရှိကိန်းရှိတယ်။

စီးပွားရေးနှင့် ပတ်သက်လို့ အများအားဖြင့် 'မှန်းချက်နှင့် နှမ်းထွက် မကိုက်' ဖြစ်တတ်ကြတယ်။ အသင့်အတင့်မျှသာ ချမ်းသာသုခကို ခံစားရ ကိန်းမြင်တယ်။

## ၄-ဂဏန်းအကြွင်း ဓမ္မာကိန်း

၄-ဂဏန်းအကြွင်းရရှိသူများဟာ ငယ်စဉ် မိမိတို့ကို မွေးစဉ်က ကျန်းကျန်းမာမာ ချမ်းချမ်းသာသာရှိပြီး မိဘရဲ့ အရိပ်အာဝါသ အရိုက် အရာများကို ခံစားစံစားရဖွယ် ရှိတယ်။

၄-ဂဏန်းအကြွင်းရတဲ့ သူတွေကတော့ နေ့ဖက်မှာ ဖွားသူဖြစ်ရင် အသားလတ်မယ်။ ညဖွားဖြစ်ရင် အသားဖြူမယ်။

စိတ်နေစိတ်ထား ဖြူစင်ဖြောင့်မတ်ပြီး အကျင့်ကောင်း၊ သဘော ကောင်းသူ ဖြစ်မယ်။ မာန်မာန ထောင်လွှားခြင်း၊ မနာလိုဝန်တိုစိတ်များ ခြင်း၊ မတရားသော အမှုပြုမှုကြံစည်ခြင်း မရှိတတ်ဘူး။ လုံ့လဝီရိယထားပြီး ကြံစည် လုပ်ကိုင်တတ်ကြသူများ ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



၄-ဂဏန်းအကြွင်း ယောကျ်ားများဟာ အများအားဖြင့် မယားကံ ခေသူများဖြစ်မယ်။ မယားကံ မကောင်းဘူး။ အားကိုးအားထား ပြုနိုင်လောက်တဲ့ မယားမျိုးကို မရတတ်ဘူး။ မိမိကသာ အရာရာမှာဦးဆောင်ဦးရွက်လုပ်ရပြီး မိန်းမဖြစ်သူကတော့ အိမ်မှုကိစ္စလောက်မှာသာ အားထားရသူဖြစ်မယ်။

၄-ဂဏန်းကြွင်း မိန်းကလေးများဟာလဲ အများအားဖြင့် လင်ကံမကောင်းဘူး ဆိုရမယ်။ အားကိုးအားထား ပြုလောက်သော လင်ကောင်းများကို မရရှိတတ်ဘူး။ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ပတ်သက်ပြီးတိုးတက်ကြီးပွားအောင် ကြံဆောင်လုပ်ကိုင်နိုင်တဲ့ လင်ယောကျ်ားမျိုးနှင့်တွေ့ရခဲတယ်။

ကုန်ရောင်းကုန်ဝယ် လုပ်မည်ဆိုရင် သောကြာနံ၊ အင်္ဂါနံနှင့် ပတ်သက်တဲ့ ကုန်များကို ဝယ်ယူရောင်းချတာမျိုးကို အထူးရှောင်ကြဉ်ရ မယ်။ အဲသည် ကုန်စည်များကို အရောင်းအဝယ်ပြုရင် မှန်းချက်နှင့် နှမ်းထွက်မကိုက်ရုံသာမက ဆုံးရှုံးပျက်စီးတတ်သည်။

မင်းမှုထမ်း၊ အစိုးရအရာထမ်း၊ အမှုထမ်းအလုပ်များနှင့် အကျိုးမပေးဘူး။ အပြောအဆို လုပ်ကိုင်မှု ချွတ်ချော်တိမ်းစောင်းပြီး ပြဿနာများနှင့် ဆုံတွေ့ရကိန်းရှိတယ်။ အပြောအဆို၊ အနေအထိုင်၊ အသွားအလာအစစ ဆင်ခြင်တတ်ဖို့ လိုတယ်။

ဒါပေမယ့် ဘဝခရီးလမ်း တစ်လျှောက်လုံးမှာ ဆင်းရဲဒုက္ခမျိုးကြီးကြီးမားမားနှင့် ကြုံဆုံစရာမရှိဘူး။ မွေးဖွားရာ ဇာတိချက်ကြွေအရပ်မှာ စီးပွားဖြစ်ကိန်းမရှိ။ အခြားတစ်မြို့တစ်ရွာမှာ မိမိတို့ရဲ့ ကိုယ်စွမ်းကိုယ်စ၊ ဉာဏ်စွမ်းဉာဏ်စအရ စီးပွားချမ်းသာ ကြီးပွားတိုးတက်ဖို့ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၅-ဂဏာန်းအကြွင်းဟောကိန်း

၅-ဂဏန်းအကြွင်းရရှိသူများဟာ မွေးဖွားစဉ် ငယ်ငယ်ရွယ်ရွယ် အချိန်အခါစပြီး ကျန်းမာချမ်းသာရှိမယ်။ မိဘဖြစ်သူများရဲ့ ပြုစုကျွေးမွေးမှု ဂုဏ်ကျေးဇူးကို အထူးခံစားစံစားနိုင်တဲ့ အခြေအနေမျိုး ရှိမယ်။

ညဖွား ၅-ဂဏန်း အကြွင်းရသူတွေဆိုလင် အများအားဖြင့် အသားညိုမယ်။ နေ့အခါ ဖွားတဲ့သူများကတော့ အသားဖြူမယ်၊ အများအားဖြင့် စိတ်သဘော တည်ကြည်ဖြောင့်မတ်ပြီး သနားကြင်နာစိတ်နှင့် ကိုယ်ချင်းစာနာစိတ် ရှိကြသူများ ဖြစ်ကြမယ်။

ယောက်ျားဆိုရင် ချစ်ခင် မြတ်နိုးဖွယ်ရာကောင်းတဲ့ ချောမောလှပပြီး နှုတ်ချို၊ မျက်နှာချို၊ သဘောကောင်းတဲ့ အပျိုစင်မိန်းကလေးများနှင့် ဖူးစာဖက်ရကိန်း ရှိတယ်။

မိန်းကလေး ဆိုရင်တော့ ၅-ဂဏန်းကြွင်း ယောက်ျားများလိုပဲ သဘောဖြူအူစင်းတဲ့ လင်ချော လင်လှများနှင့် ဖူးစာဖက်ရကိန်းရှိတယ်။

၅-ဂဏန်းကြွင်းရသူ ကျား,မတို့ဟာ သားသမီးရတနာထွန်းကားခြင်း နည်းမယ်၊ ဆွေမျိုးညာတကာ မိတ်သင်္ဂဟများကိုလဲ အားကိုးအားထားပြုနိုင်လောက်အောင် မရှိ။ မိမိတို့ကသာ ထိုဆွေမျိုး မိတ်သင်္ဂဟများကို ပေးကမ်းစွန့်ကြဲခြင်း ပြုရကိန်းရှိတယ်။

မိဘနှစ်ပါးအနက် အများအားဖြင့် အဖေဖြစ်သူရဲ့ မွေးကျေးဇူးကို ခံစားရဖွယ်မရှိ။ အမိဖြစ်သူရဲ့ မွေးကျေးဇူးကိုသာ ရရှိခံစားရဖွယ်ရှိတယ်။

မင်းမှုထမ်း၊ လခစား၊ စာရေးစာချီအလုပ်များနှင့် အကျိုးမပေးဘူး။ စီးပွားကုန်သွယ် ရောင်းဝယ်ဖောက်ကားခြင်းဖြင့်သာ အကျိုးကျေးဇူး ခံစားရဖွယ်ရှိတယ်။ နှုတ်မှုပညာ၊ လက်မှုပညာ စတဲ့ လုပ်ငန်းကိုင်ငန်းများဖြင့် ကြံစည်အသက်မွေးမည်ဆိုရင် စီးပွားဥစ္စာ ဖြစ်ထွန်းမှုမယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၆-ဂဏန်းအကြွင်းဖောကိန်း

၆-ဂဏန်းအကြွင်း ရသူများကတော့ များသောအားဖြင့် ညဘက်ဖွားသူများဆိုရင် အသားဖြူမယ်။ နေ့ဘက်ဖွားသူဖြစ်ယင် အသားညိုမယ်။

ငယ်စဉ်အခါက ကျန်းကျန်းမာမာ ချမ်းချမ်းသာသာရှိမယ်။ စိတ်ကူးဉာဏ်ကောင်းမယ်။ ရည်ရွယ်ချက်၊ ရည်မှန်းချက် မြင့်မားသူများ ဖြစ်ကြမယ်။ မိမိတို့ကသာ ဦးစီးဦးဆောင်လုပ်ပြီး၊ ကြံစည်အားထုတ်ချင်စိတ်ရှိမယ်။ သူတစ်ပါးရဲ့ နောက်လိုက်လုပ်ရမှာကို မလိုလားဘူး။ ရှေ့ဆောင်ရှေ့ရွက် အကြီးအကဲလုပ်ချင်ကြသူများ ဖြစ်မယ်။

စိတ်နေစိတ်ထား ရဲရင့်တည်ကြည်မယ်။ သူတစ်ပါးပြောတိုင်း အလွယ်တကူ မယုံတတ်ဘူး။ စိတ်ကူးဉာဏ်ဖြင့် စဉ်းစားချင့်ချိန် တွေးတောပြီးမှ ယုံကြည်တတ်သူ၊ လက်ခံတတ်သူများ ဖြစ်ကြမယ်။

အိုဇာတာ ကောင်းမယ်။ သက်လတ်ပိုင်းကျော်ရင် ရာထူးရာခံ အခြေအနေ ကောင်းမွန်တိုးဘက်မယ်။

၆-ကြွင်း ယောကျ်ားများဟာ စိတ်နေစိတ်ထားကောင်းတဲ့ အပျိုစင်များနှင့် အိမ်ထောင်ကျကိန်းရှိတယ်။

အမျိုးသမီးများကတော့ လင်ကောင်းများ ဖြစ်မယ်။ ဒမျာအားဖြင့် မိမိထက် အဆင့်အတန်းမြင့်သူ ထင်ရှားကျော်ကြားတဲ့ ယောကျ်ားများနှင့် လက်ဆက်ပေါင်းဖက်ရန် ကိန်းရှိတယ်။

၆-ဂဏန်းကြွင်းရရှိတဲ့ ရဟန်းများဟာ အသက် ၂၂-နှစ်မှာ သက်ရောက်ဇာတာ အထူးညံ့ပြီး မိန်းမဖျက်လို့ လူဝတ်လဲရကိန်းတောင် ရှိတယ်။ အဲသည် အသက်အပိုင်းအခြားမှာ သတိတရားထားရမယ်။ အမျိုးသမီးများရဲ့ ဖျက်ဆီးခြင်းမှ လွတ်ကင်းအောင် အထူးရှောင်ရှားကြရမယ်။ အသက် ၂၈-နှစ်သို့ ရောက်ပြန်တော့လည်း အထက်ပါအတိုင်း မိန်းမဖျက်လို့ လူဝတ်လဲကိန်း မြင့်ပြန်တယ်။ သတိတရားနှင့် ဆင်ခြင်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖျားအနာ ရောဂါဝေဒနာများလည်း ကပ်ငြိနိုင်တဲ့ အသက်အပိုင်းအခြား ဖြစ်တယ်။

အသက် ၃၀-ကျော်လွန်ရင် ကံဇာတာ အထူးကောင်းမွန်တိုးတက်လာတဲ့အလျောက် ဒကာ,ဒကာမကောင်းများနှင့် ကြုံဆုံရမယ်။ စေတနာ သဒ္ဓါထက်သန်တဲ့ ဒကာမကောင်းများနှင့် ကြုံတွေ့နီးစပ်လွန်းပြန်တော့ စိတ်မတည်မငြိမ်။ သမာဓိလက်လွတ်ပြီး သမုဒယစက်ကွင်းသို့ သက်ဆင်းရကိန်း ရှိပြန်တယ်။ ရဟန်းဘဝမှ လူဝတ်လဲဖြစ်အောင်ပင် မိန်းမများ ဖျက်ကိန်းရှိပြန်တယ်။ သီလ, သမာဓိနှင့် စိတ်ဓာတ်ခိုင်ကြည်စွာထားပြီး လွတ်အောင်ရုန်းနိုင်မှ လွတ်မြောက်ကိန်းရှိမယ်။

## ၇-ဂဏန်းအကြွင်းဟောကိန်း

၇-ဂဏန်း ကြွင်းရသူများကတော့ ငယ်စဉ်အခါက ကျန်းမာချမ်းသာစွာ နေခဲ့ကြရမယ်။ နေ့ဘက်ဖွားဖြစ်ရင် အသားဖြူမယ်။ တကယ်လို့ နေ့ဘက်ဖွားဖြစ်ပြီး အသားမဖြူပဲ ညိုခဲ့ရင် စိတ်နေသဘောထား အထူးကောင်းမွန်သူများ ဖြစ်မယ်။ ညဘက်ဖွားဖြစ်ရင် အများအားဖြင့် အသားလတ်ပေမယ်။ တကယ်လို့ ညဖွားဖြစ်ပြီး အသားမလတ်ပဲ ဖြူနေရင် စိတ်နေ့စိတ်ထား တည်ကြည်ခိုင်မြဲခြင်းမရှိပဲ ကိစ္စတစ်ရပ် ပြဿနာတစ်ခုကို အမြဲတန်း အဆိုးဘက်မှာ ရှုမြင်လေ့ရှိသူဖြစ်မယ်။ အမြဲတစေ ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိသူဖြစ်မယ်။

ငယ်စဉ်ကစပြီး အသက် ၄၂ နှစ်ကျော်ခန့်အထိ ကျန်းကျန်းမာမာနှင့် တင့်တောင့်တင့်တယ် နေထိုင်ရမယ်။ အသက် ၄၅ သို့ ရောက်သောတော့ အဖျက်အဆီး တစ်စုံတစ်ရာနှင့်တွေ့ဆုံပြီး စီးပွားဉစ္စာ ပျက်ကိန်းရှိတယ်။ ယောကျာ်းဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် မိမိတို့နှင့် လက်ထပ်ပေါင်းတတီး နေထိုင်သူ ခင်မင်ရင်းနှီးသော အမျိုးသမီးတစ်ဦးဦးရဲ့ ဖယာဂကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခရီးယာယီသွားရဖို့ လမ်းရှိတယ်။ ကိုယ်စိတ်နှစ်ဖြာဆင်းရဲပြီး စီးပွားရေး ဆုတ်ယုတ်ပျက်စီးကိန်း ရှိတယ်။

၇-ခုကြွင်း ယောက်ျားများကတော့ မယားရကံမကောင်းဘူး။ မယားကောင်း, မယားမြတ်ကို ရကိန်းမရှိ။ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ပတ်သက်လို့ မိန်းမကို မှီခိုအားကိုးရနိုင်ဖွယ်ရာမမြင်။ မိမိကပဲ အိမ်ထောင်အတွက် ဝန်တာကို တာဝန်ယူရပြီး စီးပွားရေးကို မိမိတစ်ဦးတည်း ကြိုးပမ်းလုပ်ကိုင် ရှာဖွေရကိန်းရှိတယ်။

၇-ခုကြွင်း မိန်းမများကလဲ လင်ကံမကောင်းဘူး၊ "ဖူးကောင်းမှစင်ခံ၊ လင်ကောင်းမှစံ"ရမယ်ရယ်လို့ မြန်မာစကားပုံတော့ရှိရဲ့။ အဲသည်လိုစံရတဲ့ လင်ကောင်းမျိုးကို ရနိုင်ခဲလှတယ်။

မိမိတို့အနေနဲ့ လင်ကံမကောင်း၊ မယားကံမကောင်းကြပေမယ့် သားသမီးကံကတော့ ကောင်းကြမယ်။ မိဘကို ကောင်းကျိုးပေးမယ့် သားသမီးများ၊ မိဘက အားကိုးအားထားပြုနိုင်လောက်တဲ့ သားသမီးများ ရရှိကိန်းမြင်တယ်။

မင်းမှုထမ်း၊ လခစား၊ စာရေးစာချီ အလုပ်များနှင့် သင့်တော်တယ်။ လယ်ယာဥယျာဉ်စိုက်ပျိုးခြင်း လုပ်ငန်းများနှင့်လဲ စီးပွားဖြစ်နိုင်တယ်။ ဒါပေမယ့် ကုန်ရောင်းကုန်ဝယ် ကုန်သည်အလုပ်နှင့် အကျိုးမပေးဘူး။ ကုန်ရှုံးပြီး စီးပွားဥစ္စာ ပြုန်းတတ်တယ်။

ရဟန်း သံဃာတော်များဆိုရင် ဆရာသမားကောင်း၊ တပည့်ကောင်း၊ ဒါယကာကောင်းများနှင့် တွေ့ဆုံပြီး ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများ ပေါများမယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၈-ဂဏန်းအကြွင်း ဟောကိန်း

၈-ဂဏန်းအကြွင်းရတဲ့ ယောကျ်ားများဟာ နေ့ဘက်မှာ ဖွားဖွား၊ ညဘက်မှာ ဖွားဖွား အသားဖြူမယ်။ စိုစိုပြေပြေရှိမယ်။

စိတ်နေစိတ်ထား တည်ကြည်ဖြောင့်မတ်မယ်။ ကြင်နာတရားရှိသူ၊ ကိုယ်ချင်းစာစိတ်ရှိသူ၊ ရုပ်အဆင်းတင့်တယ်သူ ဖြစ်မယ်။ မနာလိုဝန်တိုစိတ်မရှိသူ၊ ရန်မလိုတတ်သူ၊ သည်းခံစိတ်ရှိသူများ ဖြစ်ကြမယ်။ မိဘများ စီးပွားဥစ္စာ တိုးတက်စဉ်မှာ မွေးဖွားသူများ ဖြစ်ကြမယ်။ ငယ်စဉ်က ကျန်းမာချမ်းသာရှိမယ်။

ပညာရေးနှင့်ပတ်သက်လို့ ကြိုးစားရင် ကြိုးစားသလောက် ခရီးရောက်နိုင်တဲ့ ကံအခွင့်အလမ်းရှိတယ်။ မိတ်ကောင်းဆွေကောင်းများနှင့် ကြုံတွေ့ရတတ်တယ်။ အဲဒီမိတ်ကောင်းဆွေကောင်းများရဲ့ ကူညီမ,စမှုကို ရရှိမယ့် ကံအခွင့်အလမ်းရှိတယ်။

ဆေးဆရာ၊ ကျောင်းဆရာ၊ အပြောအဟောနှင့် လုပ်ရကိုင်ရတဲ့ ရှေ့နေ အလုပ်အကိုင်များနှင့် သင့်တော်တယ်။ အဲသည်လုပ်ငန်းများနှင့်ပဲ အိမ်တစ်ဆောင် မီးတပြောင်နှင့် နေရလောက်အောင် ကံအခွင့်အလမ်း ရှိတယ်။

၈-ဂဏန်းအကြွင်းရတဲ့ ယောကျ်ားများ [illegible]ပည့်ကောင်း၊ ဒကာကောင်းများနှင့် တွေ့ကြုံမယ်။ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ မရှားဖြစ်မယ်။

## ၉-ဂဏန်းအကြွင်း ဟောကိန်း

၉-ဂဏန်းအကြွင်းရသူများကတော့ အများအားဖြင့် ထင်ရှားကျော်စောမယ်။ မိမွေ ဘမွေများကို ခံစား စံစားရမယ်။ နေ့မှာ မွေးဖွားသူဖြစ်ရင်

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူမယ်။ စိုစိုပြေပြေရှိမယ်။ ညဘက်ဖွားရင် အသားဖြူရင်ဖြူ မဖြူရင် အသားလတ်လတ်ရှိမယ်။

အပြောအဆို ခက်ထန်မယ်။ ယောကျ်ားဆိုရင် မိန်းမကောင်း မိန်းမလှများကို ရရှိမယ်။ မိန်းမများကတော့ လင်ကကောင်းမယ်။ အားကိုး အားထားပြုရတဲ့ ယောကျ်ားမျိုးနှင့် ဖူးစာဖက်ရကိန်းရှိတယ်။

သားရေးသမီးရေးနှင့်ပတ်သတ်လို့ အားကိုးအားထား ပြုလောက်တဲ့ သားသမီး မထွန်းကားနိုင်ဘူး။ မိဘတွေကို ကောင်းကျိုးချမ်းသာပေးမယ့် သားသမီးရတနာများ ထွန်းကားဖို့ ကံအခွင့်အလမ်း မရှိဘူး။ အဆွေ ခင်ပွန်းကောင်း၊ စောင်မမယ့် မိတ်ဆွေကောင်း ရှားပါးတတ်တယ်။

အသက် ၂၄-နှစ်ကျော်ရင် အဖျားအနာ ရောဂါဘယ ထူပြော တတ်တယ်။ တကယ်လို့ မဖျားမနာပဲ ပကတိ ကျန်းကျန်းမာမာရှိရင်လည်း စီးပွားဥစ္စာ ရွှေ ငွေ အဖတ်မတင်ဘူး။ ဆီလိုအပေါက်ရှာပြီး ထွက်ကိန်း ရှိကယ်။အိမ်ယာ်ကို တစ်ကြောင်းမဟုတ်တစ်ကြောင်း အမှုအခင်းများ တက် ရောက်လာကိန်း ရှိတယ်။

အဲသည်အသက်အပိုင်းအခြားမှာ အထက်လူကြီး၊ မှီခိုအားထားရ တဲ့သူ အထင်လွဲ အမြင်လွဲခြင်းကို ခံရတတ်တယ်။ အပြောအဆို အစွပ် အစွဲ ခံရဖို့ရှိတယ်။ တစ်ရပ်တစ်ကျေးသို့လည်း ပြောင်းရွှေ့ရကိန်း မြင် တယ်။

ကုန်ရောင်းကုန်ဝယ်လုပ်ငန်း၊ လယ်ယာဥယျာဥ်စိုက်ပျိုးရေး လုပ်ငန်း များနှင့် အကျိုးမပေးဘူး၊ ငွေကုန်လူပန်း ဖြစ်မယ်။ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲရမယ်။ မင်းမှုထမ်း လခစား အလုပ်များနှင့်သာ အကျိုးပေးမယ်။ စိတ်ချမ်းသာမယ်။ ပျော်ရွှင်ရမယ်။

အသက် ၄၀-မှာ ကျမ်းမာရေး သိပ် ညံ့ကိန်းရှိတယ်။ ကိုယ်စိတ်နှစ် ဖြာ ဆင်းရဲရတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀– ဂဏန်းအကြွင်း ဟောကိန်း

၁၀-ဂဏန်းအကြွင်း ရရှိတဲ့ သူများကတော့ ငယ်စဉ်က မချမ်းသာပဲ ကျွန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိခဲ့မယ်။ နေ့ဘက်မှာ မွေးဖွားဖွား၊ ညဘက်မှာ ဖွားဖွား၊ အများအားဖြင့် အသားအရေ စိုစိုပြေပြေရှိမယ်။

စိတ်သဘောထား ဖြောင့်စင်းတည်ကြည်မယ်။ ဘာသာရေးကို လေးစားသူ ဖြစ်ရမယ်။

သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံမယ်။ သူတစ်ထူး ကြည်ညို လေးစားခြင်းကို ခံရမယ်။

သည်းခံခြင်းတရား လက်ကိုင်ထားတတ်သူများ ဖြစ်ပေမယ့် မှန်ရာကို ဘွင်းဘွင်းနှင့် ရှင်းရှင်း ပြောဆိုတတ်သူများ ဖြစ်ကြမယ်။

အရာရာကို ဆင်ခြင်စဉ်းစား ချင့်ချိန်ပြီးမှ လုပ်ကိုင်လေ့ ရှိမယ်။ ဆွေမျိုးညာတကာတို့က မိမိတို့ကို လေးစားအားထားရမယ်။

ရဟန်းတော်များဆိုရင် ဆရာကောင်း တပည့်ကောင်းများနှင့် တွေ့ပြီး ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ ပေါများမယ်။ ကျမ်းဂန် စာပေ နှံ့စပ်မယ်။ ကျော်စောထင်ရှားတဲ့ ရဟန်းတော်များ ဖြစ်ကိန်းရှိတယ်။

အပျိုလူပျိုဆိုရင် အပျိုလူပျိုများနှင့်ပဲ ဖူးစာဆုံ ပေါင်းဖက်ရကိန်း ရှိတယ်။

သားသမီးရေးနှင့် ပတ်သက်လို့ကတော့ မိဘကို ကောင်းကျိုးချမ်းသာ ပေးမယ့် မိဘက အားထားရမယ့် သားသမီးရတနာများ ထွန်းကားကိန်း ရှိတယ်။

အသက် ၃၅-နှစ်နှင့် ၃၆-နှစ်ကြာမှာ ကံဇာတာ အလွန်ညံ့မယ်။ အဲသည်မှာကာလ အပိုင်းအခြားမှာ အဖျားအနာ ရောဂါဘယ ထူပြောမယ်။ စီးပွားဥစ္စာ ရွှေ-ငွေ ရတနာ ပျက်စီးကိန်း အခိုးခံရကိန်း၊ မီးလောင်ကိန်းများ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည် အပိုင်းအခြားမှာ အနေအထိုင် အပြောအဆို အသွား အလာ အထူးဆင်ခြင်မှ တော်ကာကျမယ်။

## ၁၁–ဂဏန်း အကြွင်းဟောကိန်း

၁၁-ဂဏန်း ကြွင်းသူများကတော့ ငယ်စဉ်အခါ မချမ်းမသာ ကျန်း ကျန်းမာမာ ရှိကြမယ်။

နေ့ဖွားဖြစ်ဖြစ် ညဖွားဖြစ်ဖြစ် အသားဖြူမယ်။ ရုပ်ရည် သင့်တင့် လှပမယ်။ အပြောအဆို ယဉ်ကျေးသိမ်မွေ့မယ်။ စကားချိုသာပြီး မျက်နှာ ထား ရွှင်ပျကြည်သာမယ်။

စိတ်ကောင်း စေတနာကောင်း ရှိသူဖြစ်မယ်။ သူတပါးအပေါ် စာနာထောက်ထားမယ်။ ကိုယ်ချင်းစာတရားရှိသူ ဖြစ်မယ်။ စိတ်နေစိတ် ထား သန့်ရှင်းမွန်မြတ်သလို သန့်သန့်ရှင်းရှင်း ဝတ်စားဆင်ယင် နေထိုင် သူဖြစ်မယ်။ မိဘအမွေအနှစ်ကို ရရှိခံစားရကိန်း မြင်တယ်။

၁၁-ခုကြွင်း ယောကျ်ားများဟာ အချစ်ဦး၊ ငယ်ရီးစားများနှင့် ကွဲကွာလွဲဖယ်တတ်ကြမယ်။ မိန်းမပျိုများ ဆိုရင်လည်း မိမိ ချစ်ခင်မြတ်နိုး တဲ့ ချစ်ဦးသူနှင့် လွဲဖယ်ပြီး တခြားတစ်ပါးသူနှင့် လက်ဆက်ပေါင်းဖော် ရကိန်း ရှိတယ်။ ကြားလူဖျက်လို့ ချစ်သူနှင့် လွဲဖယ်ရမယ်။ ကိုယ်စိတ်နှလုံး ယူကြုံး မရပူဆွေးတမ်းတရကိန်းရှိသည်။

ယောကျ်ားများကတော့ မိမိဩဇာညောင်းတဲ့ မယားကို ရမယ်။ မယားကံကောင်းပေမယ့် မိမိထက် ဂုဏ်အဆင့်အတန်းမြင့်တဲ့ ကြင်ဖော် ကြင်ဖက်များနှင့် ဖူးစာဆုံရကိန်း မရှိဘူး။ မိမိထက် အဆင့်အတန်းနိမ့်တဲ့ သူနှင့်ဖြစ်ဖြစ်၊ မိမိနှင့်အဆင့်အတန်း တူသူနှင့်ဖြစ်ဖြစ် လက်ဆက်ရကိန်း မြင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများလည်းပဲ သည်လိုပဲ။ မိမိတို့က လုံးဝ အားထားမှီခို လောက်တဲ့ လင်ယောက်ျားနှင့် ဖူးစာဆုံရကိန်း မရှိဘူး။

စီးပွားရေးနှင့် ပတ်သက်လို့ ကုန်ရောင်း ကုန်ဝယ်၊ လယ်ယာတိုင်းကျွန်း လုပ်ကိုင်ခြင်း၊ လုပ်ငန်းများနှင့် အကျိုးမပေးဘူး၊ မင်းပန်းသလောက် အကျိုးကျေးဇူး မခံစားရပဲ ရှိမယ်။

လက်မှုပညာနှင့် ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းများ၊ နှုတ်မှုပညာနှင့် ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်မယ်ဆိုရင် ကြီးစားသလောက် ခရီးပေါက်နိုင်တဲ့ ကံအခွင့်အလမ်းရှိတယ်။

## ဝ–ဂဏန်း အကြွင်းဟောကိန်း

သူညကြွင်းတဲ့ တစ်နည်းအားဖြင့် အကြွင်းမရှိတဲ့ နေ့ဖွားဆိုရင် နေ့အခါမှာဖွားဖွား၊ ညအခါမှဖွားဖွား အများအားဖြင့် အသားအရေ ဖြူဖြူ လတ်လတ်၊ စိုစိုပြေပြေရှိမယ်။

မှီခိုအားထားလောက်သော ဆရာကောင်း၊ သမားကောင်းနှင့် တွေ့မယ်။

တည်ကြည်ရဲရင့်တဲ့စိတ်ထား၊ သနားကြင်နာတတ်တဲ့ စိတ်ထား၊ ကိုယ်ချင်းစာတရား ရှိတဲ့ စိတ်စေတနာတို့နှင့် ပြည့်စုံမယ်။ အရာတိုင်း ကိစ္စတိုင်းမှာ မှန်မှန်တတ လုပ်ကိုင်ပြောဆိုတတ်တဲ့ အလေ့အကျင့် စိတ်နေသဘာဝများရှိမယ်။

"လူဖြောင့်စိတ်တို" လို့ အဆိုရှိသလို ဘယ်လိုကိစ္စမှာဖြစ်ဖြစ်၊ ဘွင်းဘွင်းရှင်းရှင်း ပြောဆိုတတ်၊ လုပ်ကိုင်တတ်သူများ ဖြစ်မယ်။

ယောက်ျားများဆိုရင် မယားရကံ မကောင်းဘူး။ မိန်းမကြောင့် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲရမယ်။ သောကများကိန်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုရင်လည်း လင်ရကံမကောင်းဘူး။ ကြားလူများ၊ မလိုသူများ ကတုံးကတိုက်လုပ်လို့ လင်နှင့်မယား ခိုက်ရန်ဖြစ်ပွားပြီး လင်မယား ကွဲကိန်း မြင်တယ်။

သားသမီးရေးနှင့် ပတ်သက်လို့ သားသမီးနည်းပါးတတ်တယ်။ ရရှိတဲ့ သားသမီးများကလဲ မိဘများ စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလောက် အောင် လိမ္မာရေးခြားရှိမယ်။ ချစ်ခင်ဖွယ်ကောင်းတဲ့ မျက်နှာ၊ ချိုတဲ့ အမူ အရာ ရှိမယ်။ ပညာရေးမှာ ထွန်းပေါက်မယ်။ စိန်ကောင်း၊ ကျောက် ကောင်းပမာ ရှိမယ်။ သားသမီးမျိုး ဖြစ်မယ်။

စီးပွားရေးနှင့်ပတ်သတ်လို့ စီးပွား ကုန်သွယ်ရောင်းဝယ်ဖောက်ကား ရင် ကြီးပွားနိုင်တယ်။ မင်းမှုထမ်းလခစားအလုပ်များနှင့် အကျိုးမပေး ဘူး။

ဇာတိချက်ကြွေ မွေးရပ်မြေကို စွန့်ခွာရမယ်။ တစ်ရပ်တစ်ကျေးမှာ အခြေချပြီး စီးပွားရှာရင် အကျိုးကျေးဇူး ဖြစ်ထွန်းမယ်။ ကြံဟိုင်းအောင်ပြီး ဆောင်တိုင်းမြောက်မယ်။

ရဟန်းတော်များဆိုရင် ဒကာရင်း၊ တပည့်ရင်းများရှိရာ မွေးရပ်မြေ ကို စွန့်ခွာပြီး တစ်ရပ်တစ်ကျေးသို့ သွားရောက်အခြေချနိုင်မှ ပစ္စည်း လေးပါး ဒါယကာ၊ ဒါယိကာများ ပေါများပြည့်စုံမယ်။ ရဟန်းတော်များ ဆိုရင် အသက် ၄၀-နှစ်တွင် ကံဇာတာညံ့ပြီး ရောဂါဝေဒနာ ကပ်ငြိနိုင် ကိန်း၊ မိန်းမဖျက်၍ သီလပျက်ကိန်းများ ရှိပေတယ်။

## လက်ထောက်ဗေဒင်

ခုလက်ထောက် ဗေဒင်ကို ဖော်ပြလိုက်တယ်။ သည်နည်းဟာတော့ ရှေးအထက်ကာလီက အချို့ချို့ ဆရာတွေ ကျင့်သုံးခဲ့တဲ့နည်းပါ။ အတော် လည်းပဲ မှန်တယ်။ လူတိုင်းလဲ အလွယ်တကူ ကြည့်ရှုနိုင်တယ်။ အဲဒီ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံယင်ကြုံသလို မိမိဘာသာ မေးလိုရာမေးခွန်းကို ကြည့်ပြီး ဟောကိန်းကို ကြည့်နိုင်တဲ့နည်း ဖြစ်တယ်။

လက်ထောက်ဗေဒင် မေးခွန်းစဉ်မှာ မေးလိုတဲ့ မေးခွန်းကို ပထမ ရှာဖွေလေ။ ပြီးယင် အညွှန်းအတိုင်း လိုက်နာလုပ်ဆောင်ပါ။

## လက်ထောက်ဗေဒင် မေးခွန်းစဉ်

၁။ စေလွှတ်သူတွင် အမှုကုန်ပါမည်လား။
၂။ သည်ယောက်ျားကို ရပါမည်လား။
၃။ သည်မိန်းမကို ပြောလျှင် ရပါမည်လား။
၄။ သည်အမှုကို ဆောင်သော် အောင်မည်လား။
၅။ ယောက်ျား မိန်းမ ၂ ယောက် မြဲပါမည်လား။
၆။ ယောက်ျား မိန်းမ ၂ ယောက် သင့်တင့်ပါမည်လား။
၇။ သည်မိန်းမ ကိုယ်ကို စောင့်ထိန်းပါမည်လား။
၈။ သည်ယောက်ျား ကိုယ်ကို စောင့်ထိန်းပါမည်လား။
၉။ သူ့စကားကို လိုက်နာလျှင် အောင်မြင်ပါမည်လား။
၁၀။ အကြံ ထမြောက်ပါမည်လား။
၁၁။ မိတ်ဆွေကောင်း တွေ့ပါမည်လား။
၁၂။ အနာသည် သွေးရိုးလား၊ ပယောဂလား။
၁၃။ ပယောဂတွင် မည်သူနှောင့်ယှက်သနည်း။
၁၄။ သည်ဆရာ ကုလို့ချမ်းသာပါမည်လား။
၁၅။ သည်အနာကို ဆေးကုလို့ ရပါမည်လား။
၁၆။ အဖမ်းသွားသော် ရပါမည်လား။
၁၇။ သည်မယားကို ကွာလျှင် ကောင်းပါမည်လား။
၁၈။ သည်လင်ကို ကွာလျှင် ကောင်းပါမည်လား။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ သည်မယားကို ချီးသော် သင့်ပါမည်လား။
၂၀။ သည်လင်ကို ချီးသော် ကောင်းပါမည်လား။
၂၁။ ရာထူးတိုးပါမည်လား။
၂၂။ လခတိုးပါမည်လား။
၂၃။ အမှုဆောင်သော် အောင်ပါမည်လား။
၂၄။ ကြားသော စကားမှန်ပါမည်လား။
၂၅။ ကစားလျှင် နိုင်ပါမည်လား။
၂၆။ ချုပ်ထားသူ လွတ်ပါမည်လား။
၂၇။ သည်မိန်းမနှင့် နေသော် ကောင်းပါမည်လား။
၂၈။ ယခု တရားတည်နိုင်ပါမည်လား။
၂၉။ ယခု ဝယ်မည့်ကုန် မြတ်ပါမည်လား။
၃၀။ ပေး၍ အမှုကုန်ပါမည်လား။
၃၁။ သည်ရွေ့နေ အမှုနိုင်ပါမည်လား။
၃၂။ ပေးမည်ဆိုထိုင်း ရပါမည်လား။
၃၃။ သူ့ကို လက်ခံသော် သင့်ပါမည်လား။
၃၄။ ပျောက်သောဥစ္စာ ရပါမည်လား။
၃၅။ သွားသောသူ ပြန်လာပါမည်လား။
၃၆။ လိုက်ခေါ်သော် ပါလာပါမည်လား။
၃၇။ သွားလျှင် တွေ့ပါမည်လား။
၃၈။ ခရီးသွားသူ ရောက်ပါမည်လား။
၃၉။ သူပေးတာကို ယူလျှင် ကောင်းပါမည်လား။
၄၀။ စာမေးပွဲ အောင်ပါမည်လား။
၄၁။ အဝေးမှနေသူသည် ချမ်းသာပါမည်လား။
၄၂။ တွေ့ချင်သူကို သွားလျှင် တွေ့ပါမည်လား။

www.burmeseclassic.com

www.burmeseclassic.com



# လက်ကောက်ဗေဒင်

ငါးပါးသီလကို ခံယူပါ။ ပြီးတော့-

ဗုဒ္ဓဂုဏော အနန္တော၊

ဓမ္မဂုဏော အနန္တော၊

သံဃဂုဏော အနန္တော၊

မာတာပိတုဂုဏော အနန္တော၊

အာစရိယဂုဏော အနန္တော၊

ပဉ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ-လို့ပဲဖြစ်ဖြစ် အနန္တငါးပါးကို ၃-ကြိမ်ပူဇော်ကာ-

ဓတရဋ္ဌ နတ်မင်း၊ ဝိရုဠှက နတ်မင်း၊ ဝိရူပက္ခ နတ်မင်း၊ ကုဝေရ နတ်မင်းကြီးတို့အား ပူဇော်ကန်တော့ပါ။ ကျွန်တော် ကျွန်မတို့ကို ဟုတ်တိုင်းမှန်ရာ အထင်အရှား ပြတော်မူပါဆိုပြီး အမေးမာတိကာ (၄၂)တို့တွင် မိမိတို့မေးလိုရာ အမေးနံပါတ်ကို မှတ်ထားပြီးမှ အထက်ပါ ဇယားကွက်၌ ထောက်ပါ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇-၈ဂဏန်းတို့တွင် တစ်ခုခုကို ထောက်မိလိမ့်မယ်။ မိမိထောက်မိသော ဂဏန်းကို မှတ်ထားတဲ့ အမေးနံပါတ်တွင် ၁-ဖြစ်လျှင် ၁-အဟော၊ ၂-ဖြစ်လျှင် ၂-အဟော စသည်ဖြင့် ဟောလေ။

ဉပမာ-ရာထူးတိုးမည်လားလို့ မေးလိုယင် အမေးနံပါတ် ၂၁-ကို မှတ်ထားပြီးရင် ဇယားကွက်တွင် ထောက်ပါ။ ၅-ကို ထောက်မိတယ်ဆိုပါတော့၊ အမေးနံပါတ် (၂၁)တွင် ၅-ဂဏန်းအရ ထဘီဝတ်ကို မှီမှရမည်လို့ တွေ့ရမယ်။ ဉပမာကို အမှီပြုပြီး ကြွင်းကျန်တဲ့ အမေးတို့ကို သိမှတ်ကြလေ။

www.burmeseclassic.com

www.burmeseclassic.com



## လက်ထောက်ရန်ဇယားကွက်

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ၇ | ၆ | ၅ | ၄ | ၃ | ၂ |
| ၂ | ၁ | ၇ | ၆ | ၅ | ၄ | ၃ |
| ၃ | ၂ | ၁ | ၇ | ၆ | ၅ | ၄ |
| ၄ | ၃ | ၂ | ၁ | ၇ | ၆ | ၅ |
| ၅ | ၄ | ၃ | ၂ | ၁ | ၇ | ၆ |
| ၆ | ၅ | ၄ | ၃ | ၂ | ၁ | ၇ |
| ၇ | ၆ | ၅ | ၅ | ၃ | ၂ | ၁ |

သူတစ်ပါးကို မမေးလိုပဲ မိမိကိုယ်တိုင် သိလိုရင် အထက်ပါ **အတိုင်း** ပူဇော်ကန်တော့ တိုင်ကြားပါ။ အထက်ပါအတိုင်း သိလိုတဲ့ အမေးနံပါတ်ကိုမှတ်ပြီး အင်းကွက်ဇယားကို သေးငယ်တဲ့ တုတ်စသည်ဖြင့် မျက်**စိမှိတ်**ပြီးထောက်၊ မျဉ်းတန်းပေါ်မှာ ထောက်မိက ပြန်ထပ်ထောက်ပါ၊ ၃-**ခါ** **လုံး** မျဉ်းတန်းပေါ်မှာ ထောက်မိပါရင်၊ သည်နေရာတွင် မသင့်**လျော်**၊ တခြားတစ်နေ့ရာကို ပြောင်းလွှဲအခါ်ချိန်ပြီး ထောက်ပါလေ။

မှတ်ရန် ။ ။ (   ) ဒင်းကွင်းထဲရှိ ဂဏန်းမှာ အမေးနံ**ပါတ်**။
နောက်က ၁-၂-၃-၄-၅-၆-၇ ဂဏန်းတို့မှာ ဇယား
ကွက်တွင် ထောက်မိသော ဂဏန်းများ ဖြစ်သည်။

(၁) ၁။ အမှုမကုန်တတ်။
၂။ ယခုလွှတ်မည့်သူကြောင့် အမှုကြီးမည်။
၃။ အမှုကြေကုန်၍ လာဘ်ရခဲ့မည်။
၄။ အမှုအကြောင်းအရာ ပါလာလိမ့်မည်။
၅။ အမှု မတိုးမလျော့ နေမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ အမှုပြီးစီးလိမ့်မည်။
၇။ အမှုပြီးစီးခဲ့ပြီ။

(၂) ၁။ အသက်ထက်ဆုံး ပေါင်းရမည်။
၂။ ပေါင်းရသည့်အတွင်း ချမ်းသာမည်။
၃။ ယောက်ျားကို မပေါင်းရပြီ။
၄။ ပေါင်းရသော်လည်း တာမရှည်။
၅။ ပေါင်းရလျှင်လည်း မပိုင်တစ်ပိုင်ရှိမည်။
၆။ စိတ်မချမ်းသာပဲ ပေါင်းရမည်။
၇။ တွေ့မြင်ရုံမျှသာ၊ မပေါင်းရချေ။

(၃) ၁။ ရည်းစားရှိသည်၊ ကြိုးစားမှရမည်။
၂။ မိန်းမကြီးဖျက်မည်၊ ကြိုးစားမှရမည်။
၃။ အလွယ်တကူနှင့် ရလိမ့်မည်။
၄။ ယူခါနီးမှ ပျက်မည်။
၅။ ကိုယ်ဘက်ကလူပင် ဖျက်မည်။
၆။ ဘယ်လိုပင် ကြိုးစားသော်လည်း မရ။
၇။ အလုအယက်ဖြစ်မည်၊ ကြိုးစားက ရမည်။

(၄) ၁။ ဆောင်ရွက်သော်လည်း မအောင်။
၂။ ဆောင်ရွက်လျှင် ကျေးဇူးတင်မည်။
၃။ ဆောင်ရွက်လျှင် တစ်ဘက်ကမုန်းမည်။
၄။ ဆောင်ရွက်သော် သတိရှိစေရမည်။
၅။ ပြီးစီးမည်၊ အကျိုးခံစားရမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ပင်ပန်းရုံသာ၊ အကျိုးမရှိ။
၇။ ဆောင်ရွက်လျှင် အမှုပတ်မည်။

(၅) ၁။ တကျက်ကျက်နှင့် တာမရှည်။
၂။ နီးချည်၊ ဝေးချည် ရှိမည်။
၃။ မကွာနိုင်၊ စိတ်လိုက်မာန်ပါ ဖြစ်သည်။
၄။ တွယ်တာရန်ရှိသည်။ စိတ်ဆိုးခိုက်သာ။
၅။ အရှည်မြဲကြလိမ့်မည်။
၆။ နှစ်ယောက်လုံးကပင် စိတ်မချ။
၇။ ၂-ကြိမ်ကွာပြီးမှ မြဲကြမည်။

(၆) ၁။ ပြင်ရန်ချော့မှသာ၊ အတွင်းကမပါ။
၂။ နေ၍ မကြာခင် ကွာကြဦးမည်။
၃။ တကျက်ကျက်နှင့် မြဲမည်။
၄။ ကောင်းစွာ ပေါင်းကြမည်။
၅။ မာနကြီးသည်၊ မပေါင်းနှင့်။
၆။ မုဆိုးဖိုဖြစ်မည်၊ မယူနှင့်။
၇။ နှစ်သက်၍ ပေါင်းသည်မဟုတ်။

(၇) ၁။ မယုံသက်မရှိနှင့်၊ မိန်းမဖြတ်။
၂။ လင်ကို အနိုင်မပေး၊ လော်မာခြင်းမရှိ။
၃။ အသားညိုလူက ဖျက်ဆီးလိမ့်မည်။
၄။ ငယ်စိတ်ပျောက်ပြီး ယခု တည်ကြည်သည်။
၅။ ငယ်စဉ်က အလေ့ကို ဖျောက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ယောက်ျားနှင့်ဝေးလျှင် ဖောက်ပြန်လိမ့်မည်။
၇။ နှုတ်သီးကောင်းသည်။

(၈) ၁။ ပြောဆိုဆုံးမလို့မရ။
၂။ တခြားမိန်းမကြောင့် ဘဝင်မကျ။
၃။ ကြံ့သာကြံ့သည်။ စိတ်ကိုနိုင်၏။
၄။ ပျော်ပါးလိုသော်လည်း စိတ်ကိုမနိုင်။
၅။ မကောင်း၊ ရှောင်ကြဉ်လေ။
၆။ ယခု မယားငယ်ရှိနေသည်။
၇။ စိတ်ကောင်း၊ နှလုံးကောင်းမရှိ။

(၉) ၁။ အကျိုးမဲ့ဖြစ်သည်။
၂။ ကိုယ်ကောင်း၏၊ လူမုန်းခံရမည်။
၃။ ဘေးတွေ့တတ်သည်။
၄။ ပညာရှိများ ချီးမွမ်းမည်။
၅။ သင့်တော်ရုံမျှသာ ရှိသည်။
၆။ မကောင်း၊ အကျိုးမရှိ။
၇။ အချင်းချင်း မုန်းကြလိမ့်မည်။

(၁၀) ၁။ အထမြောက်လိမ့်မည်။
၂။ အပြီးသို့ ရောက်လိမ့်မည်။
၃။ အလွန်လွဲချော်လိမ့်မည်၊ မကောင်း။
၄။ အကြံကို မိန်းမဖျက်မည်။
၅။ ကြံတွင်းပင် စနောင်စနင်းရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ အကြံမပြောက်နိုင်။
၇။ ကြံစည်တိုင်း တစ်ခုခုအောင်မြင်မည်။

(၁၁) ၁။ သုံးယောက်တွင် အလယ်လူကိုပေါင်း။
၂။ မိန်းမကစ၍တွေ့လျှင် ကောင်းသည်။
၃။ လက်ဦးကိုရှောင်၊ နောက်လူကိုပေါင်း။
၄။ မိတ်ဆွေကောင်းကို တွေ့လိမ့်မည်။
၅။ မြောက်အရပ်ကလူကိုပေါင်း။
၆။ ပစ္စုပ္ပန်သံသရာ မြင်သောသူ။
၇။ မပေါင်းနှင့်၊ ကိုယ့်ဥစ္စာကုန်မည်။

(၁၂) ၁။ ပယောဂနာ ဖြစ်မည်။
၂။ အစွဲအလွန်ကြီးကျယ်သည်။
၃။ သွေးရိုး၊ ပယောဂ ၂-မျိုး။
၄။ သွေးရိုး သက်သက်သာ ဖြစ်သည်။
၅။ အနာမှာ ရိုးရိုးအနာဖြစ်သည်။
၆။ ရှာသူရှိသည်၊ လွတ်ခဲမည်။
၇။ ယခု ပယောဂမရှိ၊ အနာရိုးရိုး။

(၁၃) ၁။ တစ္ဆေကြီး၊ အစာကျွေးလေ။
၂။ ရှာနတ် တိုက်ထားသည်။
၃။ ဘီလူး ဖမ်းစားသည်။
၄။ ရုက္ခစိုး ဖမ်းစားသည်။
၅။ ပညာစမ်းသည်၊ ပျော့လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ နတ်ဖမ်းစားသည်၊ ဆရာကုစေ။
၇။ မြို့ရွာစောင့် နတ်ကြီး ဖမ်းစားသည်။

(၁၄) ၁။ ဆေးကုလျှင် ချမ်းသာမည်။
၂။ ဆေးနှင့်အနာ မတွေ့ကြ။
၃။ ကြာကြာကုမှ ချမ်းသာမည်။
၄။ ဆေးမသင့်၍ အနာတိုးမည်။
၅။ သည်ဆရာနှင့် ပျောက်မည်။
၆။ သည်ဆရာနှင့် ချမ်းသာမည်။
၇။ ငါးရက်အတွင်း အနာလွတ်မည်။

(၁၅) ၁။ တဖြည်းဖြည်း ချမ်းသာမည်။
၂။ ဆေးမတွေ့၊ ကြာမှလွတ်မည်။
၃။ ဆရာ ၅-ယောက်ရှိမှ လွတ်မည်။
၄။ ဆေးမပေးသော်လည်း ပျောက်မည်။
၅။ လူနာမှာ စိတ်မချရသေး။
၆။ အနာလွန်သည်၊ ကြပ်ကြပ်ကုလေ။
၇။ လူနာမှာ ဝေဒနာများများမရှိ။

(၁၆) ၁။ စိတ်ကထင်တိုင်း၊ ဖမ်းရလိမ့်မည်။
၂။ ပင်ပန်းရုံသာ၊ မဖမ်းဝံ့ရှိမည်။
၃။ အနည်းငယ်မျှသာ ရလိမ့်မည်။
၄။ ကိုယ်ကိုမျှ အလွတ်ရုန်းခဲ့သည်။
၅။ ရခဲ့သော်လည်း မကောင်းချေ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ရသည်နှင့် အထူးစကားကောင်း ကြားမည်။
၇။ နေရာကိုမျှ မတွေ့ရှိရ။

(၁၇) ၁။ မယားကိုကွာလျှင် ဆင်းရဲမည်။
၂။ ကွာလျှင် စိတ်လွတ်၍ ဆင်းရဲမည်။
၃။ ကွာမှသင့်မည်၊ ကွာကိန်းရှိသည်။
၄။ ကွာလျှင် လူကဲ့ရဲ့မည်။
၅။ ကွာလျှင် မကောင်း၊ မကွာနှင့်။
၆။ သည်မယားကို မကွာလေနှင့်။
၇။ မကွာနိုင်၊ စိတ်ရှိခိုက်သာ ဖြစ်သည်။

(၁၈) ၁။ သည်လင်ကို မကွာလေနှင့်။
၂။ ကွာလျှင် ဆင်းရဲမည်။
၃။ ကွာလျှင် ကောင်းသည်။
၄။ စိတ်ရှိခိုက်သာ မကွာနှင့်။
၅။ သင့်အောင်ပေါင်း၊ ကျေးဇူးရှိမည်။
၆။ မကွာလျှင် အပြစ်ရောက်မည်။
၇။ မကွာနှင့် ဥစ္စာရှင်ခံရမည်။

(၁၉) ၁။ အထက်ကကဲ့သို့ ပြုကျင့်မည်။
၂။ ဒုက္ခရောက်မည်၊ မချဉ်းနှင့်။
၃။ စီးပွားတိုးမည်၊ နိုင်ချင်လိမ့်မည်။
၄။ သည်မယားချဉ်းမှ သင့်လျော်မည်။
၅။ မချဉ်းနှင့်၊ ရန်သူမယား။

www.burmeseclassic.com

www.burmeseclassic.com



၆။ ချဉ်းသော်လည်း ကွာကြဦးမည်။
၇။ လင်ကိုချစ်၏၊ ဖျက်သူရှိသည်။

(၂၀) ၁။ လင်ကိုချဉ်း၊ ဥစ္စာရှင် ခံရမည်။
၂။ ချဉ်းလျှင် ဆွေမျိုးများ အရှက်ရမည်။
၃။ မိဘဆွေမျိုးများ အမုန်းခံရမည်။
၄။ လင်ကိုချဉ်းလျှင် တော်လိမ့်မည်။
၅။ ဈေးကကဲ့သို့ပင် ရှိဦးမည်။
၆။ ချဉ်းလျှင်မသင့်၊ မချဉ်းမလျော်၊ ခက်သည်။
၇။ ဤသည်လင်ကိုချဉ်းမှ သင့်လျော်မည်။

(၂၁) ၁။ အကုန်အကျခံမှ ရမည်။
၂။ လက်ဆောင်ကုန်၍ နောက်မှရမည်။
၃။ လက်ဆောင်ပါ၊ အပြောကောင်းမှ ရမည်။
၄။ နီးစပ်သူတစ်ယောက်ယောက် ထောက်ပံ့ရမည်။
၅။ ထဘီဝတ်ကို မှီရမည်။
၆။ အင်္ကျီသားဆောင်ရွက်မှ ရမည်။
၇။ မလိုသူအချင်းချင်း ဖျက်မည်။

(၂၂) ၁။ အပေါ်ရှိသာ၊ တကယ်မတိုးချေ။
၂။ တိုးမည်ကြံ၏၊ ဖျက်သူများသည်။
၃။ ပြောသည့်အတိုင်း တိုးပေးမည်။
၄။ လခတိုးသော်လည်း အကျိုးမရှိ။
၅။ ပြောသောသူသည် ပြောင်းရွှေ့ရမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ တိုးမည်ကို အတွင်းလူ ဖျက်သည်။
၇။ တိုးမည်ကို သူများဦးလေပြီ။

(၂၃) ၁။ ဆောင်ရွက်သော် မကောင်းဖြစ်မည်။
၂။ မဆောင်သော်လည်း အလိုလိုပြီးမည်။
၃။ အမှုသည်ကပြောမှ ဆောင်ရွက်လေ။
၄။ ဆောင်ရွက်လျှင် ကြီးကျယ်လိမ့်မည်။
၅။ ဆောင်ရွက်လျှင် ရှည်လျားလိမ့်မည်။
၆။ ဆောင်ရွက်လျှင် ချမ်းသာလိမ့်မည်။
၇။ မဆောင်၊ ဆောင်၊ ချမ်းသာလိမ့်မည်။

(၂၄) ၁။ တဆင့်ကြားသာ၊ မမှန်။
၂။ ကြားသည့်အတိုင်း မှန်၏။
၃။ ယခုမမှန်သေး၊ နောက်မှ ကြားဦးမည်။
၄။ တဝက်သာမှန်သည်၊ တဝက်မမှန်။
၅။ မလို၍ပြောသောစကားသာ ဖြစ်သည်။
၆။ ကြားတာထက်ပင် ပိုလွန်းဦးမည်။
၇။ အကျိုးလို၍ ပြောသောစကား။

(၂၅) ၁။ ဦးစွာနိုင်၍ နောက်ကိုရှုံးမည်။
၂။ ကစားသော် အရှုံးများမည်။
၃။ လက်ဦးရှုံး၍ နောက်နိုင်မည်။
၄။ ပွဲသာများမည်၊ အကျိုးမရှိ။
၅။ ကစား၍မရှုံး၊ မနိုင်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ကစားလျှင် အနိုင်ရမည်။
၇။ ကစားက မရှုံးနိုင်။

(၂၆) ၁။ ၇-ရက်မှ အမှုနှင့်လွတ်မည်။
၂။ ထဘီဝတ်ဆောင်လျှင် ၂-ရက်နှင့် လွတ်မည်။
၃။ ယခုမလွတ်လျှင် နောက် ၂-ရက်လွတ်မည်။
၄။ ချုပ်ထားသူမှာ လွတ်လေပြီ။
၅။ အာမခံနှင့် လွတ်လိုက်လိမ့်မည်။
၆။ ချုပ်ထားသူမှာ လွတ်လွယ်လိမ့်မည်။
၇။ ချုပ်ထားသော်လည်း စိုးရိမ်ရန်မရှိ။

(၂၇) ၁။ ပြောသော်လည်း အဟုတ်မဟုတ်။
၂။ မယားဆိုးရရုံမျှသာ ရှိသည်။
၃။ လင်ကို ရိုးရိုးဖြောင့်ဖြောင့်မရှိ။
၄။ လင်ဟု နှလုံးမထား၊ စဉ်းလဲမည်။
၅။ လော်လည်မည်၊ ပေါင်းရအောင်ကြိုးစား။
၆။ သဘောကောင်း၊ ပေါင်းရအောင်ကြိုးစား။
၇။ ဘေးမလွတ်၊ ရန်သူမယားဖြစ်မည်။

(၂၈) ၁။ လက်ဆောင်စား၍ အရှုံးပေးတတ်သည်။
၂။ ဤတရား နိုင်လိမ့်မည်။
၃။ ဤတရား ရှုံးတတ်သည်။
၄။ ဖျန်တရား ဖြစ်တတ်သည်။
၅။ နိုင်မလိုနှင့် ကိုယ်ကနိမ့်မည်။



၆။ ကိုယ်က နိုင်မည့်တရား။
၇။ အလိုလိုပင် ပြေငြိမ်းလိမ့်မည်။

(၂၉) ၁။ ကုန်မှာထွက်ခဲ့မည်၊ မြတ်လိမ့်မည်။
၂။ ကုန်မှာမပြတ်၊ မရှုံးရှိမည်။
၃။ ကုန်မှာ လူဖျက်ဆီးလိမ့်မည်။
၄။ ထွက်လွယ်၏၊ အမြတ်နည်းမည်။
၅။ ဤကုန်မှာ အကျိုးမရှိ။
၆။ ဤကုန်မှာ စီးပွားဖြစ်လိမ့်မည်။
၇။ မရောင်းရဘဲ ပျက်စီးလိမ့်မည်။

(၃၀) ၁။ ပေးမှ အမှုကုန်မည်။
၂။ မပေးသော်လည်း ပြေငြိမ်းမည်။
၃။ ပေးသော်လည်း အကျိုးမရှိ။
၄။ ပေးလျှင် အကျိုးထူးလိမ့်မည်။
၅။ ပေးလျှင် ရှေ့ကို အကျိုးရှိမည်။
၆။ ပေးခြင်းကြောင့် အပြစ်ရှိမည်။
၇။ ပေးစေချင်သည်။ မပြေမငြိမ်းရှိမည်။

(၃၁) ၁။ သည် ရှေ့နေနှင့် အောင်လိမ့်မည်။
၂။ သည် ရှေ့နေသည် စီးစီးနင်းနင်း မပြော။
၃။ ရှေ့နေမှာ တံစိုးလက်ဆောင်စားသည်။
၄။ ရှေ့နေမှာ တရားပိုင်နှင့် မတဲ့ကြ။
၅။ ရှေ့နေမှာ မင်းနှင့် စကားပြောမတဲ့ကြ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ကိုယ်က နိုင်မည့်တရား။
၇။ အလိုလိုပင် ပြေငြိမ်းလိမ့်မည်။

(၂၉) ၁။ ကုန်မှာထွက်ခဲ့မည်၊ မြတ်လိမ့်မည်။
၂။ ကုန်မှာမပြတ်၊ မရှုံးရှိမည်။
၃။ ကုန်မှာ လူဖျက်ဆီးလိမ့်မည်။
၄။ ထွက်လွယ်၏၊ အမြတ်နည်းမည်။
၅။ ဤကုန်မှာ အကျိုးမရှိ။
၆။ ဤကုန်မှာ စီးပွားဖြစ်လိမ့်မည်။
၇။ မရောင်းရဘဲ ပျက်စီးလိမ့်မည်။

(၃၀) ၁။ ပေးမှ အမှုကုန်မည်။
၂။ မပေးသော်လည်း ပြေငြိမ်းမည်။
၃။ ပေးသော်လည်း အကျိုးမရှိ။
၄။ ပေးလျှင် အကျိုးထူးလိမ့်မည်။
၅။ ပေးလျှင် ရှေ့ကို အကျိုးရှိမည်။
၆။ ပေးခြင်းကြောင့် အပြစ်ရှိမည်။
၇။ ပေးစချင်သည်။ မပြေမငြိမ်းရှိမည်။

(၃၁) ၁။ သည် ရှေ့နေနှင့် အောင်လိမ့်မည်။
၂။ သည် ရှေ့နေသည် စီးစီးနင်းနင်း မပြော။
၃။ ရှေ့နေမှာ တံစိုးလက်ဆောင်စားသည်။
၄။ ရှေ့နေမှာ တရားပိုင်နှင့် မတဲ့ကြ။
၅။ ရှေ့နေမှာ မင်းနှင့် စကားပြောမတဲ့ကြ။

www.burmeseclassic.com

www.burmeseclassic.com



၆။ သည်ရှေ့နေဆောင်မှ အမှုနိုင်လိမ်မည်။
၇။ အမှုနိုင်မည်။ ကြာလိမ့်မည်။

(၃၂) ၁။ ပေးမည်ဆိုသော်လည်း တကယ်မပေး။
၂။ ပေးမည်ကြံ၏ ဖျက်သူများသည်။
၃။ ကတိအတိုင်းပေးလိမ့်မည်။
၄။ ပေးသော်လည်း မယူနှင့်၊ အကျိုးမရှိ။
၅။ ပေးသော်လည်း ပြန်ယူလိမ့်မည်။
၆။ ပေးမည်ကို အတွင်းလူ ဖျက်သည်။
၇။ ပေးမည့်ဥစ္စာကို တစ်ယောက်ရသွားပြီ။

(၃၃) ၁။ လက်ခံလျှင် အမှုဖြစ်လိမ့်မည်။
၂။ လက်ခံသော် အမှုများလိမ့်မည်။
၃။ လက်ခံလျှင် အကျိုးအပြစ် မရှိ။
၄။ လက်ခံလျှင် ဆွေမျိုးကဲ့သို့ ဖြစ်မည်။
၅။ လက်ခံလျှင် အစဉ်ကောင်းမည်။
၆။ လက်ခံလျှင် ခဏသာ ကောင်းမည်။
၇။ အမှုမရှင်းသေး၊ လက်မခံနှင့်ဦး။

(၃၄) ၁။ ညဥ့်အခါ ခိုးသည်၊ မရတော့ဘူး။
၂။ လူ ၃-ယောက် ခိုးသည်၊ လူငယ်မှာရှိသည်။
၃။ ရှေ့ ၃-ရက်မှာ သတင်းကြားလိမ့်မည်။
၄။ အနောက်ဘက်မှာ ရှိသည်၊ ရတတ်သေးသည်။
၅။ အထားမှားသည်၊ ပြန်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ထားတာကို လူသိ၍ ယူသွားသည်။
၇။ ၃-ရက်၊ ၇-ရက်၊ အစအနတွေ့မည်။

(၃၅) ၁။ မလာသော်လည်း စာရောက်မည်။
၂။ သည်လအတွင်း၌ ပြန်လာလိမ့်မည်။
၃။ ပြန်ချင်သောလည်း ကြာလိမ့်ဦးမည်။
၄။ ၃-ရက်၊ ၁၀-ရက်မှာ ရောက်လိမ့်မည်။
၅။ ကြာမှသာ ပြန်လာလိမ့်မည်။
၆။ သူစိတ်ကောင်းမှ ပြန်လာလိမ့်မည်။
၇။ ပြန်ချင်သောလည်း ကိစ္စ ရှိသေးသည်။

(၃၆) ၁။ လိုက်ခေါ်သော်လည်း ခရီးလွန်နေပြီ။
၂။ ခေါ်စေသူမှာ တွေ့အောင်မသွား။
၃။ စေခိုင်းသူနှင့် တွေ့၍ ပြန်လာကြပြီ။
၄။ ခေါ်ခိုင်းသူနှင့် လမ်းလွဲကြပြီ။
၅။ စေခိုင်းသူက ရှေ့ရောက်နေသည်။
၆။ လိုက်ခေါ်မှန်းသိ၍ ပုန်းနေသည်။
၇။ ခေါ်စေသူမှာ ပြန်လာပြီ၊ မတွေ့ခဲ့။

(၃၇) ၁။ သွားလျှင် တွေ့လိမ့်မည်။
၂။ သွားသော်လည်း မတွေ့။
၃။ သွားလျှင် လူ ၂-ယောက် တွေ့မည်။
၄။ သွားသော် တွေ့စရာ ဆိုသည်။
၅။ သွားသော် တွေ့ရုံမျှသာ ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ သွားလျှင် လမ်းတွင် တွေ့မည်။
၇။ သွားသော်လည်း မတွေ့နိုင်။

(၃၈) ၁။ သွားသူရောက်တော့မည်။
၂။ လမ်းတွင် ကိစ္စနှင့် ကြာသည်။ ရောက်တော့်မည်။
၃။ ၃-၄-ရက် ရောက်မည်၊ မရောက်က ကြာမည်။
၄။ ယနေ့ နက်ဖြန် ရောက်လိမ့်မည်။
၅။ မလာချေ၊ မမျှော်နှင့်တော့။
၆။ လာပြီးမှ ပြန်သွားသည်။
၇။ လာ၍ လမ်းတဝက်သို့ ရောက်ပြီ။

(၃၉) ၁။ ကျေးဇူးခံရမည်၊ ယူလေ။
၂။ လိုအပ်သော ဆန္ဒရှိ၍ ပေးသည်။
၃။ ပေးတာ အကြံနှင့် ပေးသည်။
၄။ ပေးတာ အကောင်းမဟုတ်။
၅။ ယူလျှင် မကောင်း၊ မယူနှင့်။
၆။ မယူလျှင် အပြစ်တင် မလွတ်။
၇။ ယူလေ၊ မလွဲနှင့်၊ ကောင်းသည်။

(၄၀) ၁။ စာမေးပွဲ အထူးအောင်လိမ့်မည်။
၂။ အောင်ရုံသာ အောင်မည်။
၃။ အမေးအဖြေ တခြားစီ ဖြစ်သည်။
၄။ အောင်မည်ထင်သော်လည်း မအောင်။
၅။ စစ်ဆေးသူက အအောင်မပေး။
၆။ ကြိုးစားညှပ်၍ အောင်လိမ့်မည်။
၇။ စိတ်မချမ်းသာ၍ မအောင်ပဲ ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



(၄၁) ၁။ သူသည် ကိုယ်စိတ် ၂-ပါးပင် ချမ်းသာ၏။
၂။ သူသည် ချမ်းသာ၏။ ရံဖန်ရံခါစိတ်ပူသည်။
၃။ ရှေ့လက စိတ်မချမ်းသာ၊ ယခု ချမ်းသာလေပြီ။
၄။ ရောဂါစိုးစဉ်းရှိ၏၊ ယခု ချမ်းသာလေပြီ။
၅။ သူ့ကို ရည်စူး၍ ကုသိုလ်ပြု မေတ္တာပို့။
၆။ သူသည် ချမ်းသာ၏၊ စီးပွားဖြစ်၏။
၇။ အဖော်ရှိမှ ချမ်းသာရာရမည်။

(၄၂) ၁။ မြန်မြန်သွားမှ တွေ့မည်။
၂။ လမ်းတွင်ပင် တွေ့လိမ့်မည်။
၃။ တွေ့သော်လည်း ပြန်ရရှိမည်။
၄။ သွားသော်လည်း မတွေ့ရ။
၅။ သာယာစွာနှင့်တွေ့ရလိမ့်မည်။
၆။ သွားသော်လည်း လမ်းက ပြတ်ရမည်။
၇။ နေမြဲနေရာက လွဲလိမ့်မည်။

## အခိဋ္ဌာန်ဇယား

| | | |
|---|---|---|
| တနင်္ဂနွေ ဂြိုဟ် | ကြာသာပတေး ဂြိုဟ် | တနင်္လာ ဂြိုဟ် |
| ရာဟု ဂြိုဟ် | သောကြာ ဂြိုဟ် | ကိတ် ဂြိုဟ် |
| ဗုဒ္ဓဟူး ဂြိုဟ် | စနေ ဂြိုဟ် | အင်္ဂါ ဂြိုဟ် |

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း လက်ထောက်ဗေဒင် တစ်မျိုးပဲ။ ဗေဒင်ပညာအလွယ်လမ်း ဆိုတော့ လွယ်တာလေးတွေလဲ ပြမယ်။ ခက်တာလေးတွေကိုလဲ နားလည် လွယ်အောင် ပြမယ်။ ဒီနည်းလဲ ရှေးဆရာတို့ လွယ်လင့်တကူ သောက် သုံးတတ်တဲ့နည်း။ ကိုယ်ဘာသာကိုယ် အမိဌာန်လေးပြုပြီး လက်ထောက် ကြည့်ဖို့လဲ လွယ်တယ်။ မျက်စိကို မှိတ်လိုက်။ ဇယားကွက်ကို နှစ်ပတ်သုံး ပတ် လှည့်။ ပြီးတော့ သေးငယ်တဲ့ အချောင်းတစ်ချောင်းနှင့်ထောက်။ ကျရာဟောကိန်းကတော့ အောက်မှာပဲ။

တနင်္ဂနွေဂြိုဟ် မကောင်းသေးဘူး။ လူပျင်းမယ်။ တရားတဘောင် တွေ့ရင်တောင် ကိုယ်ကရှုံးမယ်။ အခြေအနေ မပြီးပြတ်သေးတဲ့ အမှုရှိ ရင်လဲ ကြာအုံးမယ်။ ခရီးသွားသူရှိရင်လည်း ပြန်ရောက်ဖို့ မမြင်သေးဘူး။ ငွေအဝင်ထက် အထွက်များမယ်။ အိမ်မှာ အနာရှိရင်လည်း နာတာရှည် အုံးမယ်။

တနင်္လာဂြိုဟ်- ကောင်းတယ်။ အေးမြမယ့် သဘောပဲ။ တရားတဘောင် ရှိရင်လည်း ကိုယ်ကနိုင်မယ်။ ခရီးသွားသူရှိရင်လည်း မကြာခင် ပြန်လာမယ်။ အိမ်ထောင်ပြုဆိုရင်လည်း ကောင်းတယ်။

အင်္ဂါဂြိုဟ်- မကောင်းသေးဘူး။ တရားတဘောင် ဖြစ်ရင်လဲ အကြိတ် အနယ်ပဲ။ ရန်ခိုက်ဒေါသများမယ်။ ခြေလက်မှာ ဥပဒ် ရောက်မယ်။ နေအိမ် အပြောင်းအရွှေ့မလုပ်နှင့်။ မတည်မြဲသေးဘူး။ ကြာသပတေးနံ ဝင်လို့ လက်မခံရင် ငွေဝင်မယ်။ ခရီးသွားတဲ့သူရှိရင် ပြန်လာမယ်။ ဒါပေ မယ့် မှန်းချက်နှင့် နှမ်းထွက် မကိုက်ဘူး။ ရန်များမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးဂြိုဟ်- အကောင်းအဆိုး ဒွန်တွဲတယ်။ အမှုအခင်းရှိရင်လည်း နိုင်ကိန်း ရှိတယ်။ ခရီးသွားသူရှိရင် ပြန်ရောက်မယ်။ မှန်းချက်ကိုက်မယ်။ ဝမ်းနှင့်ပတ်သက်လို့ ဥပါဒ်ရောက်မယ်။ အစားအသောက် ဒုက္ခရောက်ရမယ်။

ကြာသာပတေးဂြိုဟ်- ကောင်းတယ်။ ခရီးသွားတဲ့သူရှိရင် ရက်ပိုင်းအတွင်း ပြန်ရောက်မယ်။ ကူညီမ-စမယ့်သူ တွေ့မယ်။ **အမှု** အခင်း ဖြစ်ရင်လည်း သုံးလအတွင်း ပြီးစီးမယ်။ အကြံ အစည်အောင်မယ်။ စန်းပွင့်မယ်။ စီးပွားတက်မယ်။ ပျောက်တဲ့ဥစ္စာ ပြန်ရဖို့ ရှိတယ်။

သောကြာဂြိုဟ်- ကောင်းတယ်။ အိမ်တွင်းရေး သာသာယာယာရှိမယ်။ အမှုအခင်းဖြစ်ရင် ကိုယ်နိုင်မယ်။ ခရီးသွားသူရှိရင် ပြန် ရောက်မယ်။

စနေဂြိုဟ်- မကောင်းဘူး။ ခရီးသွားတဲ့သူရှိရင် ပြန်မရောက်သေးဘူး။ ရပ်ဝေးမှာ ဖျားနာနေမယ်။ အမှုအခင်းရှိရင်လည်း နိုင်ဖို့ မသေချာဘူး။ သွေးထွက်သံယို ဖြစ်ကိန်းရှိတယ်။ မီး ကြောင့် ဒုက္ခရောက်မယ်။ ခြေလေးချောင်း တိရစ္ဆာန်ထွက် မယ်။ နာမယ်။ ပျက်စီးမယ်။

ရာဟုဂြိုဟ်- မကောင်းဘူး။ ညံ့တယ်။ ခရီးသွားသူရှိရင် တော်တော်နှင့် ပြန်မရောက်သေးဘူး။ ကြာမယ်။ အကြံအစည်တော့ လွဲ တော့လွဲမယ်။ ငွေရေး ကြေးရေး ကြပ်တည်းမယ်။ ဝင်ငွေ ထွက်ငွေမမျှဖြစ်မယ်။ တရားဘောင်တွေ့ရင် ရှုံးမယ်။ နိုင်ဖို့ဆိုတာကတော့ ကျားကုတ်ခြေကုတ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဂြိုဟ်- ကောင်းတယ်။ ခရီးသွားတဲ့သူရှိရင်လည်း အလုပ်အထည်နှင့် ပြန်လာကိန်းရှိတယ်။ အမှုအခင်းဖြစ်ရင်လည်း နိုင်မယ်။ လူနာရှိရင် လည်း မသေသေးဘူး။ ဆေးတိုးမယ်။ စုတ်လာဘ်ဝင်မယ်။ ပျောက်တဲ့ဥစ္စာ ပြန်ရှာတွေ့ကိန်းရှိတယ်။

## နတ်မြင်းကိန်းအဟော

သည်နည်းကလည်း မဟာဘုတ်နည်း တစ်နည်းပဲ။ စလေဆရာ ဦးပညာက သည်နတ်မြင်းဗေဒင်ဟောကိန်းကို တေးထပ်နှင့် ရေးစပ် ခဲ့တယ်။

တွက်နည်းကတော့ ရောက်သက်ကို တည်ကိန်းထား။ ခုနှစ်ခုနှင့်စား။ အကြွင်းအရ ဟောရတဲ့နည်းပဲ။

| | |
|---|---|
| တစ်ခုကြွင်းရင် | ဦးခေါင်း။ |
| နှစ်ခုကြွင်းရင် | နှုတ်သီး။ |
| သုံးခုကြွင်းရင် | လက်ျာရွေ့ခွါ။ |
| လေးခုကြွင်းရင် | သို။ |
| ငါးခုကြွင်းရင် | လက်ဝဲခြေ။ |
| ခြောက်ခုကြွင်းရင် | အမြီး။ |
| ခုနှစ်ခုကြွင်းရင် | ကျောက်ကုန်း။ |

တစ်ခုကြွင်း (ဦးခေါင်း) - တစ်ခုကြွင်း နတ်မြင်းတဲ့ သီတာ၊ ပဒုမ္မာ ရွှေကြာပန်းလို လန်းလိမ့်အခါ။ လူများစွာ သ, ဂါရဝ၊ ရှိသေစွာ ပေးလိမ့်မည်။ ကိန်းနှင့်အကျ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ မျက်နှာပွင့်လန်းမယ်။ ရေလိုအေးပြီး ပန်းလိုလန်းမယ့် အချိန်အခါပဲ။ သူပူဇော်ခံရမယ့် ကိန်းဖြစ် တယ်။ ဘုန်းကြီးမယ်။

- နှစ်ခုကြွင်း (နှုတ်သီး) - နှစ်ခုကြွင်း နတ်မြင်းတဲ့ နှုတ်သီးမှာ ရှောင်လေပါ ကိုယ်စကားနှင့် တရားဘောင်ဖြစ်မည်၊ စိုးရိမ်စစ်သားချစ် ကြည်စွာဖြစ်ပါလူ့အများ။ နှုတ်သီးမှာ ကုန်ကြေလိမ့်မည်၊ ရှေ့မိန့်စကား။

ညွှံတယ်၊ တရားတဘောင်ဖြစ်မယ်၊ စကားအပြောအဆို ဆင်ခြင်ရမယ်။ ဘုန်းအာဏာ ကျဆင်းမယ်။ ပြောစကား ဆိုစကား မအောင်ဘူး။

သုံးခုကြွင်း (လက်ျာရှေ့ခွါ) - သုံးခုကြွင်း စုတ်ခြင်းတဲ့ရှေ့ခွါ၊ လက်ျာကို ဟောပါလိမ့်မယ်၊ နားစိမ့်စိမ့်နာ။ မပျော်ပါ ပြောင်းရှာတတ်ဘိ၊ ခရီး ယာယီရှိငြ၊ ဟောချက်ကမိ။

ညံ့တယ်။ စိတ်ညှိုးငယ် မှိုင်တွေရတတ်တယ်။ လက်ရှိအရပ်၊ လက်ရှိနေရာမှာ မပျော်ပိုက်တဲ့ အခြေအနေမျိုးဖြစ်တယ်။ ပြောင်းရွှေ့ဖို့ စိတ်ကူးမယ်။ ခရီးယာယီရှိတယ်။ ဗျာများရမယ်။

လေးခုကြွင်း (သို)။ လေးခုကြွင်း နတ်မြင်းတဲ့သို မှာနေ၊ မြတ်ဆွေရဟန်းငယ်တို့၊ တစ်ခန်းလူ့လျှင် ထွတ်ချိန်ငဲ့၊ ဟောချက်ကထွေ လူဖြစ်ပေ၊ အိမ်နေမယား၊ အချစ်ကယ် လျှင်မြန်စ, ထိမ်မယ်၊ ဟောချက်ကအများ။

စန်းပွင့်တဲ့ နှစ်အပိုင်းအခြား ဆိုပါတော့။ စုတ်ဝင်မယ်၊ ဘုန်းကြီးရဟန်းဆိုရင် လူထွက်ရကိန်းမြင်တယ်။ လူဆိုရင်လည်း ရှေးစားကြင်လျှာရကိန်းရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါးခူကြွင်း (လက်ဝဲခြေ)။ ငါးခူကြွင်းနတ်မြင်းတဲ့လက်ဝဲခြေ၊ ထွေထွေ ဟောရန်ထား၊ များသည့်အနေ မပျော်ပေ ပြောင်းတတ်စွာ၊ ခရီးယာယီသွား များသည့်အရ။

စိတ်မကြည်သာဘူး၊ စိတ်များမယ်။ ခရီးယာယီများမယ်။

ခြောက်ခူကြွင်း (အမြီး)။ ခြောက်ခူကြွင်း၊ နတ်မြင်းတဲ အမြီးမှာ၊ စိတ်မကြည် တော်တော်မြောက်တယ်နှင့်၊ တွေးထောက်သင့်ပါ၊ ကြေးငွေရှာ ရရာမလွဲ၊ နတ်မြင်းညို သိဒ္ဓိ ဟောကြစမြဲ။

ငွေကြေးတော့ ရှာဖွေလို့ရမယ်။ ဒါပေမယ့် စိတ်ကတော့ မအေးရဘူး စိုးရိမ်လေမယ်။ ပူပန်ကြောင့်ကျမ်းများမယ်။

သုညကြွင်း- (ကျောက်ကုန်း)။ သတ္တဟော မြင်းချောတဲ့ ကျောက်ကုန်းမှာ၊ အကောင်းတွေ စုလာတတ် ဟောလတ်မကြာ။ မှူးဆောင်ကာ အောင်ပါမည်လို့ လာဘ်မှာရမည် ဟောကြလူတို့။

ခုနှစ်ခုနှင့် အသက်ကိုစားတော့ သုဉ်းတယ်။ သုညကြွင်းတယ်လို့ ခေါ်တယ်။ ကောင်းတယ်။ ဥစ္စာပစ္စည်းတိုးတက်မယ်။ လာဘ်လာဘ ရွှင်လန်းမယ်။ အကြံအစည် အထမြောက်မယ်။

## ခလျှာကမြင်းကိုးအဟော

ရောက်သက်ကိုတည် ၇-ခုစား၊ အကြွင်းဘုရားဟော။

"မေးလာရင်အသက်တည်လို့ သက်အညီမှန်မယွင်းပ၊ အကြွင်းမှာ စာဆို ရေးရယ်နှင့်၊ တွေးချင့်ဉာဏ်စွဲ"လို့ ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကြွင်းရင် အမြီး
နှစ်ခုကြွင်းရင် ထိပ်
သုံးခုကြွင်းရင် ဦးခေါင်း
လေးခုကြွင်းရင် ခါး
ငါးခုကြွင်းရင် ရှေ့လက်
ခြောက်ခုကြွင်းရင် ဝမ်းခယ်
သုညကြွင်းရင် နောက်ခြေ
အသက် ၂၁-နှစ်သားကို တွက်ကြည့်ရင်-

၇) ၂၂ (၃
၂၁
၁ - ကြွင်း

၁ ခုကြွင်းတော့ အကြွင်းအတိုင်းဟောကိန်းအရ ဟော။

**တစ်ခုကြွင်း။** နတ်မြင်းတဲ့ အမြီးမှာ၊ ဝတ်စားဆင်ရန်နှင့် အတန်တန် ရွှေငွေကြေးကိုပ၊ ပေးလိမ့်တဖန်၊ လာဘ်လာဘ၊ မျိုးမှန် ရရန်မလွဲ၊ သွားလေတိုင်းရပ်မြေသို့၊ ရွှေငွေလာလိုက်ဆွဲ ဝါလိမ့် ဟောကြအမြဲ။

ကောင်းတယ်။ အဝတ်အစားသစ် ရွှေ၊ ငွေပစ္စည်းဥစ္စာဝင်မယ်။ မျက်နှာပွင့်လမ်းမယ်။ ငွေနောက်ကို လူလိုက်နေစရာ မလိုဘူး။ လူနောက်ကို ငွေလာလိုက်ရမယ့်ကိန်းပဲ။

**နှစ်ခုကြွင်း။** နှစ်ခုကြွင်း၊ နတ်မြင်းတဲ့ ထိပ်လယ်မှာ၊ ချစ်ကြိုးသွယ်လူ ကလျာနှင့် ဒေဝီယာ ဝေအထွဋ်ကယ်တို့ တမွတ်ကသိစ် အရေး၊ ပေးလိမ့်သူဇာ၊ သွားလေရာရရာစမြဲ၊ ဇိုယ်ကယ် ကြိုက်ရာနှင့် ကညာဖျို အိုရွယ်သက်တို့ ဟောချတ်မလွဲ။

မျက်နှာပွင့်လန်းမယ်။ ချစ်သူ၊ ကြင်သူ ကြင်ဖော်ကြင်ဖက်တွေ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



သုံးခုကြွင်း။ သုံးခုကြွင်း နတ်မြင်းတဲ့ သီသေ၊ ရိပ်ကြီးဆောင် ဝေတုငယ်နဲ့၊ ရွှေငွေမှာ အကုန်ပေါ်ပါလိမ့်၊ ဝပြော သာယာလှတယ် ချမ်းမြရိပ်ငြိမ်း၊ နတ်စည်းစိမ်၊ ဝတ်နှင့် ပုံမခြား၊ ဟောချက်ကယ်ကျမ်းလာနှင့် မြတ်ဆရာ ရှေ့အတွက်ကယ်တို့ ဟောချက်ကသိုဏ်း။

ကောင်းတယ်။ စည်းစိမ်ခံစားရမယ်။ ပစ္စည်းဥစ္စာပေါလျှံကြွယ်ဝမယ့်အခါ၊ စိတ်ချမ်းသာ လူချမ်းသာ နေရမယ့်အချိန် အဲဒါပဲ။

လေးခုကြွင်း ။ လေးခုကြွင်း နတ်မြင်းတဲ့ခါထက်မှာ၊ မိုးမြေယာခင်းနှင့် မိဘမွေ လယ်ယာများ၊ ခြားလို့ရရာ။ ဝပြော သာယာပေ့ ကျမ်းမြွက်ရာဟော၊ တရားတံဘောင်နှင့် ကြံလုပ်ဆောင် အောင်ပေတတ်ချေငဲ့၊ ဟောမှတ်သဘော။

ကောင်းတယ်၊ မိမွေဖမွေရမယ်။ တရားတပေါင် တွေ့တာတောင် ကိုယ်ကနိုင်မယ်။ အကြံအစည်များ အထမြောက်အောင်မြင်မယ်။

ငါးခုကြွင်း ။ ငါးခုကြွင်း နတ်မြင်းကဲ့ ့ ့ ့လက်မှာ၊ စိတ်လက်ကယ် မတည်ငြိမ်လို့ ယာယီပင် ကိုယ်မှာရှိတယ်လို့ ဟောကြည့်ဆရာ။ မှတ်နားနာ ကျမ်းလာပကတိ၊ ဟောချက်ကယ် သေချာနှင့် မြတ်ဆရာ ဆိုစကားကိုလ စွဲမှတ်လို့သတိ။

ညံ့တယ်။ စိတ်ပူပန်ရမယ်။ စိတ်မတည်ငြိမ် ဖြစ်မယ်။ ခရီးယာယီ သွားရမယ်။

ခြောက်ခုကြွင်း။ ခြောက်ခုကြွင်း နတ်မြင်းတဲ့ဝမ်းမှာ၊ လာဘ်မျိုးရွှင်ရွှင် နှင့် နေ့တိုင်းပင် ဝင်မစဲအောင် မြမှတ်သင့်ပါ။ ကောင်းခွန်စွာ ရသာထူးပေ့၊ ငါးပါးဘောဇဉ်တို့ မငြီးငြင် သွယ်လွယ် သုံးရလိမ့်ဟောပမနော။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ လာဘ်မိုးစွေမယ်။ ဝင်လာမစဲ တဖွဲဖွဲတဲ့၊ ရသာထူးခဲဖွယ်ဘောဇဉ်လဲ ပေါ်မယ်။ သဒ္ဒါသူ ကြည်ဖြူသူ မရှားရှိမယ်။

သုညကြွင်း။ သုညဟောမြင်းချောတဲ့ နောက်ခြေမှာ၊ နီးဝေးရပ်ရွာသို့ သွားသူမှာ ပြန်မလာလစ်ပြီဟု ဟောမှတ်ကျမ်းလား၊ သိန္ဓဝမြင်းလှတဲ့ ခန္ဓာကာ ဟောပါကြမလွဲ၊ အများလူဗိုလ်တို့ တတ္တသိုလ် ပညာစုံကို သုံးပြုအမြဲ။

ရပ်နီးရပ်ဝေး ခရီးမသွားကောင်းဘူး၊ ခရီးရှောင်သင့်မယ်။ မရှောင်ရင် ဘေးဒုက္ခတွေ့မယ်။

## သိန္ဓောမြင်းကိန်း အဟော

ရောက်သက်တည်ထား။ ခုနှစ်ခုစား။ အကြွင်းတူရာဟော။

| | |
|---|---|
| ၁-ခုကြွင်းရင် | နှုတ်သီး |
| ၂-ခုကြွင်းရင် | လက် |
| ၃-ခုကြွင်းရင် | လိင် |
| ၄-ခုကြွင်းရင် | ခြေ |
| ၅-ခုကြွင်းရင် | အမြီး |
| ၆-ခုကြွင်း | ကျောက်ကုန်း |

၁-ခုကြွင်း(နှုတ်သီး)။ ကြွင်းငြားကေ၊ နှုတ်သီးကျမှု၊ ကျေးသော်လည်းလျှော် မတော်စကား၊ တရားတွေ့လစ်ခိုက်ရန်ဖြစ်အံ့။

မကောင်းဘူး။ ငွေကြေးဆုံးတတ်တယ်။ တရားဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၂၃-ကြွင်း (လက်) ။ စင်စစ်စန္ဒရား လက်မှာကျဘိ၊ ယာယီ ရှိ၏ ပြောင်းလေဝေးတာ၊ သွားလေရှာလော့။

မကောင်းဘူး။ ယာယီခရီးရှိတယ်။ အိုးအိမ်ပြောင်းရွှေ့ရကိန်းရှိတယ်။

၃-ကြွင်း (လိင်) ။ အင်္ဂါဘောမ၊ လိင်တွင်ကျမူ၊ မိန်းမကား လင်၏ယောကျ်ားကမူ၊ ချစ်ခင်စွာလှ၊ မယားရ အံ့၊ မှန်လှထူးဆန်း၊ ရဟန်းသာမဏေ၊ လူ ထွက်ပေလိမ့်။

စန်းပွင့်မယ့်အချိန်ပဲ။ ယောကျ်ားမိန်းမ ကြင်ဖော်ကြင်ဖက်တွေ့မယ် ရဟန်းသော်မှ လူထွက်ရမယ့်ကိန်းလို့ ဆိုတယ်။

၄-ခုကြွင်း (ခြေ) ။ ခြေကပုဒ္ဓ၊ ကျသောခါမူ၊ မယားဟူ၏။ ယူ လေခရီး၊ ဝေးနီးမချွတ်၊ သွားရတတ်၏။

မိန်းမအိမ်ပေါ်က ဆင်းရကိန်းရှိတယ်။ ခရီးနီးဝေးထွက်သွားရတတ်တယ်။

၅-ခုကြွင်း (အမြီး) ။ ဇိဝါကြွက်လှ၊ အမြီးကျမူ စည်းစိမ်ဥစ္စာမည် ပါလတ်၊ ပျောက်ကွယ်တတ်၏။

ညံ့တယ်။ စည်းစိမ်ဥစ္စာ ပျက်ယွင်းမယ်။ ပျောက်ရှမယ်လို့ ဆိုတယ်။

၆-ကြွင်း (ကျောက်ကုန်း)။ ကြိုဟ်မြတ် သောကြာ၊ သောရာ ဂြိုဟ် ကျော်၊ ကျောက်ကုန်းပေါ် ၍၊ ကျသော် ငြားက၊ ကောင်းစွာမှုကျင့်၊ ကိစ္စမှုဆောင်၊ ကြံတိုင်းအောင်လိမ့်၊ လူဘောင်ရွှေသွေ ဘိခေါင်ထိသည်၊ သိန္ဒောမြင်းလှပေဟော ရှိုးတည့်။

ကောင်းတယ်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဆဒ္ဒါမိဆင်မင်း ကိန်းအဟော

ရောက်သက်ကိုတည်။ ရှစ်ခုစား။ အကြွင်းတူရာဂရှုပြီး ဟောလေ။

၁-ခု ကြွင်း နှာမောင်း
၂-ခု ကြွင်း လက်နှစ်ချောင်း
၃-ခု ကြွင်း ခြေနှစ်ချောင်း
၄-ခု ကြွင်း လက်
၅-ခု ကြွင်း ဦးခေါင်း
၆-ခု ကြွင်း ဝမ်း
၀-ခု ကြွင်း လိင်, ခံတွင်း၀

၁-ခု ကြွင်းရင် လုံ့လရှိမယ်။ အမျက်ထွက် လွယ်မယ်။ ပြေလွယ်မယ်။ စိတ်သဘောထားဖြူစင်မယ်။ ချမ်းသာကိုယ်စိတ်မြဲမယ်။

၂-ခု ကြွင်းရင် ဥစ္စာရှာလို့ ရလွယ်မယ်။ ကုန်ရောင်းကုန်သွယ် ဖြစ်ထွန်းမယ်။

၃-ခု ကြွင်းရင် တစ်မြို့တစ်ရွာမှာ ကောင်းစားမယ်။ တစ်မြို့တစ်ရွာသူနှင့် အိမ်ထောင်ကျတတ်တယ်။

၄-ခု ကြွင်းရင် လူချစ်လူခင်များမယ်။ သဒ္ဓါကြည်ဖြူသူတိုးပွားမယ်။

၅-ခု ကြွင်းရင် ဆရာသမား အကြီးအကဲ ဖြစ်မယ်။

၆-ခု ကြွင်းရင် စီးပွား ဥစ္စာရာထူး မတိုးမကျ မဆုတ်မတက် ရှိမြဲရှိမယ်။

၀- ကြွင်းရင် အကြံအစည်မပွင့်လန်းဘူး။ ဘေးဒုက္ခ အန္တရာယ်နှင့်တွေ့မယ်။


www.burmeseclassic.com

www.burmeseclassic.com



## ဆမာဒေသကိန်းပြု အဟော

**ဆမာဒေသကိန်း**




အသက်ကိုလည်း ခြောက်ခုစား။ အကြွင်းကို မွေးနံမြင်ရာက စပြီးရေ၊ ကျရာတွင်ဟော ဝန်လည်တဲ့စက်ပုံ၊ ခြောက်ကွက်တဲ့ သာအိမ်က အ, သံ, ပိန်, နောင်, လာ, ခင်း, ဆို ရေး သွင်းဖို့ကြံ့။ သက်အကုန် တည်ဘုံစမ္မ၊ ခြောက်ခု ဆရာက ကြွင်းသေသဆမာ ဟောတဲ့ ပုံစု။

ခြောက်ကွက်စက်ပုံချ။ ပြီးတော့ အ, သံ, ပိန်, နောင်, လာ, ခင်း, ဆို -ဆိုပြီး ဂဏန်းသွင်း။ ဟောကိန်းကို အောက်မှာကြည့်။

**တနင်္ဂနွေ** ကျရင် စိတ်မငြိမ်အသက်ဘူး။ ဗျာပါများမယ်။ တစ်ရပ်တစ်ကျေး ပြောင်းချင်တယ်။ ခရီးထွက်ချင်မယ်။ ဒါကြောင့် အဟောလက်ာမှာ နေရပ်တဲ့မရှင်၊ စက်ခန်းရိပ်အိမ်က၊ ပျော်မငြိမ်ဗျာပါထန်လို့ လွမ်းကပ်ဖွဲ့ဆင်။ ချားသူ့ခွင် ပြောင်းချင်သည် မှန်လို့။ တစ်ကျေးတစ်ရပ်ဟိုသို့ ရဝီ ဂြိုဟ်စနွေသ ဟောကြသည်သို့ လို့ဆိုတယ်။

**၆-သောကြာ** ရောက်ရင် ကောင်းတယ်။ နေ၊ ဥစ္စာစုတ်လာဘ် ပြည့်ဖြိုးမယ်လို့ ဆိုတယ်။ ဒါကြောင့် လင်္ကာ-ဆိုတာက မြေရတဲ့အရင်၊ မနရွှေငွေနှင့် စုတ်လာဘ် တွေအကုန်ပေါ့ ဟောရချက်မြင်သလေ။ လုပ် လယ်ခွင်ရမည်ပင်မှန်လို့၊ သိရိလျှံ ထိန်နှင့် သောကြာအိမ် သူ့နေရပ် ဟောမှတ်ရန်စို့။

www.burmeseclassic.com

www.burmeseclassic.com



၅-ကြာသပတေး ရောက်ရင် ကောင်းတယ်။ ကွဲကွာနေတဲ့ ဆွေမျိုး၊ ချစ်သူကြင်သူနှင့် ပြန်ပေါင်းရကိန်းရှိတယ်။ ရွှေ၊ငွေ၊ ဥစ္စာ၊ ဓနဝင်မယ်။ အဟောလင်္ကာကတော့-

ဆွေစတဲ့မျိုးစဉ်၊ စည်လျှာပုံကွာဟ ကွဲသူသာ တူစုံပေါင်းရလိမ့် ဟောလင်္ဂစခွင်၊ ရွှေစင်နတ်များပင် ဖန်လာလို့၊ ဥစ္စာမှန်မယွင်းနှင့် ကြွက်မင်း စနေ့ာသ ဟောကြထိုသို့။

ဝ-စနေ ရောက်ရင်တော့ ညံ့တယ်။ ကြင်သူသက်ထား၊ ဇနီး သားမယား နှင့် ကွေကွင်းရမယ်။ အပူတွေ့မယ်။ ကျမျက်ရည်တွေတွေဆင်း ငြိုလ်မင်းတို့မွှေ' ဆိုတဲ့ကိန်းပဲ။ ဟောလင်္ကာကတော့-

သောကပူပြင်းလို့ သားရင်းတဲ့ညာတကာ၊ မယားအိမ်သူတို့ ချစ်မတူ ရှောင်သွေလွဲ မြမှတ်ကြပါ။ နေမသာ ခွေကာဆင့်လောင်း၊ ကျ မျက်ရည် တွေတွေနှင့် ငြိုလ်စနေ ယာယီကွက်မှာ ဟောချင့်တွက်ကြောင်း။

၄-ဗုဒ္ဓဟူး ရောက်ရင်မကောင်း။ ပစ္စည်းဥစ္စာပျက်ပြုန်းမယ်။ လက်ထိပ်ကြိုးချည်အနှောင်ဖွဲ့ခံရတတ်တယ်။ အမှုရောက်မယ်။ အစွပ်အစွဲခံရမယ်။ အကြံအစည် မှောက်မှားလွဲချော်မယ်။ ဖြေသော်မပြေ၊ သောကပူ ဗျာထွေပြားမယ်။ လင်္ကာကတော့-

ပျော်ပါးလွင်ပြင်လို့ ကွေကွင်းရ ဥစ္စာခြည်ကြိုးနှောင်အိမ်နှင့် မှုမငြိမ် သူစွပ်စွဲချည့်၊ သဲတဲ့ဗျာပါ။

နေမသာ နွမ်းရာဆင့်လောင်း။

မှုံမှုံရီပြာနှင့် နေဗုဒ္ဓါပျော်တဲ့ ရက်ကယ် ဟောချင့် တွက်ကြောင်း။

www.burmeseclassic.com



၂-တနင်္လာ၊ ၃-အင်္ဂါ ရောက်ရင်၊ ခရီးဝေးမသွားသင့်ဘူး။ ဘောမအင်္ဂါ၊ စန္ဒာ တနင်္လာတို့ ပေါင်းလို့မို့ပြန်လမ်း မရှိဘူးဆိုတယ်။ အသက် ကြီးယင် သေမယ်လို့တောင်ဆိုတယ်။ ငယ်ရွယ်သူဆိုရင်လဲ နာမကျန်း ဖြစ်မယ်။ ခရီးဖင့်မယ်။ လင်္ကာကတော့-

လောကဘုံသွင်းလို့ ဝေးခြင်းတဲ့ရပ်ရွာ၊ ခရီးသွားရပ်မြေသို့ သွားမိခြေ မပြန်တတ်ပြီဟု လမ်းဖြတ်သင့်ပါ၊ နေ့ဘောမာ စန္ဒာနှင့်ပေါင်း။

ကြီးသူမှာ အသေတဲ့ ငယ်ပေသူ ရှင်မည့်ရက်ကို ဟောရသင့်ကောင်း။

## အဋ္ဌလက် သက်ရောက်ဟောကိန်း

ဓ၊ ကော၊ ဗု၊ ခော၊ သိ၊ လော၊ ရာ၊ ဇာ။

၁၊ ၂၊ ၅၊ ၀၊ ၆၊ ၄၊ ၈၊ ၃။

အထက်အလင်္ကာဆိုပြီး အဋ္ဌလက်ခွင်မှာ အရှေ့မြောက်တောင့် တနင်္ဂနွေအိမ်ကစပြီး လက်ာတိုင်းချ။

| | | |
|---|---|---|
| ဓ<br>၁ | ကော<br>၂ | ဗု<br>၅ |
| ဇာ<br>၃ | | ခော<br>၀ |
| ရာ<br>၈ | လော<br>၄ | သိ<br>၆ |

www.burmeseclassic.com

www.burmeseclassic.com



အသက်တည် ရှစ်ခုစား အကြွင်းအတိုင်း မွေးနံဖြစ်ရာကကောက်၊ အကြွင်းဆုံရာရာ ဟောကိန်းပဲ။ အကြွင်းဆုံရာကနေ သမသတ်မျှော်။

စော-ထွေ (၃-၀) ဆိုရင် ကောင်းတယ်။ စုတ်ဝင်မယ်။

ထွေ-စော (၀-၃) ကူညီမ,စသူပေါ်မယ်။ မိတ်သစ်ဆွေသစ်ရမယ်။ အကြံ အစည် အောင်ဖို့လမ်းဝတွေ့မယ်။

သူ-အို (၆-၁) ခရီးယာယီ သွားရမယ်။ ညံ့တယ်။

အို-သူ (၁-၆) ကိုယ်စွမ်းကိုယ်စထက် သူတစ်ပါးကို မှီခိုရမယ့်အခါ။

ကော-လီ (၂-၄) စုတ်ကြီးလာဘ်ကြီးဝင်မယ်။ မိန်းမချော မိန်းမလှ၊

လီ-ကော (၄-၂) ချစ်သူကြင်သူနှင့် တွေ့မယ်။

ရှား-မီး (၈-၅) ညံ့တယ်။ တရားတဘောင် ဖြစ်တတ်တယ်။ ထိခိုက်

မီး-ရှား (၅-၈) ဒဏ်ရာ ရတတ်တယ်။

အသက်ဘေးနှင့် တွေ့တတ်တယ်။ ခိုးသူ၊ မီးစတဲ့ ရန်သူအမျိုးမျိုး နှောက်ယှက်တတ်တယ်။ ရှားမီးကျတဲ့ အချိန်မှာ ဗုဒ္ဓယတြာ ချေပေး ရတယ်။ ရာဟုထောင့်ကနေ ရှားမီးသက်စေ့ ထွန်းရမယ်။

မှတ်ချက် - အကောင်းအဆိုးကို ဟောရာမှာ စော-ထွေ၊ သူ-အို၊ ကော-လီ၊ ရှားမီး၊ တိုက်ရိုက်မကျပဲ ပြောင်းပြန်ကျတယ်ဆိုရင်၊ ကောင်းကျိုးဆိုး ကျိုး အရှိန်အဟုန် လျော့နည်းတယ်။ လျှော့လျှော့ပေါ့ပေါ့ ဟောရမယ်။ ကောလီလောက်တော့ လီကောက အကျောင်းဘူး။ သည်လိုပဲ ရှားမီး လောက် မီးရှားက မဆိုးဘူး။

အဋ္ဌလက်သက်ရောက်ဟောကိန်းကတော့ မူကွဲတွေ့ရှိတယ်။ နောက်တစ်နည်းကြည့်အုံး။

မိုး, စွေ, အုံ, ခါ, ရွာ, တုံ, သာ, လှ ဆိုပြီး အထက်ကအတိုင်း တနင်္ဂနွေအိမ်ကစပြီး ချရတယ်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| မိုး<br>၅ | စွေ<br>၃ | အုံ့<br>၁ |
| လှ<br>၄ | | ခါ<br>၂ |
| သာ<br>၆ | တုံ<br>၀ | ရှာ<br>၄ |

ဟောကိန်းအလင်္ကာကတော့-

စော+ထွေ(၃+၇) ရွှေသီတာ ဂူနန်းနှင့် စံမြန်းသည့် နဂါးမြွေ၊ ကျရောက်လေ ရွှေငွေမျိုးတိုးသည့် လာဘ်တွေ၊ ညွန့်ပေါင်းငုံ့ဝေ တင့်သရေမှုန်လှ၊ မင်းမြတ်တဲ့ ပူဇော်လို့ ရွှင်ပျော်ပျော်နေရာ ကျပါလိမ့်၊ လမ်းစ, ယာယီတို့နှင့် အလိုလိုလာဘ်ပုံစား များတတ်နိုင်စွ။

သူ+အို (၆+၁) ပူးဂဠုန်ဘုံနန်းသို့ တက်လှမ်းသို့ ရောက်လာလျှင်၊ သောကဗျာပါနှင့် မူတွေယာယီပေါင်း, ဟောင်းလက်စမြင်။ နေမရွှင် စိတ်ဝင်က နှောင့်နှေး၊ ပူဆွေးရန်ဗျာပါများသောကြောင့် ပျက်ပြားအိမ် ခြေနှင့် ယာယီတွေပေါ်လာတတ်ချေငဲ့ ပူးနက်တဲ့ဂဠုန် နန်းဆီကဖြန်းသည့်ရန်ဘေး။

ကော+လီ(၂+၄) ကျား ဆဒ္ဒါန် နေရာရောက်လျှင်လ၊ ဘုန်းတောက်ခိုင်ထိုသူမှာ၊ ရတနာရွှေ ငွေနှင့် စိတ်လာဘ်တွေငင်မစဲပြီဘု သဲချိမ့်ကြေငြာ။ ရဟန်းမှာ ယာယီက ပျက်-

www.burmeseclassic.com

www.burmeseclassic.com



ကိန်း၊ လူတို့မှာ ရှေ့နောက်တဲ့ ဒီသာက ပို့ကညာ မိတ်လျှံကူးပါလိမ့်မယ်၊ ထူးတဲ့သည်ကိန်း။

ရှား+မီး (၈+၅) ဟိုင်းကြွက်ခွင် နေရာရောက်လျှင်လ၊ ကျွန်းပြေ ပျောက်မှန်မသွေ၊ ကျွဲနွားရွေ့ ငွေတို့ကျပျောက် လေနှောင်အိမ်ဝ၊ သောကလှိုက်ဖွေ။ နာဖျားငဲ့တွေ မှုမမှန် ရန်ရှာတတ်ချေငဲ့၊ ဟိုင်းနတ်ကယ် ကြွက်မှီးရာက၊ ကြီးသည့်ရန်ပွဲ။

## အရပ်ဌာန ဟောကိန်း

အရပ်ရှစ်မျက်နှာရှိသလို ဌာနရှစ်မျိုးရှိတယ်။
ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သိရိ- ရယ်လို့ အစဉ်အတိုင်း ရေတွက်ရတယ်။

## ဌာနတွေရဲ့အကျိုးအာနိသင်ကတော့

ပရိဝါရ ။ အခြွေအရံများမယ်။ အိမ်ဆောက်နန်းတည်ရာ အရပ်။
အာယု ။ ရောဂါကင်းတယ်။ နံသင့် အပင်စိုက်ရာအရပ်။
နဂရ ။ မြို့ရွာရတယ်၊ ရောက်တယ်၊ မြို့တည်ရွာတည်သင့်တဲ့ အရပ်။
ဘုမ္မိ ။ အညစ်အကြေး၊ သွေးထွက်သံယို၊ အညစ်အကြေးစွန့်- သင်္ချိုင်းထားရာဌာန။
ဂဟပတိ ။ ဘဏ္ဍာ, ကျီ, စပါးဆန်ရေ ပေါများတယ်၊ စပါးကျီကျ ဘဏ္ဍာ တိုက်ထားရာ အရပ်။
တေဇ ။ ကုသိုလ်ကောင်းမှုပြုရခြင်း၊ ဘုရား၊ တန်ဆောင်းဆောက်ရာ အရပ်။

www.burmeseclassic.com

www.burmeseclassic.com



ဌာန ။ စွဲမြဲခြင်း၊ နေရာဌာန မြဲခြင်း၊ ဆင်, မြင်း, ကျွဲ, နွားထားရာ အရပ်။

သိရိ ။ ကျက်သရေတိုး၊ ဥယျာဉ်ပန်းမာလ်စိုက်ခြင်း၊ ရေတွင်း၊ ရေကန်၊ ဥယျာဉ် တူးရာတည်ရာဌာန။

ဘုမ္မိအရပ်ကို သိရမယ်။ ဘုမ္မိအရပ်မှာ မနေကောင်းဘူး။ ဘုမ္မိအရပ်ကို ရှောင်အပ်တယ်။

## ခုနှစ်ရက်သားသမီးတို့ရဲ့ ဘုမ္မိအရပ်

အထက်အတိုင်း မိမိမွေးနံ ဂြိုဟ်အိမ်ကစပြီး ပရိဝါရ၊ အာယု၊ နာဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သိရိဆိုပြီး ချလေ။

### တနင်္ဂနွေသား

| | | |
|---|---|---|
| ပရိဝါရ | အာယု | နာဂရ |
| သိရိ | | ဘုမ္မိ |
| ဌာန | တေဇ | ဂဟပတိ |

### တနင်္လာသား

| | | |
|---|---|---|
| သိရိ | ပရိဝါရ | အာယု |
| ဌာန | | နာဂရ |
| တေဇ | ဂဟပတိ | ဘုမ္မိ |

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါသား

| | | |
|---|---|---|
| ဌာန | သိရီ | ပရိဝါရ |
| တေဇ | | အာယု |
| ဂဟပတိ | ဘူမိ | နာဂရ |

ဗုဒ္ဓဟူးသား

| | | |
|---|---|---|
| တေဇ | ဌာန | သိရီ |
| ဂဟပတိ | | ပရိဝါရ |
| ဘူမိ | နဂရ | အာယု |

ကြာသပတေးသား

| | | |
|---|---|---|
| ဘူမိ | ဂဟပတိ | တေဇ |
| နာဂရ | | ဌာန |
| အာယု | ပရိဝါရ | သိရီ |

www.burmeseclassic.com

www.burmeseclassic.com



## သောကြာသား

| | | |
|---|---|---|
| အာယု | နာဂရ | ဘုမ္မိ |
| ပရိဝါရ | | ဂဟာပတိ |
| သိရီ | ဌာန | တေဇ |

## စနေသား

| | | |
|---|---|---|
| ဂဟာပတိ | တေဇ | ဌာန |
| ဘုမ္မိ | | သိရီ |
| နဂရိ | အာယု | ပရိဝါရ |

ဌာန ရှစ်ခွင်ကို မဟာဘုတ်နှင့်ညှိပြီးဟောနိုင်တယ်။ အသက်ကိုတည် ၈-ခုစား။ အကြွင်းကို မွေးနံမြင်ရာအရပ်က လက်ျာရစ်ရေတွက်။ ကျရာ တွင်ဟော။

ဥပမာ-အသက် ၄၃-နှစ် အင်္ဂါသားကို တွက်ပြီထား။ အသက်ကို ၈-ခုနှစ်စား။ ၃-ကြွင်းတယ်။ အင်္ဂါသားဆိုတော့ အင်္ဂါကစပြီး အကြွင်းပြည့်အောင်ရေ။ နဂရမှာ ရောက်တယ်။ မရောက်ဖူးသေးတဲ့အရပ် မသွားဖူးတဲ့ခရီးကို ရောက်ကိန်းသွားရကိန်းရှိတယ်လို့ ဆိုရမယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပရိဝါရ** - မှာဆိုရင် အခြွေအရံပေါမယ်။ လာဘ်ပေါမယ်။

**အာယု** - မှာဆိုရင် အနာရောဂါကင်းမယ်။ ကျန်းမာရေးကောင်းပါမယ်။

**နာဂရ** - မှာဆိုရင် မရောက်ဖူးသေးတဲ့ မြို့သစ်ရွာကို ရောက်မယ်။

**ဘုမ္မိ** - ကိုရောက်ရင် ကျန်းမာရေးညံ့မယ်။ လုပ်ငန်းအကြံအစည် ပျက်ယွင်းမယ်။

**ပဟာပတိ** - ကို ရောက်ရင် စပါးဆန်ရေ တိုးပွားမယ်။ လုပ်ငန်းကိုင်ငန်း ဖြူးဖြောင့်မယ်။

**တေဇ** - ကိုရောက်ရင် ဘုန်းကြီးမယ်။ဩဇာရှိမယ်။ ကုသိုလ်ကောင်းမှု ပြုရမယ်။

**ဌာန** - ကို ရောက်ရင် လက်ရှိရာထူး၊ စည်းစိမ် ဥစ္စာမြဲမယ်။

## ဘုမ္မိနှစ်ချက် မအေးကွက်

ဘုမ္မိနှစ်ချက်မိတဲ့ အသက်အပိုင်းအခြားမှာ ကျန်းမာရေး၊ စီးပွားရေး အစစညံ့တယ်လို့ ဆိုတယ်။ ဒါပေမယ့် မူလမဟာဘုတ်၊ ကောဇာ မဟာဘုတ်နှင့် ပြန်ညှိရတယ်။

ဘုမ္မိနှစ်ချက် မိ,မမိကို သိရအောင် လင်္ကာလေး ကျက်မှတ်ထားပေါ့။

အင်းဝရွာ၊ ကြံတောင်းသွား၊ စောင့်ပါအုံး။
လေးရွာကို၊ မြအောင်လာ၊ သူဇာမေ၊ နွေသာစွ။

**တနင်္ဂနွေသား** ဗုဒ္ဓဟူးမှာ ဂြိုဟ်အိမ်ဂြိုဟ်စားပြီး ရာဟုမှာ သက်ရောက်ရင် ဘုမ္မိနှစ်ချက်မိတယ်။ (အင်းဝရွာ)

**တနင်္လာသား** စနေမှာ ဂြိုဟ်အိမ်ဂြိုဟ်စားပြီး သောကြာမှာ သက်ရောက်ရင် ဘုမ္မိနှစ်ချက်မိတယ်။ (ကြံတောင်းသွား)

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အင်္ဂါသား | ကြာသပတေးမှာ ဂြိုဟ်အိပ်ဂြိုဟ်စား တနင်္ဂနွေ သက်ရောက်ရင် ဘုမ္မိနှစ်ချက်မိတယ်။ (စောင့်မါအုံး) |
| ဗုဒ္ဓဟူးသား | ရာဟုမှာ ဂြိုဟ်စားဂြိုဟ်အိပ်ပြီး တနင်္လာမှာ သက်ရောက်ရင် ဘုမ္မိနှစ်ချက်မိတယ်။ (လေးရွာကို) |
| ကြာသပတေး | တနင်္ဂနွေမှာ ဂြိုဟ်အိပ် ဂြိုဟ်စားပြီး ဗုဒ္ဓဟူး သက်ရောက်ရင် ဘုမ္မိနှစ်ချက်မိတယ်။ (မြအောင်လာ) |
| သောကြာသား | အင်္ဂါမှာ ဂြိုဟ်အိပ်ဂြိုဟ်စားပြီး ကြာသပတေးမှာ သက်ရောက်ရင် ဘုမ္မိနှစ်ချက်မိတယ်။ (သူဇာမေ) |
| စနေသား | သောကြာမှာ ဂြိုဟ်အိပ်ဂြိုဟ်စားပြီး အင်္ဂါမှာ သက်ရောက်ရင် ဘုမ္မိနှစ်ချက်မိတယ်။ (နွေသာစွ) |

ရာဟုသားကတော့ ဗုဒ္ဓဟူးအတိုင်းပဲ။

## ကြာသုံးထပ်ကိန်းဟောနည်း


သည်တွက်နည်းကတော့ ဟုတ်တိပတ်တိ အသုံးချလို့ မရဘူး။ အကွက်ကောင်း တစ်ချက်ကောင်း ကြည့်ဟောရုံလောက်ပဲ ကောင်းတယ်။ ဒါပေမယ့် သိထားဖို့တော့ လိုတယ်။

အောက်ပါလက်ာအတိုင်း တနင်္ဂနွေကစပြီး သုံးတိုင်ချသွားရုံပဲ။

www.burmeseclassic.com



## စကြာသုံးထပ်ကိန်း



| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အောင်၊ | သာ | လှေ | ငါ၊ | နေ၊ | သစ်၊ | ဆဲ၊ | ရှစ်၊ | တောင်း |
| ၁ | ၆ | ၄ | ၂ | ၀ | ၆ | ၃ | ၈ | ၀ |
| ရောက်၊ | အောင်၊ | ထိုး။ | တိမ်၊ | ခိုး၊ | သာ။ | မြစ်၊ | ညာ၊ | ဝ။ |
| ၄ | ၁ | ၀ | ၀ | ၂ | ၆ | ၅ | ၃ | ၄ |
| ရောက်၊ | လွယ် | အောင်။ | သောင် | ဖွေး | ဖွေး။ | | | |
| ၈ | ၄ | ၁ | ၆ | ၅ | ၅ | | | |

တွက်နည်းကတော့ မွေးနံ့ဂြိုဟ်သက်၊ စားဂြိုဟ်သက်၊ သက်ရောက်ဂြိုဟ်သက် သုံးခုကိုပေါင်း၊ တည့်ကိန်းထား၊ ၈-ခုစား။ အကြွင်းကို ဇယားနှင့်တ အစ လက်ျာ်ရစ်ရေ၊ ဆိုးရာရှောင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့ အသက် ၄၅-နှစ်ရှိ အင်္ဂါသားကို တွက်မယ်ထား။

မွေးနံဂြိုဟ်သက်ကတော့ ၈-နှစ်။

ဂြိုဟ်စားက ကြာသပတေး ၁၉-နှစ်။

သက်ရောက်က ၄၅÷၈=၅-ကြွင်း။ အင်္ဂါက စရေတော့ ရာဟုမှာ ဆုံးတယ်။ ရာဟုသက်ရောက် - ၁၂-နှစ်။ အားလုံးပေါင်းလိုက်တော့ ၈+၁၉+၁၂=၃၉။

၃၉-ကို တည်ကိန်းထားပြီး ၈-ခုစားရမယ်။

ရခုကြွင်းတယ်။ အင်္ဂါသားဆိုတော့ အင်္ဂါကနေ ရေတွက်ရင် တနင်္ဂနွေဂြိုဟ်အိမ် ကျရောက်တယ်။ အောင်သာလှပေ့ါ။

## စကြာသုံးဆယ်ကိန်း ဟောကိန်း

တနင်္ဂနွေအိမ် ။ ဦး-သာ-အိမ်ထောင်မိတ်နှင့် အင်း-ဝအိမ်ထောင်ရန် ကိုတွေ့ရမယ်။ အိမ်ထောင်ရေး အိမ်တွင်းရေး အဆင် မပြေဘူး။ အိမ်ကို ခေတ္တလာရောက်တဲ့ ဗုဒ္ဓဟူး သား သမီးကြောင့် ခိုက်ရန်ဖြစ်ကိန်းရှိတယ်။ ခြေလေးချောင်း ဝင်မယ်။ ခိုးကိန်း၊ မီးကိန်းရှိမယ်။

တနင်္လာအိမ် ။ သောကြာ အိမ်ထောင်ရန်နှင့် သုတ ဆိုတဲ့ ရန်နှစ်ရန် ကို တွေ့ရမယ်။ အိမ်တွင်းရေး မသာမယာရှိမယ်။ ချစ်ရေး၊ ချစ်ရာ-ချစ်မှု ခင်မှုအဆင်မပြေဘူး။ သောကြာ တွေ့ရမယ်။

www.burmeseclassic.com



**အင်္ဂါအိမ်** ။ အိမ်ထောင်မိတ် **တော်ရှစ်ဖြင့်လို့** အိမ်တွင်းရေးသာယာမယ်။ စုတ်ဝင်မယ်။ စုတ်လာဘ်ဝင်မယ်။ ဒါလောက်ပါပဂြိုဟ် ချည်းဖြစ်လို့ အတွက်လည်း ပြတယ်။ ဝင်လာတဲ့ စုတ်လာဘ်မမြဲဘူး။ ပြန်မထွက်ယင်လဲ ရန်မကင်းဘူး။ အနာရောဂါကပ်ငြိတတ်တယ်။ ဆွဲ့အ, စွေစောင်း, နားမကောင်းသူများကို သတိထားပြီးပေါင်း။

**ဗုဒ္ဓဟူးအိမ်** ။ **အင်း၀** အိမ်ထောင်ရှန်နှင့် **ဦးဝေဆိုတဲ့** ရန်နှစ်ချက်မိနေတယ်။ လူယုံသတ်ကိန်းရှိတယ်။ အိမ်တွင်းရေးရှုပ်ထွေးမယ်။ မိတ်ပျက်မယ်။ ခြေလေးချောင်းဝင်ရင်လက်မခံနှင့်။ အနောက်မြောက် အရှေ့တောင်ကိုခရီးရှောင်။ အနောက်တောင်က အနီ, အနက်ပစ္စည်းဝင်ရင် လက်မခံနှင့်။ စီးပွားလျှောမယ်။

**စနေအိမ်** ။ သောက,နှင့် သုတ, ရန်နှစ်ချက် မိနေပြန်တယ်။ အိမ်တွင်းရေး မသာယာဘူး။ ဘေးလူကလည်း နှောက်ယှက်မယ်။ ရန်များမယ်။ ကျန်းမာရေး ညံ့မယ်။ စီးပွားရေး မှန်းချက်မကိုက်ဘူး။ လင်မယား ကွဲကွာကိန်းရှိတယ်။ ခရီးယာယီရှိတယ်။

**ကြာသပတေးအိမ်**။ အိမ်ထောင်မိတ် **စိန်ပန်းတွေ့ရတယ်**။ ခရေလည်းတွေ့ရတယ်။ အမှုကိစ္စပြီးမြောက်မယ်။ အိမ်ထောင်ရေးခိုင်မြဲမယ်။ ကြွေးဟောင်း မြီဟောင်း အမွေစသဖြင့် ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာဟုအိမ် ။ ဝေရီဆိုတဲ့ ရန်ဘက်မြင်တယ်။ ရပ်ဝေးရပ်နီးက တည်းခိုသူလာရင် လက်မခံနှင့်။ ကျန်းမာရေး ရင်နှင့် ဝမ်းမှာ ဥပါဒ်ပေးမယ်။ ခိုးသူ၊ မီးနှိပ်စက်ခံရကိန်း ရှိတယ်။ သတိထား။

သောကြာအိမ် ။ သောကြာ၊ ကြာသပတေး သောမဂြိုဟ်ချည်းမြင်တယ်။ ရန်မမြင်ဘူး။ အေးချမ်းမယ်။ ပွင့်လန်းမယ်။ စန်းပွင့်မယ်။ စုတ်ဝင်မယ်။

## ရခိုင်ဗေဒ ဟောကိန်း

သည်နည်းကတော့ လျို့ဝှက်ဗေဒင်နည်းတစ်နည်း။ ရက်ခိုက်၊ နှစ်ခိုက်၊ လခိုက်ကို တွက်စစ်တဲ့နည်းပဲ။

အစကတည်းက ဇေယျ၊ သုခ၊ လာဘ၊ မိတ္တ၊ သောက၊ ဗျာယ၊ တို့ကို တိုင်စဉ်အရ ပြထားတယ်။ သည်တော့ ဘယ်လမှာခိုက်တယ်၊ ဘယ်ရက်မှာ ခိုက်တယ်။ လာဘ်ရမှာလား။ မရဘူးလားဆိုတာကို တိုင်စဉ်တွေက ပြတယ်။

တစ်နည်းအားဖြင့် မဟာဘုတ်ကို ဂြိုဟ်စားမှာ ၄-ပုံအညီအမျှ ပိုင်းဟောတဲ့နည်းပဲ။

ဂြိုဟ်သက်ရောက်မှာတော့ သုံးလစီ ဝေပုံပြုပြီး ပိုင်းဟောတယ်။ သည်တော့မဟာဘုတ်ဒသာတမျိုးဖြစ်တယ်လို့ ဆိုရမယ်။ သည်နည်းကတော့ ရှေးလူတို့ သိသူရှားပြီး မဟာဘုတ်မှအလွန် အသုံးကျတဲ့ လျို့ဝှက်နည်းလမ်းဟောင်း တခုပဲ။

မူလမဟာဘုတ် အထွန်းရဲ့အထွန်းဂြိုဟ်ကို အစပြုပြီး လက်ဝဲမှာ လက်ျာသို့ မဟာဘုတ်ချစဉ်အတိုင်း အောင်၊ ဆံ၊ ထူ၊ စစ်၊ သူကြီး၊ ပွဲ ဆိုပြီး လက်ဝဲမှ လက်ျာသို့ လေးလုံးကျချပြီး အထက်မှ အောက်သို့ ခုနှစ်လုံးတိုး၍ ဆက်ချသွားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲ လက်ျာတန်း အထက်အောက် လက်ဝဲလက်ျာလေးလုံး၊ ထက်အောက် ခုနှစ်လုံးချပြီးသွားတော့ တတိယတန်း ဒုတိယအလုံး အောက်မှနေပြီး အောက်ကို အစဉ်အတိုင်း သွားရတယ်။ ဒုတိယတန်းနှင့် ပထမတန်းကိုလည်း သည်နည်းအတိုင်း ချသွားဖို့ပဲ။

ရခိုင်ဒေသမှာလဲ မူလမဟာဘုတ်၊ ကောဇောမဟာဘုတ် သက်ရောက် မဟာဘုတ်ဆွဲပြီး ချဲ့ရင်ချဲ့သလောက် ကျယ်တယ်။

ကဲ ၁၃၀၀ ပြည့် ပြာသိုလဆန်း (၇) ရက်၊ အင်္ဂါသားကို ရခိုင်ဒသာနည်းနှင့် တွက်ကြည့်ရအောင်။

၁၃၀၀-ပြည့်ဆိုတော့ အတိုနည်းအရ ထောင်ပယ် ရာပယ် ၅-ခုပေါင်း။ (၁၃၀၀-မပြည့်ရင် ထောင်ပယ် ရာပယ် ၃-ခုပေါင်း)။ ၅-ခုပဲ ရှိတယ်။ ၇-ခု မစားလောက်တော့ အင်္ဂါများရဲ့ အကြွင်းက ၅-ပဲ ဖြစ်တယ်။

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၂ | |
| ၄* | ၇ | ၃ |
| ၁ | ၅ | ၆ |

အင်္ဂါသားဟာ ဗုဒ္ဓဟူးထွန်းတယ်။ ဒါကြောင့် အထွန်းဗုဒ္ဓဟူး ၄-တစပြီး လက်ျာလက်ကို လေးလုံးတန်း၊ တစ်ခါ လေးလုံးမြောက်ကနေ အောက်ကို ခုနှစ်လုံးတန်း လက်ာအတိုင်း ရေပြီးဂဏန်းစဉ်ကို ရေးရမယ်။

ဒါပေမယ့် ၁၃၀၀-ပြည့် အင်္ဂါသားဟာ ဗေဒင်တွက်တဲ့ အချိန်မှာ အသက်ဘယ်လောက်ရှိပြီလဲ။ အသက် ၃၅-နှစ် ရှိပြီ ဆိုပါတော့။

သက်ရောက် ဂြိုဟ်စားအရ အသက်တည်၊ ၈-ခုစားတော့ ၃ခုကြွင်း တယ်။ အင်္ဂါအိမ်ကနေ လက်ျာ်အတိုင်း ရေတွက်တော့ စနေသက်ရောက်တယ်။ စနေကနေ မဟာဘုတ် တိုင်ထူမယ်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၄ | |
| *၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

၃၅-နှစ်မှာ အင်္ဂါသားဟာ ရခိုင်ဒသာနည်းအရ ၆-ထွန်းတယ်။ ဒါကြောင့် ၆-ကနေစပြီး တိုင်စဉ်ထူရတယ်။

| | ပ | ဒု | တ | စ | ဓေယျံ |
|---|---|---|---|---|---|
| အထွန်း | ၆ | ၂ | ၅ | ၁ | သုခံ |
| | ၂ | ၅ | ၁ | ၄ | လာဘံ |
| | ၅ | ၁ | ၄ | ၀ | မိတ္တံ |
| | ၁ | ၄ | ၀ | ၃ | သောကံ |
| | ၄ | ၀ | ၃ | ၆ | ဗျာကံ |
| | ၀ | ၃ | ၆ | ၂ | မရဏံ |
| | ၃ | ၆ | ၂ | ၅ | |

www.burmeseclassic.com

www.burmeseclassic.com



တိုင်စဉ်ထူပြီးသွားသော တူရာကိန်းတန်းကို မျဉ်းသားပြီး ပိုင်းလိုက်ရမယ်။

ရောက်သက်နှစ်အဖို့ကို လေးပုံပုံရမယ်။ မွေးရက်က ပြာသိုလဆန်း ၇-ရက်။

တစ်နှစ်ကို ၄-ပုံ ပုံတော့ တစ်ပုံမှာ ၃-လ ရှိတယ်။

ပထမပိုင်း ပြာသိုလဆန်း ၇-ရက်မှ သီတင်းကျွတ်လဆန်း ၇-ရက်ထိ

ဒုတိယပိုင်း တန်ခူးလဆန်း ၇-ရက်မှ သီတင်းကျွတ်လဆန်း ၇-ရက်ထိ

တတိယပိုင်း ဝါဆိုလဆန်း ၇-ရက်မှ သီတင်းကျွတ်လဆန်း ၇-ရက်ထိ

စတုတ္ထပိုင်း သီတင်းကျွတ်လဆန်း ၇-ရက်မှ ပြာသိုလဆန်း ၇-ရက်ထိ

ဟောကိန်းကတော့ ချဲ့ရင် ချဲ့သလောက် ကျယ်မယ်။

ဇေယျံမှာကျရင် အမှုကိစ္စ၊ ကြံစည်သမျှအောင်မယ်။

သုခံမှာကျရင် ချမ်းသာမယ်။ ကြောင့်ကျမှုကင်းမယ်။

လာဘံမှာကျရင် လာဘ်ဝင်မယ်။

မိတ္တံမှာကျရင် လက်ဆောင်ပစ္စည်းရမယ်။

သောကံမှာကျရင် စိတ်သောက ရောက်ရမယ်။

ဗျာယံမှာကျရင် ပူဆွေးကြံ့ရမယ်။

မရဏံမှာကျရင် နာမကျန်းဖြစ်မယ်။

အထက်က တိုင်စဉ်နှင့် လပိုင်းကို တွက်စစ်ကြည့်လိုက်တော့ ၁၅-နှစ် အင်္ဂါသားဟာ မွေးလပြာသိုလဆန်း ၇-ရက်ကနေ တန်ခူးလဆန်း ၇-ရက်အထိ အထွန်းဖြစ်တဲ့ ၆-ဂဏန်း သောကြာမှာ ရှိတယ်။ ၆-ဂဏန်းက ဇေယျံမှာရှိတယ်။ ဒီတော့ အမှုကိစ္စကြံစည်သမျှအောင်မယ်ဟော။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဒုတိယပိုင်း ၃-လကိုကြည့်။ ဒုတိယတန်းမှာ ၆-ဂဏန်းဟာ မရဏမှာ ရောက်နေတယ်။

နာမကျန်းဖြစ်မယ်။ ကျန်းမာရေးချို့ယွင်းမယ်။ ရက်အပိုင်းအခြား အားဖြင့်တော့ တန်ခူးလဆန်း ၇-ရက်မှ ဝါဆိုလဆန်း ၇-ရက်အတွင်း ဖြစ်မယ်။

တတိယသုံးလပိုင်းကို တွက်စစ်ပြန်တော့ တတိယတန်းမှာ ၆-ဂဏန်း ဟာ ဗျာယမှာရှိတယ်။

ဝါဆိုလဆန်း ၇-ရက်မှ သီတင်းကျွတ်လဆန်း ၇-ရက်အထိလည်းပဲ ကံမကောင်းဘူး။ ညံ့တယ်။ ပင်ပန်းစိုးရိမ်ရမယ်။ ကြောင့်ကျဗျာပွေ နေရပေအုံးမယ်။

တစ်ခါ စတုတ္ထသုံးလပိုင်းကို ကြည့်ပြန်တော့ စတုတ္ထတန်းမှာ ၆-ကြာ ဟာ သောကမှာ ရောက်နေတယ်၊ စိတ်သောက ရောက်ရပေအုံးမယ်။

၃၅-နှစ် အင်္ဂါသားဟာ ၃၅-နှစ်အဝင် သုံးလလောက်လေးပဲ အမှုကိစ္စအောင်မြင်ဖို့ရှိတယ်။ ကျန် ၉-လကတော့ အညံ့ထဲမှာရှိတယ် ဟော။

ကာလအပိုင်းအခြားကတော့ ပထမသုံးလကို ပထမတိုင်ကယူ။ ဒုတိယသုံးလကို ဒုတိယတိုင်ကယူ တတိယသုံးလကို တတိယတိုင်ကယူ စတုတ္ထသုံးလကို စတုတ္ထတိုင်ကယူ။

ရခိုင်ဒသာကိန်းကို ဉာဏ်ရှိသလောက် သုံးနိုင်တယ်။ လ,မဟာဘုတ် နေ့,မဟာဘုတ် ထူပြီးတော့လည်းပဲ နာရီ မိနစ်အထိ စိတ်ဟောနိုင်တယ်။ သဘောကိုသာ အမိအရယူဖို့လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



# မဟာဘုတ်ဒွါရလက်ဟောကိန်း

သည်မဟာဘုတ်ဒွါရလက်ဟောကိန်းကလည်း ဗေဒင်ပညာလေ့လာလိုက်စားသူများအတွက် သိဆင့်သိထိုက် တတ်သင့်တတ်ထိုက်တဲ့ နည်းပဲ။

သည်နည်းကို တွက်မယ်ဆိုရင် ခယားစောက်တိုင်ထူရမယ်။ သည်တော့ ခယားစောက်တိုင် ထူပုံထူနည်းကို ကြည့်ရအောင်။ မခဲယဉ်းပါဘူး။

| | | | | | | |
|---|---|---|---|---|---|---|
| သူရန္တ, | သောကြာ, | ဗုဒ္ဓ, | စန္ဒရော, | သောရိ | ဝုရှ | ဘောမ။ |
| ၁ | ၆ | ၄ | ၂ | ဝ | ၅ | ၃ |

ဆိုလို့ ကျက်မှတ်ထားရမယ်။

အလွတ်ရထားဖို့လိုတယ်။

အဲဒီလက်ာရရင် ထူလိုတဲ့တိုင်က စပြီးချ။ အထက်တစ်လုံး အောက်တစ်လုံး လက်ာရွတ်ပြီး ချသွားရုံပဲ။

တနင်္ဂနွေတိုင်ထူမယ် ဆိုပါတော့-

| | |
|---|---|
| ဝုရှ | ၅ |
| စန္ဒရော | ၂ |
| သောကြာ | ၆ |
| သူရန္တ | ၁ |
| ဗုဒ္ဓ | ၄ |
| သောရိ | ဝ |
| ဘောမ | ၃ |

ကဲ. . . လက်ာအလွတ်မရဘူး ဆိုပါတော့။ အောင်, လံ, ထူ, ရေ, သူ, ကြီး, ပွဲတော့ ရမှာပေါ့။ အဲဒါနှင့် ခယားစောက်တိုင်း ရွှေ့ချင်လဲ ရတယ်။ ဒါပေမယ့် အထက်တစ်လုံးအောက်တစ်လုံး မသွားတော့ဘူး။ အောက်ကို တန်းဆင်းသွားပြီး လေးလုံးပြည့်ရင် အစအလုံးရဲ့ အပေါ်ကနေ အထက်ကို အစဉ်အတိုင်းပြန်ထောင်တက်။ လွယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com




အလွယ်လမ်းဆိုတဲ့အတိုင်း အလွယ်နည်းကို ပြလိုက်တယ်။ တနင်္ဂနွေတိုင် ထူမယ်ဆိုပါတော့။ တနင်္လာတိုင်ကို ထူမယ်-

| | | | |
|---|---|---|---|
| ပွဲ | ၅ | သူ | ၆ |
| ကြီး | ၂ | စစ် | ၃ |
| သူ | ၆ | ထူ | ၀ |
| အောင် | ၁ | ကြီး | ၂ |
| လံ | ၄ | ပွဲ | ၅ |
| ထူ | ၀ | အောင် | ၁ |
| စစ် | ၃ | လံ | ၄ |

ကျန်နေ့တွေလည်း သည်အတိုင်းပဲ။ ကြိုက်တဲ့နည်းကို ရွေးပြီးခယားစောက်တိုင်ထူ။

နောက်တစ်ချက် သိထားရမှာက ၁၂-လ ရာသီရဲ့အိမ်ပဲ။ အောက်မှာ ဖော်ပြထားတယ်။

## ၁၂-လရာသီခွင်




www.burmeseclassic.com


www.burmeseclassic.com



တွက်နည်းကလည်း လွယ်ပါတယ်။ ရှောက်သက်ကိုတည်ကိန်းထား ၈-ခုစား။ အကြွင်းကို နယုန်လကစပြီး လက်ဝဲရစ် 'အောင်, လံ, ထူ, စစ်, သူ, ကြီး, ပွဲ' ဆိုပြီး လက်ာကိုရေရွတ်ချ။ အစနှင့်အဆုံး ဝင်ကျရမယ်။ ဝင်မကျရင်မှားပြီ။

နောက်တစ်ခါ ဆုံးရာကနေ နောက်တစ်ထပ်ကိန်း ပထမအတိုင်း ရေရွတ်ပြီးချ။ သုံးထပ်ပြည့်အောင်ချ။

အသက်၄၅-နှစ်သားကို တွက်ပြီဆိုပါတော့။ ၈-ခုစားတော့ ၅-ကြွင်းတယ်။ ၅-ကနေစပြီး နယုန်လခွင်ကနေ စချရမယ်။




ဘာလမွေးသလဲ။ ပြာသိုလ မွေးတယ်ဆိုပါတော့။ တိုင်သုံးတိုင် ထူရမယ်။ ပထမတိုင်က လဆန်း ၁-ရက်ကနေ ၁၀-ရက်၊ ဒုတိယတိုင်က ၁၀-ရက်၊ တတိယတိုင်က ၁၀-ရက်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၇ | ၂ | ၁ |
| ၃ | ၆ | ၅ |
| ၄ | ၇ | ၂ |
| ၆ | ၅ | ၄ |
| ၂ | ၀ | ၃ |
| ၅ | ၄ | ၇ |
| ၁ | ၃ | ၆ |

ပြာသိုလရဲ့ပထမ ၁၀-ရက်ပိုင်းမှာ သောကြာတိုင်။ ဒုတိယ ၁၀-ရက်ပိုင်းမှာ ကြာသပတေးတိုင်။ တတိယ ၁၀-ရက်ပိုင်းမှာ ဗုဒ္ဓဟူးတိုင်ပဲ။

ဟောကိန်းကတော့ ရှေ့ပိုင်းမှာ ပြခဲ့တဲ့ ဂြိုဟ်ပရိယာယ်တွေအရ အဝင်အထွက်၊ အဆိုးအကောင်းကို ဟောပေတော့။

မှတ်ထားရမှာက **တိုင်အထက်ထီး၊ အောက်တိုမီး။**

**အထက်မှာဆေး၊ အောက်မှာဘေး။**

**အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း။**

ဆိုတဲ့အချက်ပဲ။

တိုင်စဉ်တွေကိုကြည့်ရင် ပထမဆယ်ရက်ပိုင်းမှာ အင်္ဂါနံဝင်မယ်။ အင်္ဂါသားသမီး အင်္ဂါတိုင်ထိပ်ရောက်နေလို့ ကောင်းတယ်။ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံ ဝင်မယ်။ အဲသည်နေ့ သားသမီးတွေနှင့် ကြံရင်အောင်မယ်။ အဲတိုင်အောက်က နံတွေနှင့်တော့ မအပ်စပ်ဘူး။ အကျိုးမပေးဘူး။

ဒုတိယ ၁၀-ရက်ပိုင်းမှာကျတော့ ငွေဝင်မယ်။ တနင်္လာသားသမီး၊ သောကြာသားသမီး၊ အင်္ဂါသားသမီးတွေနှင့် ပူးပေါင်းကြံစည်ရမယ်။ အောင်မြင်မယ်။ နံသင့်ပစ္စည်းတွေ ဝင်မယ်။ ဝင်ရင်ကောင်းတယ်။ တိုင်အောက်က နံတွေကိုတော့ ရှောင်ရမယ်။ အရောင်းအဝယ်လုပ်ရင်သည်း စိတ်ဆင်းရဲသောကရောက်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



တတိယ ၁၀-ရက်ကျတော့ တနင်္ဂနွေနံ ကောင်းပြန်တယ်။ တနင်္ဂနွေသားသမီး၊ ကြာသပတေးသားသမီး၊ တနင်္လာသားသမီးတို့နှင့် ကြံစည်ရင် အမှုကိစ္စအောင်မယ်။ တနင်္လာသားသမီးကြောင့် လာဘ် ရမယ်။ လာဘ်ဝင်မယ်။

တိုင်အောက်က နံတွေကတော့ ဒုက္ခပေးမယ်။ ရှောင်ရမယ်။

## ရွှေလှော်တစ်သိမ်းတန်ကိန်း

အသက်တည်ထ၊ နှောနဝကို၊ ရာမနှင့်မြှောက်၊ စားလျှောက်သတ္တ၊ ဧကကြွင်းမူ၊ ပူပန်ရန်စစ်၊ ဘေးလျှင်ဖြစ်အံ့။ နှစ်ကားသေသ၊ မြေစိုးရ၏။ ဘောမကြွင်းမူ၊ အိမ်မြေပြောင်းပြန်၊ စတုလေးထွေ၊ မြင်လတ်ပေကာ၊ အခြေလေးခု၊ မြတ်မှုဥစ္စာ။ ဇီဝါကြာသပေးတေး၊ မနှေးစနေ၊ မြင်လေကမူ၊ ရသာမည်ရည်၊ ထီးစည်မကြွင်း၊ ဆင်, မြင်း, ကျွဲ, နွား၊ မယားကညာ၊ ရတို့ရာ၏။ သောကြာခြောက်ခု၊ ကြွင်းမူမှန်စွာ၊ လယ်ယာမိုးမြေ၊ ရတိုင်းပေ၏။ သုညကြွင်းမူ၊ မထေရ်သော်မှ လူထွက်ရသည့်၊ မှန်လှကိန်းကျော်၊ တုမမျှော်သည်၊ ရွှေလှော်တစ်သိမ်း တန်ပေတည်း။

အသက်ကိုတည်ကိန်းထား။ ၉-ခုပေါင်း ၃-ခုနှင့်မြှောက်၊ ၇-ခုစား အကြွင်းအတိုင်းဟောလေ။

၄၅ - နှစ်သားကို တွက်ကြည့်ရအောင်။

```
   + ၉
   ---
   ၅၄
   × ၃
   ---
၇) ၁၆၂ (၂၃
   ၁၄
   ---
    ၂၂
    ၂၁
   ---
     ၁ - ကြွင်း
```

www.burmeseclassic.com

www.burmeseclassic.com



ပူပန်ကြောင့်ကျရမှုများမယ်။ ရန်များမယ်လို့ ဆိုတယ်။

၁-အကြွင်း = ပူပန်သောကများမယ်၊ ရန်များမယ်။

၂-အကြွင်း = ဘုန်းကြီးမယ်။ ရာထူးတက်မယ်။

၃-အကြွင်း = အိုးခြေအိမ်ခြေပျက်မယ်။ ပြောင်းရွှေ့ရမယ်။

၄-အကြွင်း = ခြေလေးချောင်း ဝင်မယ်။ စီးပွားကုန်သွယ်ရင် မြတ်စွန်းမယ်

၅-အကြွင်း = စည်းစိမ်တိုးမယ်။ ဆင်, မြင်း, ကျွဲ, နွား ဇနီးမယားရမယ်။

၆-အကြွင်း = လာဘ်မိုးစွေမယ်။ လယ်ယာချောင်းမြောင်း ဥစ္စာစည်းပွား တက်မယ်။

၀-အကြွင်း = ၅-အကြွင်း အတိုင်းပဲ။ မျက်နှာဖင့်လန်းမယ်။ ရဟန်းဆိုရင် လူထွက်ရကိန်းတောင် မြင်သတဲ့။

## လာဘ်လား ဥပဒ်လား

အသက်ကို တည်ကိန်းထား။ ခုနှစ်ခုစား။ အကြွင်းမြင်ရာကို အဟောအတိုင်းဟော။

၁-ခုကြွင်း = မင်းပူဇော်ခံရကိန်း

၂-ခုကြွင်း = အချင်းချင်း ခိုက်ရန်ဖြစ်ရကိန်း

၃-ခုကြွင်း = သုခ-ဒုက္ခ နှစ်တန်မျှတယ်။

၄-ခုကြွင်း = ခရီးသွားရမယ်။

၅-ခုကြွင်း = ဒုက္ခဆင်းရဲတွေ့မယ်။

၆-ခုကြွင်း = စည်းစိမ်ဥစ္စာ အလိုလိုတိုးမယ်။

၇-ခုကြွင်း = ဝမ်းမှာ ဥပဒ်ရောက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကုန်ရောင်းကုန်ဝယ် ဟန်ကျ မကျ

အသက်ကို တည်ကိန်းထား။ မိမိနံကိုနှော။ ရောင်းမည့်ကုန်နံပေါင်း။ ၈-ခုစား။ သုဉ်းယင်ဝယ်။ မြတ်မယ်။

၄၅-နှစ် အင်္ဂါသားဆန်ဝယ်ချင်တယ်ဆိုပါစို့။

၃ = မွေးနံ

၃ = ကုန်နံ

၈) ၅၁ (၆

၄၈

၃-ခုကြွင်း၊ မမြတ်ဘူး။

## ဒသာစား၊ စုတ်လာဘ်ဥပဒ်ဟောကိန်း

ရောက်သက်တည်ထား၊ ဂြိုဟ်ပေါင်းနှော၊ ၃-ခုမြှောက်၊ ၇-ခုစား၊ ဟောကိန်းကို အောက်ပါအကြွင်းအတိုင်းဟော။

၁-ကြွင်းမူ ၁-နွေဒသာစားတယ်။ ဥစ္စာပျောက်မယ်။ အမှုရောက်မယ်။

၂-ကြွင်းမူ ၂-လာ ဒသာစားတယ်။ မြတ်တဲ့အရိုက်အရာ၊ စည်းစိမ် ဥစ္စာ၊ သမီးကညာ၊ ဥယျာဉ်မြေယာ ဝင်မယ်။

၃-ကြွင်းမူ အင်္ဂါဒသာစားတယ်။ ဘေးသင့်မယ်။ သူနှိပ်စက်မယ်။ ဥစ္စာပျောက်မယ်။

၄-ကြွင်းမူ ၄-ဟူးဒသာစားတယ်။ အတတ်ပညာ၊ ဥစ္စာစည်းစိမ် ခင်ပွန်းကောင်းရမယ်။ ဖြူသောညိုသောဥစ္စာဝင်မယ်။ အမွေရမယ်။ ပူဇော်ခံရမယ်။

၅-ကြွင်းမူ ၅-တေး ဒသာစားတယ်။ မြတ်တဲ့ဥစ္စာရမယ်။ ချွေးလေး ချောင်းဝင်မယ်။ အမည်ခံရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၆-ကြွင်းမူ ၆-ကြာ ဒသာစားတယ်။ ဖြူသောဥစ္စာ၊ သမီးကညာ၊ ဥယျာဉ်မြေယာရမယ်။

သုဉ်းမူ စရနေ ဒသာစားတယ်။ ဖျားနာမယ်။ ဝမ်းဥပဒ်ရောက်မယ်။ နှလုံးမကြည်မသာရှိမယ်။ သူညှင်းဆဲခံရမယ်။ အနှောင်အဖွဲ့ ခံရတတ်တယ်။ ဓား၊ လှံ၊ လက်နက်ထိခိုက်တတ်တယ်။

## စုတ်ဝင်မှာလား

အသက်တည်၊ ကိုးခုစား၊ သုဉ်းသော် စုတ်ကြီးသင့်တယ်။

## မြကြီးလားရွှေထီးလား

အသက်ကိုတည်ကိန်းထား။ ၃-ခုမြှောက်၊ ၉-ခုစား၊ သုဉ်းရင် နာရင် သေတတ်တယ်။

၁-ခုကြွင်း ဆောင်ရွက်ရာ အမှုအောင်မြင်မယ်။
၂-ခုကြွင်း လာဘ်ရမယ်။
၃-ခုကြွင်း ဖျားနာမယ်။
၄-ခုကြွင်း လာဘ်ကြီးရမယ်။
၅-ခုကြွင်း ကြွယ်ဝချမ်းသာရမယ်။
၆-ခုကြွင်း ယာယီခရီးသွားရမယ်။
၇-ခုကြွင်း ရဟန်းဝတ်ရတတ်တယ်။
၈-ခုကြွင်း ရန်အောင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဘယ်အချိန် သေမှာလဲ

လူနာရဲ့ရောက်သက်ကိုတည်။ ၄-ခုစား။

၁-ခုကြွင်းမူ သန်းကောင်သေအံ့။

၂-ခုကြွင်းမူ ညဦးသေအံ့။

၃-ခုကြွင်းမူ မွန်းတည့်သေအံ့။

သုဉ်းမူ မိုးချုပ်နေဝင်သေအံ့။

## သည်နှစ် အဆိုးလား၊ အကောင်းလား

အသက်ကိုတည်။ ၈-ခုစား။ အကြွင်းကိုမှတ်။ မွေးနံကစ၍ ကြွင်းရာနံသင့်ကို လက်ာအတိုင်းရေတွက်ပါ။ ရောက်သည့်ဂြိုဟ်အိမ်-ဥပမာအားဖြင့် အသက် ၄၅-နှစ်ရှိ အင်္ဂါသားကို တွက်ရင် ၄၅÷၈ - ၅ အကြွင်း-၅

အိပ်၊ ခမ်း၊ စက်၊ ဝင်၊ နက်၊ မင်၊ ရိပ်၊ သန်း၊

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

| | | |
|---|---|---|
| ဝင် | နက် | မင် |
| စက် | | ရိပ် |
| ခန်း | အိပ် | သန်း |

www.burmeseclassic.com

www.burmeseclassic.com



အဟောမှာ အောက်ပါနည်းအတိုင်း ဖြစ်တယ်။

အိပ် - ဂုဏ်တုဗ္ဗိတင်းကွာ၊ အသူရာ၊ အောက်မှာ ဖောက်ထိုးကျ၊
မိန်းမကွဲ၊ ရှည်းစားပျက်ကိန်းရှိတယ်။ အိုးအိမ် အပြောင်းအလဲ
ရှိတယ်။ ညှိတယ်။

ခန်း - ခန်းနား၊လှစွာ၊ ယောသတာ၊ အရာသင်္ဘေးရ၊
မမျှော်လင့်ပဲ ဥစ္စာပစ္စည်း အထုပ်အထည်နှင့် ရမယ်။
မ,စမယ့်သူပေါ်မယ်။ သင်္ဘေးဘွဲ့ရကိန်းရှိတယ်။

စက် - စက်စက်ယိုပြီး၊ သွေးသံစီး၊ ညှိုးကြီးစုံးလေထ၊
သွေးထွက်သံယို ဖြစ်ကိန်းရှိတယ်။ ညှိုးသူ၊ ရန်လုပ်သူ မလိုသူ
များမယ်။ အကောင်းလုပ်လဲ အကောင်းမထင်တဲ့ အချိန်မျိုး

ဝင် - ဝင်လာတကယ်၊ ပဘာမယ်၊ ရတယ်အမှန်ပ။
စန်းပွင့်တဲ့အချိန် ချစ်သူကြင်သူရမယ်။ အိမ်ထောင်ကျကိန်း
ရှိတယ်။

နတ် - နတ်လှပြင်ကျယ်၊ သမုဒ်နယ်၊ ကျမယ်အမှန်ပ။
ဆင်းရဲတွင်းနက်မယ်။ ဒုက္ခအမျိုးမျိုးတွေ့ရမယ်။ အကြံအစည်
အခွင့်အလမ်း အပေါက်အလမ်း မတည့်နိုင်။

မင် - မင်သတန်ရွှေ ဘုန်နန်းမြေ၊ အမွေအိမ်ပိုင်ရ၊
အိုးအိမ်စည်းစိမ်ရမယ်။ အမွေအနှစ် ရကိန်းရှိတယ်။
အလုပ်အကိုင် အကြံအစည်အထမြောက်မယ်။

နိုပ် - နိုပ်ညောင်ပင်ရင်း ဆံဖွန်မင်း၊ ထင်လင်းမြားစူးပါ၊
အတွင်းရန်ရှိတတ်၊ စိတ်သောကပူဗျာများရမယ်။
အကြံအစည်ဟူသမျှ ပျက်ယွင်းတိမ်းချော်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သန်း - သန်းရုံရွှေလယ်၊ လွန်တင့်တယ်၊ မြင့်ကြွယ်ဘုန်းသစ်ထား၊ အကြံအစည် အထမြောက်မယ်။ ဘုန်းကံတက်လာပြီလို့မှတ်။ စိတ်သွားတိုင်းကိုယ်ပ် လိုရာပြီးမြောက်နိုင်မယ်။

## ဇာတာကြီးလေးဇော့ တွက်နည်း

သက္ကရာဇ်မူလ၊ ဒွါဒချင်းချေ၊ သင်္ဘောစားပြန်၊ ဂဠုန်နံနှင့် တဖန်သိဟ ဘောဂဝတီ၊ သုဇိသခင်၊ ငါးခုပင်တည့်၊ လေးအင်ဇာတာ၊ တဖြာဖြာကို၊ ရသည်တသူ၊ တံခွန်ထူသည်၊ ကြည်ဖြူများအံ့ အကြောင်းသော်။

မူလသက္ကရာဇ်ကိုတည်၊ ၁၂-ခုစား၊ အကြွင်းကို ခုနှစ်ခုစား။

၁-ခု ကြွင်းရင် ဂဠုန်မင်းဇာတာ။

၃-ခု ကြွင်းရင် ခြင်္သေ့မင်းဇာတာ။

၅-ခု ကြွင်းရင် သိကြားမင်းဇာတာ။

၇-ခု ကြွင်းရင် နဂါးမင်းဇာတာ။

အဲသည် ဇာတာကြီးလေးဇာတာထဲက တစ်ခုခုရမယ်ဆိုရင် ကျော်စောထင်ရှားမယ်။ စည်းစိမ်ဥစ္စာ ပြည့်စုံမယ်လို့ ဆိုတယ်။

## ဇာတာထွက်ခေါင်

ကေသေသ၊ ဂဠုန်ရဏ်။ ဘောမခြင်္သေ့၊ ငါးကြွင်းတွေ့သော်၊ စေ့စေ့မှတ်သား၊ နတ်သိကြားတည့်၊ နဂါးသုည၊ ညွှန်းဆိုပြသည်၊ ဇာတာထွက်ခေါင် အဟောတည်း။

www.burmeseclassic.com

www.burmeseclassic.com



မူလသင်္ကရာဇ်ကိုတည်၊ ၉၀၀-ပယ်။

၃၀-နှုတ်၊ ၂-ခုနှော။ ၁၂-ခုစား။

၁- ကြွင်းရင် ဂဠုန်မင်း။

၃- ကြွင်းရင် ခြင်္သေ့မင်း။

၅- ကြွင်းရင် နတ်သိကြား။


၇- ကြွင်းရင် သုဦးယင် နဂါးမင်း။

## စုတ်, လာဘ်, ရမယ့်လ

ရောက်သက်ကိုတည်။ ၁၂-ခုစား။ အကြွင်းကို ပြိဿကစပြီးရေ။ သို့မဟုတ် ကဆုန်လကစပြီးရေ၊ ကျရောက်ရာ ရာသီလ၌ စုတ်လာဘ် ရအံ့

အသက် ၄၅-နှစ်။ ပြာသိုလဖွားဆိုပါတော့။

၄၅ ÷ ၁၂ = ၉-ကြွင်း။ ပြာသိုမှာ စုတ်လာဘ်ရမယ်။




www.burmeseclassic.com

www.burmeseclassic.com



## စုတ်,လာဘ်,ရကိန်း

မူလ သက္ကရာဇ်၊ ကောဇာ သက္ကရာဇ် နှစ်ခုကိုပေါင်း။ ရောက်သက်ဖြင့်စား။ အကြွင်းမှာ ၄-ခုနှော။ ၈-ခုစား အကြွင်း ၅-၀ မြင်ရင် အမှန်လာဘ်ရအံ့။

## စုက်, လာဘ်, ရမယ့်နေ့

ရောက်သက်တည်၊ ၃-ခုနှော၊ ၇-ခုစား။ ကြွင်းတဲ့နေ့ရက်မှာ စုက်, လာဘ်, မလွဲမသွေရမယ်ပေါ့။

## ရောက်သက်ဘာစုက်လဲ

ရောက်သက်ကိုတည်။ ၉-ခုစား။

၁-ခုကြွင်းမူ ရာဇစုက်၊ မင်းပူဇော်ခံရအံ့။ ကြီးသောသူချီးမြှင့်အံ့။

၂-ခုကြွင်းမူ ဓနစုက်၊ စည်းစိမ်ဥစ္စာ ရအံ့။

၃-ခုကြွင်းမူ သီလစုက်၊ ကျော်စောအံ့။

၄-ခုကြွင်းမူ ကာမစုက်၊ အမှုများအံ့။

၅-ခုကြွင်းမူ ဆတ္တစုက်၊ ထီးဆောင်းရအံ့။ အိုးအိမ်နေရာရအံ့။

၆-ခုကြွင်းမူ ယာယီစုက်၊ ခရီးသွားရအံ့။ ဖွားနာမှု ကြီးကျယ်စွာ ဖွားနာအံ့။

၇-ခုကြွင်းမူ မရဏစုက် သူတစ်ပါးကို သေကြောင်းကြံစည်အံ့။

၈-ခုကြွင်းမူ ဇေယျစုက်၊ အမှုခပ်သိမ်းအောင်အံ့။

၀-ကြွင်းမူ ဒုက္ခစုက်၊ အန္တရာယ်ဘေးကင်းအံ့။

www.burmeseclassic.com

www.burmeseclassic.com



## နဂိုရ်စုက်လား ယာယီးလား

ရောက်သက်ကိုတည်။ ၅-ခုနှော၊ ၇-ခုမြှောက်၊ ၉-ခုဖြင့်တဖန်ထပ်မြှောက်၊ ၇-ခုစား

၁-၅-၆ ကြွင်းမူ နဂိုရ်စုက်။

— ၂-၃-၄-၀ ကြွင်းမူ ယာယီစုက်။

## နဂိုရ်ယာယီ တွက်ကိန်းတစ်နည်း

ရောက်သက်တည် မြှောက်ပဥ္စ၊ ကိုးနဝဘုဥ္စာ၊ ခွေးယာမဆာအနှာ၊ ယာယီသာမုချ၊ ရင်းကကြွင်းသည်ကို နဂိုရ်သာဟောတော့ ဆရာ။ ဘယ်ရပ်ဖြန့်စကြာ၊ သိသာအောင်ခဏ၊ ဇီဝိန်ကိုတဝ၊ ဇယဖြင့်ဖြတ်လေ။ ဒေါင်းစကြဖယ်ရဝိ၊ အင်္ဂါနှင့် ထောင့်ပါရပွေ၊ ဒက္ခိဏနှင့် ဥတ္တရေ မဟုတ်မသွေ့ မမှ၊ တိဇသံသောရတဲ့၊ သူ့ညထိ[illegible]ကုက္ကို၊ မြန်းမယ့်ရှေကိုယ်၊ ဇတဒဂ်ပမြေလက်ဆို[illegible]ရွေတက္ကသိုလ် ဉာ[illegible]ကြီးကဲ့[illegible]။

ရောက်သက်တည်။ ၄-ခုမြှော[illegible]၊ [illegible]စား။

၂-၃-၆-၈ ကြွင်းရင် ယာယီ[illegible]ယ်။

၁-၄-၅-၀ ကြွင်းရင် နဂိုရ်ပဲ။

ဘယ်အရပ် ယာယီ[illegible]ဆိုတော[illegible] သိချင်မြန်[illegible] ရောက်သက်ကိုတည် ၄-ခုစား။

၁-ခု ကြွင်းရင် အင်္ဂါအရပ်။

၂-ခု ကြွင်းရင် တောင်နှင့်မြောက်။

၃-ခု ကြွင်းရင် တနင်္[illegible]ထောင့်၊ ဓနုထောင့်။

၀/ ကြွင်းရင် အရှေ့အရပ်၊ အနော[illegible]အရပ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



## သက်စေ့ထောက်တွက်နည်း

အမည်နှင့်တွက်ပုံ၊ အိမ်ငယ်ဆောင်ပန်း၊ ပေါက်လဲညွန့်တစ်ခန်း။ သဘော်ပင် ပြဿာဒ်၊ ကျိုးနှား၊ အိမ်ပြန်ထား၊ မှတ်သားအိမ်တံကျင်၊ အိမ်ငယ်ကစ၊ လက်ဝဲ။ ရေကြံသက်စေ့ပင်။

| | | |
|---|---|---|
| ၇<br>အိမ်ပြန် | ၆<br>အိမ်ကျိုးနှား | ၅<br>အိမ်ပြဿာဒ် |
| ၈<br>အိမ်တိုင် | | ၄<br>အိမ်သဘော် |
| ၁<br>အိမ်ငယ် | ၂<br>အိမ်ဆောင်ပန်း | ၃<br>အိမ်ပေါက်လဲ |

အထက်ပါ အိမ်ရှင်အိမ်မှာ အိမ်ငယ်ကစပြီး သက်စေ့ရောက်အောင် လက်ဝဲရစ်ထောက်လေ။

## အစဟောလင်္ကာ

အိမ်ငယ်အကျ၊ သက်ဇီဝ၊ ရှည်ကြာစည်းစိမ်တည်။

သား, မြေး, ကျေး, ကျွန်၊ ပေါပြည့်လွန်၊ အမွန်လူလောကီ၊

အိမ်ဆောင်ပန်းကျ၊ ချွေရွေပ၊ များလှပြန်တော့သည်၊

ပေါက်လဲကျတွေ့၊ မကောင်းပေ၊ ဇီဝေဆုံးလိမ့်မည်။

အိမ်သဘော်ကျ၊ တိလောက၊ ဘောဂစုံပြည့်ညီ။

ပြဿာဒ်သင့်က၊ များနေ၊ မြဲလှနိုင်တည်ကြည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုးနားသင့်ဟန်၊ သားမြေးမွန်၊ ကျေးကျွန်ပျက်စီးမည်။
အိမ်ပြန်သင့်တုံ၊ နှစ်မကုန်၊ ဖုံဖုံပျက်စီးမည်။
တံလျှင်မှာလည်း၊ ၎င်းနည်း၊ ဉာဏ်မှီးမှတ်သင့်သည်။

## ကုန်ရောင်း မြတ်၊ မမြတ်

ရောက်သက်ကိုတည်တဲ့ တည်တို့ပါ၊ ရောင်းလိုရာအကုန်နံ့နှော၊
သောဘဏ္ဍာတာ၊ ဒွေးပဥ္စ သုညာ မမြတ်ကာယ်ပါသေး၊
တစ်၊ သုံး၊ ဆင်နံ့နှင့် ရောင်းလိုရန် ဤကုန်မြတ် မှတ်လော့ညီထွေး။
မိမိရောက်သည်နှင့် ကုန်နံ့ကို ပေါင်းပါ၊ ၆-ခုနှင့်စားပါ။
၂-၅-၀ ကြွင်းရင် အကျိုးမရှိ မမြတ်။
၁-၃-၄ ကြွင်းရင် ကုန်မြတ်မယ်။ ဝယ်ပါ။ ရောင်းပါ။

## စုတ်၊ လာဘ်၊ စီးပွားသင့်မယ်

စုတ် လာဘ် မေးလာ၊ ဟောစရာကား၊ တည်ပါအာယု၊ စားမှုဇေယျ၊
အသုံးကျမှု၊ ရှေ့နောက်ယူလော့၊ ကြွင်းမှုဧက၊ အဂ္ဂိနနှင့်၊ ပါယတ်
တထွေ၊ မှတ်လေမယွင်း၊ နှစ်ခုကြွင်းက၊ ရပ်မင်းဒက္ခိဏာ၊ ဥတ္တရာ
တည်း၊ မှန်စွာဘောမ၊ ကြွင်းလေကမူ၊ ဗိသာနရတိ၊ မှတ်တိဇေသံ၊
ထိုရပ်ထံသို့၊ သွားရန်ဖို့သာ၊ ဥစ္စာ, ရွှေ, ငွေ၊ ရှာဖွေကျွန်နွား၊
လာဘ်ရများသည်၊ ဟောပြားကောန်၊ နည်းမှန်တည်း။
၁-ကြွင်းရင် အရှေ့တောင်နှင့် အနောက်မြောက်။
၂-ကြွင်းရင် တောင်အရပ်နှင့် မြောက်အရပ်။
၃-ကြွင်းရင် အနောက်တောင်နှင့် အရှေ့မြောက်အရပ်။

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါ အရပ်များသို့ သွားရောက်ကြံစည် လုပ်ကိုင်ရင် စုတ်၊ လာဘ်စီး ပွားသင့်မယ်ဟော။

## ဥစ္စာစီးပွား ရှာဖွေရန်အရပ်

စီးပွားချမ်းသာ၊ ရှာရာအရပ်၊ မေးလတ်တုံပေ၊ တည်လေအသတ်၊ နှုတ်လျက်ခြောက်ခု၊ စားမှုအဌ၊ ကေပြုပွာ၊ ဒွယံ, နရတိ၊ တြိဒတ္တိဏာ၊ ဇယျအဂ္ဂိနာ၊ ပဥ္စာပစ္စိမ၊ ဆဋ္ဌ, ပါယတ်၊ သတ္တ,ဥတ္တရာ၊ သုညာ, သေ၊ ရှာရန်စီးပွား၊ တတ်မြောက်များသည် မှတ်သားနှလုံးသွင်းပေါ်တည်း။

ဘယ်အရပ် ဘယ်ဒေသမှာ စီးပွားရှာဖွေဖို့ ကောင်းမလဲဆိုရင်- ရောက်သက်ကိုတည်၊ ၆-ခုနှုတ်။ ၈-ခုနှင့်စား။

၁-ခု ကြွင်းရင် အရှေ့အရပ်ကိုသွား။

၂-ခု ကြွင်းရင် အနောက်တောင်။

၃-ခု ကြွင်းရင် တောင်ဘက်။

၄-ခု ကြွင်းရင် အနောက်အရပ်။

၅-ခု ကြွင်းရင် အနောက်မြောက်။

၆-ခု ကြွင်းရင် မြောက်အရပ်။

၇-ခု ကြွင်းရင် အရှေ့မြောက်အရပ်။

www.burmeseclassic.com

www.burmeseclassic.com



## ခရီးသွား အကြံအစည် သင့်မသင့်

ခရီးသွားလို၊ ထိုရပ်ဂြိုဟ်နှင့် သက်ကိုနှော၍ထား၊ ရှစ်ခုစားလော့၊ ကြွင်းသော်၊ မင်းပူဇော်၏။ ဒွေးဘော်ဆင်းရဲ၊ အောင်ပွဲတြိန်း။ ငြင်းကိန်းစတုံ၊ ငါးခုလာဘ်ရ၊ ခြောက်ခုဖျားနာ၊ သတ်မှာခိုးသူ၊ သုံးမူထာဖန်၊ အိမ်မပြန်သည်၊ မှတ်ရန်ပေါတြိန်း။ ခရီးကိန်းတည်း။

ခရီးသွားလိုသူ အသက်တည်။ တနင်္ဂနွေ အရှေ့မြောက်တောင် အရပ်သို့ သွားလိုရင် ဂြိုဟ်သက် ၆-နှစ်ပေါင်း ၈-ခုစား။ အကြွင်းအတိုင်း ဟော။

၁-ခု ကြွင်းရင် ပူဇော်အချီးအမြှောက် ခံရမယ်။
၂-ခု ကြွင်းရင် အကြံအစည် မအောင်မြင်၊ ဆင်းရဲတတ်တယ်။
၃-ခု ကြွင်းရင် ကိစ္စခပ်သိမ်း အောင်မယ်။
၄-ခု ကြွင်းရင် စကားအငြင်းအခုန် ပြောရတတ်တယ်။
၅-ခု ကြွင်းရင် လာဘ်သပ္ပကာ ရတတ်တယ်။
၆-ခု ကြွင်းရင် မကျန်းမမာ ဖြစ်တတ်တယ်။
၀-ခု ကြွင်းရင် ခရီးသွားအရပ်က မိမိဒေသကို ပြန်လာဇာိန်းမရှိ၊ မရဏာ ကိန်းကြုံတတ်တယ်။

## ခိုက်ရန်ရှိတဲ့အရပ်

ဆတြိသ, တည်ရမှန်မော၊ အသက်နှော၍၊ စားကပဉ္စာ၊ ကြွင်းရာ တစ်ခု၊ ရန်ပြုအရှေ့၊ စေ့ရေဒွိမြင်၊ တောင်ရပ်ပင်တည်း၊ ကြွင်းရာ ဘော အနောက်စသည်၊ ဇယ၊ ရွေးခု၊ မြောက်ရပ်ရှုလော့၊ သုံးမူအိမ်တွင် ဆောင် အဆွေ၊ ရန်ပြုလေသည်၊ ပုံသေရှေးမှိုးစကားတည်း။

www.burmeseclassic.com

www.burmeseclassic.com



၃၆-ကို အမြဲဘည်ကိန်းထား၊ မိမိတို့အသက်နှင့်နှော။ ၅-ခုနှင့်စား။

၁-ခုကြွင်းရင် အရှေ့အရပ်မှာ ရန်ရှိတယ်။ အသွားအလာရှောင် ကြဉ်ရမယ်။

၂-ခုကြွင်းရင် တောင်အရပ်မှာ ရန်ရှိမယ်။

၃-ခုကြွင်းရင် အနောက်အရပ်မှာ ရန်ရှိမယ်။

၀- ကြွင်းရင် အိမ်တွင်းမှာ အတွင်းရန်ရှိတယ်။

## ခရီးသွားဥစ္စာပျောက်

ခရီးသွား ကွဲနွားတဲ့သူနှာ၊ ပျောက်ဥစ္စာ ရှာမရ ဟောပဆရာ၊ ဆန်း တစ်ရက်ကယ်က စတွက်လို့ရေလိုက်ပါ၊ မေးလာသည့်ရက်အထိ ရက်ပေါင်း ကို အတည်ချကာ၊ စား၊ပ,နဝ အစ်ပဋ္ဌာ၊ သုညကြွင်း ခုချက်ချင်းခရီးမှာ ရောက်တော့မည်သာ၊ အဋ္ဌ, ဆ, စတုကြည့်ရှုခဲ့ မျှော်လိုက်သော်၊ မပေါ် လာ, နေကောင်းလှချည့် ငယ်ပေါင်း ကြင်ဖော်တွေ၊ မင်းမေ့လို့နေ၊ ဒွေးသတ္တာတြိန်း ကိန်း အတွေ့ ဟောရိုးပေ၊ နှစ်ရက်ကျော်ထိုစကား၊ ကြားအံ့ပုံသေ၊ ကြေး, ရွှေ ငွေ, ပျောက်လေသမျှ ရတော့မည် သည်တွက် ကြိန်း၊ ကိန်းတ ပြေ။

ဘယ်လတွင်မေးမေး၊ လဆန်း ၁-ရက်စပြီး ဗေဒင်မေးလာတဲ့နေ့ အထိ ရက်ပေါင်းကို ရေတွက်ရမယ်။ ရသမျှ ရက်ပေါင်းကို တည်ကိန်း ထား။ ၉-ခုနှင့်စား။

၁-၅-၀ တစ်ခုခုကြွင်းရင် ခရီးသွားသူ မကြာမီပြန်ရောက်တော့ မယ်။ ပစ္စည်းပျောက်မေးရင် မဆုံးဘူး၊ ပြန်ရမယ်ဟော။

www.burmeseclassic.com

www.burmeseclassic.com



၄-၆-၈ တစ်ခုခုကြွင်းရင် ခရီးသွားသူတစ်ရပ်တစ်ကျေးမှာ အပေါင်းအဖော်များနှင့် တွေ့ပြီး ခရီး ကြန့်ကြာနေတယ်ဟော။ ဥစ္စာပစ္စည်းပျောက်မေးရင် ပြန်ရဖို့ခဲယဉ်းတယ်ဟော။ ပြန်ရရင်တောင် တချို့တဝက်ပဲ ပြန်ရကိန်းရှိတယ်ဟော။

၂-၃-၇ တစ်ခုခုကြွင်းရင် ၂-ရက်၃-ရက် အတွင်းပြန်ရောက်မယ်ဟော။ ဥစ္စာပျောက်မေးလာရင် မဆုံးဘူး။ အမြန်ပြန်ရမယ် ဟောလေ။

## သည်မိန်းမ သည်ယောကျ်ားအိမ်ထောင်သင့်မသင့်

မိန်းမယောကျ်ား၊ နံနှစ်ပါးကို၊ ပေါင်းပြားတည်ထုတ်၊ တစ်ခုနှုတ်ပြန်၊ သုံးတန်နှင့်စား၊ တစ်ကာ မရဏ၊ ဒွာယကင်းကွာ၊ သုံးခုညာသေသာ၊ ရှုတ်ယှိုကျဲအောင်၊ ပေါင်းရမလွဲ၊ ဤတနဲသည်၊ မြဲ၏သေချာ မှတ်ဖွယ်တည်း။

ယောကျ်ားမိန်းမ မွေးနံနှစ်ခုကို ပေါင်း
၁-ခု နှုတ်ပါ။ ၃-ခုနှင့် စားပါ။

၁-ခုကြွင်းရင် မိန်းမ ယောကျ်ား တစ်ဦးဦး ပျက်စီးမယ်။
၂-ခုကြွင်းရင် ကွေကွင်း ကွဲကွာရတတ်တယ်။
၀- ကြွင်းရင် (ပြတ်ရင်) အိုအောင်မင်းအောင် ပေါင်းရတတ်တယ်။

## ကြိုပျော်အိပ် စန်းကျရှောင်

အသက်တည်ထား၊ ရှစ်ခုစား၍၊ သုညအနောက်၊ မြောက်ကားကေ၊ နရကား ဒွေး၊ ရာမေ သော်၊ ရွှေ့စွန်ဗုဒ္ဓ၊ ပဥ္စဒက္ခိ၊ အဂ္ဂိကားလ၊ သတ္တ

www.burmeseclassic.com

www.burmeseclassic.com



ပါယတ်၊ ဗြိဟ်အိပ်စန်းကျ၊ နတ်လှရှောင်ခွာ၊ ထိုရပ်ရွာကို ဆရာ၍သို့ ဟောသတည်း။

ရောက်သက်ကိုတည်ထား။ ၈-ခုနှင့်စား။

၀-ကြွင်းရင် အနောက်အရပ်ကို အသွားအလာဆင်ခြင်။

၁-ကြွင်းရင် မြောက်အရပ်သို့ အသွားအလာဆင်ခြင်။

၂-ကြွင်းရင် အနောက်တောင်အရပ်ကို အသွားအလာဆင်ခြင်။

၃-ကြွင်းရင် အရှေ့မြောက်အရပ်ကို အသွားအလာဆင်ခြင်။

၄-ကြွင်းရင် အရှေ့အရပ်ကို အသွားအလာဆင်ခြင်။

၅-ကြွင်းရင် တောင်အရပ်ကို အသွားအလာဆင်ခြင်။

၆-ကြွင်းရင် အရှေ့တောင်အရပ်ကို အသွားအလာဆင်ခြင်။

၇-ကြွင်းရင် အနောက်မြောက်အရပ်ကို အသွားအလာဆင်ခြင်။

ထိုအရပ်ဒေသတွေမှာ အကြံအစည် အလုပ်အကိုင် အထမမြောက်ဘူးဟော။

## ယာယီ အပြောင်းကောင်းမကောင်း

တဖန် ပြောင်းရပ်၊ မေးပြန်လတ်မူ၊ တည်မှတ်အသက်၊ စားလျှက်ဖယ်၊ ကကြွင်းမူ၊ ဘောမရာဟု၊ နှစ်ခုသေသ၊ ဗုဒ္ဓ-သောကြာ၊ သူရဋ္ဌခွင်၊ ပြောင်းလေချင်လော့။ ကြွင်းမြင်သုံးခု၊ ပြောင်းမှုစနေ၊ သုံးလေဖြူစွါ၊ ပစ္စိမာသို့၊ လျှင်စွာပြောင်းလေ၊ ဟောရိုးထွေသည်၊ ညွှန်းလေခရီး ဖြောင့်ဖြောင့်တည်း။

ဘယ်အရပ်ကိုပြောင်းရင်ကောင်းမလဲ မေးလာရင် ရောက်သက်ကို တည် လေးခုနှင့်စား။

www.burmeseclassic.com

www.burmeseclassic.com



၁-ခုကြွင်းရင် အရှေ့တောင်နှင့် အနောက်အရပ်ကို ပြောင်းရွှေ့လေ။

၂-ခုကြွင်းရင် တောင်အရပ်၊ မြောက်အရပ်နှင့် အရှေ့မြောက်။

၃-ခုကြွင်းရင် အနောက်တောင်ထောင့်အရပ်။

၀-ကြွင်းရင် အရှေ့နှင့် အနောက်အရပ်။

အဲသည် အရပ်တွေကို ပြောင်းရွှေ့ရင် ဘေးဥပဒ်ကင်းပြီး လာဘ်ရမယ်ပေါ့။

## ဇာတာစိုင်မစိုင် မူလတိုင် လေးတိုင်

သည်နည်းကလဲ ရှေးလူကြီးသူမတွေ ဉာဏ်ကစားတဲ့နည်းပဲ။ မူလမဟာဘုတ်နှင့် ပြန်ညှိပေါ့ရင် ပိုကောင်းမယ်။

တွက်နည်းကို အောက်မှာကြည့်။

မွေးသက္ကရာဇ်ကိုတည်။ ၄-ခုနှစ်စား။

၁-ခုကြွင်းရင် ရွှေတိုင်။

၂-ခုကြွင်းရင် စပါးတိုင်။

၃-ခုကြွင်းရင် ဖွဲတိုင်

၀-ကြွင်းရင် ဆန်တိုင်။

တိုင်လေးတိုင်အနက်မှာ ရွှေတိုင်၊ စပါးတိုင်ရရင် ကောင်းတယ်။ ဇာတာခိုင်တယ်ဆိုတဲ့ သဘောပဲ။ လုပ်သလောက် အကြိုးခံစားရမယ်။ မူလဇာတာနှင့်ညှိပြီး ပေါ့ပါ။

ဆန်တိုင်ကတော့ အလယ်အလတ်ပေါ့။

ဖွဲတိုင်ကတော့ မကောင်းဘူး။ သားသမီး၊ အခြွေအရံပညီးဥစ္စာ၊ ပညာစသဖြင့် အဘက်ဘက်က ချို့တဲ့တတ်တယ်လို့ ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာပျက်မပျက်

အသက်တည်ပြန်၊ နံဂြိုဟ်မှန်၊ ဧကန်ဂြိုဟ်သက်နှော။
ကြိန်းသုံးတန်၊ မြှောက်တုံပြန်၊ စားရန်ကိုးနှင့်ပြော။
အကြွင်းသုည၊ ဆ,မြင်က၊ မုချသေမည်ဟော။

ရောဂါအနာကပ်ရောက်သူရဲ့ အသက်ကိုတည်ထား။ မွေးနံဂြိုဟ်သက်ကိုနှော။ ၃-ခုနှင့် မြှောက်။ ၉-ခုနှစ်နှင့်စား။ ၀-၆ တစ်ခုခုကြွင်းရင် လူမမာ အလူးအလဲခံရမယ်။ ခန္ဓာပျက်တယ်လို့ ဆိုတယ်။

အသက် ၃၉-နှစ်သား တနင်္ဂနွေဖွား ဖျားတယ်ဆိုပါတော့။

အသက် ၃၉ + မွေးနံဂြိုဟ်သက် ၆ = ၄၅

```
         ၄၅
       × ၃
      -----
   ၉) ၁၃၅ (၁၅
       ၉
      -----
       ၄၅
       ၄၅
      -----
        ၀
```

တနင်္ဂနွေသားဟာ မသေတောင် အလူးအလဲခံရမယ်။

သည်လို အခြေအနေမျိုးမှာ ကျန်းတွက်နည်း တွက်ကိန်းမူလ ဇာတာ ဓာတာဇာတိုနှင့် ညှိ၍ဟောလေ။

www.burmeseclassic.com

www.burmeseclassic.com



## အကြံအစည်အောင်,မအောင်

အသက်တည်ထောက်၊ သုံးခုမြှောက်လျှား ဆယ့်နှစ်စားမှ၊ ကြွင်းပြား ဒွယ၊ ဗျည်းသောရမူ၊ ကြံသမျှအောင် ဆောင်သမျှပြီး၊ အကျိုးကြီးသည့် တစ်နည်းမှတ်ကြစေလိုသော်။

ရောက်သက်ကိုတည် ၃-ခုနှစ် မြှောက်။ ၁၂-နှစ်ခုနှင့် စားပါ။

၂-၅-၆ တစ်ခုခု ကြွင်းရင် ထိုနှစ်အကြံအစည်အထမြောက်မည် ဟော။

## ထီပေါက်မယ့်ကိန်း

မူလကိုတည်လို့၊ နံဗြိုသက်နှောပါ။ တိဗေဘုဋ္ဌာ၊ ကြွင်းသောသမ ပျက်၊ ရောက်သက်နှင့်နှောပြန်၊ ၇-တန်စားတော့ တချက်။ ထီပေါက်ကိန်း သုခြွေ၊ ပုံသေသမေပျက်၊ ယုံကြည်ကြည်ဒေတာ၊ သွေမကွက်ဟောပါ၊ ငါးပဉ္စာ အမှန်ကြွင်းရင်ဖြင့် မဲထီခြင်း၊ ပေါက်လိမ့်မှန်စွာ၊ ကြွင်းသုည ပြန်မြင်လျှင် မလွတ်သာဝင်မဲပ၊ မလွဲသော့မြန်မြန်၊ ထိုးတော့ကေန်၊ တကယ်လွဲလို့[illegible]ပေါက်မဲကုန်လျှင် လျှားလို့ခံမည် စာချုပ်ပါတော့သေး။

သည်နည်းကလဲ ရှေးဆရာတွေ ဉာဏ်စေစားပြီး ထားခဲ့တဲ့နည်းပဲ။

မွေးသက္ကရာဇ်ကိုတည်၊ ထီထိုးမယ့် သူရဲ့နံဗြိုဟ်သက်ပေါင်း၊ ပေါင်း လို့ရတာကို ၄၃-ခုစား။ အကြွင်းကို ထီထိုးတဲ့နှစ် မိမိရောက်သက်နှင့်ပေါင်း၊ ၉-ခုစား။

၅-ခုကြွင်းရင် သူတပါးနှင့် မစပ်ပဲထိုး။

၀-ကြွင်းရင် တခြားသူနှင့် စပ်ထိုး။ ပေါက်နေကျကိန်းလို့ ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတာက ရတနာပုံ၊ အာယုစန်းကောင်းတဲ့အချိန်ဆိုရင်တော့ စိတ်ချရတာပေါ့။

## နံ့သင့်ဘုရား ဆုတောင်းယတြာ

ခုနစ်ရက် သားသမီးတို့ အသက်ကိုတည်။ ၂၀-နှော။ ၄-ခုနှင့်စား။ သုဉ်းလျှင် လူမမာသည် ပထဝီမြေဓာတ် ပျက်တယ်။ ဦးခေါင်းတွင် အနာရတတ်တယ်။

နံ့သင့်ဘုရားမှာ [illegible] ၂၀ [illegible]ပြီး ဆုတောင်းရမယ်။

၁-နွေ သားသမီး၏ [illegible]မတ္တေယျဘုရား။

၂-နွေ သားသမီး၏ နံ့သင့်ဘုရား ကောက္ကသံဘုရား။

၃-ဂါ သားသမီး၏ နံ့သင့်ဘုရား စိန္တာမဏိဘုရား။

၄-ဟူး သားသမီး၏ နံ့သင့်ဘုရား ရေဝတဘုရား။

၅-တေး သားသမီး၏ နံ့သင့်ဘုရား ပဒုမဘုရား။

၆-ကြာ သားသမီး၏ နံ့သင့်ဘုရား သုမနာဘုရား။

စနေ သားသမီး၏ နံ့သင့်ဘုရား နရဒဘုရား။

နံ့သင့်ဘုရားများကို နှုတ်က ရေရွတ်၍ ရှိခိုးပြီး ဆိုင်ရာဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းရမယ်။

အသက်ကိုတည် ၁၂-ခုနှော။ ၄-ခုနှင့်စား။ သုညကြွင်းရင် အာပေါ ခေါ်ရေဓာတ်ပျက်၍ လည်ချောင်းနာ ဖြစ်တတ်တယ်။ ရေတစ်ဆယ့်နှစ်ခွက် သို့မဟုတ် ရေတစ်ဆယ့်နှစ်ပုံကို နံ့သင့်ဘုရားမှာ လှူလေ။

အသက်ကိုတည် လေး-ခုနှော။ လေးခုနှင့်ပင်စား။ သုညကြွင်းရင်

www.burmeseclassic.com



တေဇောခေါ် မီးစာတ်ပျက်လို့ ရင်,ဝမ်းမှာ အန္တရာယ်ပေးတတ်တယ်။ နံသင့်ဘုရား ဆီမီးလေးတိုင် လှူဒါန်းပေးရမယ်။

အသက်ကိုတည် ၆-ခုနှော။ ၄-ခုနှင့်စား။ သုညကြွင်းရင် ဝါယောခေါ် လေဓာတ်ပျက်တယ်။ ဝမ်းမှာ, ဥပဒ်ပေးတတ်တယ်။ နံသင့်ဘုရားမှာ ယပ်ခြောက်လက်လှူဒါန်း ရောဂါပျောက်ကင်းစေဖို့ ဆုတောင်းလေ။

## ဓာတာညှံ့သူအတွက် ယတြာ

လူနာရဲ့ နံသင့်သားကိုရှာ၊ ကိုယ်ခန္ဓာနှင့် တိုင်းဖြတ်။ နန္ဒင်းသုတ်လိမ်း၊ လူနာရဲ့ အဝတ်စနဲ့ ဆံပင်အနည်းငယ်ကိုထုပ်ပြီး တုတ်ဖျားဘက်မှာ ချည်၊ လက်သည်းအနည်းငယ်ကို တုတ်လယ်ပိုင်းမှာချည်၊ ခြေသည်းကို တုတ်အရင်းဘက်ကချည်။ လူမမာနှင့်ယှဉ်ပြီး တစ်ညဥ့်သိပ်။ နောက်နေ့တွင် စွဲကပ်နေသော ရောဂါပျောက်ကင်းပါစေဆိုပြီး ဘုမ္မိအရပ်မှာ မြှုပ်လေ။

တနင်္ဂနွေသားသမီးအဖို့ နေအိမ်၏ တောင်ဘက်အရပ်။

တနင်္လာသားသမီးအဖို့ အနောက်တောင်အရပ်။

အင်္ဂါသားသမီးအဖို့ အနောက်အရပ်။

ဗုဒ္ဓဟူးသားသမီးအဖို့ အနောက်မြောက်အရပ်။

ကြာသပတေးသားသမီးအဖို့ အရှေ့မြောက်အရပ်။

သောကြာသားသမီးအဖို့ အရှေ့တောင်အရပ်။

စနေသားသမီးအဖို့ မြောက်အရပ်။

ရာဟုသားသမီးအဖို့ နေအိမ်၏ အရှေ့အရပ်။

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်ကို ပိုင်, မပိုင်

မူလသင်္ကြာရာဇ်ကိုတည်။ အသီတိခေတ် ၈၀-ကိုရော၊ ခေတ် ၄-ပါးနှင့်စား။ တေဇောခေတ်၊ ပထဝီခေတ်ကြွင်း။ ကိုးပါးသောခေတ်တို့ကို သတ်နိုင်မယ်။

လကိုသိချင်ရင် အဲသည်ကိန်းအတိုင်းတည်။ ၉-နဝင်းနှင့်မြှောက်။ ခေတ် ၄-ပါးကိုရော။ ၁၂-ခုစား။ အကြွင်းကို ကဆုန်လစရေ၊ ရောက်လာတဲ့လဟာ ထွက်ရပ်ကို အဆုံးတိုင်တဲ့လ။

## ခေတ်ပိုင်မယ့်နှစ်

မူလကိုတည်၊ ကောဇာကိုရော၊ ၈-ခုနှော။ ခေတ် ၄-ပါးနှင့်စား။ ၁, ၂, ၃ ခုကြွင်းရင် အဲသည်နှစ် အထမြှောက်မယ်။

## ခေတ်အောင်မယ့်နှစ်

ကောဇာကိုတည်၊ မွေးနံ့တစ်ခုနှုတ်၍ရော။ ၇-ခုစား။ မွေးနံကြွင်းစေ။ ခေတ်နံကြွင်းစေ။ မိတ်နံကြွင်းစေ၊ အဲသည်နှစ် အောင်မယ်။

## ကြံတိုင်းအောင် အိမ်ထွက်ယတြာ

အတောင်း ကျောင်းအိပ်၊ စိတ်လက်မီးကင်၊ လင်နေရိပ်ကြွင်း၊ မှန်းပြီးတွက်ပါ။ သီးလျှင် ဝစား၊ နဂါးငြင်းခုံ။

www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်တစ်ခုခုနှင့် အိမ်က ထွက်တော့မယ်ဆိုရင် အမှုကိစ္စ ပြီးစီးအောင်မြင်ဖို့အတွက် ဖော်ပြပါယတြာကို လုပ်ပါ။ ဗားမဲ့ဆရာတော်ရဲ့မိန့်မှာချက်ဖြစ်တယ်။

အတောင်း - တနင်္ဂနွေနေ့မှာ တစ်ခုခုကို သွားခါနီးတောင်းပြီးသွား။

ကျောင်းအိပ် - တနင်္လာနေ့မှာသွားခါနီး ခဏအိပ်ပြီးမှသွား။

စိတ်လက်မီးကင် - အင်္ဂါနေ့မှာ အိမ်မှ ထွက်ခါနီး လက်ကိုမီးကင်ပြီးသွား။

လင်နေရိပ်ကြည့် - ဗုဒ္ဓဟူးနေ့မှာ နေရိပ်ကိုကြည့်ပြီးမှ အိမ်ကထွက်ပါ။

မှန်းပြီးထွက်ပါ - ကြာသပတေးနေ့မှာ တံခါးကိုဝင်ချည်ထွက်ချည် လုပ်ပြီးမှ အိမ်က ထွက်ပါ။

သီးလျှင်ဝစား - သောကြာနေ့မှာ တစ်စုံတစ်ခုကို အဝစားသွားပြီးမှ အိမ်မှထွက်ပါ။

နဂါးငြင်းခုန် - စနေနေ့မှာအငြင်းအခုန်ပြုလုပ်ပြီးမှ အိမ်ကထွက်ပါ။

## အသက် ၁၂၀– ရှည်စေနိုင်တဲ့ယတြာ

အသက်တည် ၄-ခုမြောက် တံခွန်။ တံခွန်ကို ၃-ခုမြောက်ပန်းပွင့် ပန်းပွင့်ကို ၉-ခုမြောက်ပေါက်ပေါက်။

အသက်ကိုတည် ၇-ခုစား၊ အကြွင်းနံတူဘုရားလှူလေ။ ရောဂါအန္တရာယ် ကင်းရှင်းပြီး အသက်ရှည်မယ်။

အသက် ၅-နှစ်သားတစ်ယောက် မမာမကျန်းဖြစ်နေတယ်ဆိုပါ တော့။

www.burmeseclassic.com

www.burmeseclassic.com



အသက် ၅ ×၄ = ၂၀ တံခွန်

အသက် ၂၀×၃ = ၆၀ တံခွန်

အသက် ၆၀×၉ = ၅၄၀ ပေါက်ပေါက်

အသက်တည် ၇-ခုစားတော့ ၅-အကြွင်းရမယ်။

ဗိုလ်တစ်ထောင်ဘုရားမှာ ဖြစ်ဖြစ်၊ ကြာသပတေးထောင့် ကြာသပတေးနံဘုရားမှာ ဖြစ်ဖြစ် တံခွန် ၂၀လက်၊ ပန်းပွင့် ၆၀၊ ပေါက်ပေါက် ၅၄၀ကို လှူပြီးဆုမွန်တောင်းရမယ်။

## အသံဟောကိန်း အမျိုးမျိုး

ခုဖော်ပြတာကတော့ ပါဠိသကျမ်း၊ ဆန္ဒေဝိစိတိကျမ်းတို့မှာ ပါရှိတဲ့ အသံအမျိုးမျိုး ဟောကိန်းဖြစ်တယ်။

| အသံဝါ အသံလွင် | အသံအောင် အသံပြာလွင် | အသံပြာ အသံပြာလွင် |
|---|---|---|
| ၁-နွေ ၆-ကြာ အသံအော | ၂-လာ | ၃-ဂါ အသံအေး အသံအေးလွင်၊ နာသံ ၄-ဟူး |
| ရာဟု အသံတွင်းအဆီ ဩဇာမရှိ | ၅-တေး အသံမှန် အသံတည် | ၀-နေ အသံကြောင် အသံကျုပ် |

www.burmeseclassic.com

www.burmeseclassic.com



၁။ ၁-နွေ-အသက်ရှည် ဦးစီးဦးကိုင် ပြုလုပ်နိုင်တဲ့သူ။

၂။ ၂-လာ-အသံအောင်၊ ကျော်ကြားနိုင်ခွင့်ရှိတဲ့သူ။

၃။ ၃-ဂါ-အသံအေးမြ၊ ရန်ဖက်နှင့် တိုးတက်ခွင့်ရှိတဲ့သူ။

၄။ ၄-ဟူး-နှစ်လိုဖွယ် ကောင်းတဲ့သူ။

၅။ ၅-တေး-လိုလားမှုနှင့် ပြည့်စုံနိုင်ခွင့်ရှိတဲ့သူ။

၆။ ၆-ကြာ-စားသန်းရောင်းဝယ်နိုင်ခွင့် ရှိသူ။

၇။ ၀-နေ-အသံကျယ်၊ တည်ငြိမ်မှု မရှိတဲ့သူ။

၈။ ရာဟု-အမှီအတွက်နှင့် နေရတတ်သူ။

## မဟာဘုတ် ထီးရ၊ မရတွက်နည်း

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

| | |
|---|---|
| ၁ | ၀ |
| ၆ | ၄ |
| ၈ | ၃ |
| ၅ | ၂ |

၅-ခုကြွင်းသားဆိုပါတော့။ ၁-နွေထွန်းတယ်။ အဌလက်ဂြိုဟ်သွားအတိုင်း ၁, ၂, ၃, ၄, ၀, ၅, ၈, ၆, အစဉ်အတိုင်း အထက်အောက်တိုင်စဉ်မှာ ချသွားရတယ်။ အပေါ် ၂-လုံးကဇာတာရှင်ရဲ့ ထီးဖြစ်တယ်။ ဇာတာရှင်ရဲ့နံက ထီးအောက်မှာ ရောက်နေရင် ထီးကျိုးတယ်လို့ ဆိုတယ်။ ဇာတာရှင်ဟာ ၁-နွေသား ဖြစ်တယ်။ ဒါမှမဟုတ်ရင် စနေသား ဖြစ်မယ်ဆိုရင် ထီးရတယ်လို့ ဆိုတယ်။ အေးအေးချမ်းချမ်း နေရမယ်ပေါ့။ နည်းနည်းလုပ်ရင် များများခံစားရမယ့်သဘောပဲ။

www.burmeseclassic.com

www.burmeseclassic.com



## မဟာဘုတ်စုတ်ရှာနည်း

မိမိဂြိုဟ်အိမ်မှ လက်ဝဲရစ်ရေပါ၊ အသက်တည် ၈-ခုစား။ အကြွင်းကိုယူရမယ်။ သက်ရောက်ရှာသကဲ့သို့ ဖြစ်တယ်။ လက်ျာရစ်လက်ဝဲရစ်သာကွဲတယ်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

၄၅-နှစ်အင်္ဂါသားဆိုပါတော့။

၄၅ ÷ ၈ = ၅-ခုကြွင်း။ အင်္ဂါကနေ လက်ဝဲ ရစ်ရေရင် ရာဟုမှာဆုံးတယ်။ ရာဟုထောင့်မှာ စုတ်ရှိ တယ်။

## ဘာကိန်းလဲ

ဖွားသက္ကရာဇ်ကိုတည်၊ ထောင်ပယ်၊ ရာပယ်၊ အကျန်မှာ ၁၀-ခုနှော၊ ၃-ခုစား။ အကြွင်းကို ဘင်အိမ်ကစပြီး အောင်, လံ, ထူ, စစ်, သူ, ကြီး, ပွဲဆိုပြီး လက်ာအတိုင်းချ။ မဟာဘုတ်တိုင်တစ်တိုင်ရမယ်။

အဲသည်မဟာဘုတ်တိုင်မှာ အထွန်းကိုယူ အထွန်းကစပြီး 'အမဲ, ကျွဲသား, ဆီနှင့်ဆား' ဆိုပြီး လက်ာအတိုင်းချ။ ပြီးတော့မရဏကယူပြီး လက်ာအတိုင်းချ။ ပြီးရင် သက်ရောက်ဂြိုဟ်သက်ကို ၃-ပုံ, ပုံ။ မူလ၊ ပဝတ္တိစသဖြင့် ဉာဏ်ကွန့်ပြီး ပုံတွင်ကြည့်ပေဘာ။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

၀ ၂ ၄ ဗောဓိပင်နှင့် ရွှေပလ္လင်

၄ ၆ ၁ ရကိန်း

၁ ၃ ၅ ပဒေသာပင်ရကိန်း

၅ ၀ ၂ အလတ်စားကိန်း

၂ ၄ ၆ သုဝဏ္ဏသျှံမြားမှန်ကိန်း

၆ ၁ ၃ ဒေဝဒတ်မြေမျိုကိန်း

၃ ၅ ၀

## နေ့ဆပ်လက်ထပ် အာဖြစ်တတ်

အိုးအင်ဖက်က၊ ကောင်းတတ်စွ။

ကြာကြာချောချော၊ စပါးပေါ။

စောစောရှောင်လေ၊ မယားသေ။

ဝါဝါဝင်းဝင်း၊ ပူရှိန်းပြင်း။

မင်းမင်းတို့မှာ၊ မထောင်းသာ။

သာသာပက်က၊ ကောင်းတတ်စွ။

ထထထူထူ၊ အိုးသို့ဆူ။

တနင်္ဂနွေသားသမီးချင်း အိမ်ထောင်ဖက်ရင် ကောင်းတယ်။

တနင်္လာ သားသမီးချင်း အိမ်ထောင်ဖက်ရင် ဆန်ရေစပါး ပေါမယ်။

အင်္ဂါသားသမီးချင်း အိမ်ထောင်ဖက်ရင် မယားသေတတ်တယ်။

ဗုဒ္ဓဟူးသားသမီးချင်း၊ ရာဟုသားသမီးချင်း အိမ်ထောင်ဖက်ရင် အိမ်ပူပြင်းတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး သားသမီးချင်း အိမ်ထောင်ဖက်ရင် မထောင်းတာလှ၊ သောကြာ သားသမီးချင်း အိမ်ထောင်ဖက်ရင် ကောင်းတယ်၊ စနေသားသမီးချင်း အိမ်ထောင်ဖက်ရင် ရန်ရှိတယ်။ ဆူပူမယ်။

## နံပေါ်ကိုမှိ

သင်္ကရာဇ်တည်၊ ၁၀-ခု မြှောက်၊ ၉-ခုနှုတ်။ ၇-ခုစား။ သေသနံပေါ် ကိန်းပေါ်ရာကို မှီလေ။

## ကျက်သရေယုတ်

သင်္ကရာဇ်တည်။ ၄-ခုနှုတ်။ ၇-ခုစား။ သေသနံတွင် ကျက်သရေ ယုတ်၏။ ထိုအရပ်ကနေ စစ်မထိုးကောင်း။ ထိုအရပ်ကို မသွားကောင်း။

## တန်ဆာစု

သင်္ကရာဇ်တည်။ ၃-ခုနှော။ ၇-ခုစား။ သေသနံတွင် တန်ဆာစု အကျိုးရှိမယ်။

## နှစ်ပုပ်

ရောက်သင်္ကရာဇ်ကိုတည်။ ၄-ခုနှုတ်။ ၇-ခုစား။ လဒ်ကဗိုလ်၊ ဦးပိ ကို ၁၂-ခုစား။ သုဉ်းမူ နှစ်အခါမကောင်း။ နှစ်ပုပ်။ အကြွင်းရှိရင် ကောင်း။

www.burmeseclassic.com

www.burmeseclassic.com



## နံသူဦးသက်ပြတ်

ကောဇာသက္ကရာဇ်တည်။ လိုသောသူအသက်နှော။ ၆-ခုနှုတ်။ ၇-ခုစား။ ပါပကြွင်းရင် နံသူဦးသက်ပျက်။ အကြွင်းတူရာနံ အရပ်ကို ခရီးမသွားကောင်း၊ ယတြာမပြုကောင်း။ အနေအထိုင် အသွားအလာရှောင်။

## ယတြာမှုပ်

ရောက်သက်ကိုတည်။ နံကြိုဟ် ၁-ခုရှုပ်ပြီးနှော၊ သတ္တစား။ အကြွင်းတူရာ ရွာပြန်ရွာနံကိုရှောင်။ ထိုအရပ်မှာ ယတြာမပြုကောင်း။ ယတြာမှုပ်ဆိုပေါ်ယ်။

## မသွားကောင်းသော အရပ်

အသက်တည်။ ၄၀-ပေါင်းရှောက်။ ၂၇-ခုစား။ အကြွင်းကိန်းနှင့်တူရာ အရပ်ကို ခရီးမသွားကောင်း။ သွားရင် နာဖျားမယ်။ သေကြေပျက်စီးတတ်တယ်။

## ယတြာပြုအရပ် ရွေးနည်း

ကောဇာသက္ကရာဇ်ကိုတည် ယတြာပြုလိုတဲ့အရပ်နှော။ ၅-မှုမြှောက်။ ၇-ခုစား။ အကြွင်းကို အောက်ကအတိုင်းဟော။

ကေသေသံ ရာဇတယ်၊ ဒွေသေသံ ရာဇပူဇိတံ။

တြီသေသံ အဂ္ဂိဘယံ၊ စတုသေသံ ဒေဝပူဇိတံ။

ပဉ္စသေသံ ဥပဒ္ဒဝံ၊ ဆံသေသံဒုက္ခ ပနိတံ၊

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာသုည် ဥပဒ္ဒဝံ နတ္ထိ။

၁-ကြွင်းရင် မင်းဘေးကြုံရမယ်။

၂-ကြွင်းရင် မင်းပူဇော်မယ်။

၃-ကြွင်းရင် မီးဘေးကြုံမယ်။

၄-ကြွင်းရင် နတ်ပူဇော်မယ်။

၅-ကြွင်းရင် ဘေးအန္တရာယ်များမယ်။

၆-ကြွင်းရင် ဒုက္ခများမယ်။

၀-ကြွင်းရင် မအောင်မြင်မယ်။ ဘေးကင်းမယ်။

## နမန္တာအရပ်

ကောဇောသက္ကရာဇ်တည်။ ၅-ခုနှော။ ၈-ခုနှင့်စား။

၁-ခုကြွင်းသော အနောက်တောင်အရပ်အသည် နမန္တာအရပ်။

၂-ခုကြွင်းသော အနောက်အရပ် အရပ်သည် နမန္တာအရပ်။

၃-ခုကြွင်းသော အနောက်မြောက်အရပ်သည် နမန္တာအရပ်။

ကျန်အရပ်များကို အထက်နည်းမှီးယူ။

အဲသည်အရပ်ကို ခရီးသွားယာယီမသွားကောင်း။ ရေတွင်းရေကန် မတူကောင်း၊ အိမ်ရာ ခြေမပြောင်းရွှေ့ကောင်း။ ရှောင်လေ။


| | | |
|---|---|---|
| ၅ | ၆ | ၇ |
| ၄ | | ၀ |
| ၃ | ၂ | ၁ |

www.burmeseclassic.com

www.burmeseclassic.com



လာဘ်၊ နတ်၊ စက်၊ နံ့ဖိလာပြဇယား




လာဘ်၊ နတ်၊ စက်၊ နံ့ဖိလာပြဇယားချရန်

လတ်ာ

မှန်ကြာအုံကြွ

စောရရန်ထောင်

ခိုးမှောင်တိမ်သွေး

တန်ဇချမ်းဆောင်

ရွှေသောင်သာမျှ

လွမ်းစပွေ့အင်

www.burmeseclassic.com

www.burmeseclassic.com



သာလျှင်လျှံဝင်း
အတွင်းညဏ်ရှိ
ရေးဘိမှန်စွာ
စန္ဒရာက
လက်ျာသုံးပတ်
လာဘ်နှင့်နတ်
စက်မှတ်နံ့ဖီလာ။

အထက်က ဇယားကြီးမှာ အပြင်ဇယားကွက်ဟာ နံ့ဖီလာခေါ် မူလ အရပ်ဖြစ်တယ်။

| | | |
|---|---|---|
| ၈ | ၂ | ၀ |
| ၄ | | ၆ |
| ၁ | ၅ | ၃ |

တနင်္ဂနွေစ, လေဦးစွာ၊ ပတ် လက်ျာတည့်။

ရွေကြာနှိုင်းသွေး၊ စမွေးအလှ ရှစ်ခွင်ချသည်၊ မူလအရပ် ရွေးနည်းတည်း။

## အပြစ်ဆယ်ပါး အရပ်များ

၁။ နမက္ကာသင်းချိုင်း ၂။ အမူလ ၃။ နတ်နေ
၄။ ဇော်ဂနီစက်နေ ၅။ ဘီလာ ၆။ မရဏ
၇။ စောရ ၈။ ရောဂါ ၉။ ကာလဟာ
၁၀။ ဒုက္ခ ဆိုပြီး အရပ်အပြစ် ၁၀-ပါး ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## နမဿာအရပ်

| | | |
|---|---|---|
| ၃၈ | | ၁၅ |
| | | |
| ၃၆ | | ၂၄ |

အောင်ပ၊ ကုလား၊ ဆွေသား တော်ရင်း ဆိုပြီး အင်္ဂါထောင့်ကစ၍။ မိမိနံမြင် ရာအရပ်ကို ယာယီ-မသွားကောင်း။

အောင်ပ-အဂ္ဂိ၊ နရတိကုလား၊ ဆွေသားဗာယ်၊

သေ တော်ရင်း၊ ရှောင်ကွင်းနမဿာ မနေရာ။

## အမ္ဗုလအရပ်

| | | |
|---|---|---|
| ၃ | ၅ | ၁ |
| ၆ | | ၄ |
| ၇ | ၂ | ၈ |

စိတ်မန်အလေ့၊ ရန်ကြီးတွေ့ သည်။

တနင်္ဂနွေကစ၍ မိမိနံမြင်ရာ အရပ်ကို ယာယီမသင့်။

တနည်း။ ။ အင်း၀ရှင်ကြီး၊ ထန်းသီးစုပ်ဖတ် အင်္ဂါရပ်မှစပြီး လက်ဝဲရေ ချ။

## နတ်စနအရပ်

| | | |
|---|---|---|
| ၇ | ၂ | ၈ |
| ၄ | | ၅ |
| ၃ | ၆ | ၁ |

နိဂုံးရွာမှာ၊ အိမ်သာဆောက်လေ တနင်္ဂနွေ ထောင့်ကစ၍၊ မိမိနံမြင်ရာ အရပ်ကို ယာယီ မသင့်။

www.burmeseclassic.com

www.burmeseclassic.com



## ဇော်ဂနိစက်

| | | |
|---|---|---|
| ၃ | ၄ | ၅ |
| ၁ | | ၆ |
| ၈ | ၀ | ၂ |

စလင်းမြို့သား၊ ကျောင်းတည် ရာ၏။ တနင်္ဂနွေထောင့်ကစ၍၊ မိမိနံမြင်ရာအရပ်ကို ယာယီမသင့် ပဥ္စပွတ်နှင့် ဆပွတ်နေ့ အရပ်များကို ရှောင်ရမယ်။

## နေ့စဉ်ယတြာ

ထိပ်ချာထိပ်ခေါင်၊ 'အ' လျှင် ဆောင်လော့။
ရွှေရော်ဂီဝါ၊ နဖူးမှာကား။
စန္ဒရသေ့၊ 'က' လျှင်ရေးလော့။
မနှေးဘောမ၊ 'စ' ကားနှာခေါင်း။
ထို့နောင်ဗုဒ္ဓ၊ 'ရ' ကားခဲတွင်း၊
ဘေးကင်းအောင်ဆု၊ ရက်ဂုရုမှ
'မ' ဟု ရေးမြောက်၊ ညှပ်ရိုးအောက်တွင်။
ထွန်းတောက်ရောင်ဝါ၊ ရက်သောကြာမူ။
ရင်မှာအနေ၊ 'သ' ဆောင်လေလော့။
စနေမည်ရ၊ ချက်မှာထ။

နေ့စဉ် အိမ်မှအထွက်မှာ ကံကောင်းဖို့ ယတြာပြုသွားဖို့ပါပဲ။

တနင်္ဂနွေနေ့မှာ ဦးခေါင်းမှာ လက်ခလည်ဖြင့် "အ"အက္ခရာကို စတိ ချေပြီးသွား။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့မှာ နဖူးပြင်မှာ လက်ခလည်ဖြင့် "က"အက္ခရာကို စတိရေးပြီးသွား။

အင်္ဂါနေ့မှာ နှာခေါင်းမှာ လက်ခလည်ဖြင့် "စ"အက္ခရာကို စတိရေးပြီးသွား။

ဗုဒ္ဓဟူးနေ့မှာ ခံတွင်းမှာ လက်ခလည်ဖြင့် "ရ"အက္ခရာကို စတိရေးပြီးသွား။

ကြာသပတေးနေ့မှာ ညှပ်ရိုးမှာ လက်ခလည်ဖြင့် "မ"အက္ခရာကို စတိရေးပြီးသွား။

သောကြာနေ့မှာ ရင်ညွန့်မှာ လက်ခလည်ဖြင့် "သ"အက္ခရာကို စတိရေးပြီးသွား။

စနေနေ့မှာ ချက်မှာ လက်ခလည်ဖြင့် "ထ"အက္ခရာကို စတိရေးပြီးသွား။

## အသက်မွေးမှုတစ်တွေ သည်နည်းပေ

ဘယ်သူဘယ်အလုပ်မှာ ဝါသနာပါတယ်။ ဘယ်အလုပ်နှင့် အသက်မွေးဝမ်းကြောင်းပြုရမယ်ဆိုတာကို တွက်ချင်တဲ့နည်းပဲ။ လို့ဝှက်တဲ့နည်းတစ်နည်းမို့ သိထားဖို့ကောင်းတယ်။

သည်နည်းကို တွက်ရာမှာ ခရားစောက် ချတတ်ဖို့တော့လိုတယ်။ ရှေ့မှာတော့ပြဖူးပြီးပြီ။ ဒါပေမယ့် ထပ်ပြီးလက်ာကလေးပြအုံးမယ်။

သာကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရိ ဂုရု သောမ

၁၊ ၆၊ ၄၊ ၂၊ ၀၊ ၅၊ ၃၊

www.burmeseclassic.com

www.burmeseclassic.com



/. အစဉ်အတိုင်းရွတ်ပြီး မျဉ်းတပြေးတည်းရေး။ ဘာကယ်လို့လက်ာကို မေ့နေရင်လက်ချိုးရေ။ ဆပွတ်ယူထားတာဆိုတော့ ခြောက်ခုမြောက်ရေတွက်။ သူရဋ္ဌသိပြီးနောက် ဘာရေးရမှန်းမသိတော့ရင် လက်ချိုးပြီးရေ၊ တနင်္ဂနွေကစရေရင် သောကြာကို ရောက်မယ်။ လင်္ကာကိုအရကျက်ထားခေါ် ရရွတ်ရခက်တယ်ဆိုရင်လဲ အောက်ကလင်္ကာကိုကျက်။

အောင်၊ သာ၊ လော၊ င၊ နေ၊ ပြေး၊ စေ။
၁၊ ၆၊ ၄၊ ၂၊ ၀၊ ၅၊ ၃၊

တွက်နည်းကတော့ မူလကိုတည်။ ၇-ခုစား။ အကြွင်းကိုလင်္ကာအတိုင်း မင်းကွက်ကစပြီး ရေလေ။ ကျရာအကွက်ကဟောကိန်းပ။

| | | | | | | |
|---|---|---|---|---|---|---|
| မင်း | ကုန် | မတ် | ငွေး | လက် | ရုံး | ဒွေး |

၁၃၀၀-ပြည့် အင်္ဂါသားဆိုပါတော့။ ၁၃၀၀ ÷ ၇ = ၅-ကြွင်း။ ၅-ကြွင်းတော့ ဂုရုကစပြီး ခရားဓောက်ချရမယ်။ ဝုရု၊ ဘောမ၊ သုရဋ္ဌ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ။

အင်္ဂါဖြစ်တဲ့ ဘောမဟာ ၇-ကွက်မှာ ဒုတိယအကွက်မှာ ကျရောက်တယ်။ ဒုတိယအကွက်ဆိုတော့ကုန်။ ကုန်သည် ဖြစ်မယ်။ မင်းမှုထမ်းနှင့်အကျိုးမပေးဟော။ မမြဲဘူးဟောပဲ။

အဟောလင်္ကာ

ရှေးအခါသော်၊ ဆရာကျော်တို့၊ နောက်သော်အရေး၊ ဝေဒေတ်ချမ်းတွေး၍ ရေးခဲ့ပေမှု အနုမာနနေနှမ်းချေတော၊ သိရေးအမှန်၊ ညီးတွင်းရန်တည်း

www.burmeseclassic.com



ဗေဒလက်ဆန်း၊ အမှိုကျမ်းကို၊ စာတမ်းမယွင်း၊ ထုတ်ပြန်ရှင်းအံ့။ မင်း, ကုန်, မတ်, ငွေး, လက်, ရုံး, ဒွေး ဟု၊ ချရေးမှန်စွာ၊ မူကောဇာကို၊ ဗာည်ကာ သတ္တာ၊ ဘုဥ္စကာတည်၊ သေသအကျန်၊ တစ်ဇကေမူ၊ သုရာဇ္ဇ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြော၊ သောရီဂုရု၊ ဘောမရှု၍၊ ချမှုမှန်စွာ၊ စဉ်တိုင်းသာတည့်၊ ဒွေးမှာကြီး စရှိနည်းတူ၊ ဉာဏ်ဖြင့်ယူလော့။

နံတူထောက်ဆ၊ မင်းတွင်ကျအံ့၊ စိတ်ကထက်နေ၊ မင်းနေမှင်းသွင်၊ နေထိုင်ချင်၏၊ မင်းတွင် မူထမ်း၊ ရာထမ်းမယွင်း၊ ဖြစ်တတ်လျှင်း၏။ တသင်းထိုမှ၊ ဗုဒ္ဓမြွက်စွာ၊ သည်းချာရင်သွေး၊ ဖြတ်တတ်သေး၏။

မှတ်ရေးထုတ်ဖော်၊ ကန်တွက်၊ ပေါ်အံ့၊ ကြံသော်စိတ်တွင် ကုန်ကူး ချင်၏။ ကုန်သည်ပင်လျှင် ဟောမြွက်ဆင်လော့။

ထိုပြင် တသက်၊ မတ်ကွက်မြင်မူ၊ လူပေါ်လူညွှန်း၊ တင်စီးကွန်လျက် များဖွံ့ဝါစာ၊ အာလျာလည်းသွက်၊ မင်းတွင်ဖက်၍၊ အချက်ရှာကြံ၊ ဆိုင်ပင် ခံမတ်၊ ဖြစ်တို့တတ်၏။ စိတ်မာတ်မတ်ဟန်၊ စူးစိုက်ကြံ၏။ ထာတန်မသွေ ရွှေနေရွှေရပ်၊ ဟောလတ်မဖောက်။

ငွေးကွက်ရောက်အံ့၊ ဘယ်လောက်စိတ်တင်၊ သင္ဘေးသွင်လို၊ နေချင် ထိုင်ချင်၊ အရှင်သဌေး၊ မနေး ဖြစ်တယ်။

တရပ်နံနေ၊ လက်တွင် တွေ့အံ့၊ မရွှေ့ ရွှေပန်းတိမ်၊ ရှုချိန်ပန်းပဲ။ တနဲ့ ပန်းချီ၊ တလီဗိသုကာ၊ စိတ်ဓာတ်ပါ၏၊ ပါသည့်အလျောက် မဖောက် ဖြစ်မြင်း။

ရုံးကွက် နင်းမူ၊ နေပူနေရိပ်၊ ချွေးစိပ်စိပ်နှင့်၊ အေးရိပ်မမြင်၊ မြေပြင်ကိုဆွ၊ လွတိုက်လှေထိုး၊ အားကိုးလက်ရုန်း၊ ဖြစ်တတ်ချုံတည်း။

မှတ်အုံး ထိုပြင်၊ ဒွေးကို မြင်အံ့၊ သွင်ပြုနေနယ်၊ မြေလက်သွယ်နှင့်

www.burmeseclassic.com



ကြံ့ခွဲယ်စိတ်တွေး စာရေးစာချို ဖြစ်တတ်သည်ဟု တည်တည်ကြောင်း ဆစ်၊ လူသနစ်ကို စိစစ်သေချာ၊ မိန့်ဟောမှာသည်၊ လေးဖြာဝံသလတ်သုံး တည်း။

## အကြွင်းအလိုက် ဇယားကွက်

| | မင်း | ကုန် | မထီ | ဌွေး | လှတ် | ရုန်း | ဒွေး |
|---|---|---|---|---|---|---|---|
| ၁-ခုကြွင်း- | ၁ | ၆ | ၄ | ၂ | ဝ | ၅ | ၃ |
| ၂-ခုကြွင်း- | ၂ | ဝ | ၅ | ၃ | ၁ | ၆ | ၄ |
| ၃-ခုကြွင်း- | ၃ | ၁ | ၆ | ၄ | ၂ | ဝ | ၅ |
| ၄-ခုကြွင်း- | ၄ | ၂ | ဝ | ၅ | ၃ | ၁ | ၆ |
| ၅-ခုကြွင်း- | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ဝ |
| ၆-ခုကြွင်း- | ၆ | ၄ | ၂ | ၁ | ၅ | ၃ | ၁ |
| ဝ-ကြွင်း- | ဝ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |

## ရွှေခမြေမှာလား၊ သံမြေမှာလား၊ ဘုမ္မိမြေမှာလား

ပညတ်သွားရာ ခတ်သတ်ပါတယ်လို့ဆိုတယ်။ ဒါကြောင့်ဆောင်မှာ နေရပ်ဌာနကိုလည်းပဲ ကိုယ်နှင့် သင့်မသင့် ချင့်တာရှိတယ်။

- မူလကိုတည်ထားလို့ မြို့ရွာများ ပြိုဟ်သက်ပေ၊
  ရောတော့မသွေ။
  ငါးခုမြွာတ် စားသတွေသံမြေမှာတော့။
  လေးခုကြွင်းရွှေမို့ ငါးခုလေဘုမ္မိသိုက်စောင့်ပါမှာဆာ၊

www.burmeseclassic.com

www.burmeseclassic.com



တွက်နည်းကတော့ မူလသက္ကရာဇ်ကိုတည်။ နေတဲ့မြို့ရွာရဲ့နံသက်ကိုနှော။ ၅-ခုမြှောက်။ ၇-ခုစား။ ၁-ခုကြွင်းရင် သံမြေ၊ ၄-ခုကြွင်းရင် ရွှေမြေ။ ၅-ခုကြွင်းရင် ဘုမ္မိမြေ၊ ၆-ခုကြွင်းရင်သိုက်ခံမြေ။

၁၃၀၀-သားမေမြို့မှာခြေချရင် ကောင်းမလား။

+ ၁၉

၁၃၁၉ × ၅ = ၆၅၉၅ ÷ ၇ = ၉၄၂ = ၁ = ကြွင်း

၁-ကြွင်းတော့ သံမြေ။

## အကျိုးအပြစ်အခံဟော

၁ သံမြေ၌ပေ၊ နေထိုင်ချေ၊ အရှည်ခိုင်ခံ့မည်။

BURMESE CLASSIC

၄ ရွှေမြေမှာကား၊ ကျိုးစီးပွား၊ များလှအတည်တည့်။

၅ ဘုမ္မိ၌ပေ၊ မကောင်းလေ၊ ရှောင်သွေလွဲသင့်သည်။

၆ သိုက်မြေသိုက်ခံ၊ ကျိုးဖလံ၊ အမှန်မရပြီ။

## အမည်ဖေလးလည်းပေးဇာတ်မှ

ကြက်သွန်ဖြူဥတစ်လုံးစု၊ အဆုံးဆွယ်ခါ၊ လူအသုံးဘွယ်ရာ၊ မည်သညာမှည့်ကိန်း။ အလယ်စအပေါ် ဆုံးမှီ၊ ကျော်အုံးမည်မှည့်ကြမတိမ်း။ အောင်ကျော်နှင့် ကျော်စိန်၊ စံရှိန်ဆိုမတိမ်း၊ လှမောင်ဆိုမြသိန်း၊ ငြိမ်းကြ မယ်နာမည်၊ သာဒင်ဇာင်အောင်တွဲပါလို့ ယဉ်အောင်လဲ မှည့်ကြတည်တည်၊ ပေါ်ရာဇာစာ အဆီကို၊ ကဗျာမှီသံတော့လို့၊ မှီအုံးအာဘွဲ့စာပေ၊ ပေးမြန့်လို့ဝေ၊ မွေးရန့်ယဉ်ဆန်းဝေငယ်၊ ဖွန့်ပန်းမွေ့ ဇော်သုံးထင့်လေး။

www.burmeseclassic.com

www.burmeseclassic.com



သည်နည်းကတော့ အင်္ဂလိဇ္ဇာတိုင်ထူပြီး နာမည်ပေးနည်းနှင့် အတူတူပဲ။ ဂဏန်းနေရာလေးလောက်ပဲအရွေ့အပြောင်းလွဲတယ်။ အထက်ဆောင်၊ အောက်နင်းနှင့်တော့ ကိုက်တယ်။ အထက်ဆောင် အောက်ရှောင်နှင့် လဲကိုက်တယ်။

"ကြက်သွန်ဖြူဥတစ်လုံးစု"ဆိုပြီး အစဉ်အတိုင်း အထက်ကအောက်ကို ရေဆင်း၊ အလျားလိုက်တတော့ ဂဏန်းစဉ်အတိုင်း၊ ဥ-နှင့် တည့်တည့်ကတော့ ခုနှစ်ရက်သားသမီးရဲ့မွေးနံ့ပဲ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြက် | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | |
| သွန် | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | အညွန့် |
| ဖြူ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | |
| ဥ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | မွေးနံ |
| တစ် | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | |
| လုံး | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | |
| စု | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | |

"အမည်ကို လိုသောဆန်" ဆိုတဲ့ အဆိုအတိုင်း မွေးနံကနေ့တန်းစီးတိုင်ထိပ် နံသင့်နှင့်တွဲပြီး နာမည်မှည့်ရမယ်။

## အပြိုင်အဆိုင် ဘယ်သူနိုင်

နှစ်ယောက်အပြိုင်အဆိုင် အနိုင်သိလိုရင် နံနှစ်ပါးပေါင်း၍ ထားလော့၊ မြှောက်လေဇယ၊ တိဘူဥ၊ ကြွင်းငယ်နိုင်၊ နှစ်တန်အကြီးနိုင်၏တည်း။ နေ့နံမသိရင် နာမည်ရင်းကိုကောက်။

ပြိုင်မယ့်သူ နှစ်ယောက်တို့ရဲ့ မွေးနံကို ၂၁၊ ၈-နှင့်မြှောက်၊ ၃-ခုနှင့်စား။ ၁-ခုကြွင်းရင် ငယ်သူနိုင်မယ်။ ၂-ခုကြွင်းရင် ကြီးသူနိုင်-

www.burmeseclassic.com

www.burmeseclassic.com



## စရီးသွားသူ ပြန်လာ,မလာ

ဝ, သ, ဣ, ဟ, ချဘိစ္စသုံး၊ ပုလဲကုံးသို့၊ သုံးလုံးအက္ခရာ၊ အစမှာကို၊ သစ္စာ, မိဌာန်၊ ပြုပြီးမှန်မှ ထောက်ပါကုန်ကြ၊ ဟောရိုးမြဲအံ့။ ဝ, အက္ခရာ၊ ဝ, ထက်မှာမူ၊ မလာသေးဘူး၊ ကြာလေဦးအံ့။ ထူထူး, ဘ, ထက်၊ သ, အက္ခရာ၊ ထောက်မိပါမူ၊ ကြည်ဖြူရွှင်ပြ၊ လာဘ်ကောင်းရလျက်၊ မခွေ့ဝိသိ၊ လာပြီအနီး၊ ခရီးမပျက်၊ ဆက်ဆက်ရောက်ပြီ၊ အစီအစဉ်၊ စားပွဲပြင်တော့။ ထို့ပြင် ဣမူ ကြုံလေရာကား၊ လာအံ့ယနေ့ ချမ်းမြေ့သာယာ၊ ရွှင်ချို့စွာနှင့် ချမ်းသာရမည်စတန်တည်း။

## ကောင်းစားမယ့်ခုချိန်ခါ

ရောက်သက်ကိုတည်၊ ဓမ္မနံကြိုဟ်သက်နှော။ ၇-ခုစား ၅-ခုကြွင်းရင် ထီးရတယ်။ ထီးရတဲ့နှစ် စုတ်ကြီးလာဘ်ကြီးမလွဲကောန်ရမယ်။ ကောင်းစားမယ်။

BURMESE CLASSIC .com

## မြတ်ယတြာပြုပါမနေး

အသက်ကိုတည် ၈-ဖော်ထား၊ အထက်၃-ခု၊ အလယ် ၅-ခု အောက် ၆-ခု အစဉ်အတိုင်းမြောက်၊ ၇-ခုစား။ အထက်သုဉ်း ပုညက္ခယ။ အလယ် သုဉ်းမူ အာယုက္ခယ၊ အောက်သုဉ်းမူ ကမ္မက္ခယ။

ပုညက္ခယ သုဉ်းသော်၊ တေဇအရပ်မှာ ညောင်ထောက်၊

အာယုယ္ခယ သုဉ်းသော် ခြေနှစ်ချောင်း ခြေလေးချောင်း၊ ခရု ပစ္စင် လွှတ်။

ကမ္မက္ခယ သုဉ်းသော် ပရိဝါရအရပ်မှာ ကိုယ်အလေးရှိအတိုင်း ချိန်စက်ပြီး အလှူပေး။

သုံးပါးသုဉ်းက ခန္ဓာချုပ်ကိန်း။

www.burmeseclassic.com